စာပေလောကစာအုပ်အမှတ် ၁၁၈-ဒု

# မန်းတင်

# မီးလျှံနှင့်ရေသီတာ

**စာပေလောက စာအုပ်တိုက်**

**အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။**

[ ဖုန်း-၂၈၅၁၆၆ ]

## မာတိကာ


| | | |
|---|---|---|
| –။ | ဤစာအုပ်အကြောင်း | က |
| ၁။ | မီးလျှံနှင့် ရေသီတာ | ၁ |
| ၂။ | ဂျုံလက်တစ်ဆုပ်စာ | ၄၆ |
| ၃။ | ကျေးရွာတရားသူကြီး | ၆၀ |
| ၄။ | ဘုရင်မအတွက် အသက်နှစ်ချောင်း | ၈၂ |
| ၅။ | လူယဉ်ကျေး | ၁၀၂ |
| ၆။ | ရဲကြီးပြောသော ပုံပြင် | ၁၁၃ |
| ၇။ | ငါနှင့် ငါသာ ငါဖို့ရာ | ၁၂၅ |
| ၈။ | အောင်နိုင်သူ | ၁၄၄ |
| ၉။ | လက်ဆောင် | ၁၆၂ |

| | | |
|---|---|---|
| ၁၀။ | ဆန် | ၁၇၃ |
| ၁၁။ | လမ်း | ၁၈၇ |
| ၁၂။ | ဖြေဆေး | ၂၀၃ |
| ၁၃။ | ထုတ်ဝေသူ | ၂၁၅ |
| ၁၄။ | မချောသော လက်ာ | ၂၂၆ |
| ၁၅။ | ပစ္စည်းမဲ့၏ ဒါန | ၂၃၅ |
| ၁၆။ | ဆည် | ၂၄၆ |

အမှတ်စဉ် (၁) မှ (၉) အထိမှာ ပရမ်ချန်း ရေးသော ဝတ္ထုတိုများ ဖြစ်သည်။
အမှတ်စဉ် (၁၀) မှ (၁၅) အထိမှာ နာရယန်း ရေးသော ဝတ္ထုတိုများ ဖြစ်သည်။
အမှတ်စဉ် (၁၆) မှာ ရာ(ဂျ)အာနန်း ရေးသော ဝတ္ထုတို ဖြစ်သည်။

## ဤစာအုပ်အကြောင်း

### ၁

ဤစာအုပ်တွင် အိန္ဒိယစာရေးဆရာကြီး သုံးဦး၏ ဝတ္ထုတိုများ ပါဝင်ပါသည်။ ထိုသုံးဦးမှာ

ပရမ်ချန်း

နာရာယန်း နှင့်

ရာ(ဂျ)အာနန်းတို့ ဖြစ်ပါသည်။

သူတို့၏ ဝတ္ထုတို စာအုပ်ငယ်များကို ၁၉၆၆ ခု နှစ်ဦးပိုင်း ကျွန်တော် ရန်ကုန်မြို့မှ ဧရာဝတီတိုင်း ပုသိမ်မြို့သို့ တာဝန်အရ ပြောင်းရွှေ့ခါနီးတွင် အင်းစိန်မြို့နေကိုခင်ထွန်းထံမှ လက်ဆောင် အဖြစ် ရရှိခဲ့ပါသည်။

ကိုခင်ထွန်းသည် စာအုပ်စာတမ်း စုဆောင်းတတ်သူ ဖြစ်သည်။ သူ့ထံတွင် ရှားပါးသည့် စာအုပ်အဟောင်းများ ရှိပါ သည်။ ယခု သူပါးလိုက်သည့် စာအုပ်များမှာလည်း သူ အမြတ်တနိုး သိမ်းဆည်းထားခဲ့သည့် စာအုပ်များပင် ဖြစ်ပေ သည်။

ဧရာဝတီတိုင်းတွင် တာဝန်ထမ်းဆောင်နေစဉ် မကြာခဏခရီးထွက်ရသည်။ ခရိုင်အသီးသီးရှိ မြို့နယ်ကျေးရွာများသို့ ရောက်နိုင်သမျှ သွားရလာရသည်။ ရေလမ်းခရီးချည်းလိုလို ဖြစ်နေသောကြောင့် ရေယာဉ်ပေါ်တွင် အလွန် အချိန်ကုန်ရသည်။ ထိုအချိန်များတွင် စာအုပ်စာတမ်းများကိုသာ အဖော်ပြုရပါသည်။ ကိုခင်ထွန်းပါးလိုက်သည့် စာအုပ်များသည်လည်း ကျွန်တော်၏ အဖော်ကောင်းများ ဖြစ်ပါသည်။ စာအုပ်များ၏ လက်ဆောင်ရှင်ကိုခင်ထွန်းအားလည်း အထူးပင် ကျေးဇူးတင်မိပါသည်။

## ၂

ပရမ်ချန်း၏ ဝတ္ထုတိုများကို ပထမ ဖတ်ရှုမိပါသည်။ သူ့စာကို ဖတ်ရင်း သူ့အကြောင်းကိုလည်း စိတ်ဝင်စားမိပါသည်။

ပရန်ချန်းသည် ဆင်းရဲသူမိဘများမှ ၁၈၈၀ ခုနှစ်တွင် မွေးဖွားပါသည်။ သူ ငယ်စဉ်ကပင် မိဘများ အနိစ္စရောက်ကုန်ကြသဖြင့် မိမိ၏ ဘဝရပ်တည်ရေးအတွက် ကိုယ့်ဒူးကိုယ်ချွန် ရုန်းကန်လှုပ်ရှားလာရသည်။ အရွယ်ရောက်သောအခါ အသက်မွေးဝမ်းကျောင်းအတွက် တစ်လလျှင် ရူပီး ၃၀ မျှသာရသော ကျောင်းဆရာအလုပ်ကို စတင်လုပ်ကိုင်သည်။ ထိုမှ ပညာအုပ်ရာထူးအထိ တိုးမြှင့်ခန့်ထားခြင်းခံရသည်။

၁၉၂၀ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ ဗြိတိသျှအစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှု မပြုရေးလမ်းစဉ်ကို နိုင်ငံရေးလှုပ်ရှားမှု တစ်ခုအဖြစ် ဖန်တီးဆောင်ရွက်လာကြသောအခါ သူသည် အစိုးရဝန်ထမ်းအဖြစ်မှ နုတ်ထွက်လိုက်လေသည်။ ထိုအချိန်မှ စ၍ မဟတ္တမဂန္ဒီ၏ နိုင်ငံရေး လမ်းညွှန်မှုအောက်တွင် ခြေစုံပစ်၍ ပါဝင်ဆောင်ရွက်ခဲ့လေသည်။ တစ်ဖက်မှလည်း

စာနယ်ဇင်းများတွင် ဝတ္ထုတို၊ ဆောင်းပါး စသည်များကို ရေးသားလျက်ရှိသည်။ ပြည်နယ်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးကို ဦးတည်လျက် လစဉ် စာစောင်များကိုလည်း ဦးစီးထုတ်ဝေခဲ့သည်။ ထို့နောက် ဘုံဘေမြို့သို့သွားရောက်၍ ရုပ်ရှင်ကုမ္ပဏီများနှင့် ဆက်သွယ်ကာ ဇာတ်ညွှန်းများကို ရေးသားခဲ့သည်။ ဇာတ်ညွှန်းများအတွက် ငွေဝင်လမ်းကောင်းသော်လည်း ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်များ၏ နိုင်ထက်စီးနင်းပြုမူမှုများကို သည်းမခံနိုင်တော့သဖြင့် ယင်းလုပ်ငန်းကို စွန့်လွှတ်ကာ ဗာရာဏသီသို့ ပြန်ခဲ့လေသည်။

နောက်များမကြာမီ ၁၉၃၆ ခုနှစ်တွင် ကွယ်လွန်လေသည်။

## ၃

ပရမ်ချန်းသည် ထင်ရှားသော အိန္ဒိယ စာရေးဆရာတစ်ဦးဖြစ်သည်။ သူ၏ ဝတ္ထုတိုများတွင် လွတ်လပ်ရေး မရမီက အိန္ဒိယ ပြည်သူလူထု၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေကို ထင်ဟပ်ပြသည်။ အထူးသဖြင့် အဖိနှိပ်ခံလူ့အလွှာ၏ သရုပ်ကို ဖော်ထုတ်ပြသည်။

ပရမ်ချန်း၏ဝတ္ထုများတွင် ကဗျာဆရာ အကျော်အမော်တဂိုးကဲ့သို့ လူ့လောကီအတ္ထုပ္ပတ်ကို သိမ်မွေ့သော စုတ်တံဖြင့် ညင်သာစွာ ခြယ်မှုန်းပြခြင်းမျိုးကို မတွေ့ရပေ။ အချို့သော အိန္ဒိယစာရေးဆရာကြီးများကဲ့သို့ ပြုံကျလုလု ဖြစ်နေသော လူ့လောက အထက်လွှာများကိုလည်း မီးမောင်းထိုး၍ မပြချေ။ ပရမ်ချန်းသည် အိန္ဒိယစာဆိုကြီးများ ဝကွက်ချန်ထားခဲ့သည့် တောနေတောင်သူလယ်သမားတို့၏ သရုပ်ကို မေတ္တာဆေးရည်ကို အသုံးပြုကာ ကရုဏာစုတ်တံဖြင့် ခြယ်မှုန်းပြခဲ့လေသည်။ သူတို့တစ်တွေ ဆင်းရဲတွင်းနစ်နေပုံ၊ ဒုက္ခတွေ ပင်လယ်ဝေနေပုံ၊

မသိနားမလည်မှု၊ အစွဲလမ်းကြီးမှုတည်းဟူသော အမှောင်ကြီး ထဲတွင် နစ်မြုပ်နေပုံ၊ မိမိတို့၏ ဘဝလွတ်မြောက်ရေးကို မျှော်မှန်းတောင့်တနေပုံ၊ ရုန်းကန်လှုပ်ရှားနေပုံများ သရုပ်ကို ဖော်ထုတ်ခဲ့ပေသည်။ ထို့ကြောင့် သူ၏ အရေးအသားများသည် နူးညံ့သိမ်မွေ့မှုမရှိ။ မဟာပထဝီမြေကြီးကဲ့သို့သော မာကျော ကြမ်းတမ်းသည်။ သို့သော်လည်း သူ့စာများတွင် အိန္ဒိယ ပြည်သူလူထု၏ ပကတိရုပ်သွင်ကို ထင်ဟပ်ဖော်ပြသည်။ ကျေးလက်တောရွာများတွင် မြေပိုင်ရှင်၊ မြေပိုင်ရှင်၏ လက်ကိုင်တုတ်များ၊ အမြတ်ကြီးသားစျေးဆိုင်ရှင်များ၊ အတိုးကြီး ယူကာ ငွေချေးစားသူများ၊ ဘာသာရေးအရေခြုံများ စသည့် 'လူနပ်'များက အမှောင်ထုတွင် စမ်းတဝါးဝါး လှုပ်ရှားနေသော တောင်သူလယ်သမား တောနေ လူတန်းစားများအပေါ် နည်းမျိုးစုံဖြင့် ချယ်လှယ်သွေးစုပ်နေပုံများကို စုတ်ကြမ်းကြမ်း ဖြင့် ရေးခြယ်ပြသထားပေသည်။ ထို့ကြောင့် သူ ဖော်ထုတ် လိုသည့် ဘဝသရုပ်သည် အတုံးလိုက် အတစ်လိုက် ထင်း ထင်းကြီး ပေါ်နေပေသည်။

၄

ပရန်ချန်း၏ ဝတ္ထုတိုများကို ဖတ်ရှုပြီးသွားပြန်သောအခါ အခြားနာမည်ကျော် အိန္ဒိယစာရေးဆရာကြီးများဖြစ်သည့် နာရာယန်းနှင့် ရာ(ဂျ)အာနန်းတို့၏ ဝတ္ထုတိုများကို ဖတ်ရှုမိပြန် ပါသည်။ သူတို့၏ ဝတ္ထုတိုများသည် စစ်ပြီးခေတ် လွတ်လပ်ရေး ရပြီးစအချိန်ကို အခြေပြုထားသည်ဟု များသည်။ လှုပ်ရှား နေသည့် ဇာတ်ကောင်များသည် ပရမ်ချန်း၏ ဇာတ်ကောင်များ ကဲ့သို့ အောက်တန်းလွှာနှင့် တောင်သူလယ်သမားများ မဟုတ် ကြပေ။ အများအားဖြင့် မြို့နေ လူလတ်တန်းစားများ ဖြစ်ကြ သည်။ သူတို့တစ်တွေ ခေါင်းပုံဖြတ်ခံရပုံ၊ ဗျူရိုကရေစီ

ယန္တရားအောက်တွင် မျက်စိသူငယ်ဖြင့် အဖိနှိပ်ခံရပုံ၊ လူ့လောက အဆင်မပြေမှုတွေနှင့် ရင်ဆိုင်ရပုံများကို ဟာသနှော၍ ခြယ်မှုန်းပြသထားပေသည်။

မြစ်ဝကျွန်းပေါ်ဒေသ၌ ရေလမ်းခရီးများတွင် စုန်ဆန်သွားလာရင်း အိန္ဒိယစာရေးဆရာသုံးဦး ခြယ်မှုန်းပြသထားသည့် ဘဝကြေးမုံ ဇာတ်လမ်းစုံများကို ဖတ်ရှုရသောအခါ တစ်ခါတစ်ရံ မခံချိမခံသာ ဖြစ်ရသည်။ ယူကြုံးမရ ဖြစ်ရသည်လည်း ရှိသည်။ ပြုံးရ မဲ့ရသည်လည်း ရှိပါသည်။ တစ်ခါတစ်ရံတွင်လည်း ဝတ္ထုထဲက အဖြစ်အပျက်များသည် "တို့ဆီက အဖြစ်အပျက်တွေနှင့် တူလိုက်တာ" ဟု ယှဉ်တွဲသုံးသပ်မိသည်။ အဘယ်မှာလျှင် မတူဘဲ ရှိနိုင်အံ့နည်း။ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့သည် ရေမြေချင်း ဆက်စပ်လျက်ရှိသည်။ တစ်ဦးသော အရင်းရှင်နယ်ချဲ့သမား၏ လက်အောက်တွင် အတူတကွ ကျွန် ဖြစ်ခဲ့ရသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးသည့် နောက်ပိုင်းတွင် နှစ်နိုင်ငံသည် မရှေးမနှောင်းပင် လွတ်လပ်ရေးကို ရရှိခဲ့ကြသည် မဟုတ်ပါလော။

မိမိမြတ်နိုးသည့် အရသာနှင့်ပြည့်စုံသော ခဲဖွယ်ဘောဇဉ်ကို သုံးဆောင်ရသောအခါ ချစ်ခင်သူများကို သတိရတတ်သည်ဟု လောကနီတိဆရာက ဆိုသည်။ မှန်ပါပေသည်။ ကျွန်တော်သည်လည်း ရသာမျိုးစုံနှင့် ပြည့်စုံသော စာရေးဆရာ သုံးဦး၏ ဝတ္ထုတိုများကို ဖတ်ရှုရင်း ချစ်စွာသော စာဖတ်သူများကို သတိရနေပါသည်။

ထို့ကြောင့် ထိုစာအုပ်မှ ကောင်းနိုးရာရာ ဝတ္ထုတိုများကို ထုတ်နုတ်ဘာသာပြန်ကာ ၁၉၆၉ ခုနှစ်မှစ၍ ၁၉၇၃ ခုနှစ်အထိ မြဝတီမဂ္ဂဇင်းများတွင် ကြိုကြားထည့်သွင်းဖော်ပြခဲ့ပါသည်။ ဤဝတ္ထုတိုများတွင် သာမန်လူသားတို့၏ ကိုယ်တွင်းကိုယ်ပနှင့်

ပတ်ဝန်းကျင်လောကဝယ် လောင်မြိုက်လျက်ရှိသော မီးလျှံ ရှိန်ရှိန်ကို တွေ့မြင်ရသည်။ အချို့သော ပုဂ္ဂိုလ်တို့တွင် ငြိမ်းသည်မရှိ၊ အဆုံးအစမမြင် လောင်ကျွမ်းလျက်ရှိသည်။ အချို့မှာကား သတိသမ္ပဇဉ် ဉာဏ်နှင့်ယှဉ်သော သီတာရေ ပက်ဖြန်းသဖြင့် တစ်ခဏချင်း ရှင်လန်းငြိမ်းချမ်းသွားသည်ကို တွေ့ရသည်။

ယခု ထိုဝတ္ထုတိုများကို ပေါင်းချုပ်၍ စာအုပ်အဖြစ် ထုတ်ဝေလိုက်သောအခါ "မီးလျှံနှင့် ရေသီတာ" ဟု မည်ခေါ် လိုက်ပါသည်။

**မီးလျှံကို ရေသီတာဖြင့် ပက်ဖြန်း ငြိမ်းသတ်နိုင်ကြပါစေ။**

**မန်းတင်**

အစ္စလာမ်မာဘတ်မြို့၊ ပါကစ္စတန်။

၁၉၇၆ ခု၊ စက်တင်ဘာလ ၈ ရက်။

# ၁

# မီးလျှံနှင့် ရေသီတာ

‘ဂျင်ဂျာ’သည် သူ၏ ကြံခင်းကြီးကိုကြည့်၍ ဝမ်းမြောက်ရွှင်ပြုံးနေလေသည်။ အချိန်ကျ၍ ခုတ်ရလျှင် အနည်းဆုံး ငွေခြောက်ရာရရှိလိမ့်မည်ဟု ခန့်မှန်းထားသည်။ အကယ်၍များ ဘုရားသိကြားမလို့ ကြံဈေးများ တက်သွားလျှင် ပို၍ ရလိမ့်မည်ဟုလည်း မျှော်လင့်ထားသည်။

သူ၏နွားများသည် အိုကုန်ပြီဖြစ်၍ ပွဲဈေးရောက်လျှင် နွားတစ်ရှဉ်း ကောင်းကောင်း ဝယ်မည်ဟုလည်း စိတ်ကူးထားသည်။ သီးနှံ တိုးချဲ့စိုက်ပျိုးရေးအတွက် နောက်ထပ် လယ်နှစ်ကွက်လောက် ဝယ်ဦးမည်ဟုလည်း ရည်စူးထားသည်။ သူ ဆန္ဒရှိသလို လုပ်ကိုင်နိုင်ရန်အတွက် ငွေ အတော်များများ လိုမည်ဖြစ်သည်။ သည်ကြံခင်းက သူလိုသည့်ငွေ ရလိမ့်မည်ဟု ယူဆထားပြီး ကျေနပ်နှစ်သိမ့်နေလေသည်။ ရွာထဲတွင်လည်း သူနှင့်မတည့်သူ၊ အကြောင်း တစ်ခုခုကြောင့် စကားများဖူးသူဟူ၍ တစ်ဦးတလေမျှ မရှိသဖြင့် စိတ်၏ အေးချမ်းသာယာမှုကို ရရှိနေလေသည်။

တစ်နေ့သော ညနေခင်းတွင် သူသည် သားငယ်ကို ပေါင်ပေါ်တင်လျက် ကြံခင်းထဲ၌ စိတ်အေးလက်အေးထိုင်နေစဉ် သိုးအုပ်တစ်အုပ် သူ့ကြံခင်းဆီသို့ လာနေသည်ကို တွေ့မြင်ရလေသည်။

'ဒါတော့ 'ဘူဒိုး'ဆိုတဲ့အကောင်ရဲ့ သိုးတွေဖြစ်မှာပဲ၊ ဒီနေ့တော့ မင်း ငါ့အကြောင်း သိရမှာပေါ့၊ ကြံခင်းထဲ သိုးတွေဖြတ်မောင်းရသလား၊ ကြည့်စမ်းပါဦး၊ ဒီမယ် ကျုပ်တစ်ယောက်လုံး ထိုင်နေတာ မြင်သားနဲ့ တခြားဘက် လှည့်မောင်းသွားဖို့ စိတ်မကူးဘူး၊ သိကြရောပေါ့ကွာ၊ ဒီကောင်ဟာ ဘယ်တုန်းကမှ ကျုပ်ကိုဂရုစိုက်တဲ့ကောင် မဟုတ်ပါဘူး၊ သူ့ဆီ သိုးသွားဝယ်ရင်လည်း ဘယ်တော့မှ ငါးကျပ်က မလျှော့ဘူး၊ စောင်တစ်ထည်ကို လေးကျပ်နဲ့ရတာတောင် သူ့သိုးကျတော့ ငါးကျပ်ပဲလိုချင်နေတာ ပဲ'ဟု ဂျင်ဂျာသည် မိမိဘာသာ တိုးတိုးပြောနေလေသည်။

သိုးအုပ်သည် ကြံခင်းနှင့် နီးကပ်နေပါပြီ။

'ဟေ့ ဘယ်မောင်းသွားမလို့လဲကွ၊ မင်းကြံခင်းကို မမြင်ဘူးလား'ဟု ဂျင်ဂျာက အော်ပြောလေသည်။

'လူသွားလမ်းကလေးက မောင်းသွားမှာပါကွာ၊ ဟိုဘက်ပြန်မောင်းနေရရင် တစ်မိုင်လောက် ထပ်ဝေးနေဦးမှာကြောင့်ပါ'ဟု ဘူဒိုးက တောင်းပန်သောလေသံဖြင့် ပြန်ပြောလေသည်။

'မင်းဟာမင်း တစ်မိုင်လောက်မလှည့်ရအောင် ငါ့ကြံခင်း မင်းသိုးတွေနင်းပြီး အပျက်အစီးခံရမှာလား၊ ပြန်မောင်းသွားကွာ'

'ဒီတစ်ခါတော့ ဒီကပဲ သွားပါရစေတော့ကွာ၊ နောက် ငါ ဒီလမ်းက ဘယ်တော့မှ မလာတော့ပါဘူး'

'ဟေ့ ငါပြောနေတာ မကြားဖူးလား၊ ပြန်မောင်းသွားဆိုနေတာ၊ မင့်သိုးတစ်ကောင်တောင် ဒီထဲရောက်လာရင် မင်းတာဝန်နဲ့ မင်းပဲနော်၊ ငါ့ကို အဆိုးမဆိုနဲ့'

'မင်းကြံပင် တစ်ပင်မှ မပျက်စီးစေရပါဘူးကွာ၊ ငါ တာဝန်ယူပါတယ်'

ဘူဒိုးသည် ခဲယယ ပြောဆိုတောင်းပန်နေပါသည်။ သည်နေရာရောက်မှ သူ့သိုးတွေကို ပြန်မောင်းသွားရန်ကိုမူ သူ့အဖို့ သိက္ခာကျလိမ့်မည်ဟု ယူဆထားပါသည်။ ဤသို့ ခြိမ်းခြောက်ကာမျှနှင့် ရှေ့သို့ မတိုးဘဲ

ပြန်လှည့်သွားခဲ့လျှင် နောင်တွင် သူ့အနေနှင့် သိုးအုပ်ကို ကျောင်းရန် မလွယ်တော့ပေ။ လူတိုင်းက ဤသို့ပင် မကြာခဏ မောင်းထုတ်နေကြပေတော့မည်။

ဘူဒိုးသည် အတော်အတန် ချမ်းသာကြွယ်ဝသူဖြစ်သည်။ သူ့တွင် သိုးကောင်ရေပေါင်း နှစ်ရာ့လေးဆယ်ရှိ၍ သိုးနို့များကိုသာမက သိုးမွေးများကိုလည်း စောင်များရက်လုပ်၍ ရောင်းသေးသည်။

'ဒီလူက ဘာမဟုတ်တာလေးနဲ့ ဒေါသကြီးနေတယ်၊ ငါဟာ သူ့အစေခံလည်း မဟုတ်ပါဘူး၊ သူဟာ ငါ့ကို ဘာလုပ်နိုင်မှာလဲ' ဘူဒိုးသည် ဤသို့ စဉ်းစားမိလေသည်။

ထိုခဏ၌ ဘူဒိုး မည်သို့မျှ မတားဆီးမီ သိုးအုပ်ကြီးတစ်အုပ်လုံးသည် စိမ်းလန်းစိုပြည်လှသော ကြံခင်းထဲသို့ သူ့ထက်ငါ တိုးဝှေ့ဝင်လာလေသည်။ သည်အချိန်ကျမှ ပြန်မောင်းရန်လည်း မဖြစ်တော့ချေ။ သိုးများသည် ရိုက်မောင်းပုတ်မောင်းလုပ်၍ ကြံခင်းထဲမှ ထွက်စေရန် ကြိုးစားသော်လည်း မရတော့ဘဲ တစ်ဖက်မှထွက်သွားလျှင် အခြားတစ်ဖက်မှ ပြန်ဝင်နေကြသဖြင့် မနိုင်မနင်း ဖြစ်နေလေသည်။

ဂျင်ဂျာသည် ကြာရှည်စွာ ကြည့်မနေနိုင်တော့ချေ။ သားငယ်ကို မြေပေါ်တွင် ချထားပြီးလျှင် တုတ်ကြီးတစ်ချောင်းကိုကိုင်ကာ သူရူးပမာ သိုးတွေကို လိုက်၍ရိုက်ရင်း သူ့ကြံခင်းထဲမှ မောင်းထုတ်လိုက်လေသည်။ ခဏချင်းပင် ကြံခင်းသည် ရန်သူများကို တွန်းလှန်တိုက်ခိုက်အောင်မြင်လိုက်ပြီဖြစ်သော စစ်မြေပြင်ကဲ့သို့ သေသူ ဒဏ်ရာရသူများဖြင့် ပြန့်ကြဲကျန်ရစ်ခဲ့လေသည်။

သိုးအတော်များများသည် ခါးကျိုးကုန်သည်။ အချို့လည်း ခြေကျိုးကုန်သည်။ အချို့လည်း အသက်ဘေးမှ လွတ်ကင်းရန် ခြေဦးတည့်ရာ ပြေးကြသည်။ အချို့မှာ အကြောက်လွန်၍ မပြေးနိုင်တော့ဘဲ မြေပေါ်တွင် ပြားပြားဝပ်နေကြသည်။ ခဝါသည်ပင် မိမိမြည်းကို ဤသို့ အညှာအတာကင်းမဲ့စွာရိုက်လိမ့်မည် မဟုတ်ပါ။ ဘူဒိုးသည် မိမိစစ်တပ်ကြီး အရေးမလှ၍

ဆုတ်ခွာခဲ့ရသည်ကို မြင်တွေ့လိုက်ရသော စစ်ဗိုလ်ကြီးကဲ့သို့ တည်ငြိမ်စွာ ရပ်တည်လျက်ရှိသည်။ လျှပ်တစ်ပြက်အတွင်း စစ်ပွဲကြီး ပြီးဆုံးသွားပါပြီ။

'သွား နောက် ဒီဘက်ကို ဘယ်တော့မှ မလာနဲ့'ဟု ဂျင်ဂျာက အော်ပြောလိုက်သည်။

ဘူဒိုးသည် ဒဏ်ရာနှင့်လဲနေသော သူ့သိုးတွေကိုကြည့်ရင်း 'ဂျင်ဂျာ မင်း တယ်မိုက်ပါလား၊ တစ်နေ့တော့ မင်း သိရမှာပေါ့ကွာ'ဟု ပြော လိုက်လေသည်။

တစ်ဦးကိုတစ်ဦး ကလဲ့စားချေရန်မှာ ငှက်ပျောပင်တစ်ပင်ကိုခုတ်လှဲ ရသည်ထက်ပင် လွယ်ပါသေးသည်။ သူ၏ ရှိသမျှသော ဓနအင်အားသည် သူစိုက်ပျိုးထားသည့် အသီးအနှံသာ ဖြစ်ပါသည်။ အောင်မြင်သော သီးနှံကို ရိတ်သိမ်းရယူရေးအတွက် ဒုက္ခအမျိုးမျိုးကို ရင်ဆိုင်ပြီး အခက်အခဲ အမျိုးမျိုးကို ကျော်လွှားရသည်။ သည်အထဲတွင် တစ်ဦးတစ်ယောက်၏ မလိုမုန်းထားခြင်းတည်းဟူသော ရန်သူတစ်ပါးက ဝင်ရောက်ပူးပေါင်းလိုက် လျှင် အလွယ်ကလေးနှင့် ပျက်စီးနိုင်ပါသည်။

ကြံခင်းထဲတွင်ဖြစ်ပျက်သွားသည့်ကိစ္စကို ရွာသားများသိရှိကြသော အခါ ဘူဒိုးထံ သွားရောက်တောင်းပန်ရန် ဂျင်ဂျာအား တိုက်တွန်းကြသည်။ ဤသို့ မသင့်မမြတ်ဖြစ်နေခြင်းသည် တစ်ရွာလုံးကိုပင် ပျက်စီးဆုံးရှုံး နိုင်သည်ဟု ယူဆကြသည်။ ဂျင်ဂျာကိုယ်တိုင်လည်း နောင်တရနေပါသည်။

'ငါ့ကြံပင်အနည်းအကျဉ်းပျက်စီးသွားတာလဲ ဘာဖြစ်လဲ၊ ဒါကြောင့် ငါဆင်းရဲမသွားနိုင်ပါဘူး၊ တောင်သူလယ်သမားဆိုတာ သည်းခံစိတ်ရှိရင် အကောင်းဆုံးပဲ'

ဂျင်ဂျာသည် ဤသို့ အေးအေးဆေးဆေး ပြန်လည်တွေးတောကာ ဘူဒိုးထံ သွားရောက် ဝန်ချတောင်းပန်ရန် ဆုံးဖြတ်လိုက်လေသည်။

ဆောင်းဥတု၏ ညနေစောင်းအချိန်သည် အမှောင်လွှမ်း၍ အေးချမ်း လှပါသည်။ ဂျင်ဂျာသည် ဘူဒိုးအိမ်သို့သွားရန် သူ့အိမ်မှ ထွက်ခဲ့၍ အလှမ်းမကွာသေးမီ ကြံခင်းဆီမှ မီးတောက်မီးလျှံများ ရုတ်တရက်

တက်လာသည်ကို တွေ့ရလေသည်။ သူသည် အထိတ်တလန့်ဖြစ်ကာ မီးလောင်ရာသို့ တစ်အားကုန်ပြေးလွှားရင်း မိမိကြံခင်းမှ မဖြစ်ပါစေနှင့်ဟု စိတ်ထဲမှ ဆုတောင်းသွားလေသည်။ သို့သော်လည်း သူ၏ ဆုတောင်းများသည် အကျိုးမထင်တော့ပေ။ မီးလောင်ရာနေရာနှင့် နီးလာလေလေ သူ၏မျှော်လင့်ချက်များသည် တဖြည်းဖြည်း အားနည်းလာပြီး ထိတ်လန့်တုန်လှုပ်မှုများ ပို၍ ပို၍ အင်အားကောင်းလာပါသည်။

သူ တားဆီးလိုသည့် အန္တရာယ်သည် ယခု ကျရောက်နေပါပြီ။ သူ၏ ကြံခင်းတို့သည် မီးတောက်မီးလျှံတို့ဖြင့် ဖုံးလွှမ်းနေပါပြီ။ ထိုခဏ၌ပင် ရွာထဲမှ ရှိသမျှ လူအားလုံးလိုလို ထိုနေရာသို့ စုရုံးရောက်ရှိလာကြပြီးလျှင် သဘာဝနှင့် လူသားတို့ သူနိုင်ငါနိုင်အပြိုင်ကြ၍ တိုက်ပွဲဝင်ကြလေသည်။ တစ်ခါတစ်ရံ မီးလျှံ မီးတောက်တို့က လူသားတို့ကို အနိုင်ယူသကဲ့သို့ တဟုန်းဟုန်းတောက်လောင်နေသည်။ တစ်ခါတစ်ရံလည်း အင်အားချည့်နဲ့နေပြီဖြစ်သော ကျောမွဲလယ်သမားကြီးများက နိုင်တော့မယောင် မီးညွန့်တွေ ကျိုးလာသည်။ ထိုကဲ့သို့ ငြိမ်ကျလာရာမှ တဟုန်းဟုန်းထ၍ တောက်တတ်ပြန်သည်။ ဘူဒိုးကိုယ်တိုင် မီးသတ်ရာတွင် အားကြိုးမာန်တက် ပါဝင်ဆောင်ရွက်နေပါသည်။

နောက်ဆုံးတွင်လယ်သမားများက အနိုင်ရလိုက်ပါသည်။ သို့သော် ထိုသို့ အနိုင်ရလိုက်ခြင်းကို အောင်မြင်ခြင်းဟု ခေါ်ရမည်လော။ အလျားမိုင်ပေါင်းများစွာ ရှည်လျားသော ကြံခင်းကြီးများသည် ပြာကျနေပါပြီ။ ထိုကြံပင်များနှင့်အတူ သူတို့၏ မျှော်မှန်းချက်များ၊ ရရှိမည့်အသီးအနှံများ၊ သူတို့၏ စီးပွားရေး၊ သူတို့၏ စားဝတ်နေမှု မြင့်မားရေးအစရှိသည့် အရေးပေါင်းစုံသည် မီးလောင်ရာတွင် အားလုံးပါဝင် ပျက်ပြုန်းသွားကြပြီဖြစ်သည်။

*

ကြံခင်းကို မည်သူမီးရှို့ကြောင်း ရွာထဲမှ လူတိုင်းသိကြပါသည်။ သို့သော် မည်သူကမှ ဖွင့်ဟ မပြောရဲကြ။ ခိုင်လုံသော သက်သေလည်း မရှိ။ သက်သေအခိုင်အလုံမရှိလျှင် စွပ်စွဲ၍ မဖြစ်။ အပြစ်တင်နေ၍လည်း အကျိုးမမြင်။

ဂျင်ဂျာအဖို့ အိမ်ထဲမှ အိမ်ပြင်ထွက်ဖို့ပင် ခဲယဉ်းနေပါသည်။ သွားလေရာရာတွင် ပြစ်တင်ရှုံ့ချခြင်း ခံရသည်။ သူ့ကြံခင်းမှစ၍ မီးလောင်သောကြောင့် သူ့တာဝန်သာဖြစ်သည်ဟုဆိုကာ လူတိုင်းက ဝိုင်း၍လက်ညှိုးထိုးနေကြသည်။ ဤသို့ လူအများစု၏ အပြောဆိုခံနေရသည့် ဂျင်ဂျာအဖို့ ကြံခင်းကြီး ပျက်စီးဆုံးရှုံးရသည်ထက်ပင် စိတ်၏ဆင်းရဲခြင်းကို ခံစားနေရသည့်အတွက် အိမ်တွင်းအောင်းနေခြင်း ဖြစ်သည်။

တစ်လမှ တစ်လသို့ ကူးပြောင်းခဲ့လေပြီ။ ဒီဇင်ဘာ၊ ဇန်နဝါရီ။ ယခင်က သည်အချိန်ဆိုလျှင် တစ်ရွာလုံး ညဥ့်စဉ်ညဥ့်တိုင်း ကြံရည်ကြိုတ်သံများနှင့် ဆူညံနေမြဲဖြစ်သော်လည်း ယခုအခါ သုသာန်တစ်စပြင်ကဲ့သို့ ငြိမ်သက်နေလေသည်။

ကြံပင်များသည် တောင်သူလယ်သမားတို့၏ စီးပွားရေးကိုမြှင့်တင်ပေးသည်သာမက ဤကဲ့သို့အေးချမ်းသော ရာသီတွင် အနွေးဓာတ်ကို ပေးစွမ်းပါသည်။ ပူနွေးသောကြံရည်ကို သောက်ကြရသည်။ ကြံဖတ်များကို မီးဖိုတွင်ထည့်၍ မီးလှုံကြသည်။ ကြံပင်မှ အရွက်နုများကို နွားကျွေးသည်။ ရွာထဲမှ ခွေးများသည် ယခင်နှစ်များက မီးဖိုမှ ပြာပုံတွင် ကွေးနိုင်ခဲ့ကြသော်လည်း ယခုနှစ်တွင် ပြာပုံပင် အလုံအလောက်မရှိသဖြင့် အအေးဒဏ်ကြောင့် အများအပြားပင် သေကြကုန်ကြသည်။ နွားစာမလုံလောက်မှုကြောင့်လည်း ကျွဲနွားများ ဒုက္ခရောက်ကြရသည်။ ရာသီဥတုသည် အေးသည်ထက် အေးလာသောအခါ တစ်ရွာလုံးချွဲကျပ် ချောင်းဆိုးသံတွေနှင့် ဆူညံနေသည်။ ဤမြားမြောင်လှသော ဒုက္ခအပေါင်းတို့အတွက် ဂျင်ဂျာကိုသာ အပြစ်တင်နေကြလေသည်။ သူသည် ကြာရှည်စွာမခံရပ်နိုင်တော့ချေ။ ဘူဒိုးအား သူ့လိုဖြစ်အောင် လုပ်မည်ဟု ဆုံးဖြတ်ချက်ချလိုက်လေသည်။

မီးလောင်ပြီးကတည်းက ဘူဒိုးသည် ဂျင်ဂျာ၏ ယာဘက်သို့မလာတော့ချေ။ သူမလာလျှင် မိမိက ပြန်ကပ်ရန် ကြိုးစားရပေမည်။ မီးလောင်သည့် ကိစ္စနှင့်ပတ်သက်၍ မိမိသည် ဘူဒိုးအပေါ်တွင် အနည်းငယ်မျှ သံသယမဖြစ်ကြောင်းကို ဘူဒိုး ယုံကြည်လာအောင်လုပ်ပြရန် လိုပေသည်။

တစ်နေ့သော် သိုးမွေးစောင်ဝယ်ယူရန်ဟု အကြောင်းရှာ၍ သွားခဲ့သည်။ နောက်တစ်နေ့တွင်မူ နို့ဝယ်ရန်သွားခဲ့သည်။ ဘူဒိုးသည် သူ့ကို ချစ်ခင်ရင်းနှီးစွာ ဆီးကြိုလက်ခံသည်။ ကျေးရွာသားများသည် ရန်သူကိုပင် မိမိအိမ်သို့ရောက်လာလျှင် ဆေးအိုးတည်၍ ဧည့်ခံလေ့ရှိပါသည်။ ယခုလည်း ဘူဒိုးသည် ဂျင်ဂျာ ရောက်ရှိလာတိုင်း နို့ဖြစ်စေ၊ အဖျော်ယမကာကို ဖြစ်စေ၊ မတိုက်ကျွေးဘဲ မပြန်စေပါ။ သူတို့နှစ်ဦး မကြာခဏတွေ့ဆုံရန် အကြောင်းများလည်း ဖြစ်ပေါ်လာပါသည်။ ဂျင်ဂျာသည် ဂုံနီစက်ရုံတွင် ဝင်ရောက်လုပ်ကိုင်လျက် တစ်ကြိမ်သာ လခရသဖြင့် နေ့စဉ်နေ့တိုင်း သုံးစွဲရန်လိုအပ်သည်များကို ဘူဒိုးထံမှ လာရောက်ချေးယူလျက်ရှိသည်။

တစ်နေ့သောအခါ ဘူဒိုးက 'ဂျင်ဂျာ ငါ့ကို မှန်မှန်ပြောစမ်းပါ၊ ခုနေအခါများ မင်းကြံခင်းကို မီးရှို့တဲ့လူများတွေ့သွားရင် မင်းသူ့ကို ဘာလုပ်မလဲ'ဟု မေးလေသည်။

'အို အစ်ကိုရေ၊ အစ်ကိုလုပ်လိုက်တာ သိပ်ကောင်းတာ၊ အစ်ကိုသာ ဒီလိုမလုပ်ရင် ကျုပ်ရဲ့ အထက်မြင့်တက်နေတဲ့ မာနကြီးဟာ အောက်ကျလာမှာ မဟုတ်ဘူးလို့ ပြောမှာပေါ့'ဟု လိမ္မာပါးနပ်စွာ ဖြေကြားလေသည်။

'ငါသာဆိုရင်တော့ အဲဒီလူရဲ့အိမ်ကို မီးရှို့ပစ်မှာပဲ'ဟု ဘူဒိုးက ပြောလေသည်။

'အိုကွာ လူ့ဘဝမယ် သိပ်ကြာကြာနေကြရတာမှ မဟုတ်ဘဲ၊ ဘာပြုလို့ ရန်သူရှာနေမလဲ၊ ငါ့အဖို့ ပျက်စီးဆုံးရှုံးပြီးပြီ၊ သူ့ကို ပျက်စီးအောင် လုပ်လို့ ဘာအကြောင်းထူးမှာလဲ'

'သိပ်ချီးကျူးစရာကောင်းတဲ့ စိတ်ထားပဲ၊ ဒေါသစိတ်ဟာ လူကို ရူးအောင် လုပ်နိုင်တယ်၊ အကောင်းနဲ့အဆိုးကို မခွဲခြားနိုင်ဘူး'ဟု ဘူဒိုးက ပြောလေသည်။

စိုက်ချိန်ပျိုးချိန်သို့ ရောက်လာကြပြန်သည်။ တောင်သူလယ်သမားတို့သည် သူတို့၏ လယ်ကွင်းများကို အဆင်သင့် ပြင်ဆင်ကြလေသည်။ ဘူဒိုး၏ စီးပွားရေးသည် အထူးကောင်းမွန်လျက်ရှိသည်။ သိုးလိုချင်သူတွေများ၍ သိုးဈေးကောင်းနေသည်။ နေ့တိုင်းလိုပင် သူ့အိမ်ဝတွင် ဝယ်သူရောက်နေတတ်သည်။ သိုးချေးများကို မြေသြဇာအဖြစ် အသုံးပြုရသောကြောင့် လယ်ကွင်းများထဲသို့ မိမိ၏ သိုးများကို လွှတ်ကျောင်းရသည့်အတွက် ရယူသည့်အဖိုးအခများကိုလည်း နှစ်ဆတိုးတောင်းလျက်ရှိသည်။ တစ်စုံတစ်ယောက်က များလှပါသည်ဟုဆိုလျှင် 'ဈေးများတယ်ထင်ရင် ခင်ဗျားအကွက်ထဲ မကျောင်းရုံပေါ့၊ ကျုပ်က အတင်းမတိုက်တွန်းပါဘူး၊ ဈေးတော့ တစ်ပြားမှ မလျှော့နိုင်ဘူး'ဟု ဘူဒိုးက ပြောလေ့ရှိသည်၊ လယ်သမားများသည် ဘူဒိုးတောင်းသလို ပေးကြရသည်။ ဘူဒိုးက မည်မျှပင် ဈေးမြှင့်တောင်းစေကာမူ သိုးချေးများကို မြေသြဇာအဖြစ် အသုံးပြုရန် လိုနေသောလယ်သမားများသည် သူ့ကို ဝိုင်းအုံနေကြပါသည်။

စီးပွားရေးကောင်းမွန်လာသောအခါ ဘူဒိုးသည် မိမိ၏အိမ်ကို ပြုပြင်တိုးချဲ့ဆောက်လုပ်သည်။ ပထမအိမ်ရှေ့တွင် အဆောင်ထပ်ထုတ်သည်။ ထို့နောက် ခြောက်ခန်းထပ်၍ ချဲ့လိုက်သည်။ ရုတ်တရက် ကြည့်လိုက်လျှင် အိမ်တစ်ဆောင်လုံးကို အသစ်ပြန်ဆောက်သလို ဖြစ်နေပါသည်။ သို့သော်လည်း ဘူဒိုးအဖို့မူ ငွေကုန်ကျေးကျ မရှိလှပါ။ တောင်သူလယ်သမားများက သစ်နှင့်ဝါးများကို အခမဲ့ပေးကြသည်။ ပန်းရံလုပ်ငန်းကို သိုးမများပေး၍ လုပ်ကိုင်စေသည်။ ဤနည်းဖြင့် ဘူဒိုး၏ အိမ်သည် စိတ်တိုင်းကျ ပြုပြင်ပြီးဖြစ်၍ အိမ်တက်မင်္ဂလာပွဲ ကျင်းပရန်ကိုပင် စီစဉ်နေပြီ ဖြစ်ပါသည်။

ဘူဒိုးသည် ဤသို့ စီးပွားတက်လျက်ရှိနေစဉ် ဂျင်ဂျာသည် တစ်နေ့လုံးပင်ပန်းကြီးစွာ အလုပ်လုပ်သည့်တိုင်အောင် အစားအစာများကို နပ်မှန်အောင်မစားနိုင် ဖြစ်နေရှာသည်။ သူသည် ဘူဒိုး၏ ကြွယ်ဝချမ်းသာနေပုံကိုကြည့်ရင်း မနာလိုဝန်တိုစိတ်တွေ တဖွားဖွား ဖြစ်ပေါ်နေလေသည်။

တစ်နေ့သောအခါ ဂျင်ဂျာသည် နွားသတ်သမားတို့နေထိုင်ရာ ရပ်ကွက်ဆီသို့ အမှတ်မထင် သွားရောက်ကာ 'ဟာရီဟာ'ကို ရှာလေသည်။ ဟာရီဟာသည် အိမ်ပေါက်ဝမှ ထွက်ကာ ခရီးဦးကြိုပြု၍ ဆေးအိုးကို မီးညှိကာ တစ်ယောက်တစ်လှည့် ရှူရှိုက်နေကြလေသည်။

ဟာရီဟာသည် နွားသတ်သမားတို့၏ ခေါင်းဆောင်ဖြစ်သည့်ပြင် တစ်ရွာလုံးက သူ၏ အကုသိုလ်လုပ်ငန်းများကို အသိဖြစ်ပါသည်။ ရွာသူ ရွာသားတိုင်းကလည်း သူ့ကို ကြောက်ရွံ့ကြပါသည်။

'မင်း ဒီနှစ်နွှေဦးပွဲတော် မကျင်းပဘူးလား'ဟု ဂျင်ဂျာက ဆေးအိုး ရှူရင်း မေးလိုက်လေသည်။

'ဘယ်နွှေဦးပွဲ ကျင်းပနိုင်ပါ့မလဲကွာ၊ တစ်နေ့လုံး စားဖို့သောက်ဖို့ ရှာနေရတယ် မဟုတ်လား၊ ဘယ်မှာ အားရတယ်ရှိလို့လဲ၊ မင်းကော အခြေအနေ ဘယ်လိုလဲ'ဟု ဟာရီဟာက ပြန်မေးလေသည်။

'အိုး ငါ့အမြင်ကတော့ စိတ်ညစ်စရာချည့်ပါပဲကွာ၊ အရင်လိုပါပဲ၊ အပြောင်းအလဲ မရှိလှပါဘူး၊ ညနေကျရင် ဝဝလင်လင်လေးစားနိုင်ဖို့အတွက် ဂုံနီစက်ရုံထဲမယ် တစ်နေ့လုံး အလုပ်လုပ်နေရတာပေါ့၊ ရွာထဲမတော့ ချမ်းသာတဲ့လူဆိုလို့ ဘူဒိုးတစ်ယောက်ပဲ ရှိတော့တယ်၊ သူကတော့ အိမ်သစ်လည်း ဆောက်ပြီးပြီ၊ သိုးတွေလည်း ထပ်ဝယ်ထားတယ်၊ အခုတော့ အိမ်တက်မင်္ဂလာပွဲကို ကြီးကြီးကျယ်ကျယ်လုပ်ဖို့ စီစဉ်နေတယ်၊ အဲဒီ မင်္ဂလာပွဲအတွက် ကွမ်းယာနဲ့ဖိတ်စာတွေကို ဒီနားမယ်ရှိတဲ့ ခုနစ်ရွာကို မကြာခင် ပို့ပေးလိမ့်မယ် ထင်တယ်'

'အေး ဟုတ်တယ်၊ ဒီလူတော့ ငွေအတော်စုမိနေပြီ၊ စီးပွားဖြစ်လွန်း ရင်လည်း ဒုက္ခတွေ့တတ်တယ်နော်၊ မင်း သူ့ကို သတိထားကြည့်မိရဲ့လား၊ မျက်နှာထားပြောင်းတယ်ကွ၊ အခုများ သူက ဘယ်သူ့ကိုမှ ဖော်ဖော်ရွေရွေ စကားမပြောတော့ဘူး'ဟု ဟာရီဟာက ပြောလေသည်။

'ဟ သူက ဘယ်သူ့ကို ဖော်ဖော်ရွေရွေ ဆက်ဆံဖို့လိုသလဲ၊ ရွာထဲမယ် သူ့ တုနိုင်တဲ့လူ ဘယ်သူ ရှိလို့တုန်း၊ ဒီလို ဖြစ်လာတာကို

ဘုရားသခင်က မြင်တော်မမူဘူးထင်ပါရဲ့၊ သူချမ်းသာပုံတွေကို ကြွားနေတာ ကြားရတော့ ငါ ဒေါသဖြစ်မိတာပဲ၊ မနေ့တုန်းက ဒီလူ လယ်ကွင်းထဲ လျှောက်သွားရင် သူ့ကို စာခြောက်ရုပ်မှတ်ပြီး ကျီးတွေလန့်ပျံကုန်မယ့်ရုပ်နဲ့ ရှိသေးတယ်၊ ဒီနေ့ကျတော့ ရွာထဲမယ် အရေးပါ အရာရောက်ဆုံး ပုဂ္ဂိုလ်ကြီးဖြစ်နေပြီ'

'ဒီလူ သတိတရားရသွားအောင် လုပ်လိုက်ရမလား'ဟု ဟာရီဟာက မေးလိုက်သည်။

'မင်း ဘာလုပ်နိုင်မှာလဲ၊ သူကလည်း အဲဒါတွေးကြောက်လို့ နွားမ တစ်ကောင်မှ မမွေးဘူး'

'နွားမ မရှိလည်းဘာဖြစ်လဲ၊ သူ့မယ် သိုးတွေရှိသားပဲ'ဟု ဟာရီဟာက ဆိုသည်။

'အင်း သိုးတွေတော့ရှိတယ်၊ ဒါပေမဲ့ မင်း အစီအစဉ်ဟာ ပိပိရိရိ ရှိရမယ်နော်'ဟု ဂျင်ဂျာက ပြောလေသည်။

ထို့နောက် သူတို့နှစ်ဦးသည် ဆက်လက်၍ နှစ်ကိုယ်ကြားစကား ပြောဆိုနေကြလေသည်။

*

ကောင်းမှုကုသိုလ်ကိုသာ ပွားများပါသည် ဆိုသူများသည် တစ်ဦးကိုတစ်ဦး အမုန်းပွားတတ်ပြီး မကောင်းမှု အကုသိုလ်အလုပ်ကို လုပ်ကိုင်နေသူများ မှာကား အကျွမ်းတဝင် မိတ်ဆွေဖြစ်နေတတ်ရာ ထူးဆန်းသကဲ့သို့ ထင်ရပါသည်။

ပညာတတ်တစ်ဦးက အခြားပညာတတ် တစ်ဦးကိုသော်လည်းကောင်း၊ ကဗျာဆရာတစ်ယောက်က အခြားကဗျာဆရာတစ်ယောက်ကိုလည်းကောင်း မလိုမုန်းထားစိတ်တွေ ဝင်နေတတ်ပါသည်။ သူတို့သည် တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းမဆိုင်ချင်လောက်အောင်ပင် ဖြစ်နေတတ်ကြ

ပါသည်။ သို့သော်လည်း ကစားသမားတစ်ယောက်က အခြားကစားသမား တစ်ယောက်ကိုသော်လည်းကောင်း၊ သူခိုးတစ်ဦးက အခြားသူခိုးတစ်ဦး ကိုသော်လည်းကောင်း၊ အရက်သမားတစ်ယောက်က အခြားအရက်သမား တစ်ယောက်ကိုသော်လည်းကောင်း ရိုင်းပင်းကူညီတတ်ကြပါသည်။

ပညာရှိတစ်ဦး အမှောင်ထဲတွင် ခလုတ်တိုက်လဲကျသွားလျှင် အနီးတွင်ရှိသော ပညာရှိတစ်ဦးက ထမလာနိုင်အောင် နှစ်ချက်လောက်ဆင့်၍ ကန်ကျောက်လိုက်တတ်ပါသည်။ သို့သော် သူခိုးများကား ဤသို့မဟုတ်ပါ။ သူခိုးတစ်ဦးက အခြားသူခိုးတစ်ဦးအား အကာအကွယ် ပေးပါသည်။ လူတိုင်းသည် မကောင်းမှုကို ရွံရှာကြသည်ဟု ဆိုကြသည်။ သို့သော် မကောင်းမှုကို ကျူးလွန်နေသူများသည် အချင်းချင်း အပြန်အလှန်လေးစားကြ ပါသည်။ လူတိုင်းသည် ကောင်းသောအလုပ်ကို ချီးကျူးသော်လည်း ထိုကောင်းသောအလုပ်များကို လုပ်နေပါသည်ဟု ဆိုသည်ကပင် မနာလို ဝန်တိုစိတ်များ ဖြစ်ပွားလာတတ်ပါသည်။

သူခိုးတစ်ယောက်သည် အခြားသူခိုးတစ်ယောက်ကို သတ်ဖြတ် လိုက်ခြင်းအားဖြင့် မည်သည့်အကျိုးအမြတ်ကိုမျှ ရရှိမည် မဟုတ်သည့်ပြင် ဘဝတူ လူတန်းစားတို့၏ အမျက်ထွက်ခြင်းကိုပင် ခံရမည် ဖြစ်ပေသည်။ သို့သော်လည်း ပညာရှိတစ်ဦးသည် အခြားပညာရှိတစ်ဦးကို အနိုင်ရယူ လိုက်ခြင်းအားဖြင့် မိမိအဖို့ ထင်ပေါ်ကျော်စောခြင်းတည်းဟူသော အမြတ်ကို ရရှိနိုင်လေသည်။

ဂျင်ဂျာနှင့် ဟာရီဟာတို့သည် သူတို့၏ လုပ်ကြံမှုနှင့်ပတ်သက်၍ အသေးစိတ် စီမံကိန်းများ ချထားကြလေသည်။ အချိန်၊ နေရာ၊ လုပ်ကိုင်ရန် နည်းပရိယာယ်စသည်များကို တိတိကျကျ ချမှတ်ထားပြီး ဖြစ်လေသည်။ ဂျင်ဂျာသည် ဝမ်းမြောက်ဝမ်းသာ အိမ်သို့ ပြန်သွားလေသည်။ သည်တစ်ခါ တော့ သူ၏ ကလဲ့စားချေရေး အကြံအစည်သည် အောင်မြင်တော့မည် မဟုတ်ပါလား။

နောက်တစ်နေ့တွင် ဂျင်ဂျာသည် အလုပ်မဆင်းမီ ဘူဒိုးထံသို့ လာခဲ့လေသည်။

'ငါလာတဲ့အကြောင်းကတော့ ငါ့နွားမလေးကို မင်းသိုးတွေနဲ့ အတူတူ ရောကျောင်းပေးပါလို့ မင်းကို တောင်းပန်ရအောင်လို့ပဲ၊ ငါက တစ်နေ့လုံး အလုပ်သွားနေတော့ ဒီနွားမလေးဟာ ဘယ်သူကမှ ဂရုစိုက် ကျွေးမွေးမယ့်သူမရှိတော့ တစ်နေ့လုံး အစာရေစာ ငတ်နေတာပေါ့'ဟု ပြောလေသည်။

'အစ်ကိုရာ ကျုပ်ကတော့ ကန့်ကွက်စရာမရှိပါဘူး၊ ဒါပေမဲ့ ဒီနားမယ် နွားသတ်သမားတွေရှိတာ သိတယ်မဟုတ်လား၊ အဆိုးဆုံးကတော့ ဟာရီဟာပဲ၊ မနှစ်က ကျုပ်နွားမနှစ်ကောင်ကို သူသတ်ပစ်ခဲ့တာပေါ့၊ အဲဒီ ကတည်းက ကျုပ် သိုးထဲမယ် နွားကို မထားတော့ဘူး၊ ဒါပေမဲ့ မင်းနွားလေးက အငယ်လေးပဲ၊ ဘယ်သူမှ ဂရုစိုက်မှာ မဟုတ်ပါဘူး၊ ဘာအသုံးကျမှာလိုက်လို့၊ ကိစ္စမရှိပါဘူး၊ ဘယ်အချိန်မဆို လာထားနိုင် ပါတယ်'

ဘူဒိုးသည် ဤသို့ပြောကာ ဂျင်ဂျာအား အိမ်တွင်းသို့ခေါ်၍ ညွှေ့ခံပွဲ အတွက် ပြင်ဆင်ထားသည်တို့ကို ပြသလေသည်။ ထောပတ်၊ သကြား၊ ဂျုံမှုန့်၊ ဟင်းသီးဟင်းရွက် အစရှိသည်တို့ကို အဆင်သင့် စုဆောင်းထားပြီး ဖြစ်လေသည်။ ဂျင်ဂျာသည် သူ့မျက်စိကိုပင် သူ မယုံနိုင်လောက်အောင် ဖြစ်နေလေသည်။ ဤမျှ ခမ်းနားသော အဆင်အပြင်များသည်တစ်သက်နှင့် တစ်ကိုယ် သူတစ်ခါမျှ မမြင်ဘူးချေ။

ဂျင်ဂျာသည် အိမ်ပြန်လာသောအခါ သူ၏နွားမကလေးကို ဘူဒိုး၏ သိုးများနှင့်အတူ ထားပစ်ခဲ့လေသည်။ ထိုနေ့ညဉ့်ဦးတွင် ဘူဒိုး၏အိမ်တွင် ဘုရားပူဇော်ပွဲလုပ်၍ ညွှေ့ခံပွဲကို နံနက် အရုဏ်ကျင်းသည်အထိ ကျင်းပ လေသည်။ ဘူဒိုးကိုယ်တိုင်လည်း စားသောက်စရာများကို သုံးဆောင်၍ နေရာမှ ထလိုက်စဉ် နွားမလေးသည် လည်ပင်းတွင် ကြိုးချည်လျက်သားနှင့် သေဆုံးနေသည့်အကြောင်းကို ရွာသားတစ်ယောက်က လာပြောလေသည်။

ဘူဒိုးသည် အံ့အားသင့်သွားလေသည်။ ထိုအချိန်တွင် ဂျင်ဂျာလည်း အနီးတွင်ရှိနေရာ ထိုအကြောင်းကို ကြားရသောအခါ မူးမေ့သွားတော့မည့် အသွင်ကိုဆောင်၍ 'အို သနားစရာကောင်းလိုက်လေ၊ ဖြစ်မှဖြစ်ရလေ နွားကလေးရယ်၊ ကဲ ကဲ သွားကြည့်ကြရအောင်၊ ငါ ထားခဲ့တုန်းက လည်ပင်းကြိုးမချည်ထားပါဘူး၊ ဘယ်တုန်းကများ မင်းကြိုးချည်လိုက်တာလဲ'ဟု ငိုသံပါနှင့်ပြောလေသည်။

'ဘုရား သိပါတယ်ကွာ၊ ကြိုးကိုငါမတွေ့ပါဘူး၊ တစ်ညလုံးလည်း ဒီသိုးတွေနား ငါမရောက်ပါဘူး'ဟု ဘူဒိုးက ပြောလေသည်။

'ဒါဖြင့် မင်းမသွားရင်နွားလည်ပင်းကို ဘယ်သူကြိုးချည်တာလဲ' ဟု ဂျင်ဂျာက မေးလေသည်။ 'မင်းလုပ်ထားပြီး မေ့နေတာနဲ့တူတယ်'ဟု ထပ်ပြောလိုက်လေသည်။

ညှော့ခံပွဲသို့ရောက်ရှိနေသော ဗြဟ္မဏနွယ်ဝင် သူတော်စင်ကြီးက 'မင်း သိုးအုပ်ထဲမယ် သေနေတာ တွေ့ရတော့ မင့်တာဝန်ပဲ'ဟု မိန့်ကြားလေသည်။

'မနေ့ညနေက သူနွားလည်ပင်းကို ကြိုးချည်နေတာ မြင်တယ်'ဟု ဟာရီဟာက ပြောလိုက်သည်။

'ကျုပ်ကို မြင်တယ်လား'ဘူဒိုးက အံ့အားသင့်ကာ မေးလိုက်သည်။

'မင်း မဟုတ်လား၊ မနေ့ညနေက တုတ်ကြီးကို ပခုံးပေါ်ထမ်းထားပြီး နွားကို ကြိုးချည်နေတာ'ဟု ဟာရီဟာက ပြောလေသည်။

'မင်းဟာ တကယ့်သစ္စာရှင်ကြီးပါကလား၊ ငါက နွားကို ကြိုးနဲ့ ချည်နေတာ မြင်သတဲ့ဗျာ'ဟု ဘူဒိုးက ရေရွတ်လိုက်၏။

'စိတ်တော့ မဆိုးပါနဲ့ကွာ၊ ကဲ ကဲ ငါက မင်းချည်နေတာ မမြင်ပါဘူးတဲ့'ဟု ဟာရီဟာက ဆိုပြန်သည်။

ဗြဟ္မဏသူတော်စင်ကြီးက 'ဒီကိစ္စဟာ အလွန်အရေးကြီးတယ်၊ သေသေချာချာ စုံစမ်းစစ်ဆေးဖို့လိုတယ်၊ နွားကို သတ်တဲ့လူဆိုးကို အပြစ်ဒဏ် ပေးရမယ်'ဟု မိန့်ကြားလေသည်။

'အို အရှင် ဒီကိစ္စဟာ အမှတ်မထင် ဖြစ်သွားဟန်တူပါတယ်'ဟု ဂျင်ဂျာက တောင်းပန်လိုက်သည်။

'ဒီလိုဆင်ခြေပေးလို့ ဘယ်ဖြစ်မလဲကွ၊ နွားကိုသတ်တာဟာ အလွန်ကြီးမားတဲ့ အကုသိုလ်အလုပ်ပဲ၊ အခု နွားကသေနေပြီ၊ လူတွေ နွားတွေ လိုက်သတ်နေတာဟာ စိတ်ပါလို့ချည်းပဲလို့ မင်းထင်သလား၊ တို့ကျမ်းစာမယ် နွားကိုသတ်တာဟာ အလွန်အပြစ်ကြီးတယ်၊ တကယ်ဆိုတော့ နွားကို သတ်တာဟာ ဗြဟ္မဏနွယ်ဝင်တစ်ဦးကို သတ်တာထက် အပြစ်ကြီးတယ်လို့ ဆိုထားတာ မင်းတို့သိကြရဲ့လား'ဟု သူတော်စင်ကြီးက မိန့်ကြားလေသည်။

'မှန်ပါတယ် အရှင် နွားဟာနွားပါပဲ၊ သို့ပေမယ့် ဒီကိစ္စကတော့ သတိမထား ပေါ့လျော့သွားလို့ ဖြစ်ရရှာတာပါ၊ ဒီအပြစ်က ဘယ်လို သက်သာရာရအောင် ဆောင်ရွက်ရမယ်ဆိုတာကိုသာ သူ့ကို ညွှန်ပြပေးတော်မူပါ'ဟု ဂျင်ဂျာက ဆိုလေသည်။

ဘူဒိုးသည် မတ်တပ်ရပ်လျက် နားထောင်နေရာ ဤကိစ္စတွင် ဂျင်ဂျာ၏လက်ချက်ပါဝင်သည်ဟု သိသော်လည်း မည်သို့မျှ မတတ်နိုင်ချေ။ မည်မျှပင် သူ ငြင်းဆိုသော်လည်း အပြစ်ဒဏ်ခတ် ခံရမှာစိုး၍ ပြောနေသည်ဟုပင် ထင်ကြမည် ဖြစ်ပေသည်။

ဤအသိုင်းအဝိုင်းတွင် တန်ခိုးကြီးထွားနေသော ဗြဟ္မဏနွယ်ဝင် အဖို့လည်း တစ်စုံတစ်ယောက်အား ပြစ်ဒဏ်ခတ်ခြင်းဖြင့် အမြတ်ထုတ် နိုင်မည်ဖြစ်ပါသည်။ ဤကဲ့သို့သော အခွင့်အရေးကြီးကို အဘယ်မှာလျှင် လက်လွှတ်ခံနိုင်အံ့နည်း။ ဤအကြောင်းတရားတွေကို အခြေပြု၍ ဖြစ်ပေါ် လာသည့်အကျိုးတရားကား နွားသေရခြင်းသည် ဘူဒိုးကြောင့် ဖြစ်သည်ဟု ဆုံးဖြတ်ချက်ချသည်။ ထိုအပြစ်ကိုကျူးလွန်ခဲ့သော ဘူဒိုးသည် သုံးလပတ် လုံး လှည့်လည် တောင်းစားရမည်။ ဒေသငါးခုသို့ ဘုရားဖူးသွားရောက်ပြီး ဗြဟ္မဏနွယ်ဝင်သူတော်စင်ငါးရာကို ကျွေးမွေးလှူဒါန်းကာ နွားငါးကောင်ကို ဘေးမဲ့လွှတ်ရမည်ဟု စီရင်လိုက်လေသည်။

ဘူဒိုးသည် ထိုစကားများကို ကြားရသောအခါ အထူးပင် တုန်လှုပ်ချောက်ချားလျက် ငိုယိုလေတော့သည်။ သို့သော်လည်း သူ၏ မျက်ရည်များသည် ဤတရားရုံး၏ ဆုံးဖြတ်ချက်ကို မည်သို့မျှ ပြောင်းလဲသွားအောင် မဖန်တီးနိုင်ချေ။ အခွင့်အရေးအနေဖြင့် လှည့်လည်တောင်းစားရမည့်ကာလကို သုံးလမှ နှစ်လသို့ လျော့ပေါ့ပေးလိုက်သည်။ မည်သည့်ရုံးကိုမှ အယူခံဝင်၍မရ၊ သနားမည့်သူလည်း မရှိ။ သူသည် ပေးသည့်အပြစ်ဒဏ်ကို လက်ခံရန်သာ ရှိတော့သည်။

ဘူဒိုး၏ သိုးများကို ကြည့်ရှုစောင့်ရှောက်မည့်သူဟူ၍ ဘုရားသခင်သာလျှင်ရှိတော့သည်။ သူ့သားများသည် ငယ်ရွယ်သူများသာ ဖြစ်ကြသည်။ သူ့ဇနီးကလည်း ဘာမှမလုပ်တတ်။ သူသည် သူ့မျက်နှာကို တစ်ဝက်ဖုံး၍ ခွက်ကိုစွဲကိုင်ကာ တစ်အိမ်ပြီးတစ်အိမ် တံခါးဝတွင်ရပ်လျက် 'နွားကိုသတ်တဲ့အတွက် နတ်များဒေဝါကိုပင် နှင်ထုတ်ပါတယ်၊ ကျွန်ုပ် စားသောက်ဖို့အတွက် ဒါနပြုကြပါ'ဟုဆို၍ တောင်းရမ်းရမည် ဖြစ်သည်။ လျှို့ဖွယ်တန်းရာများကို ရရှိသော်လည်း တစ်ခါတစ်ရံ မဖွယ်မရာသော စကားများကို ကြားရပါသည်။ ရသမျှကို ညနေစောင်းတွင် ရောက်ရာနေရာ၌ ချက်ပြုတ်စားသောက်သည်။

သူသည် အစားအတွက်ဂရုမစိုက်လှပါ။ လှည့်လည်သွားလာရသည်ကိုလည်း အမှုမထား။ သူသည် သိုးကျောင်းသောအခါများတွင် သည်လိုပင် လှည့်လည်ခဲ့ရပါသည်။ အစားအစာများမှာလည်း မိမိအိမ်တွင်စားရသော အစားအစာထက် မညံ့ပါ။ အိမ်ပေါက်စေ့ တောင်းခံနေရသည့်အလုပ်ကိုသာ ရှက်ပါသည်။ အထူးသဖြင့် 'ဒီအလုပ်က အတော်ကောင်းတဲ့အလုပ်ပဲဟေ့' ဟု အမျိုးသမီးများ၏ ပြောဆိုသံများကို ကြားရသောအခါ အထူးပင် ရှက်မိသည်။

နှစ်လပြည့်၍ အိမ်ပြန်ရောက်သောအခါ သူသည် အတော်ပင် အင်အားချည့်နဲ့နေပါပြီ။ ဆံမုတ်ဆိတ်တို့သည် ရိတ်သိမ်းခြင်း မရှိသဖြင့် ရှည်လျား ရှုပ်ထွေးနေလေသည်။ ရုတ်တရက် ကြည့်လျှင် အသက် ၆၀

လောက် အိုမင်းသွားပြီဟု ထင်ရသည်။ ဘုရားဖူးထွက်ရန်အတွက် ငွေကြေးများ စုဆောင်းထားပြီး မရှိသေး။ သိုးကျောင်းသမားကို မည်သူက ငွေချေးအံ့နည်း။ တစ်ခါတစ်ရံ သိုးများသည် ရောဂါရပြီး တစ်ညတည်းဖြင့် အများအပြား သေကြေပျက်စီးတတ်ပါသေးသည်။

ယခုအချိန်အခါတွင် နွေရာသီဖြစ်သောကြောင့် လပေါင်းအတော်များများပင် ငွေဝင်လမ်းရှိဦးမည် မဟုတ်။ ငွေချေးသူတစ်ဦးကမူ တစ်ကျပ်ကို တစ်လ တစ်မူးအတိုးနှုန်းဖြင့် ချေးမည်ဟု သဘောတူသည်။ အတိုးနှုန်းက ကြီးလှသည်။ ရှစ်လကြာလျှင် အရင်းနှင့်အတိုး ဆတူ ဖြစ်သွားပေလိမ့်မည်။ ဘူဒိုးသည် ဤအတိုးနှုန်းကို မည်သည့်နည်းနှင့်မျှ လက်မခံနိုင်ပါ။ ထို့ကြောင့် နောက်ဆုံးတွင် သူ၏ သိုးများကို ရောင်းပစ်ရန် ဆုံးဖြတ်လိုက်လေသည်။

သူသည် သားသတ်သမားတစ်ဦးကိုခေါ်ယူပြီးလျှင် သိုးအားလုံးကို ငွေငါးရာနှင့် ရောင်းချလိုက်လေသည်။ ထိုရောင်းရသော ငွေအနက်မှ သူ့အဖို့ နှစ်ရာယူ၍ ကျန်ငွေကို မိမိဘုရားဖူးရာမှ ပြန်လာသောအခါ ဗြဟ္မဏနွယ်ဝင်များကို ကျွေးမွေးဧည့်ခံရန်အတွက် ထားခဲ့လေသည်။

*

ယခုအခါတွင် ဂျင်ဂျာသည် သူတို့ရွာနှင့်မနီးမဝေးတွင်ရှိသော မြို့တစ်မြို့၌ ဧည့်ရိပ်သာတစ်ခု ဆောက်လုပ်နေရာတွင် အလုပ်သမားတစ်ယောက်အဖြစ် ဝင်ရောက်လုပ်ကိုင်နေလေသည်။ သူသည် တစ်ပတ်တစ်ကြိမ် ရှင်းလင်းရရှိသော လုပ်ခဖြင့် အိမ်သို့ပြန်လာပြီး တစ်ညအိပ်ကာ လုပ်ငန်းရှိရာသို့ ပြန်သွားတတ်သည်။

ဘူဒိုးသည် ဘုရားဖူးလှည့်လည်ရာမှ ပြန်လည်ရောက်ရှိလာပြီး ပေးထားသောအပြစ်များကိုခံ၍ ဆောင်ရွက်ဖွယ်တို့ကို ဆောင်ရွက်ပြီးသောအခါ ထိုအဆောက်အဦ ဆောက်လုပ်နေရာသို့ပင် အလုပ်ရှာရန် ရောက်ရှိလာကာ

အလုပ်သမားတစ်ယောက်အဖြစ် ဝင်ရောက်လုပ်ကိုင်လေသည်။ ဂျင်ဂျာနှင့် ဘူဒိုးသည် အလုပ်လုပ်ရင်း တွေ့ရှိကြပြီး အချင်းချင်း နှုတ်ဆက်ကြ၍ သက်ဆိုင်ရာ မိမိတို့အလုပ်များသို့ ဆက်လက် လုပ်ကိုင်နေကြလေသည်။

ညနေစောင်းတွင် ဂျင်ဂျာက 'မင်း ညနေစာ ဘာလုပ်စားမလဲ'ဟု ဘူဒိုးကို မေးလိုက်လေသည်။

'အင်း တစ်ခုခုတော့ လုပ်စားရမှာပေါ့၊ မစားဘဲနေလို့ ရမှာမှ မဟုတ်ဘဲ'ဟု ဘူဒိုးက ဖြေလေသည်။

'ငါတော့ တစ်နေ့တစ်ခါပဲစားတယ်၊ ညနေကျရင်တော့ ဂျုံမှုန့်ကိုပဲ ကျိုသောက်လိုက်တာပဲ'

'ထင်းခြောက်ကလေးတွေ လိုက်ကောက်ကွာ၊ ငါ့မယ် ဂျုံမှုန့်ရှိပါတယ်၊ တို့ ချပါတီ လုပ်စားကြရအောင်၊ မင်းက ငါလုပ်တဲ့မုန့်စားမှာ မဟုတ်ဘူး၊ ဒီတော့ မင်း လုပ်ပေါ့၊ ပြီးတော့ တို့နှစ်ယောက် အတူတူ ဝေစားကြတာပေါ့'

ဂျင်ဂျာက မီးမွေးသည်။ ဘူဒိုးက ရေသယ်လာသည်။ ဂျင်ဂျာသည် ချပါတီမုန့်လုပ်ပြီးသောအခါ သူတို့နှစ်ယောက်သည် ဆား၊ ငရုတ်သီးများနှင့် စားသောက်ကြသည်။ စားသောက်ပြီးသောအခါ ဆေးအိုးကိုယူလာပြီးလျှင် တစ်လှည့်စီရှူရင်း မြေကြီးပေါ်တွင် လဲလျောင်းနေကြသည်။

ထိုခဏ၌ ဘူဒိုးက ရုတ်တရက် 'မင်း ကြံခင်းကို မီးရှို့တာ ငါပဲ'ဟု ပြောလိုက်လေသည်။

'ငါသိသားပဲ'ဟု ဂျင်ဂျာက ခပ်အေးအေးပင် ပြန်ပြောသည်။ ခဏကြာသောအခါ 'နွားကို ငါက ကြိုးနဲ့ချည်ပေးတာ၊ ဟာရီဟာက သတ်တယ်'ဟု ဆက်၍ ပြောလေသည်။

'ငါသိသား'ဟု ဘူဒိုး ပြန်ပြောသည်။ ထို့နောက် သူတို့နှစ်ဦး အိပ်ပျော်သွားကြလေသည်။

**(မြဝတီ။ ။ စက်တင်ဘာ။ ၁၉၇၁)**

# ၂
# ဂျုံလက်တစ်ဆုပ်

ရွာတစ်ရွာတွင် ‘ရှန်ကာ’အမည်ရှိ ဇာတ်နိမ့်လယ်သမားတစ်ဦး ရှိလေသည်။ သူသည် ရိုးသားသော ဆင်းရဲသားတစ်ဦးဖြစ်၍ သူတစ်ပါး၏ ကိစ္စများတွင် ဝင်ရောက်စွက်ဖက်တတ်သူ မဟုတ်ဘဲ မိမိအလုပ်တွင်သာ အချိန်ကုန်နေသူဖြစ်လေသည်။

သူသည်ရှေ့တွင် တစ်မျိုး၊ နောက်ကွယ်တွင် တစ်ဖုံ ပရိယာယ်များတို့လည်း သုံးတတ်သူ မဟုတ်ပေ။ သူများအပေါ်တွင် လိမ်လည်လှည့်ဖျားခြင်းမပြုတတ်သည်သာမက မိမိကိုလည်း သူတစ်ပါးက လိမ်လည်လှည့်ဖျားလိမ့်မည်ဟု စိုးရိမ်ကြောင့်ကြမှု မရှိချေ။ စားစရာရှိလျှင် စား၍ စားစရာမရှိလျှင် ကုလားပဲခြမ်းကို ဝါးကာ ရောင့်ရဲနေတတ်သူ ဖြစ်လေသည်။ သို့သော်ငြားလည်း သူ့အိမ်သို့ ဧည့်သည်တစ်ဦး ရောက်လာလျှင်ကား ထိုခြိုးခြံမှုကိုပင် ပစ်ပယ်ရှာသည်။ အထူးသဖြင့် သူတော်ကောင်းတရားကို ကျင့်ကြံနေသူများ၊ သို့တည်းမဟုတ် အရှင်သူမြတ်များ ရောက်လာလျှင် ဖွယ်ဖွယ်ရာရာ ဆက်ကပ်ပြုစုတတ်ရှာသည်။

တစ်ခုသော ညနေခင်းတွင် ပညာရှိ အရှင်သူမြတ်တစ်ပါးသည် သူ့အိမ်သို့ ကြွရောက်လာပြီးလျှင် တစ်ညတာမျှ တည်းခိုသီတင်းသုံးလေသည်။ ထိုပုဂ္ဂိုလ်သည် ရှည်သောဆံပင်ရှိ၍ ကြေးဝါအိုးကို ကိုင်ဆောင်လျက် ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်ရုံထားသည်။ ဖိနပ်စီးထားပြီးလျှင် မျက်မှန်ကိုလည်း တပ်ဆင်ထားသည်။ သူ၏ ပုံပန်းသဏ္ဍာန်သည် ချမ်းသာကြွယ်ဝသော နန်းဗိမာန်များအတွင်းဝယ် ဖွယ်ရာကောင်းမွန်သော ဘောဇဉ်များကို သုံးဆောင်၍ ထည်ဝါခန့်ညားသော ယာဉ်များကို စီးနင်းကာ ကိုယ်ရောစိတ်ပါ လွတ်မြောက်ရေးအတွက် ကျင့်ကြံနေသူများနှင့် တူလှသည်။

ရှန်ကာ၏ အိမ်တွင် စားသုံးရန်ဟူ၍ ဘာလီမှုန့်သာရှိသည်။ ဤဘာလီမှုန့်ကို အဘယ်မှာလျှင် အရှင်သူမြတ်အား ပေးလှူရန် သင့်မြတ်ပါမည်နည်း။ ရှေ့အတိတေကမူ ဘာလီမှုန့်ကို ပေးလှူခြင်းအားဖြင့် ကုသိုလ်အနန္တကို ရရှိနိုင်သည်ဟု ဆိုငြားလည်း ယခုခေတ်သစ်တွင်ကား ဘာလီသည်တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသူများအဖို့ အစာမကြေ ဖြစ်နိုင်ပါသည်။ ရှန်ကာသည် အရှင်သူမြတ်အား အဘယ်မည်သော အာဟာရကို ဆက်ကပ်ရပါမည်နည်းဟု မကြံတတ်အောင် ဖြစ်နေလေသည်။

ရွာထဲရှိ အိမ်တိုင်း အိမ်တိုင်းတွင်လည်း ဂျုံမှုန့်ရှာမရနိုင် ဖြစ်နေလေသည်။ သို့သော်လည်း သူ့အဖို့ ကံကောင်းသည်ဟု ဆိုရပေမည်။ သူ့ရွာထဲရှိ ဘာသာရေးခေါင်းဆောင်တစ်ဦးဖြစ်သူ သူတော်စင်တစ်ပါးထံတွင် ဂျုံအနည်းငယ်ရှိသည်ဟု သိရသည်။ ထိုအရှင်ထံမှ ဂျုံလက်တစ်ဆုပ်ကို ချေးယူပြီးလျှင် သူ့ဇနီးအား အမှုန့်ကြိတ်စေလေသည်။ အာဂန္တုအရှင်သူမြတ်သည် ဂျုံမှုန့်ဖြင့်ပြုလုပ်သော အာဟာရကို ကောင်းစွာ ဘုဉ်းပေးသုံးဆောင်ပြီးလျှင် ကောင်းစွာ ကျိန်းစက်တော်မူလေသည်။ နံနက် မိုးသောက်အလင်းရောက်သော် အရှင်သူမြတ်သည် သာဓု အနုမောဒနာ ခေါ်ပြီးလျှင် လိုရာခရီးသို့ ကြွမြန်းတော်မူလေသည်။

ရွာတွင် သီတင်းသုံးနေထိုင်သော သူတော်စင်အား တစ်နှစ်လျှင် နှစ်ကြိမ်ပေးလှူရိုး ထုံးစံရှိလေသည်။ ရှန်ကာသည်ထိုအရှင်ထံမှ ချေးယူခဲ့သော တစ်ဆီယာနှင့် လေးပုံတစ်ပုံသာရှိသည့် ဂျုံအနည်းငယ်ကို ပြန်လည် ပေးဆပ်ရန် သတိမမူခဲ့မိရှာချေ။ နှစ်စဉ် ပေးလှူနေကျ ဂျုံငါးဆီယာနှင့် အပိုဆောင်း၍ ပေးလှူလိုက်လျှင် ကိစ္စပြီးလိမ့်မည်ဟု ယူဆထားလေသည်။ နှစ်ဦးနှစ်ဖက်လည်း ဖွင့်ဟပြောဆိုခြင်း မရှိစေကာမူ နားလည်ကြလိမ့်မည်ဟု ထင်ထားသည်။ ကောက်သိမ်းချိန်တွင် ထိုအရှင်သည် အလှူခံရောက်ရှိလာ သောအခါ လှူနေကျ ဂျုံအပြင် နောက်ထပ်တစ်ဝက် အပိုဆောင်း၍ ပေးလှူလိုက်လေသည်။ သို့နှင့်ချေးယူထားသော ဂျုံအတွက် ပေးဆပ်ပြီးပြီဟု သဘောပိုက်ထားလေသည်။ အလှူခံပုဂ္ဂိုလ်ကိုကား ထိုအကြောင်းကို ဖွင့်ဟ ရှင်းလင်းတင်ပြခြင်း မပြုတော့ပေ။ သူကလည်း မိမိထံမှ ယူထားသော ဂျုံကြွေးကို ပြန်ပေးဆပ်ရန် ရှန်ကာအား သတိပေးနှိုးဆော်ခြင်း မပြုတော့ပေ။

ခုနစ်နှစ်လွန်မြောက်သောအခါ ရွာတွင်းမှ သူတော်စင်သည် တဖြည်းဖြည်းနှင့် ငွေချေးစားသူဖြစ်လာလေသည်။ ရှန်ကာသည် လယ်သမား ဘဝမှ လယ်ယာအလုပ်သမားအဖြစ် လျောကျလာလေသည်။ သူ၏ညီ 'မင်းဂေါ'သည်လည်း သူနှင့်အိမ်ထောင်ခွဲသွားလေသည်။ ညီအစ်ကိုနှစ်ဦး အတူတကွ လယ်သမားများဖြစ်ကြသော်လည်း အိမ်ထောင်ခွဲလိုက်သောအခါ သူတစ်ပါးလယ်တွင် အခစား လယ်ယာအလုပ်သမားများ ဖြစ်လာလေ သည်။ ရှန်ကာသည် အခြေအနေကို ထိန်းသိမ်းရန် အစွမ်းကုန်ကြိုးစား သော်လည်း နောက်ဆုံးတွင် အကြောင်းကြောင်းတို့ကြောင့် လက်လျှော့ လိုက်ရရှာသည်။ သူ့ညီငယ် အိမ်ထောင်ကွဲသွားသောအခါ ရှန်ကာသည် ရှိုက်ကြီးတငင် ငိုကြွေးရှာသည်။

သူသည် မိသားစု သစ်ပင်ကြီး ရှင်သန်ရေးအတွက် သွေးနှင့်ချွေး မြေကျအောင် ကြိုးစားလုပ်ကိုင်ခဲ့သည်။ ယခုအခါ သူပြုစုပျိုးထောင်ခဲ့သော မိသားစု သစ်ပင်ကြီးသည် အမြစ်မှလဲကျ ပျက်စီးသွားသည်ကို တွေ့မြင်ရ သောအခါ နာကျည်းသော နှလုံးနှင့် ယူကျုံးမရ ဖြစ်ရသည်။ မစားနိုင်

မသောက်နိုင် ဖြစ်ခဲ့ရသည်။ နွေအခါ အပူဒဏ်ကိုမရှောင်ဘဲ တစ်နေ့ပတ်လုံး အလုပ်ခွင်တွင် အချိန်ကုန်၍ ညဥ့်အခါတွင် ဝမ်းနည်းကြေကွဲခြင်းဖြင့် အိပ်မပျော်နိုင် ဖြစ်ခဲ့ရသည်။ ဤသို့သော စိတ်သောကဒဏ်ချက်ကြောင့် သူ့ခန္ဓာသည် အရိုးပေါ်အရေတင် ဖြစ်လာခဲ့သည်။ လပေါင်းများစွာပင် အိပ်ရာထဲတွင် လဲနေခဲ့သည်။ စားဝတ်နေရေး မည်သို့ ဖန်တီးမည်နည်း။ သူပိုင်ဟူ၍လည်း လယ်ကွက်ငယ်နှင့် နွားတစ်ကောင်သာ ရှိတော့သည်။ ဤပစ္စည်း ပစ္စယနှင့် မည်သို့ လယ်လုပ်မည်နည်း။

ခုနစ်နှစ် လွန်မြောက်ခဲ့လေပြီ။ တစ်နေ့သော ညနေခင်း၌ ရှန်ကာသည် အလုပ်လုပ်ရာမှ ပြန်လာစဉ် လမ်းတွင် သူတော်စင်သည် သူ့ကို ဟန့်တား၍ ဤသို့ဆို၏။

'ရှန်ကာ မနက်ဖြန် ကျွန်ုပ်ထံလာ၍ ကြွေးမြီများကို ပေးအပ်ပါလေ၊ သင်သည် ကျွန်ုပ်အား ငါးမောင်းနှင့်တစ်ဝက် ဂျုံများကို ပေးဆပ်ရန်ရှိ၏။ သို့ပါလျက် သင်သည် အလျဥ်းမသိသကဲ့သို့ နေဘိ၏။

ရှန်ကာသည် အံ့သြငေးမောလျက် ဤသို့ဆို၏။ 'ဤကဲ့သို့ ငါးမောင်းတစ်ဝက်နှင့် ဂျုံကြွေးများတင်ရှိရန် ဘယ်သောအခါက ကျွန်ုပ်သည် သင့်ထံမှ ချေးယူဖူးပါသနည်း၊ သင်သည် မှားနေပြီ ထင်၏၊ ကျွန်ုပ်သည် မည်သူ့ကိုမျှ တစ်အောင်စမျှသော သီးနှံကိုသော်လည်းကောင်း၊ တစ်ပြားမျှသော ငွေကြေးကိုသော်လည်းကောင်း ပေးဆပ်ရန် မရှိပါ'

'ဤသို့သော စိတ်ဓာတ်ကြောင့်ပင် သင်သည် စားရမဲ့ သောက်ရမဲ့ ဖြစ်နေဘိ၏'

ထိုသို့ဆိုပြီးလျှင် အရှင်မြတ်က လွန်ခဲ့သော ခုနစ်နှစ်က ရှန်ကာ ချေးယူဖူးသော တစ်ဆီယာနှင့် လေးပုံတစ်ပုံမျှသော ဂျုံကြွေးကို ထုတ်ဖော် ပြောဆိုလေသည်။ ရှန်ကာသည် အံ့သြခြင်းကြီးမက အံ့သြကာ မျက်လုံး မျက်ဆန် ပြူးသွားလေသည်။ အို ဘုရား ဘုရား၊ သူသည် နှစ်စဉ်နှစ်တိုင်း မကြာခဏပင် သီးနှံများကို ထိုပုဂ္ဂိုလ်အား ပေးလှူခဲ့သော်လည်း သူ့ထံမှ မည်သည့် ပစ္စည်းကိုမျှ ရယူခဲ့သည် မရှိ။ တောင်းဆိုခဲ့လျှင် ချက်ချင်း

ခြင်တွယ် ပေးဆပ်လိုက်မည် ဖြစ်၏။ ခုနစ်နှစ်လုံးလုံး မတောင်းမဆို ဆိတ်ဆိတ်ငြိမ်နေခဲ့ခြင်းသည် ဤသို့ မမျှမတ တောင်းဆိုလို၍လော။

ရှန်ကာသည် ဤသို့ဆို၍ အရှင် အကျွန်ုပ်သည် တိတိကျကျ ဖွင့်ဟ ပြောဆိုခြင်း မပြုသော်လည်း နှစ်စဉ်နှစ်တိုင်း အရှင့်အားပေးလှူရာတွင် အမြဲသဖြင့် တစ်ဆီယာ နှစ်ဆီယာ ပို၍ လှူခဲ့ပါ၏။ ယခုမူ ငါးမောင်းနှင့် တစ်ဝက် ပေးဆပ်ရမည်ဆိုလျှင် မည်သို့ ပေးဆပ်ရမည်နည်း။

'ချေးယူ၍ စာရင်းအင်း မှတ်သားထားခြင်းကိစ္စသည် ပေးလှူသည့် ကိစ္စနှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိ။ သင် ကျွန်ုပ်အား ပေးခဲ့သမျှသည် အလှူဒါနအဖြစ် ပေးကမ်းခဲ့ခြင်း ဖြစ်၏။ ငါးဆီယာပေးရမည့်အစား ဆီယာ၂၀ပေးစေကာမူ ကြွေးနှင့်သက်ဆိုင်ခြင်းမရှိ။ ကျွန်ုပ်၏ကြွေးစာရင်း စာအုပ်တွင် သင်ပေးရမည့်ကြွေးမှာ ငါးမောင်းနှင့်တစ်ဝက် ရှိ၏။ သင် မကျေနပ်လျှင် မည်သူ့ကိုမဆို တွက်ချက်စေနိုင်၏။ ထိုကြွေးကို သင် ပေးဆပ်လျှင် စာရင်းမှ ပယ်ဖျက်လိုက်ပါမည်၊ သို့မဟုတ်ပါက သင့်ကြွေး စာရင်းသည် ဆထက်ထမ်းပိုး တိုးသွားရန်သာရှိ၏'

'အို ပညာရှိ၊ ဆင်းရဲသားတစ်ဦးကို မည်သည့်အတွက် ဒုက္ခပေးလို ပါသနည်း၊ ကျွန်ုပ်တွင် စားစရာပင် လုံလောက်စွာမရှိ၊ ဤမျှ များပြားလှသော ဂျုံကို အဘယ်မှာလျှင် ရနိုင်ပါအံ့နည်း'

'ရှာလိုသောနေရာက ရှာ၍ ပေးဆပ်လော့၊ ကျွန်ုပ်၏ ကြွေးစာရင်း ကမူ ဂျုံတစ်စေ့ကိုမျှ လျှော့ပေးလိမ့်မည်မဟုတ်၊ ယခုဘဝတွင်ပေးဆပ်ခြင်း မပြုလျှင် နောင်ဘဝတွင် အမှန်ဧကန် ပေးဆပ်ရမည်ဖြစ်၏'

ရှန်ကာသည် အထူးပင် ထိတ်လန့်တုန်လှုပ်သွားလေသည်။ အကယ်၍သာ သူသည် အခြေခံပညာ အတော်အတန်ရှိသူ ဖြစ်ပါမူ ဤသို့ ပြန်လှန် ပြောဆိုပေလိမ့်မည်။ 'ကောင်းလေစွ၊ ဤသို့ဆိုလျှင် သင်၏ ကြွေးကို နောင်ဘဝတွင် ပေးဆပ်ပါမည်။ ထိုဘဝမှ ကြွေးစာရင်းသည် ယခုဘဝ၏ ကြွေးစာရင်းများကဲ့သို့ များလှသည်မဟုတ်၊ ဆိုးရွားလှမည် မဟုတ်၊ သင့်ဘက်မှလည်း မတရားသက်သေများကို ပြနိုင်လိမ့်မည်မဟုတ်၊

ထို့ကြောင့် နောက်ဘဝတွင် ဆပ်ရမည့် ကြွေးအတွက် မည်သို့မျှ စိုးရိမ်ကြောင့်ကြစရာ မရှိ'

သို့သော်လည်း ရှန်ကာသည် သဘာဝကျကျ လက်တွေ့ကျကျ တွေးခေါ်တတ်သူ မဟုတ်။ သူ့အဖို့ ကြွေးမြီဟူသည် ပေးဆပ်ရသည်။ အထူးသဖြင့် မြင့်မြတ်သော ဗြဟ္မဏအမျိုးအနွယ်တို့အား ပေးဆပ်ရန်ရှိသည့် ကြွေးမြီဟူသည်တို့ကို ဤဘဝတွင် ကျေလည်အောင် ပေးဆပ်ခြင်း မပြုပါက သေသည်၏ အခြားမဲ့၌ ငရဲသို့ တည့်တည့်မတ်မတ် ရောက်သွားလိမ့်မည်ဟု ယုံကြည်ထားသူ ဖြစ်လေသည်။ ထိုအကြောင်းကို တွေးမိသော ရှန်ကာသည် ခန္ဓာကိုယ်တစ်ခုလုံး တုန်လှုပ်သွားလေသည်။ ထို့ကြောင့် သူသည် ဤသို့ဆို၏။

'မြတ်သောအရှင်၊ ကျွန်ုပ်အပေါ် တင်ရှိနေသမျှသော သင်၏ ကြွေးများကို ယခုဘဝတွင် အပြေအလည် ပေးဆပ်ပါမည်၊ ဘယ်အတွက်ကြောင့် နောက်ဘဝတွင်မှ ပေးဆပ်ရန် စောင့်ဆိုင်းနေတော့မည်နည်း၊ ယခုဘဝတွင် ဒုက္ခဆင်းရဲပေါင်းများစွာနှင့် ရင်ဆိုင်နေရပါ၏၊ နောက်ဘဝတွင်လည်း ဤသို့ မဖြစ်လို၊ သို့သော်လည်း တရားမျှတမှု မရှိသည်ကိုကား ဖော်ပြလိုပါ၏၊ သင်သည် တောင်ပို့ငယ်ကို မြင့်မိုရ်တောင် ဖြစ်အောင် ဖန်တီးထား၏။ ဤသို့ မပြုလုပ်အပ်ပါ၊ သင်သည် မြတ်သော ဗြဟ္မဏအမျိုးအနွယ်ဝင် ဖြစ်၏၊ အကျွန်ုပ်အပေါ် သင်၏ ကြွေးရှိသည်ဟုဆိုလျှင် ဤအချိန်ထိ ဆိုင်းမနေဘဲ ဆောလျင်စွာ တောင်းဆိုရယူသင့်၏၊ ယခင်ကသာ တောင်းဆိုခဲ့လျှင် ကျွန်ုပ်အဖို့လည်း ပေးဆပ်ရန် ဤမျှတာဝန်ကြီးလိမ့်မည် မဟုတ်၊ သင်၏ ကြွေးများကို ကျွန်ုပ် ပေးဆပ်ပါမည်၊ သို့သော်လည်း သင်၏ မတရားမှုအတွက် သင်သည် ဘုရားသခင်၏ ရှေ့မှောက်တွင် ဖြေရှင်းရပါလိမ့်မည်။

'ဤကိစ္စအတွက် ကျွန်ုပ်အဖို့ စိုးရွံ့စရာမရှိ၊ သင့်အဖို့သာ စိုးရိမ်စရာ ရှိပေလိမ့်မည်၊ ထိုသို့ ကျွန်ုပ် ဖြေရှင်းရမည်ဆိုလျှင် ကျွန်ုပ်ဘက်မှ ကူညီအားပေးမည့် ညီအစ်ကိုတွေ၊ မိတ်ဆွေသင်္ဂဟတွေ ဝိုင်းရံလျက် ရှိပေလိမ့်မည်၊

ပညာရှိများ၊ သူတော်စင်များ အားလုံးသည် ဗြဟ္မဏနွယ်ဝင်များသာ ဖြစ်ကြသည်၊ အကယ်၍ ကျွန်ုပ်အဖို့ အမှားရှိစေကာမူ သူတို့တစ်တွေသည် ကျွန်ုပ်၏ အကျိုးကို ရှေးရှု၍ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြလိမ့်မည် ဖြစ်သည်၊ သင်သည် ကျွန်ုပ်၏ ကြွေးများကို ဘယ်သောအခါတွင် ပေးဆပ်ပါမည်နည်း'

'ယခုအခါ ကျွန်ုပ်တွင် ဘာမျှ ပေးစရာမရှိပါ၊ သူတစ်ပါးထံမှ တောင်းပန်တိုးလျှိုးချေးငှား၍ ရပါမှ သင်၏ ကြွေးကို ပေးဆပ်နိုင်မည် ဖြစ်ပါသည်'

'ဤနည်းဖြင့်ပေးဆပ်သည်ကို ကျွန်ုပ် လက်မခံနိုင်ပါ၊ ခုနစ်နှစ် လွန်မြောက်ခဲ့ပြီ ဖြစ်သောကြောင့် ကြွေးဆပ်ရန် တစ်နေ့တာမျှပင် ရွှေ့ဆိုင်း ပေးနိုင်လိမ့်မည် မဟုတ်၊ ယခုချက်ချင်း မပေးဆပ်နိုင်လျှင် တင်ရှိနေသော ကြွေးကို စာချုပ်ချုပ်ထားရမည် ဖြစ်သည်'

'သင်၏ ကြွေးကို ကျွန်ုပ်ပေးဆပ်မည် ဖြစ်ပါသည်၊ စာချုပ် ချုပ်ဆိုထားသည် ဖြစ်စေ၊ မထားသည် ဖြစ်စေ ကျွန်ုပ်အဖို့ မထူးခြားလှပါ၊ စာချုပ်ချုပ်ရမည်ဆိုလျှင် ချုပ်ဆိုပါမည်၊ မည်သို့ချုပ်ဆို၍ အတိုးနှုန်းကို မည်သို့ထားရှိမည်နည်း'

'ပေါက်ဈေးနှင့်တွက်လျှင် ငါးဆီယာကျသင့်၏၊ သင့်ကို ငါးဆီယာ နှင့် လေးပုံတစ်ပုံနှုန်းထားရှိပါမည်'

'သင့်ကြွေးကို ကျွန်ုပ်ပေးဆပ်မည် ဖြစ်သောကြောင့် ပေါက်ဈေး နှင့်သာ ထားပါလျက် မည်သည့်အတွက် လေးပုံတစ်ပုံဆီယာ တိုးနေ ရပါသနည်း'

ကြွေးကို တွက်ချက်လိုက်သောအခါ ပေးဆပ်ရန်ကျပ်ငွေ ဖ၀ရှိနေ သည်။ ကြွေးငွေ ဖ၀ကိုအတိုးနှုန်း သုံးရာခိုင်နှုန်းနှင့် စာချုပ်ချုပ်ဆိုလေသည်။ အကယ်၍ တစ်နှစ်ကုန်၍ တင်ရှိနေသော ကြွေးနှင့် အတိုးကိုမဆပ်နိုင်လျှင် အတိုးနှုန်းသည် တစ်ရာလျှင် သုံးကျပ်ခွဲနှုန်း ထားရှိသွားရမည် ဖြစ်သည်။

တံဆိပ်ခေါင်းဖိုး ရှစ်ပဲနှင့် စာချုပ်ရေးခ တစ်ကျပ်ကိုလည်း ရှန်ကာက ကျခံရမည် ဖြစ်လေသည်။

တစ်ရွာလုံးက ထိုပုဂ္ဂိုလ်အား ကျိန်ဆဲကြကုန်သည်။ သို့သော်လည်း သူ့ရှေ့မှောက်တွင်မူ မည်သို့မျှမဖွင့်ဟရဲကြ။ ရွာထဲမှလူတိုင်းပင် ငွေချေးသူနှင့် ဆက်ဆံနေရမည် မဟုတ်ပါလော။ အဘယ်သူသည် သူ့အား အန်တုနိုင်အံ့နည်း။

*

ရှန်ကာသည် တစ်နှစ်ပတ်လုံး အလုပ်ကိုကြိုးစား၍လုပ်သည်။ တင်ရှိနေသော ကြွေးများကို ကန့်သတ်ထားသော အချိန်အတွင်း ပေးနိုင်ရမည်ဟု အဓိဋ္ဌာန်ပြုထားသည်။ ယခင်အခါကပင် သူ့အိမ်တွင် နံနက်စာကို မချက်ခဲ့ပေ။ ကုလားပဲခြမ်းကိုဝါး၍သာ အာသာ ဖြေခဲ့ကြသည်။ ယခုမူ ကုလားပဲခြမ်းကိုပင် မဝါးရတော့ချေ။

ရှန်ကာသည် တစ်နေ့လျှင် တစ်ပြားဖိုးခန့် ဆေးရှူလေ့ရှိသည်။ ဆေးရှူခြင်းသည် သူ့အဖို့ စည်းစိမ်ခံသည့် အလေ့တစ်ခုအဖြစ် မပစ်ပယ်နိုင်အောင် ရှိခဲ့သည်။ ထိုအစွဲအလမ်းကို ကြွေးဒုက္ခမှ ကင်းဝေးစေရေးအတွက် အားတင်းကာ ဖြတ်တောက်ပစ်လိုက်လေသည်။ သူသည် ဆေးအိုးဆေးတံများကို ဖျက်ဆီး ပေါက်ခွဲပစ်လိုက်လေသည်။ အဝတ်ကို အထူးခြိုးခြံ၍ ဝတ်ခဲ့ရာမှ ယခုအခါတွင် မလုံ့တလုံ ဖုံးမိရုံသာ ရှိရှာတော့သည်။ ဆောင်းအခါတွင် အအေးဒဏ်ကို မီးလှုံခြင်းဖြင့် ကာကွယ်ရရှာသည်။ ဤကဲ့သို့ ခွဲကောင်းကောင်းဖြင့် လုပ်နိုင်ခဲ့သည့်အတွက် သူ မျှော်လင့်ထားသလို ဖြစ်မြောက်လာရလေသည်။

တစ်နှစ်ကုန်လွန်သောအခါ သူ့လက်ထဲတွင် ငွေ ၆ဝစုဆောင်းရမိထားလေသည်။ သူသည် စုဆောင်းမိထားသော ငွေကိုပေးဆပ်၍ ‘အရှင်မြတ်၊ ကျန်ငွေကို မကြာမီ ပေးဆပ်ပါမည်’ဟု ပြောကြားရန် စိတ်ကူးထားလေ

သည်။ သူ့အဖို့နောက်ထပ် ၁၅ကျပ်သာ ပေးရန် ကျန်တော့သည်။ အရှင်သူမြတ်သည် ပေးဆပ်သောငွေကို အားရဝမ်းသာ လက်ခံလိမ့်မည်ဟု ယူဆထားသည်။ သူသည် စုဆောင်းရရှိထားသော ငွေကို ယူလာပြီးလျှင် သူတော်စင်ခြေတော်ရင်းတွင် ချထားလိုက်လေသည်။ သူတော်စင်သည် အံ့အားသင့်လျက်'တစ်စုံတစ်ယောက်ထံမှချေးငှားခဲ့သလော'ဟု မေးလိုက်ပြန်လေသည်။

'မဟုတ်ပါအရှင်၊ အရှင်၏ မေတ္တာဟုန်ကြောင့် ယခုနှစ်တွင် လုပ်ငန်းကောင်း၍ ငွေကြေးကောင်းစွာ ရရှိခဲ့ပါ၏'

'သို့သော်ငြားလည်း သင်၏ ငွေသည် ဖဝမျှသာပါလော'

'မှန်ပါ၏ အရှင်သူမြတ်၊ ဤငွေကို လက်ခံထားတော်မူပါဦး၊ ကျန်ငွေကို နှစ်လ သုံးလအတွင်း ပေးဆပ်ပါမည်။ ကျွန်ုပ်ကိုလည်း ငွေဝယ်ကျွန်အဖြစ်မှ လွတ်ကင်းပါစေတော့'

'တင်ရှိနေသောကြွေးအားလုံး ပေးဆပ်ပြီးမှာသာ ကင်းလွတ်ခွင့်ပေးနိုင်မည်၊ ကျန်ငွေ ၁၅ကျပ်ကို အမြန်ဆုံး ယူဆောင်ခဲ့လော့'

'ကျွန်ုပ်ကို သနားတော်မူပါ အရှင်၊ ယနေ့ညအဖို့ပင် မည်သို့ဖန်တီးရဦးမည် မသိသေးပါ၊ ကျွန်ုပ်သည် ဤရွာမှ မည်သည့်အရပ်ကိုမျှလည်း ထွက်သွားနိုင်သူမဟုတ်ပါ၊ သင်၏ ကြွေးကျန်ကို အမှန်ပင် ပေးဆပ်မည် ဖြစ်ပါသည်'

'ဤသို့ရှုပ်ထွေးသည့် အပေးအယူ ကိစ္စမျိုးကို ကျွန်ုပ်မနှစ်သက်ပါ၊ အရင်းအတိုး အပြေအလည် မရရှိလျှင် အတိုးနှုန်းကို သုံးကျပ်ခွဲနှုန်းသို့ တိုးတက်တွက်ချက် သင့်ငွေ ဖဝကိုမူ ထားခဲ့လိုလျှင်လည်း ထားခဲ့၊ ယူလိုလျှင်လည်း ယူသွားတော့'

'ကျွန်ုပ်ယူဆောင်လာသောငွေကိုယူထားလိုက်ပါလော့၊ ကျန်ငွေကို ရာကြဲပေးဆပ်ပါမည်'

ရှန်ကာသည် တစ်ရွာလုံး အိမ်ပေါက်စေ့လိုက်လံချေးငှားသော်လည်း မည်သူ့ထံကမျှ မရရှိချေ။ ထိုကဲ့သို့ မချေးငှားကြခြင်းသည် သူ့ကို

မယုံကြည်ကြ၍လည်းမဟုတ်၊ ထုတ်ချေးစရာငွေကြေးမရှိကြ၍လည်းမဟုတ်၊ ပညာရှိသူတော်စင်နှင့် ရှန်ကာကြားတွင် မည်သို့မျှ ဝင်ရောက်စွက်ဖက်ခြင်းငှာ မဝံ့ကြသောကြောင့်သာ ဖြစ်သည်။

*

ကမ္ဘာ့နိယာမ သဘောတရားအရ အကြောင်းတရားကို အခြေပြု၍ အကျိုးတရားများ ဆက်စပ်ဖြစ်ပေါ်လာရကုန်သည်။ ရှန်ကာသည် တစ်နှစ်ပတ်လုံး ဒုက္ခဆင်းရဲအမျိုးမျိုးခံကာ ငွေကျွန်ကြေးကျွန်အဖြစ်မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းခဲ့ရသော်လည်း ရည်မှန်းချက် မအောင်မြင်သောအခါ ဝမ်းနည်းကြေကွဲ စိတ်အားငယ်မိရှာသည်။ ဤမျှ ဆင်းရဲဒုက္ခခံကာ လုပ်ကိုင်စုဆောင်းလျက်နှင့် ငွေ ၆ဝ ထက်ပို၍ မရနိုင်ခဲ့လျှင် ထိုထက်များပြားသည့် နှစ်ဆသောငွေကို မည်သို့ ရှာကြံရမည်နည်း။ ကြွေးတည်းဟူသော ဝန်ထုပ်ဝန်ပိုးအောက်တွင် အပိခံနေရသူအဖို့ ထိုကြွေးသည် တစ်မောင်းဖြစ်စေ၊ တစ်မောင်းနှင့် လေးပုံတစ်ပုံ ဖြစ်စေ သူ့အဖို့ ထူးခြားခြင်းမရှိတော့ချေ။ သူသည် မျှော်လင့်ချက် ကုန်ဆုံး၍ အလုပ်ကိုပင် မှန်းတီးလာလေသည်။

မျှော်လင့်ချက်သည် ခွန်အားကို မွေးထုတ်ပေးသည့် မိခင်ဖြစ်၏။ မျှော်လင့်ချက်တွင် အသက်ရှိ၏။ အင်အားရှိ၍ ထွန်းပြောင်သောဂုဏ်ရောင်ကိုဆောင်၏။ မျှော်လင့်ချက်သည် ဘဝတစ်ခုလုံးအား လိုရာပန်းတိုင်သို့ တွန်းပို့သော ခွန်အားတည်း။ မျှော်လင့်ချက် ကင်းနေပြီ ဖြစ်သော ရှန်ကာသည် ဘာကိုမျှ စိတ်မဝင်စားတော့ချေ။ စုဆောင်းခြိုးခြံလိုစိတ်လည်း လုံးဝမရှိတော့ချေ။ ဖာထေးချုပ်စပ်၍ ဝတ်ခဲ့သော အဝတ်များသည်လည်း မည်သို့မျှ ပြုပြင်ဖာထေး၍ မရသည့်အခြေသို့ ဆိုက်ရောက်လာခဲ့လေသည်။

ယခုအခါတွင် ရှန်ကာသည် အလုပ်လုပ်သဖြင့် ရရှိသော အခကြေးငွေများကို ယခင်ကကဲ့သို့ စုဆောင်းခြင်း မပြုတော့ဘဲ အဝတ်အထည်

များကို ဝယ်၍ဝတ်သည်။ စားသောက်ဖွယ်ရာများကို ဝယ်၍ စားသောက်သည်။ ယခင်က သူသည် ဆေးရွက်ကြီးကိုသာ ရှုရှိုက်ခဲ့သော်လည်း ယခုအခါတွင် မူးယစ်စေတတ်သည့် ပစ္စည်းများကို မှီဝဲသုံးဆောင် ရှုရှိုက်လာသည်။ သူသည် ကြွေးဆပ်ရန်အတွက်ကိုလည်း ပူပင်မနေတော့ဘဲ မည်သူ့အားမျှ ပေးဆပ်ရန်တစ်ပြားတစ်ချပ်မှ မရှိသူကဲ့သို့ ခပ်အေးအေးပင် နေလာခဲ့သည်။ ယခင်ကမူ ဖျားနေစဉ်ပင် အလုပ်ဆင်းတတ်သော်လည်း ယခုမူအကြောင်း အမျိုးမျိုးပြကာ အလုပ်မဆင်းဘဲ နေတတ်သည်။

သည်လိုနှင့် သုံးနှစ်ကြာခဲ့လေပြီ။ ရွာထဲမှ သူတော်စင်ကလည်း ကြွေးကိစ္စနှင့် စပ်လျဉ်း၍ မည်သို့မျှ စကားမဆိုချေ။ သူသည် လိမ္မာပါးနပ်လှသော မုဆိုးကဲ့သို့ သားကောင်ကိုတစ်ချက်တည်းနှင့် အသေသတ်ရန် ဆန္ဒရှိလေသည်။ သားကောင်ကို အချိန်မတိုင်မီ မသတ်ဖြတ်လိုချေ။

တစ်နေ့သောအခါ သူတော်စင်ကြီးသည် ရှန်ကာကိုခေါ်၍ သူ့စာရင်းကို ပြလေသည်။ ရှန်ကာ ယခင်က ပေးသွင်းခဲ့သော ငွေ ၆ဝကို နုတ်လိုက်လျှင် ငွေ၁၂ဝပေးဆပ်ရန် ကျန်ရှိနေသည်။

'သင့်ကြွေးကို ဤဘဝတွင် ပေးဆပ်နိုင်တော့မည် မဟုတ်ပါ၊ နောက်ဘဝကျမှ ပေးဆပ်တော့မည်'ဟု ရှန်ကာက ဆို၏။

'ငါ၏ အကြွေးကို ယခုဘဝတွင် အရယူမည်၊ အရင်းကိုမရစေကာမူ အတိုးကိုမူ အရယူမည်'ဟု သူတော်စင်က ဆို၏။

'ကျွန်ုပ်တွင် နွားတစ်ကောင်ရှိ၏၊ ယူလော့၊ တဲတစ်လုံးရှိ၏ သိမ်းလော့၊ ကျွန်ုပ်ထံတွင် အခြား မည်သည့်ပစ္စည်း ရှိသေးသနည်း၊ သိမ်းယူပါလော့'

'သင့်နွားကိုလည်း ငါမယူလို၊ တဲအိမ်ကိုလည်းမသိမ်းပိုက်လို၊ ထိုပစ္စည်းများအပြင် သင် ငါ့အား ပေးဆပ်နိုင်တာတွေ အများပင် ရှိသေး၏'

'ကျွန်ုပ်တွင် အခြား ဘာပစ္စည်းများ ရှိပါသေးသနည်း'

'သင်ပိုင်ဆိုင်သော အခြားဝတ္ထုမရှိလျှင် အသက်ရှင်နေသော သင်၏ ခန္ဓာကိုယ်သည် ရှိ၏၊ သင်သည် အခြားနေရာတွင် အလုပ်လုပ်လေ့

ရှိ၏။ ငါ၏ လယ်တွင်လည်း အလုပ်သမား လိုနေလျက်ရှိရာ သင်သည် တင်ရှိနေသောကြွေး၏ အတိုးကို ပေးဆပ်သောအားဖြင့် ငါ၏ လယ်တွင် အလုပ်လုပ်ပေးလော့၊ အရင်းကိုမူ သင်ပေးဆပ်နိုင်သည့် အချိန်ကျမှ ပေးဆပ်နိုင်၏၊ ရှင်းလင်းစွာပြောရမည်ဆိုလျှင် သင်သည် ငါ၏ကြွေးကို အပြေအလည် မပေးဆပ်နိုင်သမျှ ကာလပတ်လုံး တခြားနေရာသို့သွား၍ အလုပ်လုပ်နိုင်လိမ့်မည် မဟုတ်၊ သင်သည် ကိုယ်ပိုင်ပစ္စည်းများစွာ ရှိသူ မဟုတ်၊ အဘယ်မှာလျှင် အာမခံပစ္စည်း မထားရှိဘဲ ဤမျှ များပြားသော ကြွေးမြီကို လက်လွတ်စလွယ် အဆုံးခံနိုင်အံ့နည်း၊ သင်သည် အတိုးကို လစဉ်မှန်မှန် ပေးဆပ်ပါလိမ့်မည်ဟု မည်သူက အာမခံမည်နည်း၊ အခြား နေရာတွင် အလုပ်လုပ်လျက် ရရှိသော ငွေကြေးနှင့် အတိုးကိုပင် မှန်မှန် မပေးဆပ်နိုင်လျှင် အရင်းကို ဘယ်သောအခါတွင် ဆပ်နိုင်ပါမည်နည်း'

'သင့်ကြွေးမြီအတွက် အတိုးပေးရမည့်အစား သင့် လယ်တွင် အလုပ်လုပ်ပေးရမည်လော၊ ဤသို့ဆိုလျှင် ကျွန်ုပ်တို့ စားရေးသောက်ရေးကို မည်သို့ ဖန်တီးရမည်နည်း'

'သင့်တွင် ဇနီးမယားနှင့်သားများရှိ၏၊ သူတို့သည် မစွမ်းမသန် သူများကဲ့သို့ အိမ်တွင် ထိုင်နေကြသလော၊ သင်၏ နံနက်စာအဖို့မူ ငါသည် သင့်အား တစ်နေ့လျှင် ဘာလီစေ့ ဆီယာဝက်ပေးပါမည်၊ စောင် တစ်ထည်နှင့်အင်္ကျီတစ်ထည်လည်း ပေးပါဦးမည်၊ သည့်အပြင် ဘာလိုသေး သနည်း၊ အခြားသူများအဖို့မူ တစ်နေ့လျှင် လုပ်ခခြောက်ပဲ ရရှိကြသည်ကား မှန်၏၊ ငါကား ဤသို့ သင့်အားပေးရန် မလိုတော့ချေ။ သင်ပေးဆပ်ရန် ရှိသည့် အတိုးပြေလည်ရေးအတွက် အလုပ်ပေးထားသည် မဟုတ်ပါလော'

ရှန်ကာသည် အတန်ကြာအောင် သောကမီးလောင်၍ စကား မပြောနိုင် ဖြစ်နေပြီးမှ 'မြတ်သောအရှင် ဤသို့ဆိုလျှင် တစ်သက်ပတ်လုံး ကျွန်ခံနေရပါတကား'ဟု ဆို၏။

'အလုပ်လုပ်ပေးသည် ဟူ၍လည်းကောင်း၊ ကျွန်ခံခိုင်းသည် ဟူ၍ လည်းကောင်း သင် ခေါ်ချင်သလို ခေါ်နိုင်၏၊ ငါ၏ ကြွေးများ

အပြေအလည် မပေးဆပ်သမျှ ကာလပတ်လုံး သင့်အား လက်လွတ်မခံနိုင်၊ သင်ထွက်ပြေးသည်ရှိသော် သင်၏သားကို အရဖမ်းယူမည်၊ ဤကြွေးကို ဆပ်နိုင်ရမည့် သင့်အဆက်အနွယ်များ မရှိလျှင်ကား တစ်မျိုးတစ်မည် စဉ်းစားရပေမည်'

ဤသို့သော ဆုံးဖြတ်ချက်ကို မည်သူ့ထံတွင်မျှ အယူခံဝင်၍ မရ၊ အလုပ်သမားတစ်ဦးအတွက် မည်သူသည် အာမခံမည်နည်း။ ထွက်ပြေး၍လည်းမဖြစ်၊ မည်သူသည် သူ့အား ခိုလှုံခွင့် ပေးမည်နည်း။ သူသည် လွန်ခဲ့သော ၁၀နှစ်ကျော်က ချေးယူမိခဲ့သော ဂျုံလက်တစ်ဆုပ်စာ အတွက် အရှင်၏အလုပ်ကို စတင်လုပ်ကိုင်ရလေတော့သည်။ ဤဘဝတွင် ခံစားနေရသော ဆင်းရဲဒုက္ခများနှင့် စပ်လျဉ်း၍ မိမိ၏စိတ်ကို ဖြေရန်အတွက် ယခင်ဘဝက ပြုခဲ့ဖူးသော ကံအကြောင်းတရားကြောင့်ဟူ၍သာ ဆင်ခြင်ရ ရှာတော့သည်။ သူ့ဇနီးသည်လည်း ယခင်က မလုပ်ခဲ့ဘူးသော အလုပ်များ ကို ထွက်၍ လုပ်ရရှာသည်။ သူ့သားငယ်များလည်း အစားအစာ မှန်မှန် မစားရဘဲ အငတ်ပြဿနာနှင့် ရင်ဆိုင်နေကြရသည်။ သို့သော်လည်း ရှန်ကာသည် မည်သို့မျှ မတတ်နိုင် လက်မှိုင်ချ၍သာ နေတော့သည်။ ကျိန်စာသင့်သူကဲ့သို့ လက်တစ်ဆုပ်စာမျှသော ဂျုံစေ့များသည် သူ၏ ကျောပေါ်တွင် အလွန်လေးလံသောဝန်ထုပ်ကြီးသဖွယ် ဖိစီးထားလေသည်။

*

ရှန်ကာသည် နှစ်ပေါင်း ၂၀မျှ ငွေကျွန်ကျေးကျွန်အဖြစ် လုပ်ကိုင်ခဲ့ပြီးနောက် သူ့အဖို့ မက်မောတွယ်တာစရာမရှိသော လောကကြီးကို စွန့်ခွာသွား လေသည်။ သူသည် ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားသည့်တိုင်အောင် တစ်ရာ့နှစ်ဆယ်သော ကြွေးကား တင်လျက်ပင် ကျန်ရစ်ခဲ့လေသည်။

ပညာရှိသူတော်စင်ကြီးသည် သနားစရာကောင်းသော ရှန်ကာအား တမလွန်ဘဝသို့လိုက်၍ ဒုက္ခမပေးလိုရှာပေ။ သူသည် ဤမျှ ရက်စက်၍

မတရားမှုကို ပြုလုပ်တတ်သူ မဟုတ်ပါချေ။ သူသည် ရှန်ကာ၏သားကို လည်ပင်းမှ ညှစ်ကိုင်ကာ ဆွဲခေါ်လိုက်လေသည်။ ရှန်ကာ၏သားသည် ယခုထက်တိုင် ပညာရှိကြီး စေခိုင်းသမျှကို ကျိုးနွံစွာ လုပ်ကိုင်နေရှာလေသည်။ သူသည် မည်သည့်အခါတွင် လွတ်မြောက်ရေးကို ရမည်မသိရှာ။ လွတ်မြောက် နိုင်မည် ဆိုဦးတော့ အချိန်အခါကို မည်သို့ မှန်းဆနိုင်ပါမည်နည်း။

အချင်း စာဖတ်သူ၊ ဤအကြောင်းအရာများသည် စိတ်ကူးယဉ်၍ ရေးလိုက်သော ပုံဝတ္ထုမဟုတ်ပါ။ တကယ့် အဖြစ်အပျက် ဖြစ်ပါသည်။ ဤကမ္ဘာလောကကြီးထဲတွင် ဤသို့သော ပညာရှိ သူတော်စင်များနှင့် ရှန်ကာကဲ့သို့သော ပုဂ္ဂိုလ်များ အများပင် ရှိနေပါသေးသည်။

**(မြဝတီ။ ။ ဇွန်၊ ၁၉၆၉)**

## ၃
## ကျေးရွာတရားသူကြီး

'ဂျူမွန်ရှိတ်'နှင့် 'အလဂူချောက်ဒရီ'တို့သည် မိတ်ဆွေရင်းချာများ ဖြစ်ကြသည်။ သူတို့နှစ်ဦးသည် လယ်ယာစိုက်ပျိုးရေးတွင် အတူတကွ လုပ်ကိုင်ကြသည် သာမက ငွေချေးသော လုပ်ငန်းတွင်လည်း စပ်တူလုပ်ကိုင်ကြသည်။ တစ်ဦးကိုတစ်ဦး အလွန်ယုံကြည် ကိုးစားကြသည်။

ဂျူမွန်သည် မက္ကာသို့ ဟ(ဂျ) ဘုရားဖူးသွားသောအခါ သူ၏ အိမ်မှုကိစ္စ အဝဝကို အလဂူအား လွှဲအပ်ခဲ့သည်။ အလဂူ တခြားနေရာသို့ သွားရောက်သော အခါများတွင်လည်း သူ၏ အိမ်ကို ဂျူမွန်အား အပ်ထားခဲ့လေသည်။ သူတို့နှစ်ဦး ဤမျှ ရင်းနှီးနေခြင်းသည် ဘာသာရေးအရ နီးစပ်ရင်းနှီးနေခြင်းမဟုတ်။ စင်စစ်အားဖြင့် နှစ်ဦးအတူတူပင် စားခြင်းသောက်ခြင်း ပြုကြသူများမဟုတ်ကြပေ။ အချင်းချင်းစိတ်သဘောထားချင်း တူညီ၍သာ ဤမျှ ရင်းနှီးခင်မင်နေကြခြင်းဖြစ်လေသည်။

သူတို့နှစ်ဦးသည် ငယ်စဉ်ကတည်းက ချစ်ခင်ရင်းနှီးလာသည့် သူငယ်ချင်းများ ဖြစ်ကြသည်။ ဂျူမွန်၏ ရှိသေ လေးစားအပ်သော ဖခင်

ဂျူမရတီသည် သူတို့နှစ်ဦးအား သင်ခန်းစာများကို သင်ကြားပို့ချလေသည်။ အလဂူသည် သူ၏ဆရာသခင်အား ဂရုတစိုက် ဝတ်ကြီးဝတ်ငယ် ပြုစုသည်။ ပန်းကန်ခွက်ယောက်များကိုဆေးကြောပေးသည်။ ဆေးအိုးကြီးကိုလည်း အမြဲတစေ ဖြည့်တင်းပေးသည်။ အလဂူအဖို့ ဆေးတစ်ရှူသည် စာအုပ်ထဲမှ နာရီဝက်ကျက်မှတ်၍ ရသမျှသော သင်ခန်းစာနှင့် အတူတူပင် ဖြစ်၏။

အလဂူ၏ ဖခင်သည် အလွန်ရှေးဆန်သော အဘိုးကြီးဖြစ်သည်။ သူသည် ပညာရရှိရေးအတွက် ဆရာ၏ သင်ကြားပြသခြင်းများကို ခံယူခြင်းထက် ဆရာအား ရိုသေလေးစားစွာ ဝတ္တရားမပျက် ပြုစုအပ်သည်ဟု ယုံကြည်သူဖြစ်၏။ ပညာကို သင်ကြားလေ့ကျင့်ခြင်းဖြင့် မရရှိနိုင်။ ဆရာသမားဖြစ်သူ၏ မေတ္တာတရားထားမှုဖြင့်သာ ရရှိနိုင်သည်ဟု ဆိုလေ့ရှိသည်။ ထို့ကြောင့် ပညာရရှိအောင် ဆရာ၏မေတ္တာကို ခံယူရရှိရန်သာ အရေးကြီးဆုံးဖြစ်သည်ဟုလည်း ဆိုသည်။ အကယ်၍ အလဂူသည် ဆရာသမားနှင့် နီးကပ်စွာနေရ၍ မေတ္တာကို ခံယူရပါလျက်နှင့် ပညာတည်းဟူသော အသီးအပွင့်ကို မရရှိနိုင်ဟုဆိုလျှင် မိမိသည် တပည့်တစ်ဦးအဖြစ်ဖြင့် ပြုဖွယ်ကိစ္စအဝဝကို ပြုလုပ်ဆောင်ရွက်ခဲ့ပါ၏။ တပည့်၏ တာဝန်ဝတ္တရားများကို မပျက်ကွက်ခဲ့ပါ။ သို့ပါလျက် ပညာမရရှိသည်မှာ မိမိကံအကြောင်းတရားဟုပင် စိတ်ကို ဖြေရပေတော့မည်။ ပညာပါရမီမရှိလျှင် အဘယ်မှာလျှင် ပညာရရှိနိုင်ပါအံ့နည်း။ အလဂူ၏ ဖခင်သည် ရှေးလူကြီးပီပီ ဤသို့လျှင် ယူဆထားလေသည်။

သို့သော်လည်း ဂျူမရတီ ကိုယ်တိုင်ကမူ ဆရာသမား၏ မေတ္တာရေစင် ပက်ဖြန်းခြင်းခံရမှ ပညာရှိနိုင်သည်ဟု မယုံကြည်ချေ။ သူသည် သူ၏ ကိုင်ဆောင်နေကျ 'တုတ်ကြီး'ကိုသာ ယုံကြည်သည်။ အားကိုးအားထားပြုသည်။ ထိုတုတ်ကြီး ကြောင့်ပင်လျှင် သူ့သားတော်မောင်ဂျူမွန်ကိုလည်း ရွာနီးချုပ်စပ်မှ လူအပေါင်းက ရိုသေကိုင်းရှိုင်းကြသည်။ ကြောက်ရွံ့ရသည်။ သူရေးဆွဲလာသည့် စာချုပ်စာတမ်းများကို ရုံးမှ စာရေးကြီးပင်လျှင် အပြစ် မပြောဝံ့။ စာပို့လုလင်၊ ရဲသား ထိုဒေသမှ

ရုံးလုလင်များတို့သည် သူ၏ ချစ်ခင်မှုကို ရယူလိုကြကုန်သည်။ အလဂူသည် ဥစ္စာဓနကြွယ်ဝမှုကြောင့်အများစု၏ ချစ်ခင်လေးစားမှုကို ခံရသည်ဟု ဆိုလျှင်ဂျူမွန်အဖို့ အများ၏ ရိုသေကိုင်းရှိုင်းမှုကို ခံရခြင်းသည် သူ၏ ထူးခြားသော ပညာဉာဏ်ကြောင့်ဟု ဆိုရပါမည်။

*

ဂျူမွန်တွင် အိုမင်းနေပြီဖြစ်သော အဒေါ်ကြီးတစ်ယောက် ရှိသည်။ ထို အဒေါ်ကြီးတွင် ပစ္စည်းဥစ္စာ အနည်းငယ်ရှိသည်။ ဆွေမျိုးရင်းချာ ဟူ၍ကား မရှိ။ ဂျူမွန်သည် အဒေါ်ကြီးအား ကတိအမျိုးမျိုးပေးလျက် ပစ္စည်းဥစ္စာများကို မိမိအားလွှဲပြောင်းပေးရန် ချော့မော့ပြောဆိုလေသည်။ အဒေါ်ကြီးပိုင် ပစ္စည်းများကို စာချုပ်စာတမ်းဖြင့် မလွှဲပြောင်းရသေးမီ အချိန်တွင် အဒေါ်ကြီး အား အထူးပင် ရိုသေလေးစားစွာ ဆက်ဆံလေသည်။ ရသာမျိုးစုံတို့ဖြင့် ပြီးသော စားကောင်းသောက်ဖွယ်များကို ကျွေးမွေးသည်။ ဒံပေါက်၊ ပူတင်း အစရှိသည့် အစားအစာများမှာ အလျှံပယ် ဖြစ်နေလေသည်။ ပစ္စည်းဥစ္စာများ ဂျူမွန်အား လွှဲပြောင်းပေးသည့်စာချုပ်ကို ချုပ်ဆို၍ ရုံးတံဆိပ်ခတ်နှိပ်လိုက်သည်နှင့် တစ်ပြိုင်နက် ရိုသေကိုင်းရှိုင်းမှု ဟူသမျှသည် ပျောက်ကွယ်သွားကုန်၏။ ဂျူမွန်၏ဇနီးဖြစ်သူ ကရီမန်သည် အဒေါ်ကြီး အား အစားအစာကျွေးမွေးတိုင်း မခံသာအောင် ရေရွတ်ပြောဆိုနေတတ် လေသည်။ ဂျူမွန်၏ အမူအရာမှာလည်း တစ်နေ့တခြား မာကျောလာ လေသည်။

"ဒီအဘွားကြီး ဘယ်လောက်ကြာအောင်များ အသက်ရှင်နေဦးမယ် မသိပါဘူး၊ ဘာမှ စိုက်ပျိုးလို့မရတဲ့ မြေကွက်ကလေး မဖြစ်စလောက်နဲ့ တို့ကိုများ ဝယ်ယူထားတဲ့ ကျွန်အောက်မေ့နေသလား မပြောတတ်ပါဘူး၊ ပဲကို ထောပတ်နဲ့ကြော်မပေးရင် ပေါင်မုန့်ကို မစားနိုင်ဘူးတဲ့၊ သူ့ကို ပြုစု ကျွေးမွေးရလို့ ကုန်တဲ့ငွေနဲ့သာဆိုရင် ခုလောက်ဆို ကျုပ်တို့ တစ်ရွာ

လုံးတောင် ဝယ်နိုင်ပါရဲ့'ဟူသော စကားများကို အဒေါ်ကြီးသည် နေ့စဉ် နေ့တိုင်းလိုလို ကြားနေရလေသည်။

အဒေါ်ကြီးသည်ရက်ပေါင်းအတော်ကြာအောင် သည်းခံနားထောင်နေခဲ့ရာမှ မခံနိုင်သည့် အဆုံးတွင် ဂျူမွန်အား တိုင်ကြားခဲ့လေသည်။ ဂျူမွန်ကမူ သူ့ဇနီးသည် စီစဉ်ဆောင်ရွက်နေသော အိမ်တွင်းရေးများတွင် ဝင်ရောက်စွက်ဖက်ရန်မသင့်ဟု ယူဆထားသည်။ ဤနည်းအတိုင်းပင် သုံးလေးရက်မျှ စိတ်မချမ်းမြေ့ဖွယ်ရာ ရေရွတ်ပြောဆိုမှုများနှင့် ရင်ဆိုင်နေရရာသည်။ နောက်ဆုံးတွင် အဒေါ်ဖြစ်သူက တူတော်မောင်အား 'သားရယ်၊ အမေတော့ ဒီလိုနေလို့ မဖြစ်တော့ဘူး၊ မင်း ငွေနည်းနည်းပေးပါလားကွယ်၊ အမေ ကိုယ့်ဘာသာကိုယ် အိုးခွဲချက်စားပါ့မယ်'ဟု ပြောလေသည်။

'ငွေဆိုတာ ဒီသစ်ပင်တွေက ခူးယူလို့ရတယ်ထင်သလား'ဟု ဂျူမွန်က မခန့်လေးစား ပြန်မေးလိုက်သည်။

'ငါ့အတွက်လည်း စားဖို့သောက်ဖို့ လိုတယ် မဟုတ်လားကွယ်'ဟု အဒေါ်ကြီးက ဆိုသည်။

'ခင်ဗျားကြီး ဒီလောက် အသက်ရှည်နေလိမ့်မယ်လို့ ကျုပ် မအောက်မေ့ခဲ့ဘူး'ဟု ခက်ထန်စွာ ပြောလိုက်လေသည်။

အဒေါ်ကြီးသည် စိတ်ဆိုးသွားလေသည်။ ဤကိစ္စနှင့်ပတ်သက်၍ ကျေးရွာတရားရုံးသို့ တိုင်ကြားမည်ဟု ခြိမ်းခြောက်လေသည်။ ဂျူမွန်သည် သဘောကျသွားလေသည်။ မိမိထောင်ထားသော ထောင်ချောက်ဆီသို့ သွားနေသော သမင်ငယ်ကိုကြည့်ကာ ဝမ်းမြောက်နေသော မုဆိုးကဲ့သို့ ရွှင်ပြုံးနေလေသည်။ 'ကောင်းတယ်၊ ကျေးရွာတရားရုံးကို တိုင်ပေါ့၊ မြန်မြန်တိုင်ပါ၊ ကျုပ်လည်း တရားရုံးရဲ့ အဆုံးအဖြတ်ကို လိုချင်နေတာပဲ၊ နေ့တိုင်းနေ့တိုင်း တတွတ်တွတ် လုပ်နေတာ နားငြီးလှပါပြီ'ဟု ဂျူမွန်က ပြောလေသည်။

ဂျူမွန်သည် ကျေးရွာတရားရုံးတွင် မိမိအနိုင်ရရှိမည်ဟု တထစ်ချ ယုံကြည်ထားပြီးဖြစ်လေသည်။ ဤကျေးရွာတစ်ဝိုက်တွင် တစ်နည်းမဟုတ်

တစ်နည်းဖြင့် မိမိ၏ ကျေးဇူးမကင်းသူချည်း ဖြစ်လေသည်။ သူ့ကို အတိုက်အခံပြုဝံ့သူ မည်သူရှိအံ့နည်း။ မည်သူသည် မိမိအား ရန်သူဖြစ်အောင် ပြောဆိုဝံ့အံ့နည်း။ ကောင်းကင်မှ နတ်များသည် ကျေးရွာတရားရုံးတွင် ပါဝင်ဆောင်ရွက်ရန် သက်ဆင်းလာကြလိမ့်မည် မဟုတ်ပါ။

*

ရက်ပေါင်းအတန်ကြာအောင် အဒေါ်ကြီးသည် တုတ်တစ်ချောင်းကို ထောက်ကာထောက်ကာ တစ်ရွာမှတစ်ရွာသို့ ကူးလူးသွားလျက် ရှိသည်။ အဘွားအို၏ ကိုယ်ခန္ဓာသည် လေးကိုင်းကဲ့သို့ ကွေးညွတ်နေပါပြီ။ သူ့အဖို့ ခြေတစ်လှမ်း လှမ်းရန်ပင် မလွယ်ကူပါ။ သို့သော်လည်း မသွားလျှင် မဖြစ်သဖြင့် သွားလာနေရရှာသည်။ သူ့အဖို့ ကျေးရွာတရားရုံး၏ အဆုံးအဖြတ်ကို ရရှိမှ ဖြစ်ပါမည်။ အဘွားအိုသည် မျက်ရည်ကျကာ တိုင်တန်းသင့်သော သိက္ခာသမာဓိနှင့် ပြည့်စုံသူဟူ၍ မရှိသကဲ့သို့ ဖြစ်နေပါသည်။ အချို့က စကားလုံးလှလှသုံးကာ အဘွားအိုအား ဖယ်ရှင်း ပစ်ကြသည်။ အချို့ကလည်း မကြားတကြား အတင်းပြော၍ ကျန်ရစ်ခဲ့ ကြသည်။

'ဒီအဘွားကြီးဟာ သင်္ချိုင်းထဲ ခြေတစ်ဖက်ရောက်နေပြီး တစ်ရက် နှစ်ရက်နေရင် သေရတော့မယ်ဟာ လောဘကြီးနေတုန်းပဲ၊ ဘာလိုတော့လို့လဲ၊ အေးအေးစားပြီး မသေခင် အေးအေးနေတာ မဟုတ်ဘူး၊ ဟိုက သနားလို့ ကျွေးထားတာလည်းကျေးဇူးတင်ပါဦး၊ ဒီလယ်တွေ မြေတွေကို ဘာပြုလို့များ လိုချင်နေရတာလဲ'ဟု ဆိုကြကုန်၏။ အချို့ကလည်း အဘွားအိုကိုကြည့်၍ ပြက်လုံးထုတ်ကာ ရယ်သွေးကြကုန်သည်။ ခါးကိုင်းညွတ်၍ သွားတွေ မရှိသဖြင့် ဟောင်းလောင်းပေါက် ဖြစ်နေသော ပါးစပ်၊ ဖြူဖွေးသော ဆံပင်တို့ဖြင့် ပြီးသော အဘွားအိုသည် ပစ္စည်းဥစ္စာနှင့် ပတ်သက်၍ တရားဆိုင်ရမည်ဟု သိရသောအခါ ရယ်ရွှင်ဖွယ်လို ဖြစ်နေလေသည်။

အဘွားအိုပြောသမျှကို ကရုဏာထားကာ သည်းခံနားထောင်၍ အားပေးစကားပြောကြားသူ အနည်းငယ်မျှသာ ရှိလေသည်။ တုတ် တစ်ချောင်းဖြင့် ထောက်ကာ ထောက်ကာ လှည့်ပတ်သွားလာခဲ့သော အဘွားအိုသည် နောက်ဆုံးတွင် အလဂ္ဂုထံသို့ ရောက်လာလေသည်။ သူသည် တုတ်ချောင်းကို ပစ်ချပြီးလျှင် ခေတ္တ အမောဖြေပြီးနောက် 'သားရယ် ကျေးရွာတရားရုံးကို ခဏဖြစ်ဖြစ် လာပါဦးကွယ်'ဟု တောင်းပန်လေသည်။

'ကျွန်တော့်ကိုမှ ဘာဖြစ်လို့ခေါ်ရသလဲ အဒေါ်ရယ်၊ ရွာထဲက လာမယ့်လူတွေ အများကြီးပဲဟာ'ဟု အလဂ္ဂုက ပြန်ပြော၏။

'ငါကတော့ ငါ့ဒုက္ခကို ရွာထဲကလူတွေကို ပြောပြခဲ့ပြီးပြီ၊ လာတာ မလာတာကတော့ သူတို့သဘောပဲ'

'လာစေချင်ရင်တော့ လာခဲ့မယ်လေ၊ ဒါပေမယ့် ကျွန်တော် ဘာစကားမှ မပြောဘူးနော်'

'ဘာပြုလို့လဲ သားရယ်'

'ဒါတော့ ကျွန်တော် အဖြေမပေးနိုင်ဘူး၊ ကျွန်တော့် သဘောပဲ ဆိုပါတော့၊ ဂျုမ္မန်ဟာ ကျွန်တော့်မိတ်ဆွေ၊ သူနဲ့ ရန်မဖြစ်ချင်ဘူး'

'သား... သားဟာ ရန်ဖြစ်ရမှာကြောက်ပြီး မှန်ကန်တဲ့ စကားကို မပြောရဲဘူးလား'

လူတစ်ဦး၏ အတွင်းသန္တာန်တွင် အိပ်မောကျလျက်ရှိသော သစ္စာတရားနှင့် သမာဓိစိတ်သည် ဤသို့ လှုပ်နှိုးခံရသောအခါ တစ်မုဟုတ်ချင်း မျက်လုံးပွင့်ကာ နိုးကြားလာလေသည်။ ဤသို့ နိုးကြားလာသည်နှင့်အမျှ အမှန်တရားသည် အလုံးစုံကို လွှမ်းခြုံထားလိုက်လေသည်။ အလဂ္ဂုသည် အဘွားအို၏ မေးခွန်းကို မည်သို့မျှ ဖြေကြားခြင်းမပြုတော့ပေ။ သို့သော်လည်း သူပြောသွားသော စကားများသည် နားထဲတွင် ပဲ့တင်ထပ်ကာ ကျန်ရစ်လေသည်။

'ရန်ဖြစ်ရမှာကြောက်ပြီး မှန်ကန်တဲ့ စကားကို မပြောရဲဘူးလား'

*

တစ်နေ့သော ညနေခင်းတွင် ကျေးရွာတရားရုံး ဖွဲ့စည်းဆုံးဖြတ်ရန်အတွက် သစ်ပင်တစ်ပင်အောက်၌ စုဝေးရောက်ရှိလာကြလေသည်။ ဂျူမွန်သည် စောစောကပင် ကော်ဇောကြီးတစ်ချပ်ကို ခင်းထားလေသည်။ ကွမ်းဆေးများကိုလည်း တည်ခင်းထားသည်။ သူကိုယ်တိုင်ကမူ ခပ်လှမ်းလှမ်းတွင် အလဂူနှင့်အတူ ထိုင်လျက်ရှိသည်။ သူသည် ရောက်လာသမျှသော ပုဂ္ဂိုလ်များကို ဦးခေါင်းညွှတ်ကာ ပြုံးရွှင်သောမျက်နှာဖြင့် ခရီးဦးကြို ပြုလျက်ရှိသည်။

နေဝင်၍ ကျေးငှက်များ သစ်ပင်ပေါ်တွင် ဆူညံစွာ စုဝေးရောက်ရှိသော အချိန်တွင် ကျေးရွာတရားရုံးသည်လည်း မိမိ၏ လုပ်ငန်းကို စတင်ဆောင်ရွက်လေသည်။ ကော်ဇောကြီးတစ်ချပ်လုံး ထိုင်နေသူတွေနှင့် ပြည့်နေလေသည်။ သို့သော်လည်း လာရောက် နားထောင်သူများသာ များပါသည်။ ဖိတ်ကြား၍ ရောက်ရှိလာသူများတွင်ကား ဂျူမွန်အပေါ် အာဃာတထားရှိ၍ ကလဲ့စားချေလိုစိတ်ဖြင့် လာရောက်သူများသာ များပါသည်။ ထောင့်တစ်နေရာတွင် မီးဖိုတစ်ခုမှ အခိုးများအူထလျက်ရှိသည်။ တစ်နေရာတွင်ကား ဆေးအိုးကြီးကို တစ်စုံတစ်ယောက်သောသူက အစဉ်မပြတ် မီးထည့်လျက်ရှိသည်။ မီးခိုးများ ဖုံးလွှမ်းလျက်ရှိရာ နောက်ချေးခြောက်ထင်းမှ ထွက်သော မီးခိုးလော၊ ဆေးရှူကြရာမှထွက်သော မီးခိုးလော၊ မည်သည့် မီးခိုးက ပို၍ များသည်ဟုပင် မပြောတတ်အောင် ဖြစ်နေလေသည်။ ကလေးများလည်း အနီးအနားတွင် ပြေးလွှားဆော့ကစားနေကြသည်။ ရွာထဲရှိ ခွေးများကလည်း ဤသို့ စုဝေးနေကြခြင်းကို ပွဲတော်ကြီးဟု ထင်ကြသလား မသိ။ စားရန် သောက်ရန် အုပ်နှင့်ချီ၍ လာရောက်ကြကုန်သည်။

ကျေးရွာလူကြီးများသည် မိမိတို့နေရာအသီးသီးတွင် ထိုင်မိကြသောအခါ အဘွားအိုက သူ၏ အမှုကိစ္စကို တင်ပြလေသည်။

'ကျေးရွာလူကြီးများကို တင်ပြပါရစေ၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က အမေကြီးရဲ့ ဥစ္စာပစ္စည်းများကို တူဖြစ်သူ ဂျူမွန်အား လွှဲပြောင်းပေးခဲ့ပါ

တယ်၊ အားလုံးသိပြီး ဖြစ်ပါလိမ့်မယ်၊ ဒီလို လွှဲပြောင်းပေးတဲ့အတွက် ဂျူမွန်က အမေကြီးကို အသက်ရှင်နေသမျှ ကာလပတ်လုံး စားဝတ်နေရေးကို တာဝန်ယူခဲ့ပါတယ်၊ အဲဒီကတိအတိုင်း အမေကြီးလည်း သူနဲ့အတူ သည်းခံပြီး တစ်နှစ်လောက် နေခဲ့ပါတယ်၊ ဒါပေမယ့် အခုတော့ နေ့စဉ်နေ့တိုင်း ဆူဆူပူပူနဲ့ စောင်းမြောင်းပြောဆိုနေတာကို ကြားနေရတဲ့အတွက် ဆက်ပြီး အတူနေလို့ မဖြစ်တော့ပါဘူး၊ အစားအစာလည်း ကောင်းကောင်း မကျွေး၊ အဝတ်အစားလည်း မပေးတော့ပါဘူး။ အမေကြီးဟာ ခိုကိုးရာမဲ့ မုဆိုးမပါ၊ မြို့ကတရားရုံးကို သွားပြီးတော့လည်း တရားမဆိုင်နိုင်ပါဘူး၊ အမေကြီးရဲ့ စိတ်မချမ်းမြေ့ဖွယ်ကောင်းတဲ့ အဖြစ်အပျက်တွေကို ဒီနေရာက လွဲပြီး ဘယ်ကိုမှသွားပြီး ပြောပြမနေနိုင်ပါဘူး၊ ဒီဒုက္ခဆင်းရဲက လွတ်မြောက်ရေး အတွက် ထွက်ရပ်လမ်းကို ပြပေးကြပါ၊ ဒီလမ်းအတိုင်း အမေကြီး လျှောက်သွားချင်ပါတယ်၊ အမေကြီးမယ် အပြစ်ရှိရင် အပြစ်ပေးပါ၊ ခံယူပါ့မယ်၊ ဂျူမွန်ရဲ့အမှားကို တွေ့လျှင်လည်း ကံမကောင်း အကြောင်း မလှတဲ့ ဆင်းရဲသူမ အဘွားကြီးကို ဘာကြောင့် နှိပ်စက်ချင်ပါသလဲဟု မေးကြစမ်းပါ၊ အမေကြီးကတော့ ကျေးရွာလူကြီးတွေရဲ့ ဆုံးဖြတ်ချက်ကို ခံယူဖို့ အသင့်ပါပဲ’ဟု ပြောဆို တင်ပြလေသည်။

မိမိအား ပေးရန်ရှိသည့် လယ်ခများမပေးသည့် သီးစားလယ်သမား တစ်ဦးအား ဂျူမွန်က အကာအကွယ်ပေးထားသဖြင့် မကျေမနပ်ဖြစ်နေသူ ရန်ဒန်က ‘ဂျူမွန် ဘယ်သူ့ကို ခေါင်းဆောင်တရားသူကြီးအဖြစ် ရွေးကောက်လိုသလဲ၊ ဒီအမှုကို မဆုံးဖြတ်မီ ဒီကိစ္စကို ပြီးအောင် လုပ်ရဦးမယ်၊ အဲဒီလို ခေါင်းဆောင်တရားသူကြီးတစ်ဦး ရွေးကောက်ပြီးရင်တော့ သူ ဆုံးဖြတ်တာကို နှစ်ဦးစလုံးက လက်ခံရမှာပဲ’ဟု ပြောလေသည်။

ရောက်ရှိနေကြသော ကျေးရွာလူကြီးများထဲတွင် ဂျူမွန်နှင့် အကြောင်းတစ်ခုမဟုတ် တစ်ခုကြောင့် ပြဿနာရှိခဲ့ဖူးသည့်သူတွေ ဖြစ်နေသည်ကို တွေ့ရလေသည်။

'ကျေးရွာခေါင်းဆောင် တရားသူကြီးရဲ့အဆုံးအဖြတ်ဟာ အလာ အရှင်မြတ်ရဲ့ အမိန့်နဲ့ အတူတူပါပဲ၊ အဒေါ်ရွေးချင်တဲ့လူကို ရွေးပါစေ၊ ကျွန်တော် ကန့်ကွက်ဖို့ မရှိပါဘူး'ဟု ဂျူမွန်က ပြောလေသည်။

'မင်း မရွေးနိုင်ဘူးလား၊ မင်း ဘယ်သူ့ကိုရွေးချင်တယ်ဆိုတာလဲ ငါ သိချင်သေးတာပေါ့'ဟု အဒေါ်ကြီးက အော်လိုက်လေသည်။

'ဒီကိစ္စမယ် ကျုပ် ဘာမှ မပြောချင်ပါဘူး၊ အဒေါ်စတဲ့ ကိစ္စပဲ၊ အဒေါ်ပဲ ရွေးချင်တဲ့သူရွေးပေါ့'ဟု ဂျူမွန်က ဒေါသသံနှင့် ပြောလိုက်လေသည်။ ဂျူမွန်၏စကားတွင် သရော်သံရောနှောနေသည်ကို အဒေါ်ကြီး သိလိုက်ပါသည်။

'သားရယ် ဘုရားသခင်ကို ရိုသေလေးစားပါဦး၊ သမာဓိ တရားသူကြီးဆိုတာ မည်သူ မိတ်ဆွေ၊ မည်သူ ရန်သူရယ်လို့ မရှိပါဘူး၊ အခု မင်း ဘာတွေလျှောက်ပြောနေတာလဲ၊ မင်း ဘယ်သူ့ကိုမှ အယုံအကြည် မရှိတော့ဘူးဆိုရင် နေပါစေတော့၊ ကဲ အလဂူကို ခေါင်းဆောင်တရားသူကြီး အဖြစ် ငါ ရွေးရင် မင်း သဘောတူမလား၊ ကဲ ကောင်းပြီ၊ ငါ အလဂူကို ခေါင်းဆောင်တရားသူကြီးအဖြစ် ရွေးတယ်'ဟု အဒေါ်ကြီးက ပြောလိုက်လေသည်။

ဂျူမွန်သည် အလွန် ဝမ်းသာသွားသော်လည်း မိမိ၏အတွင်းစိတ်ကို ဖုံးဖိထားလိုက်သည်။ 'အလဂူကို ထားချင်ထားပေါ့၊ ကျုပ်အဖို့တော့ အလဂူဖြစ်ဖြစ် ရန်ဒန်ဖြစ်ဖြစ် ဘယ်သူ့ကိုရွေးရွေး မထူးပါဘူး'

အလဂူသည် ဤကိစ္စတွင် မပါဝင်လိုချေ။ ထို့ကြောင့် တစ်နည်းနည်းဖြင့်ရှောင်ထွက်ရန် ကြိုးစားလေသည်။ 'အဒေါ်ကြီး ကျွန်တော်နဲ့ဂျူမွန်ဟာ အလွန်ရင်းနှီးတဲ့မိတ်ဆွေဆိုတာ သိတယ်နော်'ဟု ပြောလိုက်သည်။

'သား မိတ်ဆွေအတွက် မိမိရဲ့ သိက္ခာသမာဓိကို ဘယ်သူ့ကိုမှ ရောင်းမစားနိုင်ဘူးဆိုတာ အဒေါ် သိပါတယ်၊ သမာဓိ တရားသူကြီး ခေါင်းဆောင်ရဲ့ အသည်းနှလုံးထဲမယ် ဘုရားသခင် ကိန်းဝပ်နေပါတယ်၊ တရားသူကြီး ပြောဆိုသမျှသော စကားတို့ဟာ ဘုရားသခင် ကိုယ်တော်

တိုင်က ပြောဆိုမိန့်ကြားနေတဲ့ စကားတွေ ဖြစ်ပါတယ်’ဟု အဒေါ်ကြီးက တည်ကြည်ငြိမ်သက်သော အသံဖြင့် ပြောကြားလေသည်။

အလဂူသည် သမာဓိ တရားသူကြီးအဖွဲ့တွင် ခေါင်းဆောင် တရားသူကြီးအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရလေသည်။ ရန်ဒန်နှင့် တကွ ဂျူမွန်၏ အတိုက်အခံဘက်များက အဘွားကြီးအား အားရပါးရ ကျိန်ဆဲနေကြလေသည်။ အလဂူက ဤသို့ စတင်၍ပြောကြားလေသည်။

‘ဂျူမွန် မင်းနဲ့ငါဟာ မိတ်ဆွေဟောင်းတွေ ဖြစ်ပါတယ်၊ ငါ့မယ် အကူအညီလိုတဲ့အခါတိုင်း မင်းဟာ အကူအညီပေးခဲ့တာပဲ၊ ငါလဲ တတ်အား သမျှ မင့်ကို ကူညီလုပ်ကိုင်ပေးခဲ့တာပဲ၊ သို့ပေမယ့် အခုအချိန်အခါမယ် တော့ မင်းနဲ့ မင်းအဒေါ်ကြီးဟာ ငါ့အဖို့ ဘယ်သူက ရင်းတယ်၊ ဘယ်သူက စိမ်းတယ်လို့ မရှိတော့ဘူး၊ နှစ်ဦးစလုံး အတူတူပါပဲ၊ မင်းလဲ မင်း တင်ပြစရာရှိတာတွေကို ငါတို့အဖွဲ့ရှေ့မယ် တင်ပြလေတော့’

ဂျူမွန်သည် သူ အနိုင်ရရှိတော့မည်ဟု စိတ်ချယုံကြည်ထားလိုက် လေသည်။ အလဂူ ဤသို့ပြောဆိုနေခြင်းများသည် ပရိယာယ်သုံးနေခြင်း ဖြစ်သည်ဟု ယူဆထားလေသည်။ ထို့ကြောင့် အမှုကိစ္စအတွက် တွေးတော ပူပန်ခြင်း မရှိဘဲ စိတ်အေးလက်အေး တင်ပြ ပြောဆိုလေသည်။

‘ကျေးရွာလူကြီးမင်း ခင်ဗျာ၊ သုံးနှစ်လောက်တုန်းက အဒေါ်ဟာ သူပိုင် ပစ္စည်းများကို ကျွန်တော့်ကို လွှဲပြောင်းပေးအပ်ပါတယ်၊ ဒီလို လွှဲပြောင်းပေးတဲ့အတွက် အဒေါ့်တစ်သက် ကျွန်တော်က စားဝတ်နေရေးကို တာဝန်ယူရပါတယ်၊ ကျွန်တော်ဟာ အဒေါ့်ကို ဘယ်တုန်းကမှ မရိုမသေ မပြုလုပ်ဘူးဆိုတာ ဘုရားသခင် သိပါတယ်၊ ကျွန်တော်ဟာ အဒေါ့်ကို မိခင်လိုအောက်မေ့ပြီး ဝတ္တရားရှိတဲ့အတိုင်း ပြုစုစောင့်ရှောက်ခဲ့ပါတယ်၊ ဒါပေမယ့် အမျိုးသမီးအချင်းချင်းတော့ သဘောချင်း မတိုက်ဆိုင်တာ ကလေးတွေ ရှိချင်လည်းရှိမပေါ့ဗျာ၊ အဲဒါကို ကျွန်တော် ဘယ်လိုလုပ်ရမလဲ၊ အခုတော့ အဒေါ်က ကျွန်တော့်ဆီက လစဉ်ထောက်ပံ့ကြေး လိုချင်သတဲ့ဗျ၊ ကျွန်တော့်ကို လွှဲအပ်ပေးတဲ့ အဒေါ်ရဲ့ ပစ္စည်းတန်ဖိုးဟာ ဘယ်လောက်

ရှိတယ်ဆိုတာ လူကြီးမင်းများအသိပါပဲ၊ သူပေးတဲ့ လယ်ကလဲ လစဉ် ပေးနိုင်လောက်အောင် များများစားစား မထွက်ပါဘူး၊ ပြီးတော့လဲ သူ့ ပစ္စည်းတွေ စာချုပ်စာတမ်းနဲ့ လွှဲပေးစဉ်အခါကလဲ လစဉ်ထောက်ပံ့ကြေး ပေးပါ့မယ်လို့ စာချုပ်ထဲမယ် ဖော်ပြမထားပါဘူး၊ အဲဒီလိုသာ လစဉ်ကြေး ပေးနေရမယ်ဆိုရင် သူ့ပစ္စည်းကိုလဲ ဒုက္ခခံပြီး လက်ခံမယူပါဘူး၊ ကျွန်တော် ပြောစရာကတော့ ဒါလောက်ပါပဲ၊ ကျန်တာကတော့ လူကြီးများ စဉ်းစားဖို့ ပါပဲ၊ လူကြီးများ မှန်တယ်ထင်တာကို ဆုံးဖြတ်ကြတာပေါ့'

အလဂူသည် တရားရုံးသို့ မကြာခဏ ရောက်ဖူးသူ ဖြစ်သည်။ သူသည် ဥပဒေရေးရာနှင့်ပတ်သက်၍ ဗဟုသုတ ကြွယ်ဝနေသူဖြစ်သည်။ သူသည် ဂျူမွှန်အား မေးမြန်းစရာရှိသည်များကို စတင် မေးမြန်းလေတော့ သည်။ မေးခွန်းတိုင်းသည် ဂျူမွှန်၏အသည်းနှလုံးပေါ်သို့ တူနှင့်နှက်သလို အရှိန်ပြင်းစွာ ကျရောက်လေသည်။ ရန်ဒန်သည် ပြန်လှန်မေးခွန်းများကို အညှို့ခံရသူကဲ့သို့ စိတ်ဝင်စားစွာ နားထောင်နေလေသည်။ ဂျူမွှန်သည် အလဂူ မည်သို့ဖြစ်သွားပါသနည်းဟု အံ့သြတွေးတောနေလေသည်။ မိနစ် အနည်းငယ်ကပင် သူသည် မိမိနှင့် ရင်းနှီးဖော်ရွေစွာ စကားဆိုနေသေး သည်။ ယခုမူ လုံးလုံးကြီး ပြောင်းလဲသွားလေပြီတကား။ သူသည် မိမိအား ပျက်စီး ဆုံးရှုံးအောင် လုပ်ဆောင်တော့မည် ထင်၏။ ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံခဲ့ခြင်းတို့သည် အကျိုးမဲ့ ဖြစ်တော့မည်လော။

ဂျူမွှန်သည် ဤသို့ တွေးတောနေစဉ် အလဂူသည် စီရင်ချက်ကို ချမှတ်လေသည်။ 'ဂျူမွှန် ကျေးရွာလူကြီးများသည် ဤကိစ္စကို စဉ်းစား ပြီးကြပါပြီ၊ လူကြီးအားလုံးက အဒေါ်ကြီးဟာ လစဉ် ထောက်ပံ့ကြေး ရရှိသင့်တယ်လို့ ယူဆကြပါတယ်၊ ကျွန်ုပ်တို့ သဘောထားကို ပြောရရင် အဒေါ်က လွှဲပြောင်း ပေးအပ်ထားတဲ့ ပစ္စည်းများမှ အဒေါ်ကြီးအား လစဉ်ထောက်ပံ့ကြေး ပေးနိုင်လောက်တဲ့ အမြတ်အစွန်းများ ထွက်ရှိနေပါ တယ်၊ အဲဒါ ကျွန်ုပ်တို့ရဲ့ အဆုံးအဖြတ်ပါပဲ၊ တကယ်လို့ ဂျူမွှန်က အဒေါ်ကြီးကို လစဉ်ထောက်ပံ့ကြေးပေးဖို့ သဘောမတူဘူးဆိုရင် အဒေါ်ကြီး

က ဂျူမွန်ကို ဥစ္စာပစ္စည်းများ လွှဲပြောင်းပေးတဲ့ စာချုပ်စာတန်းဟာလည်း ပျက်ပြယ်တယ်လို့ ယူဆရန် ဖြစ်ပါတယ်'

*

ဂျူမွန်သည် စီရင်ချက်ကို ကြားရသောအခါ သတိလစ်ဟင်း သကဲ့သို့ ဖြစ်သွားလေသည်။ မိတ်ဆွေသည် ရန်သူကဲ့သို့ ပြုမူလျက် နောက်ကျောကို ဓားနှင့်ထိုးလေပြီတကား။ အကြွင်းမဲ့ ယုံကြည်ကိုးစားခဲ့သူ တစ်ဦးက တကယ် အကူအညီလိုအပ်သည့်အချိန်တွင် သစ္စာဖောက်လေပြီတကား။ မိတ်ဆွေသင်္ဂဟတို့၏ သစ္စာရှိမှု မရှိမှုများကို ယခုလို အချိန်အခါမျိုးတွင် ပေါ်လွင်စွာ သိရှိရသည်တကား။ ကလိယုဂ်ခေတ်တွင် မိတ်ဆွေဆိုသည်မှာ သည်လိုချည်းပင်လော။ လူအများသည် မကောင်းမှုရှောင်ကြဉ်၍ သစ္စာတရား ရှိကြပါမူ အဘယ်မှာလျှင် ဤကဲ့သို့ မြေယာမှုခင်းတွေ ရှုပ်ထွေးနေမည်နည်း။ လူအများ၏ အကုသိုလ် တရားတွေကြောင့်သာ ဤကဲ့သို့ ဝမ်းရောဂါတွေ၊ ပလိပ်ရောဂါတွေ ထူပြောနေခြင်း ဖြစ်ပေမည်။ ဂျူမွန်သည် ဤသို့လျှင် သူ့အမြင်နှင့်သူ တွေးတောငေးမောနေမိလေသည်။

သို့သော်လည်း ရန်ဒန်နှင့်တကွ ကျေးရွာလူကြီးများကား အလဂူ တရားသဖြင့် လွတ်လပ်စွာ စီရင်ချက်ချမှတ်သည်ကို ချီးကျူးပြောဆိုနေကြလေသည်။ 'ကျေးရွာတရားရုံးဆိုတာ ဒီလိုမှပေါ့၊ ရေနဲ့နွားနို့ကိုတောင် ခွဲခြားပစ်နိုင်တယ်၊ မိတ်ဆွေဟာမိတ်ဆွေပဲ၊ ဒါပေမယ့် တာဝန်နဲ့ဝတ္တရားကို ဦးစားပေးရမယ်၊ အခုလို မှန်ကန်တဲ့ တရားစီရင်မှုတွေကြောင့် ဤကမ္ဘာမြေကြီးဟာ တည်တံ့ခိုင်မြဲနေတာပေါ့၊ ဒီလိုသာမဟုတ်ရင် ကမ္ဘာကြီး တစ်ခုလုံး စုန်းစုန်းမြုပ်သွားတာ ကြာလှပြီ'

ဤစီရင်ချက်ကြောင့် အလဂူနှင့် ဂျူမွန်တို့တွင် ဖွဲ့နှောင်ထားသော မိတ်ဆွေတည်းဟူသော ကြိုးသည် ပြတ်တောက်သွားလေသည်။ သူတို့နှစ်ဦး အတူတကွ ရင်းရင်းနှီးနှီး စကားပြောဆိုနေသည်ကိုလည်း မတွေ့မမြင်ရတော့ချေ။ ချစ်မိတ်ဆွေတည်းဟူသော သစ်ပင်အိုကြီးသည် အမှန်တရားတည်း

ဟူသော လေဒဏ်တစ်ချက် တိုက်မှုကို မခံမရပ်နိုင်ဘဲ လဲကျသွားလေသည်။ ထိုသစ်ပင်သည် အခြေမခိုင်သော သဲမြေပေါ်တွင် ပေါက်ရောက်နေသည်မှာ သံသယဖြစ်ဖွယ် မရှိပါ။

သူတို့နှစ်ဦး တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ရာတွင်လည်း ခပ်တန်းတန်း ဖြစ်သွားလေသည်။ တွေ့ဆုံကြသောအခါများ၌ မလွှဲသာ၍ အပေါ်ယံ လောကွတ်ပျူငှာ ပြုကြသော်လည်း ဓားနှင့် ဒိုင်း တွေ့ဆုံသကဲ့သို့ ဖြစ်နေလေသည်။ မိမိမိတ်ဆွေသည် မိမိအပေါ် သစ္စာဖောက်ရက်လေခြင်းဟူသော နာကျည်းစိတ်သည် ဂျူမွန်၏ အူသိမ်အူမများကို တနုံ့နုံ့ စားနေလေသည်။ သူသည် အလဂူအား မည်သို့ ကလဲ့စားချေရမည်နည်းဟု နေ့ရှိသရွေ့ စဉ်းစားနေမိလေသည်။

*

ကုသိုလ်တရားပွားများရန် အချိန်ကြာမြင့်စွာ ကြိုးစားအားထုတ်ရသော်လည်း မကောင်းမှု အကုသိုလ်တရားကိုမူ လျင်မြန်စွာ ပြုစွမ်းနိုင်ကြ၏။ ဂျူမွန်သည် အလဂူအား ကလဲ့စားချေရန် အချိန်ကြာမြင့်စွာ မစောင့်ရဘဲ အခွင့်အရေး ပေါ်လာလေသည်။

အလဂူသည် လွန်ခဲ့သောနှစ်က နွားချောချော တစ်ရှဉ်းကို ဘာတီဇာဈေးပွဲမှ ဝယ်ယူလာခဲ့လေသည်။ အနောက်ဖက်ဒေသမှ နွားများသည် ဦးချိုကားကားနှင့် အလွန်ချောမွေ့လှပလေသည်။ အနီးအနားများမှ လူအများသည် ထိုနွားတစ်ရှဉ်းကို လာရောက်ကြည့်ရှုကြရာ ပွဲဈေးတမျှ စည်ကားလျက် ရှိလေသည်။ အကုသိုလ်ကံသည် မည်သို့ ဖန်တီးလာသည် မသိ။ ဂျူမွန်၏ အမှုကိစ္စ ဆုံးဖြတ်ပြီး၍ တစ်လလောက်အကြာတွင် ထိုနွားနှစ်ကောင်အနက်မှ တစ်ကောင်သည် ရုတ်တရက် သေဆုံးသွားလေသည်။

'ဒါဟာ သစ္စာမဲ့တဲ့လူကို ဒဏ်ခတ်တာပဲ၊ လူအနေနဲ့ သည်းခံနိုင်ပေမယ့် ဘုရားကတော့ အဆိုးအကောင်းကို အမြဲ ကြည့်နေတာ' ဟု ဂျူမွန်က သူ့မိတ်ဆွေများကို အားရပါးရ ပြောနေလေသည်။

အလဂူကမူ ဂျူမွန်သည် မိမိ၏ နွားကို အဆိပ်ခတ်သတ်သည်ဟု သင်္ကာမကင်း ဖြစ်နေလေသည်။ သူ့ဇနီးကလည်း ဤကိစ္စအတွက် ဂျူမွန်ကိုပင် အပြစ်တင်လျက် ရှိသည်။ 'ဒါ ဂျူမွန်ဉာဏ်ပဲ' ဟု ဆိုလေသည်။ ဤကိစ္စနှင့် ပတ်သက်၍ ဂျူမွန်၏ဇနီးနှင့် အလဂူ၏ ဇနီးတို့ စကားများကြလေသည်။ သူတို့သည် အစောင်းအချိတ် စကားလုံးများနှင့်တကွ မကြားဝံ့မနာသာ စကားအထိသုံးကာ စကားစစ်ထိုးကြသည်။ သို့သော်လည်း ဂျူမွန်က ဝင်ရောက်ဖြန်ဖြေသဖြင့် ငြိမ်းအေးသွားလေသည်။ သူသည် ဇနီးဖြစ်သူအား ဆူပူကြိမ်းမောင်းပြီးလျှင် ထိုစစ်တလင်းမှ ဖယ်ခွာသွားလေသည်။ တစ်ဖက်မှလည်း အလဂူသည် သူ့ဇနီးအား ဖျောင်းဖျခေါ်ဆောင်သွားလေသည်။

အလဂူအဖို့ တစ်ကောင်တည်းသော နွားသည် အသုံးမဝင် ဖြစ်နေလေသည်။ တစ်ရှဉ်းပြည့်ရန် နောက်တစ်ကောင်ရှာသော်လည်း မရဖြစ်နေလေသည်။ ထို့နောက် နောက်ဆုံးတွင် ရောင်းပစ်ရန် ဆုံးဖြတ်လိုက်လေသည်။ သူတို့ရွာထဲတွင် မြို့နှင့် ကူးလူးသွားလာ၍ အရောင်းအဝယ်ပြုလုပ်နေသည့် ဆာဟု အမည်ရှိ လှည်းပိုင်ရှင် တစ်ယောက် ရှိသည်။ သူသည် ရွာမှ ထောပတ်နှင့် ထန်းလျက်များကို နွားတစ်ကောင်ဆွဲလှည်းနှင့် မြို့ဈေးသို့ တင်ဆောင်ရောင်းချပြီးလျှင် အပြန်တွင် ဆီနှင့်ဆားကို တင်ဆောင်လာကာ ရွာထဲတွင် ရောင်းချလေသည်။ သူသည် အလဂူ၏နွားကို သဘောကျနေလေသည်။ ထိုနွားရလျှင် မြို့နှင့်ရွာ သုံးခေါက်လောက် ခပ်အေးအေးသွားနိုင်ပြန်နိုင်လိမ့်မည်ဟု အောက်မေ့လေသည်။ ယခုမူ တစ်ခေါက်ပင် အနိုင်နိုင်သွားရသည်။ သူသည် အလဂူ၏နွားကို ကြည့်ရှုစစ်ဆေးသည်။ သူ့လှည်းတွင် တပ်ကြည့်သည်။ သွားကို ဖြဲကြည့်သည်။ အမွေးကို သပ်ကြည့်သည်။ ထို့နောက် ဈေးဆစ်ပြီးလျှင် ဝယ်ယူကာ

သူ့အိမ် တံခါးဝတွင် ချည်ထားလိုက်လေသည်။ ကျသင့်သော အဖိုးငွေကိုမူ တစ်လကြာသောအခါ ပေးချေပါမည်ဟု ကတိပြုလေသည်။ အလဂူအဖို့ လည်း ထိုနွားကို မရောင်းမဖြစ်တော့သည့် အတွက် အနည်းအပါး ရှုံးသည် ကို တွက်မနေနိုင်တော့ချေ။

နွားသစ်ရလာသောအခါ ဆာဟုသည် အလုပ်ကို ဆထက်ထမ်းပိုး ကြိုးစားလုပ်ကိုင်လေသည်။ တစ်နေ့ မြို့သို့ သုံးလေးခေါက် သွားလိုက် ပြန်လိုက် လုပ်သည်။ နွားကို အစာကျွေးရန်၊ ရေတိုက်ရန်ကိုကား သတိ မရ။ မြို့သို့ အခေါက်ခေါက်အခါခါ သွားလိုက်ပြန်လိုက် လုပ်ဖို့လောက်သာ စိတ်ကူးနေသူ ဖြစ်သည်။ မြို့ဈေးသို့ရောက်သောအခါ ကောက်ရိုးသက်သက် ကိုသာ ချပေးထားတတ်သည်။ သနားစရာ တိရစ္ဆာန်သည် နားမည်ဟု ကြံကာရှိသေး၊ ထမ်းပိုးတပ်ခံ၍ ရုန်းရပြန်လေသည်။

အလဂူလက်ထဲတွင် ရှိနေစဉ်ကမူ အေးချမ်းသာယာစွာ စည်းစိမ်နှင့် နေခဲ့ရသည်။ တစ်လလျှင် တစ်ကြိမ်လောက်သာ လှည်းပေါ့ကလေးတွင် တပ်၍ဆွဲစေခဲ့သည်။ ဤကဲ့သို့သောအခါများတွင် နွားသည် ရွှင်မြူးကာ မိုင်ပေါင်းများစွာ ခုန်ပေါက်ပြေးလွှားလေတော့သည်။ အစားအစာများ ကိုလည်း နှမ်းဖတ်၊ ပဲမှော်၊ ကောက်ရိုးတို့ကို သန့်ရှင်းသောရေနှင့် နယ်ဖတ် ကျွေးမွေးသည်။ ဤမျှမကသေး အစာထဲတွင် ထောပတ်ရည် များပင် ပါပါသေးသည်။ နံနက်ခင်းနှင့် ညနေခင်းများတွင် သူငယ် တစ် ယောက်က ပွတ်သပ်ယုယသေးသည်။ အေးချမ်းသာယာစွာ နေခဲ့ရသော ဘဝနှင့် ယခု မနေမနား အလုပ်လုပ်နေရသော ဘဝသည် ကွာချင်းမက ကွာခြားလွန်းနေသည်။ တစ်လအတွင်းဝယ် ထိုနွား၏ အသွေးအသားတို့ ကို ညှစ်ယူလိုက်သကဲ့သို့ ဖြစ်သွားလေသည်။ သူသည် ထမ်းပိုးကိုမြင်လျှင် ထိတ်လန့် တုန်လှုပ်သွားပြီးလျှင် ခြေတစ်လှမ်း လှမ်းဖို့ပင် ကြီးစွာသော ဒုက္ခဝေဒနာကို ခံစားရရှာသည်။ မကြာမီ အရိုးပေါ် အရေတင်ရုံမျှ ဖြစ်လာလေသည်။ သို့သော် မာန်မလျှော့။ သူသည် ကြိမ်တို့ခံသည့် တိရစ္ဆာန် မဟုတ်ပေ။

တစ်နေ့သော ညနေခင်းတွင် ဆာဟုသည် စတုတ္ထအခေါက်၌ တင်နေကျထက် နှစ်ဆမျှလေးသော ကုန်များကို တင်ဆောင်လာလေသည်။ နွားသည် တစ်နေ့လုံး အလုပ်လုပ်ခဲ့ရသဖြင့် ပင်ပန်းလှလေပြီ။ သူ့ ခြေကိုပင် သူ မသယ်နိုင်အောင် ဖြစ်နေရာ နှေးကွေးရမည်လောဟု ဆာဟုက ရိုက်ပုတ်လေတော့သည်။ နွားသည် အစွမ်းကုန် ကြိုးစား၍ ရုန်းရှာသည်။ ခဏမျှ ရွှေ့လျားသွားပြီးလျှင် အသက်ရှုရန်အတွက် နားရပြန်လေသည်။ အိမ်သို့ ခပ်မြန်မြန်ရောက်လိုသော ဆာဟုသည် ရက်ရက်စက်စက် ရိုက်ပြန်လေသည်။ နွားသည် ရှိသမျှအင်အားကိုထုတ်ကာ ကျုံး၍ဆွဲလိုက်ရာ နေရာတွင် ဗုန်းဗုန်းလဲကျသွားလေသည်။ ဆာဟုသည် လဲနေရာမှ ထစေရန်အတွက် အမျိုးမျိုး ကြိုးစားသည်။ ခြေထောက်ကို ဆွဲသည်။ နှာခေါင်းပေါက်ထဲသို့ တုတ်နှင့်ထိုးသည်။ မည်သို့ပင် ပြုလုပ်စေကာမူ သေနေပြီဖြစ်သော တိရစ္ဆာန်သည် အဘယ်မှာလျှင် ထလာပါအံ့နည်း။

ဆာဟုသည် သံသယဖြစ်လာလေသည်။ သူသည် လဲနေသောနွားကို သေချာစွာ စမ်းသပ်ကြည့်ရှုပြီးလျှင် ထမ်းပိုးမှ ဖြုတ်လိုက်သည်။ သူ့လှည်းကို အိမ်အရောက် မည်သို့ ယူဆောင်ရမည်ကို စဉ်းစားလေသည်။ သူသည် ငိုကြွေးအော်ဟစ်သော်လည်း မည်သူမျှ ထူးဖော် မရ။ အနီးအနားတွင် မည်သူ့ကိုမျှ မတွေ့ရ။ အနီး ပတ်ဝန်းကျင်တွင် ရွာဟူ၍လည်း မရှိ။ သူသည် နွားသေကောင်ကြီးကို ကန်ကျောက်၍ ကျိန်ဆဲနေလေသည်။ 'သိပ် ဒုက္ခပေးတဲ့ တိရစ္ဆာန်၊ သေမယ့်သေရင်လဲ အိမ်ကျမှ သေပါတော့လား၊ ဒီလမ်းလယ်ကောင်ကြီးမယ် ဘာပြုလို့သေရသလဲ၊ အခု ဒီလှည်းကို ဘယ်သူဆွဲမလဲ'ဟု ရေရွတ်ရင်း ဆာဟုသည် စိတ်ရှုပ်ကာ မကျေမနပ် ဖြစ်နေလေသည်။

သူသည် ထန်းလျက်အိတ် အတော်များများနှင့် ထောပတ်စည် အတော်များများကို ရောင်းချခဲ့ပြီးဖြစ်၍ ငွေနှစ်ရာခန့် သူ့ခါးတွင် လိမ်ချည်ထားလေသည်။ ထို့ပြင် ဆားအိတ်များနှင့် ဆီပုံးများလည်း လှည်းပေါ်တွင်

ရှိသေးသည်။ ထိုပစ္စည်းတွေကို ထားခဲ့ပြီး ထွက်သွား၍လည်း မဖြစ်။ နောက်ဆုံးတွင် ကြံရာမရဖြစ်ကာ လှည်းပေါ်တွင် လဲလျောင်း၍ တစ်ညလုံး စောင့်နေရန် ဆုံးဖြတ်လိုက်လေသည်။ သူသည် ဆေးလိပ်သောက်လိုက်၊ သီချင်းဆိုလိုက်နှင့် သန်းခေါင်လောက်အထိ အချိန်ဖြုန်းနေလေသည်။ သို့သော်လည်း သူ မှေးခနဲ အိပ်ပျော်သွားသည်ကို မသိလိုက်ရှာ။ နိုးလာသောအခါ အရုဏ်တက်နေပြီဖြစ်၍ ခါးကို ကပျာကသီ စမ်းကြည့်လိုက်သည်။ လိမ်ချည်ထားသော ပိုက်ဆံအိတ် မရှိတော့ချေ။ အနီးအနားသို့ ထိတ်ထိတ်ပျာပျာနှင့် ကြည့်လိုက်သောအခါ ဆီပုံးအတော်များများ ပျောက်ဆုံးနေသည်ကို တွေ့ရပြန်သည်။ သူသည် နဖူးကို လက်ဝါးနှင့်ရိုက်ကာ ဝမ်းနည်းပက်လက် ငိုကြွေးမြည်တမ်းလေသည်။ နံနက် မိုးလင်းသောအခါ ငိုကြွေးပူဆွေးလျက် အိမ်သို့ ပြန်လာလေသည်။

ဆာဟု၏ ဇနီးသည် ထိုမကောင်းသတင်းများကို ကြားရသောအခါ ပထမ ငိုကြွေးပြီးနောက် အလဂူအား ကျိန်ဆဲလေသည်။

‘ဒီလူယုတ်မာဟာ နိမိတ်မကောင်းတဲ့ တိရစ္ဆာန်ကို ရောင်းသွားတယ်၊ ခုတော့ တို့ တစ်သက်လုံး စုဆောင်းလာသမျှတွေ ကုန်ပါရောလား’ ဟု ရေရွတ်နေလေသည်။

ဤကိစ္စဖြစ်ပြီးနောက် လပေါင်းများစွာ ကြာခဲ့၏။ အလဂူက နွားဖိုးငွေ တောင်းသည့်အခါတိုင်း လင်ရော မယားပါ ခွေးကိုက်သကဲ့သို့ ရန်ထောင်ကြိမ်းမောင်းကာ အရူးပမာ ပြောဆိုတတ်လေသည်။ ‘အံ့သြဖို့ကောင်းလိုက်တာ၊ တို့တစ်သက်လုံး ရှာဖွေစုဆောင်းလာခဲ့တဲ့ ပစ္စည်းဥစ္စာတွေ ဆုံးရှုံးပျက်စီးကုန်တဲ့အထဲ သူကတော့ သူ့နွားဖိုးကိုပဲ တောင်းချင်နေတာပဲ၊ သေခါနီး နွားကို လာရောင်းပြီး အခုတော့ နွားဖိုး လိုချင်နေပြန်ပြီတဲ့၊ သူဟာ တို့မျက်စိထဲ သဲနဲ့ပက်ပြီး နိမိတ်မကောင်းတဲ့ နွားကြီးကို လိမ်ရောင်းတာ၊ တို့ မသိဘူးများ အောက်မေ့နေသလား မပြောတတ်ပါဘူး၊ တကယ့်လူပဲ၊ တို့ ကုန်သည်အရည်ဝပြီးသား၊ ကုန်သည်စိတ်ဓာတ်၊ ကုန်သည်အမြင် ရှိပြီးသား၊ တို့ကို အရူးလုပ်လို့ ဘယ်ရမလဲ၊ နွားဖိုးလာမတောင်းခင်

ကိုယ့်မျက်နှာကိုယ် နောက်ချေးနဲ့ ဆေးလိုက်ပါလား၊ ဒါလောက်တောင် ဖြစ်နေရင်လဲ တို့မယ်ရှိတဲ့ နွားနှစ်ကောင်ကို တစ်လတောင် မဟုတ်ဘူး၊ နှစ်လ ယူသုံးထားပေါ့၊ ဒီ့အပြင် ဘာလိုချင်သေးသလဲ'

အလဂူတွင်လည်း မလိုသူများရှိသည့်အလျောက် သည်လိုအခါများတွင် ဝိုင်းအုံလာကာ ဆာဟု၏ အားမနာပါးမနာ ပြောသည့် စကားများကို ဝိုင်းဝန်း ထောက်ခံကြလေသည်။ ထိုကဲ့သို့ ပြစ်တင်မာန်မဲခြင်းကို ခံရပြန်သောအခါ အလဂူသည် မျက်နှာကို အောက်ချကာ ပြန်လာခဲ့ရလေသည်။ သည်လိုနှင့် နွားဖိုး ၁၅၀ ကိုလည်း အဆုံးမခံနိုင်သေးပေ။ တစ်ကြိမ်တော့ မိမိစိတ်ကို မထိန်းနိုင်တော့ဘဲ မိမိအိမ်မှ ကိုင်နေကျ တုတ်ကြီးကိုပြေးယူရာ ဆာဟု၏ ဇနီးဖြစ်သူသည် သူ့ယောက်ျားကို အိမ်ထဲသို့ ဆွဲသွင်းကာ တံခါးကို ပိတ်ထားလိုက်လေသည်။

ထိုကဲ့သို့ ဆူညံသောအသံများကို ကြားရသောအခါ ရွာထဲရှိ လူကောင်း သူကောင်းများ ထွက်လာကြပြီးလျှင် နှစ်ဖက်စလုံးကို ဖြန်ဖြေကြလေသည်။ ဆာဟုကိုလည်း ဘာမျှ မဖြစ်စေရဟုဆိုကာ အိမ်ထဲမှ ထွက်ခဲ့ရန် ပြောဆိုကြလေသည်။ ဤကဲ့သို့ ဆူဆူညံညံ ရန်ဖြစ်နေကြမည့်အစား သူတို့၏ အမှုကိစ္စကို ကျေးရွာတရားရုံးတွင် တင်ပြ၍ အဆုံးအဖြတ်ခံရန် အကြံပေးကြလေသည်။ ထိုအကြံပေးချက်ကို ဆာဟုနှင့် အလဂူက သဘောတူ လက်ခံကြလေသည်။

*

ကျေးရွာတရားရုံး ထိုင်ရန်အတွင် အစီအစဉ်များ စတင် ပြုလုပ်ကြလေသည်။ နှစ်ဖက်စလုံးကပင် သူ့အဖွဲ့နှင့်သူ စည်းရုံးကြလေသည်။ သုံးရက်ကြာသောအခါ ကျေးရွာတရားရုံးထိုင်ရန်အတွက် ယခင် စုဝေးရုံးထိုင်ခဲ့သော သစ်ပင်အောက်မှာပင် ကျေးရွာလူကြီးများ စုဝေးရောက်ရှိလာကြကုန်၏။ ယခင် တရားရုံးထိုင်သကဲ့သို့ ယခုလည်း ညနေခင်းချိန် ဖြစ်လေသည်။

ကျီးများသည်လည်း လယ်ကွင်းထဲတွင် သူတို့ဘာသာ စုဝေးနေကြလေသည်။ ကြက်တူရွေးများသည်လည်း သစ်ပင်ပေါ်တွင် နားလျက် အခြေအတင် စကားဆိုနေလေသည်။

သစ်ပင်အောက်တွင် လူအများ စုဝေးမိသောအခါ 'ဘာစောင့်နေကြတာလဲ၊ တရားသူကြီးတွေ ရွေးကြပါတော့လား၊ ကဲ အလဂူ၊ ခေါင်းဆောင်တရားသူကြီးအဖြစ် ဘယ်သူ့ကို ရွေးမလဲ'ဟု ရန်ဒန်က မေးလိုက်လေသည်။

'ဆာဟု သဘောကျတဲ့လူကို ရွေးပါစေ'ဟု အလဂူက တည်ကြည်စွာ ပြောလိုက်လေသည်။ ဆာဟုသည် နေရာမှထလိုက်ကာ 'ကျုပ် ဂျူမွန်ကို ရွေးပါတယ်'ဟု ကျယ်လောင်စွာ ပြောဆိုလိုက်လေသည်။

ဂျူမွန်၏ အမည်ကို ကြားလိုက်ရသောအခါ အလဂူသည် တစ်စုံတစ်ယောက်သောသူက မိမိပါးကို ရုတ်တရက် နာနာကြီးရိုက်လိုက်သည်ကို ခံလိုက်ရသကဲ့သို့ သူ့အသည်းနှလုံးများသည် ဆတ်ဆတ်ခါ တုန်လှုပ်သွားလေသည်။ ရန်ဒန်သည် အလဂူ၏မိတ်ဆွေ ဖြစ်သည်။ ဆာဟု မည်သည့် ရည်ရွယ်ချက်ဖြင့် ဤသို့ ဂျူမွန်အား ရွေးကောက်သည်ကို သိသည်။ 'အလဂူ ကန့်ကွက်စရာ ရှိသလား'ဟု ရန်ဒန်က မေးလိုက်လေသည်။

'မရှိပါဘူး၊ ဘာကြောင့် ကျုပ်က ကန့်ကွက်ရမှာလဲ'ဟု အလဂူက စိတ်မချမ်းမြေ့သော အမူအရာနှင့် ပြန်ပြောလိုက်လေသည်။

*

တာဝန်ကိုသိသောစိတ်သည် ကျွန်ုပ်တို့၏ ကျဉ်းမြောင်းသည့်စိတ်ထားကို ဖယ်ရှားပစ်တတ်လေသည်။ ကျွန်ုပ်တို့သည် လမ်းစပျောက်၍ မမှန်သော လမ်းသို့ သွားနေမိလျှင် ထိုတာဝန်ဟူသော အသိစိတ်ဓာတ်သာလျှင် လမ်းမှန်ကို ညွှန်ပေးသည့် ယုံကြည်အားကိုးရသော လမ်းပြဖြစ်လေသည်။

သတင်းစာအယ်ဒီတာတစ်ဦးသည် ဆိတ်ငြိမ်ကျဉ်းမြောင်းသော အခန်းအတွင်းဝယ်ထိုင်ကာ အစိုးရအား မိမိ၏ တန်ခိုးကြီးမားလှသော

ကလောင်ဖြင့် မညှာမတာ လွတ်လပ်စွာ ဝေဖန်ရေးသားတတ်၏။ သို့သော် ထိုအယ်ဒီတာသည် အစိုးရအဖွဲ့ဝင် ဖြစ်လာတတ်သည်။ သူသည် အစိုးရအဖွဲ့၏ အခန်းတွင်းသို့ ရောက်ရှိလာသည့်အခါ သူ၏ ကလောင်သည် အမြော်အမြင်နှင့် ပြည့်ဝကာ တည်ငြိမ်သွားလေသည်။ ဤသို့ ဖြစ်လာရသည့် အကြောင်းရင်းကား တာဝန်ဟူသော အသိစိတ်ဓာတ်က ထိန်းချုပ်ထားလိုက်ခြင်းကြောင့် ဖြစ်လေသည်။ လူငယ်တစ်ဦးသည် ပြောဆိုဆုံးမ၍ မရ၊ မိမိ ထင်မြင်ရာကို လုပ်ကိုင်နေတတ်သဖြင့် မိဘများ စိတ်ဆင်းရဲရသည်။ အိမ်ထောင်သားစု၏ ဂုဏ်သိက္ခာကို ဖျက်မည့်သူငယ်ပဲဟု ထင်ကြသည်။ သို့သော် အချိန်များစွာ မကြာမီ အိမ်ထောင်ရက်သားကျ၍ အိမ်ထောင့်တာဝန်ကို ထမ်းဆောင်လာရသောအခါ ပရမ်းပတာနှင့် ထင်ရာကိုလုပ်ကိုင်နေတတ်သည့် သူငယ်သည် တည်ငြိမ်သွားတတ်လေသည်။ ဤကဲ့သို့ဖြစ်ရသည်မှာလည်း အိမ်ထောင်စုကို ထိန်းရမည့် တာဝန်တည်းဟူသော အသိစိတ်၏ ရလဒ်ပင်တည်း။

ဂျူမွန်၏ အသည်းနှလုံးကြားတွင်လည်း ကျေးရွာတရားသူကြီးခေါင်းဆောင် ရွေးကောက် လက်ခံလိုက်ရသည်နှင့် တစ်ပြိုင်နက် တာဝန်တည်းဟူသော အသိစိတ်သည် တစ်မုဟုတ်ချင်း နိုးကြားလာလေသည်။ ‘ငါသည် ယခုအချိန်တွင် ဤကျေးရွာ၌ မှန်သောတရားကို ဆုံးဖြတ်ရန်အတွက် အမြင့်ဆုံးနေရာတွင် ရောက်ရှိနေ၏၊ ငါ မြွက်ကြားသမျှသော စကားတို့သည် ဘုရားသခင်၏ စကားများသာ ဖြစ်ပေလိမ့်မည်၊ ငါ၏ မမှန်မကန်သော အတွေးအခေါ်များသည် ဘုရားသခင်၏ စကားများကို တစ်မျိုးတစ်မည် မဖြစ်စေအပ်၊ ငါသည် မှန်ကန်သောသစ္စာတရားမှ ဘာလီတစ်စေ့ခန့်မျှ ရွေ့လျားဖယ်သွေမသွားအပ်’ဟု စိတ်ထဲတွင် တွေးတောဆင်ခြင်နေမိလေသည်။

ကျေးရွာလူကြီးများသည် နှစ်ဖက်စလုံးကို အပြန်အလှန် မေးမြန်းကြသည်။ နှစ်ဖက်စလုံးကပင် အကြောင်းအမျိုးမျိုးပြကာ အချိန်ကြာမြင့်စွာ တင်ပြပြောဆိုကြသည်။ အားလုံးကပင် ဆာဟုသည် နွားဖိုးကို ပေးဆပ်

သင့်သည်ဟု ယူဆကြသည်။ သို့သော်လည်း လူကြီးနှစ်ဦးကမူ နွားသေသဖြင့် ဆာဟုအဖို့ ဆုံးရှုံးနစ်နာရသည့်အတွက် လျော့ပေါ့စေချင်ကြသည်။ အခြားနှစ်ဦးကမူ နွားဖိုးအပြင် အပိုငွေဆောင်းပေးစေ၍ ဒဏ်ခတ်သင့်သည်ဟု ဆိုပြန်သည်။ သို့မှသာ နောင်အခါတွင် တိရစ္ဆာန်များကို ရက်ရက်စက်စက် မခိုင်းဝံ့ကြမည်ဟု အကြောင်းပြ၏။ နောက်ဆုံးတွင် ဂျူမွန်က စီရင်ချက်ကို မိန့်ကြားလေသည်။

'အလဂူနဲ့ ဆာဟု၊ ကျေးရွာလူကြီးများဟာ ခင်ဗျားတို့နှစ်ဦးရဲ့အမှုကို သေသေချာချာ စဉ်းစားပြီးကြပါပြီ၊ ဆာဟုက နွားဖိုးကို အပြည့်ပေးရပါမယ်၊ သူ ဒီနွားကို ယူသွားတုန်းက နွားမှာ ဘာရောဂါမှ မရှိပါဘူး။ အဲဒီတုန်းက လက်ငင်းပေးချေသွားရင် အခုမှ နွားသေသွားပြီဆိုပြီး ပြန်တောင်းလို့ မရပါဘူး၊ နွားသေရတာကလည်း အဆမတန်ခိုင်းပြီး အစာရေစာ ကောင်းကောင်း မကျွေးလို့ ဖြစ်ပါတယ်'

'ဆာဟုဟာ နွားကို သက်သက် သတ်ပစ်တာပါ၊ ဒီလိုလုပ်တဲ့အတွက် သူ့ကို အပြစ်ဒဏ်ပေးသင့်ပါတယ်'ဟု ရန်ဒန်က ပြောလေသည်။

'ဒီကိစ္စက တခြားပါ၊ ကျွန်တော်တို့နဲ့ မသက်ဆိုင်ပါဘူး'ဟု ဂျူမွန်က ပြန်ပြောလေသည်။

'ဆာဟုအတွက် အားလုံးပေးဆပ်ရမယ်ဆိုတော့ များလွန်းပါတယ်၊ လျှော့ပေးသင့်ပါတယ်'ဟု ဂျာဟိုးက စောဒကတက်လေသည်။

'ဒါကတော့ အလဂူအပေါ်တည်တာပဲ၊ သူ့သဘောအတိုင်း လျှော့ယူမယ်ဆိုရင်လဲ ယူနိုင်တာပဲ'ဟု ဂျူမွန်က ပြောလေသည်။

အလဂူသည် ရပ်တည်မနေနိုင်တော့ချေ။ သူသည် နေရာတကာ 'နတ်မင်းကြီးနဲ့တူတဲ့ တရားသူကြီး သက်တော်ရာကျော် ရှည်ပါစေ' ဟု ကျယ်လောင်စွာ ဟစ်ကြွေးလိုက်သည်။ 'နတ်မင်းတရားသူကြီး သက်တော်ရာကျော် ရှည်ပါစေ'ဟု အားလုံးကလိုက်၍ ဟစ်ကြွေးကြရာ ပွဲတင်ထပ်သွားလေသည်။

လူတိုင်းကပင် ဂျူမွန်အား ချီးကျူးပြောဆိုနေကြလေသည်။ 'ဒါဟာ အလွန်မှန်ကန်တဲ့ တရားပဲ၊ လူက စီရင်တဲ့ တရားတောင် မဟုတ်ဘူး၊ ဘုရားသခင်ကိုယ်တော်တိုင်က သူ့တန်ခိုးတော်နဲ့ အမှန်တရားရောက်အောင် ပါဝင်ဆောင်ရွက်တော်မူတာပဲ၊ ကျေးရွာတရားရုံးရှေ့မှောက်မယ် ရွှေတုနဲ့ ရွှေစစ် ချက်ချင်း သဲကွဲစွာ ပေါ်လွင်ရမှာပဲ'

ခဏကြာသောအခါ ဂျူမွန်သည် အလဂူအနီးသို့လာကာ ဖက်လဲတကင်း ပြုလုပ်လေသည်။ 'အစ်ကို၊ အစ်ကို တရားသူကြီးအဖြစ်နဲ့ စီရင်ချက်ချလိုက်တုန်းက ကျွန်တော်ဟာ ချက်ချင်း အစ်ကို့ ရန်သူကြီး ဖြစ်သွားတာပဲ၊ ဒီနေ့ ကျွန်တော် တရားသူကြီးနေရာ ယူလိုက်ရတော့ တရားသူကြီးဆိုတာ ဘယ်သူ့မိတ်ဆွေ၊ ဘယ်သူ့ရန်သူရယ်လို့ မရှိရဘူး ဆိုတာ သိလာပါတယ်၊ သူ့မယ် တရားကို မှန်မှန်ကန်ကန် ဆုံးဖြတ်မယ် ဆိုတဲ့ စိတ်ထားတစ်ခုသာ ထားရမယ်ဆိုတာလဲ သိလာပါတယ်၊ ဒီနေ့တော့ ဘုရားသခင် ကိုယ်တိုင်က ပြောဆိုစေတဲ့ စကားတွေကိုပဲ တရားသူကြီး အနေနဲ့ ပြောလိုက်ရတယ်ဆိုတာ ကျွန်တော် ယုံကြည်ပါတယ်'ဟု ဂျူမွန်က ပြောကြားလေသည်။

အလဂူသည် ချုပ်တည်းမနေနိုင်တော့ချေ။ ထွက်ကျလာသော မျက်ရည်တို့သည် သူတို့နှစ်ဦး၏ နှလုံးသားတွင် တင်ရှိနေသည့် အညစ်အကြေးများကို ဆေးကြောပစ်လိုက်လေသည်။ မိတ်ဆွေနှစ်ဦး၏ အလယ်တွင် ညှိုးနွမ်းနေပြီဖြစ်သော ချစ်မေတ္တာကလေးသည် ပြန်လည် လန်းဆန်းရှင်သန်လာလေသတည်း။

**မြဝတီ၊ ဩဂုတ်၊ ၁၉၆၉**

# ၄
# ဘုရင်မအတွက် အသက်နှစ်ချောင်း

'ဝါဂျင်အလီရှား'အမည်ရှိသော ဘုရင်တစ်ပါး အုပ်စိုးနေချိန် ဖြစ်ပါသည်။ လပ်ကနောင်းတစ်မြို့လုံး ပျော်ပါးမှုတည်းဟူသော ဒီရေတွင် နစ်မြုပ်လျက်ရှိသည်။ ကြီးသူ ငယ်သူ ဆင်းရဲသူ လူအမျိုးမျိုးသည် အပျော်ကြူးခြင်းဖြင့်သာ အချိန်ဖြုန်းတီးကြလေသည်။ တချို့သော သူများသည် ကခြင်း သီခြင်းဖြင့်လည်းကောင်း၊ အချို့မှာ ဘိန်းငွေ့ကို ရှုရှိုက်ခြင်းဖြင့်လည်းကောင်း အချိန်ကို ကုန်လွန်စေကြသည်။ နေရာတိုင်းမှာပင် ပျော်ပါးမှုတို့သည် ထိပ်ဆုံးမှအုပ်စိုးလျက် ရှိသည်။ အုပ်ချုပ်ရေးတွင် လည်းကောင်း၊ စာပေရေးရာတွင်လည်းကောင်း၊ စက်မှုလက်မှုနှင့် ကုန်သွယ်ရေးလုပ်ငန်းများတွင် လည်းကောင်း၊ လူအများ၏ အကျင့်စာရိတ္တ ပြုပြင်ရေးလုပ်ငန်း စသည်များတွင်လည်းကောင်း စည်းစိမ်ယစ်မူးမှုများသာလျှင် အရေးပါ တွင်ကျယ်လျက် ရှိပါသည်။ အစိုးရ ဝန်ထမ်းများသည်လည်း ပျော်ပါးမှုဖြင့်သာ နစ်သိမ့်နေကြ၏။ ကဗျာဆရာများကလည်း ချစ်မေတ္တာနှင့် အသည်းကွဲအကြောင်းအရာများကို စပ်ဆိုကြကုန်၏။ လက်မှုပညာသည်များကလည်း

ရွှေကို ပုံစံအမျိုးမျိုးဖြင့် ထုလုပ်ကြသကဲ့သို့ အဝတ်အထည်များကိုလည်း ပန်းထိုး ပန်းဖောက်တို့ဖြင့် ပြီးအောင် ဖန်တီးကြကုန်၏။ ကုန်သည်တို့သည်လည်း မျက်တောင်ဆိုးဆေး၊ ရေမွှေးအမျိုးမျိုး၊ သွားအရောင်တင်ဆေးနှင့်ကိုယ်ခန္ဓာကို လိမ်းကျံသည့် အမွှေးနံ့သာများနှင့်အလှကုန်ပစ္စည်းများကို ရောင်းဝယ်ဖောက်ကားမှု ပြုနေကြကုန်သည်။ လူအများ၏ မျက်စိအားလုံးတို့သည် စကျွဒ္ဒအာရုံတွင် နစ်မျောနေကြကုန်၏။ ဤကမ္ဘာလောကကြီးအတွင်းဝယ် မည်သို့ဖြစ်ပျက်နေသည်ကို သူတို့မသိကြ။ နေရာအနှံ့အပြားတွင်ကြက်တိုက်ပွဲများကို တွေ့ရသည်။ ခါတိုက်ပွဲများ ကျင်းပရန်ကိုလည်း ပြင်ဆင်လျက်ရှိကြသည်။ အချို့နေရာများတွင်ကား ကွေ့အံပစ်ကာ လောင်းကစား နေကြကုန်၏။ ကြွေးကြော်အော်ဟစ်သံများကို ကြားရ၍ ထကြွလှုပ်ရှားမှုများကိုလည်း တွေ့မြင်ရသည်။

အချို့နေရာများတွင်ကား စိတ်လိုက်မာန်ပါစစ်တုရင်ပွဲ ဆင်နွှဲနေကြသူများကို တွေ့မြင်ရသည်။ အုပ်စိုးသူများနှင့် အုပ်စိုးခံနေရသူများသည် အတူတကွပင် ဤသို့သော အပျော်အပါးများဖြင့်သာ အချိန်ကုန်နေကြလေသည်။ သူတောင်းစားများပင်လျှင် တောင်း၍ ရရှိသမျှသော အသပြာကို အစားအစာဝယ်မစားဘဲ ဘိန်း ဘင်း ကဆော် လော်ဇာအရက်တို့အတွက် ဖြုန်းတီးပစ်ကြကုန်သည်။ တုံးနေသောဉာဏ်ကို စစ်တုရင်ထိုးခြင်းဖြင့်ဖြစ်စေ၊ ဖဲကစားခြင်းဖြင့်ဖြစ်စေ ချွန်ထက်စေနိုင်၏။ အသိဉာဏ်ကို တိုးတက်စေနိုင်၏။ ရှုပ်ထွေးသော ပြဿနာများကို ရင်ဆိုင်နိုင်စေ၏။ ဤသို့လျှင် အားပါးတရ မြွက်ကြားပြောဆိုနေကြလေသည်။ ယခုခေတ် ဤကမ္ဘာမြေပေါ်တွင် ဤသို့သော အယူအဆ မရှိသူ ရှာမှရှားပေတည်း။

ဤသို့ဆိုလျှင် 'မာဇာဆဂျတ်အလီ'နှင့်'မာရိရှန်အလီ'တို့သည် သူတို့၏ ဉာဏ်များကို ချွန်ထက်အောင် သွေးနေခြင်းအားဖြင့် အချိန်ကို ကုန်လွန်စေသည်ရှိသော် အဘယ်မည်သော ပညာရှင်သည် သူတို့၏ အပြုအမူကို ကဲ့ရဲ့သင်္ဂြိုဟ် စကားတင်းဆိုပါအံ့နည်း။ သူတို့နှစ်ဦးစလုံးပင် ဘိုးစဉ် ဘောင်ဆက်မှအစ ချမ်းသာ ကြွယ်ဝလာသူများ ဖြစ်ကြသည်။

သူတို့အဖို့ စားဝတ်နေရေးအတွက်လည်း ပူပင်စရာမရှိ။ အချိန်ရှိသရွေ့ အပျော်ကြူးနေသူများ ဖြစ်သည်။ တခြား ဘာများ လုပ်စရာရှိပါသနည်း။ နံနက်စောစောတွင် မိတ်ဆွေနှစ်ဦးသည် နံနက်စာ သုံးဆောင်ပြီးသည်နှင့် တစ်ပြိုင်နက် စစ်တုရင်ခုံကို ခင်းသည်။ စစ်တုရင် ရုပ်များကို စီချသည်။ ပြီးလျှင် စစ်ပွဲများကို အကြိတ်အနယ် ဆင်နွှဲကြလေတော့သည်။ ထိုစစ်ပွဲကြီးများကို ဆင်နွှဲ တိုက်ခိုက်မိလျှင် သူတို့သည် မွန်းတည့်သည်ကိုလည်း မသိ၊ မွန်းတိမ်းသည်ကိုလည်း မမှုနိုင်၊ နေဝင် မိုးချုပ်သည်ကိုလည်း မမြင်၊ ညနေစာ စားချိန်ရောက်နေပါပြီဟု မကြာခဏ သတိပေးကြရသည်။ စားသောက်ရန် ပြင်ဆင်ထားကြသည်။ လာရောက်စားသောက်ပါဟုလည်း သူတို့က ဆိုကြသည်။ သို့သော်လည်း စစ်တုရင်ပွဲမှ မထနိုင်ကြသဖြင့် စားဖိုဆောင်မှူးသည် စားဖွယ်သောက်ဖွယ်များကို သူတို့ရှိရာသို့မသက်မသာ ယူလာရရှာသည်။ မိတ်ဆွေနှစ်ဦးသည် စစ်တုရင်ထိုးရင်းပင် ညနေစာကို စားသုံးကြသည်။ အလုပ်နှစ်ခုကို တစ်ပြိုင်တည်း လုပ်ကြသည်။ မာဇာ ဆဂျတ်၏အိမ်တွင် လူကြီးသူကြီးဟူ၍ မရှိ၊ ထို့ကြောင့် သူ၏ ဧည့်ခန်းသည် စစ်တုရင်ပွဲ ဆင်နွှဲရာ ဗဟိုဌာန ဖြစ်နေလေသည်။ သို့သော်လည်း မာဇာ သခင်၏ အပြုအမူကို သူ၏ အိမ်သူအိမ်သားများက သဘောကျ နှစ်သက်ကြသည်ကား မဟုတ်။ အိမ်သူအိမ်သားများသာမက ရပ်ရွာထဲရှိ ပုဂ္ဂိုလ်များနှင့် အိမ်တွင်းရှိ တပည့်များကပါ သူ ပြုမူနေပုံနှင့် စပ်လျဉ်း၍ အမျိုးမျိုး ဝေဖန်ပြောဆိုနေကြသည်။

'ဒါဟာ နိမိတ်မရှိတဲ့ ကစားနည်းပဲ၊ အိမ်တောင်တစ်ခုလုံးဖျက်ဆီးနိုင်တယ်၊ ကောင်းကင်ဘုံက ဒါမျိုးမကစားဖို့ တားမြစ်တာပဲ၊ ဒါကို စွဲမိရင် အဲဒီလူဟာ ဘာမှ အသုံးချလို့မရတော့ဘူး၊ ကြောက်စရာကောင်းတဲ့ရောဂါ တစ်မျိုးပဲ'ဟု ပြောဆိုကြသည်။ မာဇာ၏ ဇနီးကလည်း စစ်တုရင် ကစားခြင်းကို နှစ်သက်သူ မဟုတ်သည့်အလျောက် ဤကိစ္စနှင့် ပတ်သက်၍ သူ့ခင်ပွန်းကို ပြစ်တင်ပြောဆိုရန် အခွင့်အရေးကို အမြဲ ရှာကြံလျက် ရှိသည်။ သို့သော်လည်း သူသည် ဤအခွင့်အရေးများကို မရရှာပေ။

စစ်တုရင်ပွဲများကို သူအိပ်ရာမှ မနိုးမီ စတင်ကျင်းပသည်။ ညအခါတွင်လည်း သူ အိပ်ပျော်နေရာမှပင် သူ့ခင်ပွန်းသည် အခန်းတွင်းသို့ ဝင်လာတတ်လေသည်။ တပည့်များသည် သူတို့ ဇနီးမောင်နှံကြားတွင် ဒုက္ခများနေကြလေသည်။ 'ကွမ်းယာတောင်းနေပြန်ပြီလား၊ သူ့ဘာသာသူလာပါစေ၊ လာယူလို့ပြောလိုက်၊ ဘယ့်နှယ် သူ့မယ် စားဖို့သောက်ဖို့တောင် အချိန်မရတော့ဘူးလား၊ ခူးခပ်ပြီးရင် ပစ်သာထားလိုက်၊ ခွေးကျွေးပစ်ရင်လည်း ပစ်ပစေပေါ့'ဟု ကွယ်ရာမှ မြည်တွန်တောက်တီးနေတတ်သည်။ ခင်ပွန်းသည် ရှေ့မှောက်တွင်ကား မည်သို့မျှ မဟရဲရှာချေ။ သူသည် သူ့ခင်ပွန်းထက် မာရိရှန်ကို ပို၍ စိတ်ဆိုးနေလေသည်။ သူ့ကို 'ကိုလူပြက်ကြီးမာ'ဟု နာမည်ပေးထားလေသည်။ သူ့ခင်ပွန်း မာဇာသည် မိမိကိုယ်ကို အပြစ်မရှိအောင် ရှိသမျှ အပြစ်တွေကို မိတ်ဆွေဖြစ်သူ မာရိရှန်အပေါ် ချထားသလား မပြောတတ်ပေ။

တစ်နေ့သော် မာဇာ၏ ဇနီးသည် ခေါင်းကိုက်၍ အိပ်ရာထဲမထနိုင်အောင် ဖြစ်နေလေသည်။ သူ့အိမ်ဖော်မကလေးအား လိုအပ်သောဆေးဝါးများကို ရယူရန်အတွက် သူ့ခင်ပွန်းအား အမြန်သွားရောက်ခေါ်ယူရန်စေခိုင်းလိုက်လေသည်။ 'အေး သွားနှင့် ငါလိုက်ခဲ့မယ်'ဟု မာဇာက စစ်တုရင်ဝိုင်းမှ မထသေးဘဲ ပြောလိုက်လေသည်။ ဇနီးဖြစ်သူသည် ဒေါသအမျက်ချောင်းချောင်း ထွက်လေတော့သည်။ ဇနီးဖြစ်သူ ခေါင်းကိုက်ဝေဒနာဖြင့် အိပ်ရာထဲတွင် လဲနေစဉ် ခင်ပွန်းဖြစ်သူသည် အေးအေးဆေးဆေး စစ်တုရင် ကစားနိုင်ရမည်လော။ သူ့မျက်နှာတစ်ခုလုံးသည် မချုပ်တည်းနိုင်သောကြောင့် ရဲရဲနီလေသည်။ 'ခုချက်ချင်း သွားခေါ်ခဲ့၊ သူလိုက်မလာရင် ငါ့ဘာသာငါ ဆေးဆရာကြီးဆီသွားမယ်လို့ပြောလိုက်'ဟု ဆိုကာ အိမ်ဖော်မကလေးကို လွှတ်လိုက်ပြန်လေသည်။

မာဇာအဖို့ စစ်တုရင်ပွဲသည် အလွန်စိတ်ဝင်စားဖွယ်ရာကောင်းသောအချိန်တွင် ရောက်ရှိနေပါသည်။ တစ်ကွက် နှစ်ကွက် ရွှေ့လိုက်လျှင် မာရိရှန်ကို အနိုင်ရယူနိုင်ပေတော့မည်။ သည်လို အချိန်မျိုးတွင် လာရောက်

နှောင့်ယှက်ရပါမည်လောဟု စိတ်မရှည်နိုင်တော့ဘဲ 'သူ အသက်ထွက် မသွားနိုင်သေးပါဘူး၊ ခဏလေး သည်းခံပြီး မစောင့်နိုင်တော့ဘူးတဲ့ လား'ဟု သူ အော်ဟစ် ပြောဆိုလိုက်လေသည်။

မာရိရှန်။ ။'လိုက်သွားပြီး သူဘာပြောမလဲဆိုတာ နားထောင်ပါဦး လား၊ အမျိုးသမီးတွေဆိုတာ အင်မတန် စိတ်အားငယ်တတ်တယ်'

မာဇာ။ ။'အမယ် မင်းက ငါ ထသွားစေချင်မှာပေါ့၊ နောက်တစ်ခါ ခွေလိုက်ရင် မင်းရှုံးတော့မှာကိုး'

မာရိရှန်။ ။'သိပ်လဲအထင်မကြီးနဲ့ဦးလေ၊ ငါက အကွက်ကောင်း ကို မြင်ထားပြီကွ၊ ဒီတစ်ခါ ငါရွှေ့လိုက်ရင် မင့်အရုပ်တွေ တစ်ပြုံကြီးနဲ့ ရှုံးဖို့ပဲရှိတော့တယ်၊ ကိုယ့်ဇနီးကို ဘာပြုလို့ စိတ်ထိခိုက်အောင် လုပ်ချင်သလဲ သွားလိုက်ပါကွာ၊ သူ ဘာပြောချင်မှန်းမှ မသိဘဲ'

မာဇာ။ ။ 'မင့်ကို အနိုင်ရပြီးမှ သွားမယ်'

မာရိရှန်။ ။'ငါ မရွှေ့သေးဘူး၊ စောင့်နေမယ် သွားလိုက်ပါဦး'

မာဇာ။ ။ 'ဆေးဆရာဆီကိုတော့ သွားလိုက်ရဦးမှာပဲ၊ တကယ် ခေါင်းကိုက်တာ ဟုတ်ချင်မှ ဟုတ်မှာပါ၊ ငါ သူ့ဆီလာအောင် တမင်လုပ်နေ တာနဲ့ တူတာပဲ'

မာရိရှန်။ ။ 'ဘာပဲဖြစ်ဖြစ် ဒီလိုခေါ်ခိုင်းတာမျိုးကို မငြင်းသင့်ဘူး'

မာဇာ။ ။ 'ကဲ မင်းပြောတဲ့အတိုင်း သွားပါ့မယ်၊ မသွားခင် တစ်ခေါက်လောက် ရွှေ့လိုက်ကြဦးစို့'

မာရိရှန်။ ။'မရွှေ့တော့ဘူး၊ မင်း သူ့ဆီကိုသွားပြီး ပြန်လာမှပဲငါ ရွှေ့မယ်၊ ဒါမှ မဟုတ်ရင် ငါထိကို မထိတော့ဘူး'

မာဇာသည် နေရာမှထကာ ဇနီးရှိရာသို့ သွားရလေတော့သည်။ ဇနီးဖြစ်သူသည် မသာယာသော မျက်နှာဖြင့် ညည်းညူကာ ပြစ်တင်စကား ပြောကြားလေသည်။ 'ရှင့်မယ် ဒီအသုံးမကျတဲ့ စစ်တုရင်နဲ့ပဲ အချိန်ကုန် နေတာပဲ၊ ကျွန်မ သေမယ် ဖြစ်နေတာတောင် ရှင်ကတော့ စစ်တုရင်ခုံက မထချင်ဘူး၊ ရှင့်လို လူမျိုးက လောကကြီးမယ် ရှာမှရှားပါပဲ'

မာဇာ။ ။'ဘယ်တတ်နိုင်မလဲကွယ်၊ မာရိုရှန်ဟာ သိပ်အပြောရကျပ်တဲ့ လူပဲ၊ ခွာထုတ်လို့ကို မရဘူး'

ဇနီး။ ။ 'သူဟာ သူများတကာကိုလည်း သူ့လိုပဲ အသုံးမကျတဲ့လူလို့ ထင်နေသလား မသိဘူး၊ သူ့မလည်း အိမ်ထောင်နဲ့ သားသမီးတွေနဲ့ပဲ မဟုတ်လား၊ မိန်းမတွေ သားသမီးတွေ မရှိတော့ဘူးလား'

မာဇာ။ ။ 'ဒီလူဟာ စစ်တုရင် သရဲပဲ၊ သူက ကစားချင်ပါတယ်ဆိုတော့လည်း မတတ်သာလို့ ဝင်ကစားရတာပေါ့'

ဇနီး။ ။ 'ဒီလိုဆိုရင် ဘာပြုလို့ အိမ်ထဲက မောင်းမထုတ်သလဲ'

မာဇာ။ ။ 'သူဟာ ကိုယ့်ထက် ဂုဏ်ရှိတဲ့ လူတစ်ယောက်ဖြစ်ပြီး သက်တူရွယ်တူချင်းဆိုတော့ ဘယ်လိုလုပ်လို့ကောင်းမလဲ'

ဇနီး။ ။ 'ဒီလိုဆို ကျွန်မမောင်းထုတ်လိုက်မယ်၊ စိတ်ဆိုးချင်ဆိုးပစေပေါ့၊ ဘာအသုံးကျတဲ့လူလဲ၊ သူဘာပြောပြော ဂရုစိုက်စရာမလိုပါဘူး၊ ဟီရိုရာ လာစမ်း၊ အိမ်ရှေ့ခန်းက စစ်တုရင် ရုပ်တွေကို ယူလာခဲ့၊ ပြီးတော့ မာရိုရှန်ကိုလည်း ပြောလိုက်၊ ဒီနေ့ သခင် မကစားတော့ဘူး ပြန်ပေတော့လို့'

မာဇာ။ ။ 'ဟေး ဟေး ဒီလိုမလုပ်ပါနဲ့၊ မင်း ငါ့ကို အရှက်ခွဲတာလား၊ ဟီရိုရာ မသွားနဲ့၊ မလုပ်နဲ့'

ဇနီး။ ။ 'ဘာပြုလို့ မသွားရမှာလဲ၊ ရှင် သူ့ကိုတားနေရင် ကျွန်မသေမှာပဲ၊ ကဲ တားချင်တားတော့၊ ဘယ်လိုတားမလဲဆိုတာ ကြည့်ရအောင်'

သူသည် ပြောပြောဆိုဆို ဧည့်ခန်းဆီသို့ထသွားလေသည်။ မာဇာ၏ မျက်နှာတွင် သွေးမရှိတော့ချေ။ သူသည် သူ့ဇနီးကို တောင်းပန်တိုးလျှိုး၍သာ နေလေတော့သည်။ 'မင်းကို ငါ တောင်းပန်ပါတယ်ကွယ်၊ ဒီလိုတော့မလုပ်ပါနဲ့'ဟု ဆိုလေသည်။ ဇနီးသည်ကား စိတ်မာန်ကြီးသူဖြစ်သည်။ သူတောင်းပန်နေသည့် အထဲကပင် ဧည့်ခန်းဝသို့ ရောက်သွားလေသည်။ သို့သော်လည်း ရှေ့သို့တိုးသွားကာ သူစိမ်းတစ်ဦးအား မိမိကိုယ်ကို မပြဝံ့။ ထို့ကြောင့် အပေါက်ဝတွင် ရပ်ကာ အခန်းတွင်းသို့ ကြည့်လိုက်သည်။

မည်သူ့ကိုမျှ မတွေ့ရ။ မာရိရှန်သည် စစ်တုရင်ရုပ်များကို ရွှေ့ရှား မွှေနှောက်ပြီးလျှင် မိမိအား အပြစ်မတင်စိမ့်သောငှာ အပြင်ထွက်၍ လမ်းလျှောက်နေလေသည်။

မာဇာ၏ ဇနီးသည် ရဲတင်းလာပြီးလျှင် ဧည့်ခန်းတွင်းသို့ ဝင်လာ၍ စစ်တုရင်ခုံကို မှောက်ပစ်လိုက်လေသည်။ အချို့သော စစ်တုရင်ရုပ်များကို ကုလားထိုင်အောက်သို့ ပစ်ချသည်။ အချို့ကို အပြင်သို့ လွှင့်ပစ်လိုက်လေသည်။ ပြီးလျှင် တံခါးကို ပိတ်၍ အတွင်းမှ မင်းတုပ်ချထားလိုက်လေသည်။ မာရိရှန်သည်အခန်းပြင်ဘက် တံခါးဝနားတွင် ရှိနေသည့်အလျောက် စစ်တုရင်ရုပ်များအား လွှင့်ပစ်လိုက်သည်ကိုတွေ့မြင်ရသည်။ အခန်းတွင်းမှ လက်ကောက်သံများကိုလည်း ကြားလိုက်ရသည်။ ဝင်းပေါက်တံခါးလည်း ပိတ်သွားလေပြီ။ သူ့မိတ်ဆွေ၏ ဇနီးအိမ်ရှင်မ စိတ်ဆိုးနေပြီကို သိသည်။ ထို့ကြောင့် ထိုအိမ်မှ ငြိမ်သက်စွာ ဆုတ်ခွာခဲ့ပြီးလျှင် မိမိအိမ်သို့ ပြန်လာခဲ့လေသည်။

'ဘယ်လိုလုပ်လိုက်တာလဲကွယ်' မာဇာက ပြစ်တင်ရေရွတ်လေသည်။

'နောက်တစ်ခါ မာရိရှန်လာရင် ကျွန်မကိုယ်တိုင် မောင်းထုတ်မယ်၊ စစ်တုရင်စွဲသလို ဘုရားသခင်ကို ကြည်ညို လေးစားမယ်ဆိုရင် ရှင် ရဟန္တာဖြစ်တာ ကြာပြီ၊ ရှင်ကတော့ အချိန်ရှိသရွေ့ ဒီစစ်တုရင်ကို ကစားနေတာပဲ၊ ကျွန်မကတော့ အိမ်မှုကိစ္စတွေနဲ့ စိတ်ပင်ပန်းလွန်းလို့ သေတော့မယ်၊ ကဲ ရှင် ဆေးဆရာဆီ သွားပေးမလား မသွားဘူးလား၊ ခုထက်ထိ ဆုတ်ဆိုင်းဆုတ်ဆိုင်း လုပ်နေတုန်းပဲလား'ဟု ဇနီးဖြစ်သူက ပြောလေသည်။

မာဇာသည် အိမ်မှထွက်လာခဲ့လေသည်။ သို့သော်လည်း ဆေးဆရာအိမ်သို့ သွားရမည့်အစား သူ့မိတ်ဆွေ မာရိရှန်အိမ်သို့ ရောက်လာလေသည်။ ဖြစ်ပျက်သမျှ အကြောင်းစုံကို ပြန်ပြောင်းပြောဆိုသည်။ 'စစ်တုရင်ရုပ်တွေ ဧည့်ခန်းထဲက လွှင့်ပစ်လိုက်တာ တွေ့ကတည်းက အခြေအနေကို ငါ သုံးသပ်မိပါတယ်၊ ဒါကြောင့်မို့ ငါ ချက်ချင်း ဆုတ်ခွာလာခဲ့တာပေါ့၊

တကယ် ဒေါသကြီးတဲ့ အမျိုးသမီးပဲ၊ နောက်ဒီလို မဖြစ်အောင်တော့ မင်းထိန်းပေးဖို့ လိုတယ်၊ ဒါ သိပ်ဆိုးတာပဲ၊ မင်း ပြင်ပမယ် လုပ်တာကိုင်တာ တွေဟာ သူနဲ့မဆိုင်ပါဘူး၊ သူ့အနေနဲ့ အိမ်တွင်းကိစ္စတွေကိုသာ စီမံခန့်ခွဲ ပေါ့’ဟု မာရိရှန်က ပြောလေသည်။

မာဇာ။ ။‘အေး ဟုတ်တယ်၊ ကဲ ဒါနဲ့ နေပါဦး၊ ဘယ်သွားကစား ကြမလဲ’

‘ဒါက ကိစ္စမရှိပါဘူး၊ ဒီအိမ်ကြီးက အကျယ်ကြီးပဲ၊ ဒီမှာပဲ ကစားကြတာပေါ့’

‘အေး ဒါကတော့ ဟုတ်ပါပြီ၊ ငါ့အမျိုးသမီးကို ဘယ်လိုညာရမလဲ၊ ကိုယ့်အိမ်ထဲကိုယ်ကစားတာတောင် သူဒီလောက် စိတ်ဆိုးရင် ဒီလာကစား တာများ သိရင် ငါ့ကို သတ်ပစ်မလား မသိဘူး’

‘ဆူတာ ပူတာလောက်ပဲရှိမှာပဲ၊ ဒါကတော့ ဆူပစေပေါ့၊ နှစ် ရက် သုံးရက်လောက်ကြာရင် အလိုလိုမောပြီး ရပ်သွားမှာပါ၊ ဒါပေမဲ့ မင်းကလည်း နည်းနည်း တင်းပေးဖို့လိုတယ်’ဟု မိတ်ဆွေဖြစ်သူက ပြောလေ သည်။

*

မည်သည့် အကြောင်းများကြောင့် အတိအကျမသိရ။ မာဇာ၏ဇနီးသည် သူ့ခင်ပွန်းသည် အိမ်၌သာ အမြဲလိုလို မရှိနေခြင်းကို သဘောကျ နှစ်ခြိုက်နေသည်ကို တွေ့ရလေသည်။ ထို့ကြောင့် သူသည် သူ့ခင်ပွန်း သည်အား စစ်တုရင်ကို အစွဲကြီးစွဲနေသည်နှင့် စပ်လျဉ်း၍ မြည်တွန် တောက်တီးခြင်း မပြုတော့သည်သာမက တစ်ခါတစ်ရံ စစ်တုရင် ကစားဖို့ အိမ်မှထွက်ခွာရန် နှောင့်နှေးနေသည်ပင်လျှင် သူက သတိပေးနှိုးဆော်တတ်ပါ သေးသည်။ ထိုအပြုအမူများကြောင့် မာဇာက သူ့ဇနီးသည် သူ့အပေါ်တွင် အလွန်ကောင်းမွန်၍ လေးစားသက်ညှာလှသည်ဟု အထင်ရှိလေသည်။ မာဇာသည် မိမိအိမ်မှာပင် စစ်တုရင် ကစားနေသောအခါများကမူ ဇနီး

ဖြစ်သူသည် ထူးထူးကဲကဲ မကျေမချမ်းဖြစ်ခဲ့သည်။ ဤသို့ဖြစ်ရသည်မှာ သူ၏ လွတ်လပ်မှုကို ချုပ်ချယ်သကဲ့သို့ ဖြစ်နေသည့် အတွက်ကြောင့် ပင်တည်း။ သူသည် နေ့စဉ်နှင့်အမျှ ပြင်ပလောကကို ချောင်းမြောင်း၍သာ ကြည့်ရှုခွင့်ရခဲ့ပါသည်။

အိမ်တွင်ရှိ တပည့်သားမြေးကလည်း ညည်းညူကြကုန်သည်။ ယခင်ကမူ သူတို့သည် ခပ်ပေါ့ပေါ့ နေထိုင်ခဲ့ကြသည်။ အိမ်ထဲသို့ မည်သူ ဝင်သည်၊ မည်သူ ထွက်သည်ဟူ၍ သတိမထားခဲ့ကြပေ။ ယခုမူမကြာခဏပင် ဟိုမှသည်မှ ပြေးလွှားနေကြရသည်။ ဂွမ်းသွားဝယ်ပါဦး ဆို၍လည်း သွားရသည်၊ ဆေးအိုးကြီးမှာလည်း ချစ်သူ၏ အသည်းမွှာကဲ့သို့ အမြဲပင် အခိုးတလူလူ ထွက်နေလေသည်။ 'စစ်တုရင်ဟာ ကျုပ်တို့ကို သိပ် ဒုက္ခပေးတာပဲ၊ ကျုပ်တို့တော့ ပြေးရလွှားရလွန်းလို့ ခြေထောက်တွေလဲ ပေါက်ကုန်ပါပြီ၊ မနက် မိုးမလင်းခင်က စကစားလိုက်တာ နေဝင်မိုးချုပ် ထိတောင် မပြီးနိုင်သေးတာဟာ ဘယ်ကစားနည်းမျိုးပါလိမ့်၊ အပျော်အပါး ကစားရင်လဲ ခဏတစ်ဖြုတ်ဆို တော်ရောပေါ့၊ ဘာပဲဖြစ်ဖြစ်လေ တို့ကတော့ ညည်းညူနေလို့ မဖြစ်ပါဘူး၊ သခင့်ကျေးကျွန်တွေဆိုတော့ စေခိုင်းသမျှ လုပ်ကြရမှာပေါ့၊ ဒါပေမဲ့ စစ်တုရင်စွဲရင် မကောင်းပါဘူး၊ ဒီလူဟာ မကြီးပွားနိုင်တဲ့အပြင် အိမ်ထောင်သားစုတစ်ခုလုံးကို ပျက်စီးစေပါတယ်၊ အရပ်ထဲမလည်း ဒီအကြောင်းကိုပဲ ပြောနေကြတာပဲ၊ ကိုယ့်သခင်အကြောင်း ဒီလိုပြောဆိုတာ ကြားရတော့ မခံချင်ပါဘူး၊ ဒါပေမဲ့ ဘာမှ မတတ်နိုင်ပါဘူး'ဟု တပည့်သားမြေးများက သူတို့ အိမ်ရှင်မအားပြောကြား လေသည်။

'ငါလည်း ဘယ်သဘောကျပါ့မလဲ၊ ဒါပေမဲ့ မင်းတို့ဆရာဟာ ဘယ်သူ့စကားမှ နားထောင်တာ မဟုတ်ဘူး၊ ဒီတော့ ဘယ်တတ်နိုင်ပါ့ မလဲ'ဟု မာဇာ၏ ဇနီးက ပြောလေသည်။

သူတို့ အရပ်ထဲတွင် ရှေးလူကြီးများလည်း ရှိရာ 'ငါတို့ ဒေသ မတော့ ကြမ္မာဆိုးတစ်ခုခု ကျရောက်တော့မယ်'ဟု ပြောဆိုနေကြလေသည်။

ကောင်းဖို့တော့ မမြင်ဘူးဟုလည်း ဆိုကြကုန်သည်။ ဂုဏ်ကြီးရှင်၊ မင်းစိုးရာဇာပိုင်းတွေ ဤမျှ ပျက်စီးယိုယွင်းနေလျှင် ဘုရားသခင်မှတစ်ပါး ကယ်နိုင်မည့်သူ မရှိပြီဟုလည်း တီးတိုးပြောကြကုန်၏။ ဤတိုင်းပြည်သည် စစ်တုရင်ကြောင့် ပျက်စီးတော့မည်ဟုလည်း နိမိတ်ဖတ်ကြကုန်၏။ အားလုံးသော အမှတ်အသားများသည် ပျက်စီးခြင်းကိုသာ ညွှန်၍ပြနေလေသည်။

တစ်တိုင်းပြည်လုံးတွင် ကြေကွဲဝမ်းနည်းသော အသံများကို ကျယ်လောင်စွာ ကြားနေရလေသည်။ တိုင်းသူပြည်သားများသည် အဖက်ဖက် နှိပ်စက်ကလူပြုခြင်းကို ခံစားနေကြရသည်။ ထိုထိုသော ဆင်းရဲခြင်း အမျိုးမျိုးမှ လွတ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်ပေးမည့်သူ ဟူ၍ မရှိ။ တစ်တိုင်းပြည်လုံးရှိ ကျေးလက်တောရွာ အသီးသီးမှ ခနအင်အား စီးပွားတို့သည် လပ်ကနောင်းမြို့တော်ကြီးဆီသို့ စုပေါင်းစီးဆင်းလာကြကုန်သည်။ ထိုသို့ စီးဝင်ရောက်ရှိလာသည့် တစ်တိုင်းပြည်လုံး၏ ခနအင်အားစုများကို မြို့တော်ကြီးတွင်ရှိ ပြည့်တန်ဆာများ၊ လူရွှင်တော်ပျော်တော်ဆက်များနှင့် တကွ အမျိုးမျိုးသော စည်းစိမ်ခံစားမှု၊ အသွယ်သွယ်သော ပျော်ပါးမှုတို့တွင် ဖြုန်းတီးပစ်ကြကုန်၏။ အင်္ဂလိပ်လူမျိုးပိုင် အရင်းရှင် ကုမ္ပဏီကြီးများသို့ ပေးဆပ်ရန် ကြွေးမြီများသည်လည်း တစ်နေ့တခြား တိုး၍ တိုး၍ တက်လာလေသည်။ တိုင်းသူပြည်သားများ၏ ဆင်းရဲဒုက္ခအပေါင်းတို့သည်လည်း ရေစိုနေသော စောင်ကြီးပမာ လေးသည်ထက်လေး၊ ပိသည်ထက်ပိလာလေသည်။ စနစ်တကျ အုပ်ချုပ်မှုကင်းမဲ့နေသောကြောင့် အခွန်များကို မှန်မှန်ကောက်ခံ၍မရ။ ဗြိတိသျှအစိုးရ ကိုယ်စားလှယ် အရာရှိကြီးများကလည်း မကြာခဏ သတိပေးလျက်ရှိသည်။ သို့သော်လည်း ပျော်ပါးမှုဖြင့်သာ အချိန်ကုန်နေကြသဖြင့် မည်သူမျှ သူ့စကားကို သတိမထားလိုက်မိချေ။

မာရိရှုန်၏ ဧည့်ခန်းများတွင် စစ်တုရင် ကစားနေကြစဉ်ပင်လျှင် လပေါင်းများစွာ ကုန်လွန်ခဲ့လေသည်။ နေ့စဉ်နေ့တိုင်း စစ်ဆင်နည်းအသစ်များကို လေ့လာကြသည်။ ရှုပ်ထွေးပွေလီသော ရွှေ့နည်းဖမ်းနည်းများကို တတ်မြောက်အောင် ကြိုးစားကြသည်။ အင်အားသစ်ဖြည့်၍ စစ်ဆင်ပုံများ

ကိုလည်း သင်ကြားကြသည်။ ရုံဖန်ရုံခါ တစ်ဦးနှင့်တစ်ဦး ငြင်းကြခုန်ကြနှင့် ခိုက်ရန်ဒေါသ ဖြစ်ကြသော်လည်း မကြာမီပင် သင့်မြတ်သွားကြပြန်သည်။ တစ်ခါတစ်ရံမှာမူ ပွဲမပြီးမီ အဆုံးသတ်ကာ မာဇာသည် စိတ်ဆိုးမာန်ဆိုးနှင့် အိမ်ပြန်သွားတတ်သည်။ မာရိုရှန်သည် မသာမယာသောမျက်နှာထားနှင့် အိမ်ခန်းထဲ ဝင်သွားတတ်သည်။ သို့သော်လည်း တစ်ညလွန်မြောက်ပြီးသော် အခါ နှစ်ဦးစလုံး စိတ်ပြေပြီးလျှင် မာရိုရှန်၏ ဧည့်ခန်းတွင် ဆုံကြပြန်သည်။

တစ်နေ့သောအခါ မိတ်ဆွေနှစ်ဦးသည် စစ်တုရင်ကိုသာ အကြိတ် အနယ် ကစားနေကြစဉ် ဘုရင့်တပ်မတော်ဝတ်စုံကို ဝတ်ဆင်ထားသော မြင်းသည်တော်တစ်ဦးရောက်ရှိလာပြီးလျှင် မာရိုရှန်ကို မေးမြန်းလေသည်။ မာရိုရှန်သည် အထူးပင် ထိတ်လန့်တုန်လှုပ်သွားလေသည်။ မည်သို့သော အရေးကိစ္စနှင့် ကြုံရဦးမည်နည်း။ သူ့ကို မည်သည့်အကြောင်းကြောင့် မေးမြန်းစုံစမ်း၍ ဆင့်ခေါ်နေပါသနည်း။ ကောင်းသည့် အခြေအနေကား ဟုတ်ဟန်မတူ။ သူသည် ခြံတံခါးအားလုံးကို ပိတ်ထားစေပြီးလျှင် သူ့ကိုမေးမြန်းပါက သူ အိမ်တွင် မရှိဟု ပြောကြားရန် တပည့်များအား မှာကြားထားလေသည်။

မြင်းသည်တော်။ ။ 'သူ အိမ်မယ်မရှိရင် ဘယ်သွားသလဲ'

တပည့်။ ။ 'ဒါတော့ ကျွန်တော် မသိပါဘူး၊ သူ့ကို ဘာကိစ္စ တွေ့ချင်တာလဲ'

မြင်းသည်တော်။ ။'ဒါကိုတော့ မပြောနိုင်ပါ၊ ဘုရင်မင်းမြတ်က အလိုရှိလို့ပဲ၊ ဘုရင့်တပ်မတော်အတွက် တပ်သားတွေလိုနေတယ်၊ ဘုရင်က မြေယာများ ပေးသနားတော်မူမယ်ဆိုတာ သာမည့ကိစ္စမဟုတ်ဘူး၊ ရှေ့တန်း စစ်မြေပြင်ကို သွားရတဲ့အခါကျတော့လည်း သိလာလိမ့်မပေါ့'

တပည့်။ ။ 'ဒါဖြင့်ရင်လဲ သူပြန်လာတဲ့အခါကျတော့ ပြောလိုက်ပါ မယ်'

မြင်းသည်တော်။ ။'ဒီလိုလုပ်လို့မရပါဘူး၊ သူ့ကို သတင်းစကား တစ်ဆင့်ပြောကြားဖို့ မဟုတ်ပါဘူး၊ မနက်ဖြန်ခါ ကျွန်ုပ် လာပါဦးမည်၊ သူ့ကို တစ်ခါတည်း ခေါ်သွားရမှာပါ'

မြင်းသည်တော်သည် ပြန်လည်ထွက်ခွာသွားလေသည်။ မာရိုရှန်သည် အထူးပင် တုန်လှုပ်ချောက်ချားနေလေသည်။ 'ကဲ ဘယ်လိုလုပ်ကြမလဲ'ဟု သူ့မိတ်ဆွေ မာဇာကို မေးမြန်းလေသည်။

မာဇာ။ ။ 'ကြောက်စရာပဲ၊ ဒီလိုဆိုရင် ငါ့ကိုလည်း ခေါ်လိမ့်မယ်ထင်တယ်'

မာရိုရှန်။ ။'မနက်ဖြန်ခါ လာဦးမတဲ့'

မာဇာ။ ။ 'ရှေ့တန်းစစ်မျက်နှာထွက်ပြီး တိုက်ပွဲဝင်ရရင် တို့တော့ ငယ်ငယ်ရွယ်ရွယ်နဲ့ သေပွဲဝင်ရမှာပဲ'

ရှန်။ ။'တို့လုပ်စရာရှိတာ တစ်နည်းပဲရှိတယ်၊ တို့ကိုအိမ်မယ် မတွေ့အောင် ရှောင်နေမှပဲ၊ လူတွေ မရှိတဲ့နေရာသွားပြီး ရှောင်ပုန်းနေကြရအောင်၊ သူနဲ့ မတွေ့ရင် ပြီးတာပဲ'

မာ။ ။'အေး ကောင်းတယ်၊ သိပ်ကောင်းတဲ့ အကြံပဲ'

တစ်ဖက်တွင်လည်း မာရိုရှန်၏ ဇနီးဖြစ်သူက 'မြင်းသည်တော်ကြီးက သူတို့ကို ကောင်းကောင်းကြီး ချောက်လှန့်လွှတ်လိုက်တာပဲ'ဟု အားရဝမ်းသာ ပြောဆိုနေလေသည်။

'ကျုပ်က ဒီလိုအရူးတွေကို ဆိုင်းချက်နဲ့ လိုက်ကအောင်တောင် လုပ်နိုင်ပါတယ်၊ သူတို့ရဲ့ သတ္တိ၊ သူတို့ရဲ့ အကြံဉာဏ်တွေဟာ ဒီစစ်တုရင်က ဖျက်ဆီးပစ်လိုက်ပြီးသား ဖြစ်နေပြီ၊ နောက် သူတို့ ကပ်ရဲတော့မှာ မဟုတ်ပါဘူး'ဟု မြင်းသည်တော်ကြီးက ပြန်ပြောလေသည်။

*

နောက်တစ်နေ့နံနက် မိုးမလင်းမီ မိတ်ဆွေနှစ်ဦးသည် မိမိတို့အိမ်အသီးသီးမှ ထွက်ခွာလာကြလေသည်။ ကောဇောငယ်တစ်ချပ်စီ ချိုင်းတွင် ညှပ်လျက်

ကွမ်းအပြည့်ပါသော ကွမ်းအစ်ကိုပါ ယူဆောင်၍ ရှေးဘုရင်တစ်ပါး ဆောက်လုပ်လှူဒါန်းခဲ့သော ဗလီဟောင်းကြီးတစ်ခုသို့ ဝင်ရောက်လာခဲ့ကြလေသည်။ လမ်းခရီးတွင် ဆေးတံသောက်ဆေးနှင့် ဆေးတံအပြင် အားအင်ပြည့်ဖြိုးစေမည့် အစားအစာများကိုလည်း ဝင်ရောက် ဝယ်ယူခဲ့ကြသည်။ ဗလီပျက်ကြီးသို့ရောက်သောအခါ ကော်ဇောကို ဖြန့်ခင်းကာ ဆေးအိုးကို ဆေးထည့်ပြီးနောက် စစ်တုရင်ပွဲကို စတင်ကျင်းပလေသည်။ ထိုအချိန်အခါမှစ၍ မည်သည့်ကိစ္စကိုမှ သတိမရကြတော့ချေ။ 'ခွေခွေ'ဟူသော အသံများသာ သူတို့နှုတ်မှ ထွက်ပေါ်လျက်ရှိကြလေသည်။ ကမ္ဘဋ္ဌာန်း ဝိပဿနာ စီးဖြန်းနေသော ယောဂီပင်လျှင် သူတို့လောက် စိတ်အာရုံ ငြိမ်သက်နိုင်မည် မဟုတ်ပေ။ မွန်းတည့်အချိန်လောက်တွင် ဆာလောင်မွတ်သိပ်လာသောအခါ အစားအသောက်ရောင်းသော ဆိုင်တစ်ခုသို့သွား၍ စားသောက်ကြသည်။ ထို့နောက် ဆေးအိုးကို ရှူရှိုက်ကြပြီးလျှင် စစ်ပွဲကို စကြပြန်လေသည်။ တစ်ခါတစ်ရံ သူတို့သည် ဆာလောင်မွတ်သိပ်ရမှန်းပင် မသိတော့ချေ။

နိုင်ငံအတွင်း အခြေအနေသည် ယိုယွင်းပျက်စီးလျက် ရှိလေပြီ။ အင်္ဂလိပ်ပိုင်း အရှေ့အိန္ဒိယကုမ္ပဏီ၏ စစ်တပ်များသည် လပ်ကနောင်းမြို့တော်ဆီသို့ ချီတက်လာနေပြီ။ မြို့ထဲတွင် နေရာတိုင်း၌ လှုပ်လှုပ်ရွရွ ဖြစ်နေလေသည်။ မြို့သူမြို့သားများသည် မိမိတို့ အိမ်ထောင်သားစုများနှင့် အတူ တောရွာများသို့ ပြေးလွှားလာကြကုန်၏။ သို့သော်လည်း ကျွန်ုပ်တို့၏ စစ်တုရင်သမား နှစ်ဦးမှာကား ဘာမျှမဖြစ်သကဲ့သို့ပင် စစ်တုရင်ကိုသာ အကြိတ်အနယ် ထိုးနေကြလေသည်။ အိမ်သို့ပြန်လာသောအခါတွင်လည်း လမ်းကြိုလမ်းကြားကို ဖြတ်သန်း၍ ပြန်လာတတ်ကြလေသည်။ ဘုရင့်အမှုတော်ထမ်းများက သူတို့ကို တွေ့မြင်သွားမှာ စိုးရိမ်နေကြသည်။ အကယ်၍ သူတို့ကို တွေ့မြင်သွားလျှင် ဒုက္ခရောက်ရပေတော့မည်။

သူတို့သည် နေ့စဉ်နေ့တိုင်းပင် ဗလီပျက်ကြီးတွင် စစ်တုရင်ပွဲ ဆင်နွှဲနေကြလေသည်။ တစ်နေ့သောအခါ မာရိရှုန်သည် အရေးနိမ့်လျက်

ရှိသည်။ မာဇာသည် ထပ်တလဲလဲ အနိုင်ရနေသည်။ ထိုခဏ၌ အင်္ဂလိပ် စစ်တပ်ကြီး ချီတက်လာသည်ကို တွေ့မြင်ရလေသည်။ ထိုတပ်ကြီးသည် လပ်ကနောင်းမြို့သို့ သိမ်းပိုက်ရန် တက်လာကြခြင်း ဖြစ်သည်။

'အင်္ဂလိပ် စစ်တပ်ကြီး လာနေပြီ၊ တို့တစ်တွေ ဘုရားသခင် စောင်မပါစေ'ဟု မာရိုရှန်ကဆိုသည်။

'လာစမ်းပါစေ၊ ကဲ ခွေပြီ၊ ကိုယ့်အလုပ်ကို ကိုယ်လုပ်စမ်းပါ'ဟု မာဇာက ဆိုသည်။

'ကြည့်ရအောင်၊ ဒီနားကကပ်ကြည့်ရင် သူတို့ တို့ကို မမြင်ပါဘူး'

'မြင်ရပါတယ်၊ ဖြည်းဖြည်းပေါ့၊ ခွေ'

'ဟေး သူတို့မယ်အမြောက်တပ်လည်းပါတယ်၊ စစ်သားငါးထောင် လောက်ရှိတယ်၊ သူတို့ကြည့်ရတာ အဆန်းပဲ၊ သူတို့မျက်နှာတွေကလည်း မျောက်မျက်နှာတွေလိုပဲ နီရဲလို့ ကြောက်စရာပဲ'

'ဟေး မဆိုင်တာတွေ ပြောမနေစမ်းပါနဲ့၊ ဒီလိုလုပ်လို့ ဘယ်ရမလဲ၊ ခွေ'

'မင်း အတော်ဆန်းတဲ့လူပဲ၊ တို့မြို့မယ် ဒုက္ခရောက်တော့မယ်၊ မင်းကတော့ ဘာမှ စိတ်မဝင်စားဘူး၊ ခွေ ခွေလို့ပဲ အော်နေတော့တာပဲ၊ တကယ်လို့ စစ်သားတွေက  တို့မြို့ကို ပိတ်ထားရင် တို့ ဘယ်လိုလုပ်ပြီး အိမ်ပြန်မလဲ'ဟု မာရိုရှန်က ပြစ်တင်စကား ပြောလေသည်။

'အေး အဲဒီကိစ္စ အိမ်ပြန်ခါနီးကျတော့ စဉ်းစားတာပေါ့၊ ကဲ ခွေပြီ၊ နောက်တစ်ခါ ရွှေ့လိုက်ရင် မင်းရှုံးတော့မယ်'ဟု မာဇာက မခံချိ မခံသာ ပြောလိုက်သည်။

စစ်တပ်ကြီးသည် သူတို့ ဗလီပျက်ကြီးနားမှ ဖြတ်၍ ချီတက်သွားလေသည်။ အချိန်အားဖြင့် နံနက် ၁၀နာရီခန့် ရှိပါပြီ။ နောက်တစ်ပွဲ စ၍ ကစားကြပြန်လေသည်။

'မနက်စာ ဘယ်လိုစားမလဲ'ဟု မာဇာက မေးသည်။

'ဒီနေ့တော့ အစာငတ်ခံကြတာပေါ့၊ မင်း သိပ်ဆာနေပြီလား'

'မဆာပါဘူး၊ မြို့ထဲက လူတွေတော့ မနက်စာစားပြီး တစ်ရေးတစ်မောတောင် အိပ်နေကြရော့မယ်၊ တို့ဘုရင်လည်း စည်းစိမ်ခံတဲ့ စံတော်အိမ်တွင်း ရောက်နေရော့မယ်'ဟု မာဇာက ဆိုလေသည်။

မိတ်ဆွေနှစ်ဦး စစ်တုရင်ပွဲသစ် စကြပြန်သောအခါ ညနေသုံးနာရီထိုးနေပါပြီ။ သည်တစ်ခါတော့ မာဇာသည် အရေးနိမ့်လျက် ရှိသည်။ လေးနာရီထိုးသည်နှင့်တစ်ပြိုင်နက် စောစောက ချီတက်သွားသော စစ်တပ်ကြီး ပြန်ချီလာသည့် အသံများကို ကြားရလေသည်။ သူတို့ ဘုရင်ကို ဖမ်းဆီးလာပြီးလျှင် အမည်မဖော်ပြသော ဒေသသို့ ပို့ထားရန် ခေါ်ဆောင်လာကြလေပြီ။ မြို့ထဲတွင် ဆူပူထကြွမှုဟူ၍ မရှိ။ လုပ်ရှားမှုများကိုလည်း မတွေ့ရ။ သွေးတစ်ပေါက်မှလည်း ထွက်ကျယိုစီးခြင်းမရှိ။ မည်သည့် လွတ်လပ်သော တိုင်းပြည်မှ မည်သည့်ဘုရင်ကိုမှ ဤကဲ့သို့ သွေးထွက်သံယိုမှု အနည်းငယ်မျှ မရှိဘဲ လွယ်လွယ်ကလေးနှင့် ဖမ်းယူနိုင်ပြီး တိုင်းပြည်ကို သိမ်းပိုက်နိုင်ခဲ့သည်ဟု မကြားစဖူး၊ မတွေ့စဖူးပါ။ ဤကဲ့သို့သော အကြမ်းမဖက်မှုမျိုးကို နတ်များဒေဝါတို့ နှစ်သက်ကြလိမ့်မည် မဟုတ်ပါ။ ဤအပြုအမူမျိုးသည် သတ္တိကြောင်ခြင်းသာလျှင် ဖြစ်၍ သူရသတ္တိမရှိသူ ပုဂ္ဂိုလ်ကြီးများ မျက်ရည်ကျစရာသာလျှင် ဖြစ်ပါတော့သည်။ ဤနိုင်ငံကြီး၏အရှင် ဘုရင်ကို အကျဉ်းသားအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားသည့် အချိန်တွင် လပ်ကနောင်းမြို့ကြီးတစ်ခုလုံးသည် ပျော်ပါးမှုအမျိုးမျိုးနှင့် ပြီးသော စည်းစိမ်တွင် ယစ်မူးအိပ်ပျော်နေပါသည်။ နိုင်ငံရေး အတွေးအခေါ် အားဖြင့် ဝေဖန်သုံးသပ်လျှင် ထိုတိုင်းပြည်သည် အောက်ဆုံးအဆင့်အထိ ကျဆုံးနေလေပြီဟု ဆိုရပေမည်။

'နွားသတ်သမားတို့သည် ငါတို့ဘုရင်ကို ဖမ်းသွားပြီ'ဟု မာဇာက ဆိုလေသည်။

'ဖမ်းပါစေ၊ ခွေ'ဟု မာရိရှုန်က စစ်တုရင်ရုပ်တစ်ခုကို ရွှေ့ရင်း ဟစ်လိုက်၏။

'ခဏနေပါဦး၊ ငါ ဒါကို ဂရုမစိုက်နိုင်သေးဘူး၊ ဒီအချိန်မယ် ငါတို့ဘုရင်ရဲ့ မျက်ရည်တွေက သွေးတွေဖြစ်ပြီး ကျဆင်းနေမှာပဲ'

'အင်း ဟုတ်တာပေါ့၊ ငိုနေမှာပဲ၊ သူ့အရင်တုန်းကလို စည်းစိမ်မျိုး သူ ဘယ်ခံစားနိုင်တော့မလဲ၊ ခွေ'

'လောကခံဆိုတာ ရှိတာပေါ့၊ ဘယ်အမြဲ စည်းစိမ်ခံနေနိုင်မလဲ၊ အခြေအနေကတော့ တော်တော်ဆိုးတာပဲ'

'ဟုတ်တာပေါ့၊ ဒီလိုလား၊ ကဲ ခွေ၊ နောက်တစ်ခါရွှေ့ပြီးရင် မိနေပြီ၊ ဘယ်မှ ပြေးလို့ မလွတ်တော့ဘူး'

'ဘုရားသခင်ကို တိုင်တည်ပြီး အမှန်အတိုင်းပြောရရင် မင်းဟာ အသည်းနှလုံးမရှိတဲ့ လူတစ်ယောက်ပဲ၊ ဒီလို အလွန်ဝမ်းနည်းစရာကောင်းတဲ့ ကိစ္စကြီး ဖြစ်ပေါ်နေတာတောင် မင်း စိတ်ထိခိုက်ပုံမရဘူး၊ အို သနားစရာ ကောင်းတဲ့ ဝါဂျင်ဘုရင်ရယ်'

'ဟေး ဟေး ကိုယ့်ရှင်ဘုရင်ကို ကိုယ် အရင်ကယ်တင်ပါဦး၊ ပြီးတော့မှ ဝါဂျင်ဘုရင်အတွက် ပူဆွေးချင် ပူဆွေးပါ၊ ကဲ ခွေ၊ မပြေးနိုင်တော့ဘူး၊ ပြီးပြီ၊ လက်ဆွဲနှုတ်ဆက်ကြစို့'ဟု မာရီရှန်က ဝမ်းသာအားရ ပြောလိုက်လေသည်။

အင်္ဂလိပ်စစ်တပ်ကြီးသည် သူတို့ ဘုရင်ကို ခေါ်ဆောင်လျက် ရှေ့မှဖြတ်ကာ ချီတက်သွားလေသည်။ သူတို့ လွန်သွားသည်နှင့်တစ်ပြိုင်နက် မာဇာသည် နောက်တစ်ပွဲစရန် စစ်ဘုရင်ရုပ်များကို ပြန်၍ စီနေလေသည်။ အရှုံး၏ ဒဏ်ရာဒဏ်ချက်များသည် နာကျည်းလှ၏။

'တို့နှစ်ယောက် ရန်သူလက်ထဲပါသွားတဲ့ ဘုရင်အတွက် လွမ်းချင်း တစ်ပုဒ်လောက် ဆိုရအောင်'ဟု မာရီရှန်က ပြောလေသည်။ မာဇာအဖို့ မှာကား ဘုရင်အပေါ်၌ ထားရှိသော သစ္စာတရားတို့သည် သူကိုယ်တိုင်က စစ်တုရင်ပွဲတွင် အရှုံးနှင့် ရင်ဆိုင်နေရသောကြောင့် အခိုးအငွေ့ဖြစ်ကာ ပျောက်ကွယ်သွားလေပြီ။ နောက်ဆုံးတွင် အရှုံးပေးလိုက်ရသည့်အတွက် ကလဲ့စားချေရန်သာ စိတ်စော၍ အငြိမ်မနေနိုင်အောင် ဖြစ်နေလေသည်။

*

ညနေစောင်းလေပြီ။ လင်းနို့များသည် ဗလီပျက်ကြီးထဲတွင် အသံမြည်စ ပြုလာလေသည်။ ပုံလွှားငှက်များသည် လှည့်ပတ်ပျံသန်းရာ အသိုက်များ အတွင်းသို့ ပြန်လည်ရောက်ရှိနေကြလေပြီ။ သို့သော်လည်း မိတ်ဆွေ နှစ်ဦးသည် စစ်ပွဲကြီး ဆင်နွှဲလျက်ပင် ရှိပါသေးသည်။ သွေးဆာနေသူနှစ်ဦး အကြိတ်အနယ် ယှဉ်ပြိုင် တိုက်ခိုက်နေကြသည်နှင့် တူလေသည်။ မာဇာ သည် သုံးပွဲဆက်တိုက် ရှုံးပြီးလေပြီ။ စတုတ္ထပွဲတွင်လည်း သူ့အဖို့ အခြေအနေမကောင်းလှ။ သူသည် ဂရုတစိုက်ကစားပြီး အနိုင်ယူမည်ဟု ဆုံးဖြတ်ချက် ချထားလေသည်။ သို့သော်လည်း ရွှေ့လိုက်တိုင်း မှား၍သာ နေသောကြောင့် သူ့ဘက်မှ အရေးနိမ့်လေသည်။ မာရိရှန်ကမူ ရတနာသိုက် တစ်ခုကို တွေ့ထားသကဲ့သို့ ရွှင်ရွှင်ပျပျနှင့် ရယ်စရာများကို ပြောဆိုပြီး လျှင် သီချင်းတစ်ပုဒ်ကိုပင် ခပ်တိုးတိုး ဆိုနေလိုက်သေးသည်။ မာဇာသည် စိတ်ရှုပ်လာလေသည်။ သို့သော်လည်း အတွင်းစိတ်ကို ဖုံးဖိထားရန်အတွက် မာရိရှန်ကစားပုံကို ချီးကျူးနေလေသည်။ သူသည် ကစားရင်း မနိုင်မနင်း ဖြစ်လာသည်နှင့်အမျှ သူ့စိတ်ကိုလည်း သူ မထိန်းနိုင်အောင် ဖြစ်လာလေ သည်။ ညည်းညည်းညူညူနှင့် စကားလည်း များလာလေသည်။ 'ထပ်မရွှေ့နဲ့ တော့လေ၊ ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ၊ တစ်ခါရွှေ့ပြီး နောက်ပြန်ရွှေ့လို့ ဘယ်ဖြစ်မလဲ၊ တစ်ခါပဲ ရွှေ့ရမှာပေါ့'

'ဟေး လက်ထဲက ဘာဖြစ်လို့အရုပ်ကိုကိုင်ထားရသလဲ၊ ဘယ်ဟာ ကို ရွှေ့မယ်ဆိုတာ သေသေချာချာ ဆုံးဖြတ်ပြီးမှ ကိုင်ပါ'

'တစ်ခါရွှေ့မယ်ကြံရင် စဉ်းစားနေလိုက်တာက တစ်နာရီလောက် ကြာတယ်၊ ဘယ်ဖြစ်မလဲ၊ တစ်ခါရွှေ့ဖို့ ငါးမိနစ်ထက် ပိုကြာရင် အရှုံး ပေးရမယ်'

'ဟေ ရွှေ့ပြီးသား ပြန်ရွှေ့ပြန်ပြီ၊ ချထားပါ မကိုင်ပါနဲ့'

ဤသို့လျှင် စိတ်မရှည်နိုင်သကဲ့သို့ တတွတ်တွတ် ပြောဆိုနေလေ တော့သည်။

မာရိုရှန်သည် ဘုရင်မ ရှုံးတော့မလို ဖြစ်နေသည်။

'ငါ မရွှေ့သေးပါဘူး'ဟု သူက ပြန်ပြောသည်။

မာဇော။ ။'ဟုတ်တယ်၊ မင်းရွှေ့ပြီးပြီ၊ မင့်အရုပ်ကို ဟိုအကွက်မယ် ပြန်ထားပါ'

မာရိုရှန်။ ။'ဘာပြုလို့ထားရမှာလဲ၊ ငါ့လက်ကမှ ဒီအရုပ်ကို မလွှတ်သေးဘဲ'

မာဇော။ ။'မင်းအရုပ်ကို ကမ္ဘာကြီးပျက်တဲ့နေ့အထိ လက်က မလွှတ်ဘဲ ထားရင်လည်း မရွှေ့သေးဘူးလို့ပဲ ယူဆရမလား၊ မင်းဘုရင်မ ကျဆုံးတော့မှာမို့ မင်း ဒီလိုစကားများနေတာပဲ'

မာရိုရှန်။ ။'စကားများနေတာက မင်းပဲ၊ ရှုံးတယ် နိုင်တယ်ဆိုတာ ကုသိုလ်ကံပါ၊ စကားကျယ်ကျယ်ပြောတိုင်း နိုင်တာ မဟုတ်ဘူး'

မာဇော။ ။ 'ဒါဖြင့် ဒီပွဲမယ် မင်းရှုံးပြီ'

မာရိုရှန်။ ။'ဘာပြုလို့ ရှုံးရမှာလဲ'

မာဇော။ ။'ဒါဖြင့်ရင် ဟိုအရုပ်ကို သူ့အရင်အကွက်ထဲ ပြန်ချပါ'

မာရိုရှန်။ ။'ဘာပြုလို့ ချရမှာလဲ'

မာဇော။ ။ 'ချရမယ်၊ ချကို ချရမယ်'

နှစ်ဦးစလုံးပင် ဒေါသ ထွက်လာလေသည်။ မည်သူကမျှ အလျှော့ မပေး။ ကိုယ့်ဘက်က မှန်သည်ဟုသာ ပြောဆိုနေကြလေသည်။ မဆိုင်သည့် အကြောင်းအရာများကိုလည်း ထည့်သွင်းပြောဆိုလာကြသည်။ 'မင်းတို့ အိမ်ထောင်သားစုထဲမယ် အရင်က စစ်တုရင် ကစားဖူးရင် စစ်တုရင်ကစားတဲ့ နေရာမယ် လိုက်နာရမယ့် စည်းကမ်း ဥပဒေတွေကို နားလည်မှာပဲ မင်း ဘိုးတွေ ဘေးတွေဟာ မြက်ရိတ်တာလောက် တတ်တာပဲ၊ အဲဒီတော့ မင်းလည်း ဘယ်စစ်တုရင် ထိုးတတ်မလဲ၊ အထက်တန်းကျကျ နေတတ် ထိုင်တတ်ဖို့ဆိုတာ တစ်မျိုးပဲ၊ မြေလေးယာလေး နည်းနည်းပါးပါး ပိုင်တာနဲ့မဆိုင်ဘူး'ဟု မာဇောက ပြောလေသည်။

'ဘာပြောတာလဲ၊ မင်းအဖေသာ မြက်ရိတ်တာ၊ ငါတို့ ဘိုးစဉ်ဘောင်ဆက် စစ်တုရင် ကစားလာတာကွ သိလား'ဟု မာရိရှန်က အားကျမခံ ပြန်ပြောသည်။

'ကဲ ရွှေ့လေ၊ တစ်ခါရွှေ့မယ့်ဟာ တစ်သက်လုံး စဉ်းစားနေတော့မှာလား၊ မင်းကိုယ်မင်း ဆွေကြီးမျိုးကြီးဆို၊ မြစ်ကြီး မျိုးကြီးဆိုတာ ပါးစပ်ကပြောတာနဲ့ အလိုလို မြင်တာ မဟုတ်ဘူး၊ ကြာလိုက်တာလည်း လွန်ရော၊ ရှင်ဘုရင်နန်းတော်က စားတော်ကဲကြီး ပွဲတော်တစ်ခါ ချက်တာကျနေတာပဲ'

'ဟေး ဘာပြုလို့ မင်းဘိုးတွေ မင်းအဘတွေကို ထည့်ပြောနေရတာလဲ၊ မင်းဘိုးတွေ အဘတွေဟာ နန်းတော်ထဲ စားတော်ကဲ ထမင်းချက်လုပ်ခဲ့တယ်ဆိုတာ ငါသိပါတယ်၊ တို့ကတော့ နန်းတော်ထဲမယ် ရှင်ဘုရင်နဲ့ အတူပွဲတော်တည်ခဲ့တဲ့ လူတွေကွ သိလား'

'ဟေ အောက်တန်းစားကောင်၊ ဘာတွေ လျှောက်ပြောနေတာလဲ'

'မင်း ဘာပြောတာလဲ မင်းပြန်သတိထားပါဦး၊ ငါ စိတ်ဆိုးလာရင် မင်း ငိုနေရလိမ့်မယ်နော်၊ ဒီလိုအပြောမျိုး ငါ ဘယ်တော့မှ ခံတဲ့ လူစားမျိုး မဟုတ်ဘူး၊ ဒီလိုပြောတာ မပြောနဲ့ ငါ့ကို စူးစိုက်ကြည့်တဲ့ လူရဲ့ မျက်လုံးကိုတောင် ငါက ဆွဲထုတ်ပစ်တာ သိလား၊ မင်း ငါ့ကို စမ်းချင်သလား'

'မင်း စမ်းချင်ရင် စမ်းပေါ့၊ ကဲ လာလေ'

'လာလေ စမ်းကြည့်ရအောင်၊ ငါလည်း ဘယ်သူ့အတင်စီးမှ ခံတာ မဟုတ်ဘူး'

နှစ်ဦးစလုံးပင် ဓားများကို ဆွဲထုတ်လိုက်ကြလေသည်။ ထိုခေတ်ထိုအခါက လူတိုင်းပင် ဓားရှည်ကို ဖြစ်စေ၊ ဓားမြောင်ကိုဖြစ်စေ ကိုင်ဆောင်ထားကြသည်။ သူတို့သည် အပျော်အပါးလိုက်စားသူများ ဖြစ်လင့်ကစား သတ္တိကင်းမဲ့သူများ မဟုတ်ကြပေ။ သူတို့၏ ဘုရင်အတွက်သော်လည်းကောင်း၊ နိုင်ငံအတွက် သော်လည်းကောင်း၊ အသက်ကို မစွန့်လိုကြသော်လည်း ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်လာလျှင် အညံ့ခံမည့် သူများ

မဟုတ်ကြပေ။ သူတို့သည် ဓားများကို ကိုင်ကာ နေရာယူကြသည်။ ထို့နောက် တစ်ဦးကို တစ်ဦးခုတ်ကြလေရာ ဓားရောင်တလက်လက်နှင့် ဓားတစ်စင်းနှင့်တစ်စင်း ထိခိုက်သည့် အသံများလည်း ထွက်ပေါ်လာလေသည်။ ခဏကြာသောအခါ နှစ်ဦးစလုံးပင် ဒဏ်ရာများ ရရှိကာ လဲကျသွားပြီးလျှင် ပြင်းထန်သော ဝေဒနာကို ခံစားပြီးနောက် သေဆုံးသွားကြလေသည်။ မိမိတို့ ဘုရင်အတွက် မျက်ရည်တစ်ပေါက်မျှ မကျခဲ့သူ နှစ်ဦးသည် စစ်တုရင်ခုံပေါ်မှ ဘုရင်မအတွက် အသက်စွန့်သွားကြလေသည်။

မှောင်စပျိုးလေပြီ။ စစ်တုရင်ကွက်ထဲမှ ဘုရင်နှစ်ပါးသည် အသက်စွန့်သွားကြသော သူရဲကောင်းနှစ်ဖော်အတွက် မိမိတို့၏ ပလ္လင်အသီးသီးထက်မှ ဝမ်းနည်းကြေကွဲသော အမူအရာကို ပြနေကြလေသည်။

ပတ်ဝန်းကျင် တစ်ခုလုံး ငြိမ်သက်နေလေသည်။ ဗလီပျက်ကြီးမှ ပြိုကျနေသည့် မြူမှုန်အလိမ်းလိမ်းကပ်လျက်ရှိသော နံရံကြီးများ ထုပ်လျောက်ပေါင်းကူးများ မျှော်စင်ကြီးများသည် မိတ်ဆွေနှစ်ဦး၏ ရုပ်ကလာပ်များကို မချိသော အသွင်ဖြင့် စောင့်ကြည့်နေကြလေသတည်း။

**(မြဝတီ။ ဖေဖော်ဝါရီ၊ ၁၉၇၀)**

# ၅
# လူယဉ်ကျေး

လူ့လောကတွင် ကျွန်တော် နားမလည်သည့်ကိစ္စတွေ အများပင် ရှိပါသည်။ အမျိုးသားများသည် မည်သည့်အတွက် မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးတွေကို ရိတ်ကြပါသလဲ။ ပညာတတ်များသည် မည်သည့်အတွက်ကြောင့် အားလုံးလိုလို မျက်စိမှုန်ကြသနည်း။ ဦးနှောက် အားနည်းခြင်းကြောင့်လော၊ သို့တည်းမဟုတ် အခြား အကြောင်းရှိသလော၊ လူအများသည် မည်သည့်အတွက်ကြောင့် ဘွဲ့ထူး ဂုဏ်ထူးများကို လိုချင်တပ်မက်ကြသနည်း။

သို့သော်လည်း ယခုကိစ္စမှာ ထိုအကြောင်းအရာများနှင့် ပတ်သက်ခြင်းမရှိပါ။ ကျွန်တော်သည် ပြဿနာ အသစ်တစ်ရပ်နှင့် ရင်ဆိုင်နေရပါသည်။ လူတစ်ဦးတစ်ယောက်၏ ယဉ်ကျေးသည့် လက္ခဏာများဆိုသည်မှာ အဘယ်နည်း။ မည်သူသည် ယဉ်ကျေး၍ မည်သူ့ကိုရိုင်းသည်ဟု ခေါ်ရမည်နည်း။ အမှတ်တမဲ့ဆိုလျှင် ထိုအမေးပုစ္ဆာသည် ရှင်းလင်းလွယ်ကူသည်ဟု ထင်ရသည်။ လွယ်လွန်း၍ ကလေးပင် ဖြေနိုင်လိမ့်မယ်ဟု ယူဆရသည်။ သို့သော်လည်း နက်နက်နဲနဲ စဉ်းစားလိုက်သောအခါ ထင်သလောက် မလွယ်ကူလှပေ။

ဥပမာအားဖြင့် ဘောင်းဘီရှည်နှင့် အပေါ်အင်္ကျီ ဝတ်ထားခြင်း၊ ဦးထုပ်ဆောင်းပြီး ကော်လာနှင့် လည်စည်း စည်းထားခြင်း၊ စားပွဲကုလားထိုင်နှင့် စားသောက်ခြင်း၊ လက်ဖက်ရည်ကိုဖြစ်စေ၊ ကော်ဖီကိုဖြစ်စေ တစ်နေ့လုံးသောက်နေခြင်း၊ ဆေးပြင်းလိပ်ကို သောက်ခြင်း စသည်များကို ယဉ်ကျေးခြင်း၏ လက္ခဏာများဟု ဆိုရမည်လော။ ဤသို့ဆိုလျှင် တွေ့သမျှလူများကို အကြောင်းမရှိ လှောင်ပြောင်လျက် လမ်းပေါ်တွင် ဒယီးဒယိုင် ကောက်ကွေ့သွားလာနေသည့် အရက်မူးသမားများကိုပင် လူယဉ်ကျေးဟု ခေါ်ရပေတော့မည်။ ထိုသူများကိုတော့ ယဉ်ကျေးသူများဟု ဘယ်နည်းနှင့်မျှ မခေါ်နိုင်သည်မှာ သေချာပါသည်။ သို့ဖြစ်လျှင် ယဉ်ကျေးသည်ဆိုသည်မှာ တစ်မျိုး အဓိပ္ပာယ်သက်ရောက်မှု ရှိပါလိမ့်မည်။ ပြင်ပရုပ်လက္ခဏာနှင့် မပတ်သက်ဘဲ အတွင်းစိတ် သဘောထားနှင့်သာလျှင် သက်ဆိုင်ရမည် ဖြစ်ပေသည်။

*

'ရိုင်းရတ္တာန်ကီရှို'သည် ကျွန်တော်၏ မိတ်ဆွေအများတွင် တစ်ဦးအပါအဝင် ဖြစ်ပါသည်။ အထက်တန်း ပညာတတ် တစ်ဦးဖြစ်၍ အရေးကြီးသော ရာထူးတစ်ခုကို လက်ကိုင်ရှိထားသူ ဖြစ်သည့်အပြင် သဘောသကာယ ကောင်းသည်သာမက အပေးအကမ်း ရက်ရောသူတစ်ဦးအဖြစ် အသိအမှတ်ပြုခြင်း ခံရသူဖြစ်သည်။ လခရိက္ခာအများပင် ရရှိနေသော်လည်း သူ၏ အသုံးအစွဲသည် သူ၏ ဝင်ငွေထက် အမြဲပင် များပြားလျက် ရှိလေသည်။ လခ၏ လေးပုံတစ်ပုံနီးပါးကို သူ၏ အိမ်လခအဖြစ် ပေးရသည်။ အခြား ကုန်ကျစရိတ်တွေလည်း အများပင် ရှိပါသေးသည်။ သူသည် မကြာခဏ စိတ်သောက ရောက်ရသည်။ သူသည် လာဘ်သပ္ပကာ ယူငင်တတ်သူ မဟုတ်ပါ။

ကျွန်တော်သိသလောက် သူသည် လာဘ်မစားတတ်ပေ။ တချို့က တော့လည်း သူ့ကို လာဘ်စားသည်ဟု ပြောပါသည်။ ခရီးစရိတ်များကိုသာ

မကြာခဏ လည်ဆယ်၍ ထုတ်ယူကြပါသည်။ သူအထုတ်များသဖြင့် ပေးထားသည့် ရုံပုံငွေနှင့် မလောက်သောကြောင့် အခြားရုံပုံငွေ ခေါင်းစဉ်များမှာပင် လွှဲပြောင်းသုံးစွဲရပါသည်။ မည်သည့်အတွက် ဤမျှ ခရီးသွားရသနည်းဟု သူ့ကို မေးသောအခါ ခပ်လွယ်လွယ်ပင် ဖြေလိုက်ပါသည်၊ ခရိုင်အတွင်းမှ လုပ်ငန်းများကို အရာရှိကြီးကိုယ်တိုင် မကြာခဏ သွားရောက်ကြည့်ရှုကွပ်ကဲရန် လိုသည်ဟု ဆိုပါသည်။ သူသည် အသုံးစရိတ်များကို အမျိုးမျိုးပြတတ်ပါသည်။ သူ၏ အလုပ်စခန်းသည် အမြဲလိုလိုပင် မြို့နှင့်မိုင်ငါးဆယ်လောက် ဝေးကွာသည့် ဒေသများတွင် ရှိနေတတ်သည်။ သူ့ရုံးသားများသည် ထိုစခန်းများတွင်ရှိနေ၍ သူကိုယ်တိုင်ကမူ မိမိအိမ်မှာပင် ထိုင်ကာ အတင်းအဖျင်းပြောရင်း အချိန်ဖြုန်းနေတတ်ပါသည်။ သို့သော် အဘယ်သူသည် သူ၏ ရိုးသားဖြောင့်မတ်မှုကိုသံသယ ဖြစ်မည်နည်း။ သူ၏ ယဉ်ကျေးသိမ်မွေ့မှုကို အနည်းငယ်မျှ ယုံမှား သံသယ မဖြစ်ကြပါ။

တစ်နေ့သောအခါ ကျွန်တော်သည် သူ့ကို သွားတွေ့ရာ သူသည် သူ၏မာလီ (ဥယျာဉ်မှူး)ဒမ္မရီအား ဆူပူကြိမ်းမောင်းနေသည်ကို တွေ့ရပါသည်။ ဒမ္မရီသည် အစားစားရုံလောက်သာ အိမ်သို့ ပြန်ခွင့်ရပြီး နေ့ရောညပါ သူ့အိမ်တွင် အလုပ်လုပ်နေသူ ဖြစ်သည်။ သူ့အိမ်သည် အနီးအနားရှိ ကျေးရွာတစ်ရွာတွင် ရှိပါသည်။ ယမန်နေ့က သူသည် အကြောင်းတစ်ခုကြောင့် ညဥ့်ဘက်တွင် ပြန်မလာခဲ့ချေ။

ရိုင်း။ ။'မင်း နေ့ရော ညရော ဒီမယ်အလုပ်လုပ်ဖို့ တာဝန်ရှိတယ် မဟုတ်လား၊ ဘာပြုလို့ညက မလာသလဲ၊ မနေ့ညက အတွက် မင့်လခထဲက ဖြတ်ရလိမ့်မယ်'

ဒမ္မရီ။ ။'သခင်ကြီးရယ်၊ မမျှော်လင့်ဘဲ ဧည့်သည်တစ်ယောက် ရောက်လာလို့ မလာနိုင်တာပါ'

ရိုင်း။ ။ 'ဒီလိုဆိုရင် မင့်ဧည့်သည်က မင့်လခကို ပေးလိမ့်မယ်'

ဒမ္မရီ။ ။ 'အို ကျွန်တော့်ကို သနားပါဦးဗျာ၊ နောက် ကျွန်တော် ဒီလို မလုပ်ပါဘူး'

ရိုင်း။ ။ 'စကားမများနဲ့ တော်တော့'

ဒမ္မရီ။ ။ 'သခင်ကြီးရယ်'

ရိုင်း။ ။'ကဲ ကောင်းပြီ၊ ဒီတစ်ခါတော့ မင်းကို ငွေနှစ်ဆယ်ကျပ် ဒဏ်တပ်ပြီး ခွင့်လွှတ်လိုက်မယ်'

ဆင်းရဲလှသော ဒမ္မရီသည်ညကမလာနိုင်သောကြောင့် လာရောက်တောင်းပန်သည့်အတွက် ဤသို့သော ဆုလာဘ်ကို ရရှာသည်။ ဒဏ်ငွေနှစ်ကျပ်၊ တစ်ည အလုပ်မဆင်းသည့်အတွက် တပ်ရိုက်လိုက်သော ဒဏ်ငွေနှစ်ကျပ်၊ အိမ်မှာနေရင်းထိုင်ရင်း ခရီးစရိတ် ထုတ်စားနေသည့် သူများကိုကား မည်သူကမျှ ဂရုမပြုကြ။ ထိုသို့သော သူများကို မည်သူကမျှ အပြစ်မပေးကြ။ ဒမ္မရီသည်လည်း အကယ်၍သာ လိမ်မာရေးခြားရှိပါမူ နံနက်စောစော သူ့ နေရာသို့ရောက်ရှိအောင် ပြန်လာပြီး ဣန္ဒြေမပျက် နေခဲ့လျှင် ယမန်နေ့ညက သူဘယ်မှာရှိနေသည်ကို မည်သူမျှ သိကြမည်မဟုတ်။ သို့သော်လည်း သည်လူသည် အလိမ္မာ ကင်းမဲ့လှချေ၏။

ဒမ္မရီတွင် မြေကွက်ငယ်တစ်ခု ရှိပါသည်။ သို့သော်လည်း သူကျွေးရမည့် ပါးစပ်ပေါက်တွေက များလှပါဘိသည်။ သူ၏ သားနှစ်ယောက် သမီးနှစ်ယောက်နှင့် ဇနီးဖြစ်သူသည် ထိုမြေကွက်ပေါ်တွင် စိုက်ကြပျိုးကြသည်။ သို့သော်လည်း မိသားစု စားဝတ်နေရေးအတွက် မလုံလောက်ချေ။ စင်စစ်အားဖြင့် မြေကွက်ကလည်း မကျယ်လှပါ။ ထိုမြေကွက်မှ ရွှေတူးယူနိုင်လိမ့်မည်ဟု မျှော်လင့်ထား၍မဖြစ်။ ရွာမှ ထွက်ခွာကာ အခြားနေရာများတွင် အခစား အလုပ်ကြမ်းသမားအဖြစ် လုပ်ကိုင်လျှင်ကား ဝင်ငွေပိုရနိုင်ပါသည်။ သို့သော်လည်း လယ်သမားအဖို့ 'ကူလီ' ဟု အခေါ်ခံရမည်ကို နာကြည်းလှသည် မဟုတ်ပါလော။ ဒမ္မရီ ရရှိသော လခမှာ နွားစာ ဝယ်ကျွေးရသည်နှင့် ကုန်သလောက် ဖြစ်နေပါသည်။ ကူလီဟု အခေါ်ခံရမည်ထက် ဤသို့ ဆင်းဆင်းရဲရဲ နေရသည်ကို ပို၍

နှစ်သက်ကြသည်။ စင်စစ်အားဖြင့် ဒမ္မရီသည် ကူလီအလုပ်ကို လုပ်နေသည် မှန်သော်လည်း ခိုင်းနွားနှစ်ကောင် အိမ်ရှေ့တွင် ရှိနေခြင်းအားဖြင့် လယ်သမား မည်နေပါသည်။

တစ်နေ့သ၌ ခိုက်ခိုက်တုန်နေသော ဒမ္မရီကို ရိုင်းတွေ့ရလေသည်။

'ဘာပြုလို့ အဝတ်ကလေး ဘာကလေးများ ချုပ်မဝတ်သလဲ ဒမ္မရီ'ဟုမေးလေသည်။

'ကျွန်တော့်မိသားစုအတွက် မနက်စာညစာ မှန်မှန်မကျွေးနိုင်ပါဘူး သခင်'ဟု ဒမ္မရီက ပြန်ပြောသည်။

'ဘာပြုလို့ မင်းနွားတွေကို ရောင်းမပစ်သလဲ၊ ရောင်းပစ်ပါလို့ ငါ ပြောနေတာ များလှပြီ မဟုတ်လား၊ မင်းဟာ ဒီလို အသေးအဖွဲ ကိစ္စကလေးတွေကိုတောင် နားမလည်နိုင်ဘူးလား'ဟု ကြိမ်းမောင်း ပြောဆိုလေသည်။

'နွားတွေကိုရောင်းပစ်ရမလားခင်ဗျာ၊ ဒီနွားတွေကို ရောင်းပစ်လိုက်ရင် ကျွန်တော့်မျက်နှာ ရှာထဲမယ် ဘယ်လိုလုပ်ပြရမလဲ ခင်ဗျာ၊ ကျွန်တော့် သမီးတွေကိုလည်း ဘယ်လို အိမ်ထောင်ချပေးရမလဲ၊ ဘယ်သူကကော သူတို့ကို လက်ထပ် ယူပါတော့မလဲ'

'အိုတယ်မိုက်တဲ့ကောင်ပဲ၊ တကယ်အသုံးမကျတဲ့ အယူအဆတွေပဲ၊ မင်းတို့ ဒီလောက် အောက်ကျနောက်ကျ ဖြစ်နေတော့ အံ့သြလောက်စရာ မဟုတ်တော့ဘူး၊ မင်းလိုလူမျိုးကို သနားရတာ ငါ့အဖို့ ရာဇဝတ်မှုကျူးလွန် သလို ဖြစ်နေပါပကောလား'ဟု ရိုင်းက ပြောဆိုပြီးလျှင် ကျွန်တော့်ဘက်သို့ လှည့်၍ 'ကဲ ကြည့်စမ်းပါဦး မွန်ရှီ၊ ဒီလိုရူးပုံမျိုးကို ပျောက်အောင်ကုနိုင်မယ့် ဆေးများ ရှိသေးသလား၊ ဒီလူဟာ အအေးမိပြီး သေတော့မယ်၊ ဒီအထဲက နွားတွေကို လက်မလွှတ်နိုင်ဘူး'ဟု ပြောလေသည်။

'ဒါကတော့ ကိုယ့်အမြင်နဲ့ ကိုယ်ပေါ့လေ'ဟု ကျွန်တော်က ပြန်ပြောပါသည်။

'အမြင် ဟုတ်လား၊ ဒါရူးတာပဲ၊ ကဲ ဒီမယ် ကျွန်တော်ပြောပြမယ်၊ ကျွန်တော်တို့အိမ်မယ် ခေတ်အဆက်ဆက်က ခရစ်ရှနာ အရှင်ရဲ့ မွေးနေ့ကို နှစ်စဉ်နှစ်တိုင်း အကြီးအကျယ် ကျင်းပခဲ့တာပေါ့၊ ငွေတွေ ရာပေါင်းများစွာ အကုန်ခံခဲ့တယ်၊ အကျွေးအမွေးတွေနဲ့ ဧည့်ခံပွဲတွေလုပ်တယ်၊ ဆွေမျိုးသားချင်းတွေအတွက် လက်ဆောင်တွေ ပေးတယ်၊ ဆင်းရဲသားတွေအတွက် အဝတ်အထည်တွေ ဝေတယ်၊ ကျွန်တော့်အမေ ဆုံးတဲ့နှစ်က စပြီး အဲဒါတွေအားလုံး ကျွန်တော် ရပ်ပစ်လိုက်တယ်၊ လူတွေက ကျွန်တော့်ကို ဘာသာမရှိတဲ့ လူတစ်ယောက်ဖြစ်သွားပြီလို့ တောင်ပြောကြတယ်၊ ဒါပေမဲ့ ဒါတွေကို ကျွန်တော် ဂရုမစိုက်ပါဘူး၊ နောက်တော့လည်း တဖြည်းဖြည်း ငြိမ်သွားကြတာပဲ၊ အဲဒါကြည့်တော့ ဘယ်လောက်ခက်သလဲလို့၊ မြို့ထဲမယ် လက်ထပ်မင်္ဂလာပွဲရှိရင် ကျွန်တော်တို့ လုပ်ပေးရတဲ့ တာဝန်တွေရှိသေးတယ်၊ ဒါတွေအားလုံး ကျွန်တော် ရပ်ပစ်လိုက်တယ်၊ စောစောပိုင်းတုန်းကတော့ ထုံးစံအတိုင်း ရေးကြီးခွင်ကျယ် လုပ်ပြီး ဝေဖန်ကြသေးတာပေါ့၊ ဒါပေမဲ့ ဘယ်တတ်နိုင်မလဲ၊ ကိုယ့်ပိုက်ဆံ အိတ်ကိုတော့ အထိမခံနိုင်ဘူး၊ ကျွန်တော်ဟာ တစ်နှစ်ငါးရာလောက်တော့ စုမိတယ်'

ကျွန်တော်၏ စိတ်ထဲတွင်မေးခွန်းတစ်ခု ထွက်ပေါ်လာပြန်ပါသည်။ ထိုသူနှစ်ဦးအနက် မည်သူ့ကို 'လူယဉ်ကျေး'ဟု ခေါ်ရမည်နည်း၊ မိသားစု၏ ဂုဏ်တည်းဟူသော ရာဇပလ္လင်တွင် မိမိ၏အသက်ကို စတေးရန် အဆင်သင့်ရှိနေသော မိုက်မဲသည်ဆိုသူ ဆင်းရဲသား ဒမ္မရီနှင့် မိသားစု၏ ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများကို ငွေစအနည်းငယ်အတွက် ဖျက်ဆီးစတေးပစ်နေသည့် လူချမ်းသာ ရိုင်းတို့ ဖြစ်ပါသည်။

*

တစ်နေ့သောအခါ အလွန်အရေးကြီးသည့် အမှုတစ်ခုသည် ရိုင်းသခင်၏ ရုံးသို့ ရောက်ရှိလာလေသည်။ မြို့ထဲမှ သူဌေးတစ်ဦးအား လူသတ်မှုဖြင့်

ဖမ်းဆီးချုပ်နှောင်ထားရာ သူ၏ မိတ်သင်္ဂဟများသည် အချုပ်မှ အာမခံဖြင့် လွတ်ထားရေးအတွက် အမျိုးမျိုး ကြိုးစားဆောင်ရွက် နေကြလေသည်။ ခံဝန်ချုပ်ဖြင့် လွတ်ရန် လျှောက်လွှာကို ရိုင်းထံသို့ တင်ကြလေသည်။ လျှောက်လွှာသာမက ထောက်ခံချက် အမျိုးမျိုးနှင့် သစ်သီးမျိုးစုံ၊ ပန်းမျိုးစုံ တို့ကိုလည်း လက်ဆောင်ပဏ္ဏာအဖြစ် ပို့လိုက်ကြသေးသည်။ သို့သော်လည်း မည်သို့မျှ အကြောင်းမထူးပေ။ လာဘ်ပေးရန် ကိစ္စကိုလည်း မည်သူမျှ မစရဲကြ။ နောက်ဆုံးတွင် ကြံရာမရသည့်အဆုံးတွင် ထိုသူဌေး၏ ဇနီးသည် ရိုင်း၏ ဇနီးထံသို့ဝင်ရန် ဆုံးဖြတ်လိုက်သည်။

ညဥ့် ၁၀ နာရီအချိန်ဖြစ်သည်။ အမျိုးသမီးနှစ်ဦးသည် တိုးတိုး တိတ်တိတ် စကားပြောကြပြီးနောက် ငွေနှစ်သောင်းနှင့် သဘော တူညီချက်ရရှိသွားကြလေသည်။ ရိုင်း၏ ဇနီးသည် သူ့နားကိုပင် သူ မယုံနိုင်လောက်အောင် ဖြစ်သွားလေသည်။ သူသည် အတွင်းခန်းသို့ ဝင်ကာ သူ့ခင်ပွန်းရိုင်းအား ထိုငွေ သူလက်မခံလျှင်ပင် မိမိလက်ခံတော့မည် ဖြစ်ကြောင်း ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

‘သိပ် လောမကြီးနဲ့လေ၊ မင်းကို အမျိုးသမီးက ဘယ်လိုထင်သွား မလဲ၊ ကိုယ့်ဂုဏ်သိက္ခာကို ကိုယ်မငဲ့တော့ဘူးလား၊ ငွေအများကြီးဆိုတာတော့ ငါလည်းသိပါတယ်၊ ဒီငွေရရင် တို့ရဲ့တခြားပြဿနာတွေလည်း ပြေလည်ကုန် မယ်ဆိုတာ သိပါတယ်၊ သို့ပေမဲ့ ခရိုင်တရားသူကြီးရဲ့ ဂုဏ်ကို ထိခိုက် မှာလည်းစိုးရသေးတယ်၊ မင်းဟာ အနည်းဆုံးမနှစ်သက်တဲ့ အမူအရာပြပြီး ဟိုအမျိုးသမီးကို အိမ်ထဲက နှင်ထုတ်ဖို့ကောင်းတယ်’ဟု ရိုင်းက ပြောလေသည်။

‘ကျွန်မကိုများ ဒါတွေ ပြောနေရသေးလား၊ အဲဒီလို မလုပ်ဘဲ ဘယ်နေပါ့မလဲ၊ အိမ်ထဲက မောင်းထုတ်ဖို့ ထွက်သွားခါနီးကို မြင်သွားသေး တယ်၊ ဒါပေမဲ့ ဒီမိန်းမဟာ သနားစရာပါပဲ၊ သူ့ခေါင်းနဲ့ ကျွန်မ ခြေကိုတိုက်ပြီး ငိုရှာတယ်’

'လာဘ်ဆိုတဲ့ စကားကြားရင် ငါဟာ မင်းကို အစိမ်းလိုက် ဝါးစားလိမ့်မယ်လို့ကော ပြောလိုက်သေးသလား'ဟု မေးလိုက်ရင် ရိုင်းသည် သူ့ဇနီးကို တယုတယ ဖက်လိုက်လေသည်။

'ဟာ ဒါမျိုးတွေ အများကြီး စုံနေအောင် ပြောတာပေါ့၊ ဒါပေမဲ့ ဒီမိန်းမဟာ နေရာကကို မထဘူး၊ တစ်ခါတည်း ငိုနေတော့တာပဲ'

'မင်း လက်ခံမယ်လို့ သဘောမတူလိုက်သေးဘူး မဟုတ်လား'

'သဘောတူဖို့လား၊ သေတ္တာထဲတောင် ထည့်ထားပြီးပြီ၊ အားလုံး ငွေစက္ကူအသစ်တွေချည်းပဲ'

'အို မင်းတယ်မိုက်ပါလား၊ မင်းခေါင်းကို ဖောက်ပြီး တစ်ယောက် ယောက်က ဉာဏ်ကလေး နည်းနည်း ထည့်ပေးလိုက်ရင် ကောင်းမယ်'

'အခုတော့ နောက်ကျနေပြီပေါ့'

'အင်း ပြီးနေပြီပေါ့၊ သေတ္တာထဲမထည့်ခင် ငါ့များ ပြောပါဦး တော့လား၊ တစ်ယောက်ယောက်က သိသွားရင် ငါတော့ ပြီးရောပဲ'

'ဒီလိုဆိုရင် စဉ်းစားဦးလေ၊ ပြန်ပေးလို့ ရပါတယ်'

'အို အခုမှတော့ မဖြစ်တော့ပါဘူး၊ အားလုံးပြီးနေမှပဲ၊ ဒီလူရဲ့ အာမခံလျှောက်လွှာကို ငါ လက်ခံရတော့မှာပေါ့၊ တကယ် အန္တရာယ် များတဲ့ကိစ္စနော်၊ မင်းလည်း သိသားပဲ၊ ငါဟာ လာဘ်စားတာကို အင်မတန် မုန်းတယ်ဆိုတာကို မင်း သိတယ် မဟုတ်လား၊ ဒီအထဲ မင်းကလည်း လောကြီးလိုက်တာ လွန်ရော၊ အခုတော့ မင်း မိုက်မိုက်ကန်းကန်းလုပ်လိုက် တာနဲ့ ငါ့ရဲ့ သစ္စာ သမာဓိတွေ ကျိုးပျက်ကုန်ရတော့မယ်'

'ဒီလိုဆိုရင် ကျွန်မသွားပြီး ပြန်ပေးလိုက်မယ်လေ'ဟု ဇနီးက စိတ်မကောင်းသော အမူအရာနှင့် ပြောလေသည်။

'ဟေး ဟေး ထပ်ပြီးတော့ ပိုမမိုက်လိုက်ပါနဲ့တော့ကွယ်'

ဤဇာတ်လမ်းကလေးကို ရိုင်း၏ အိမ်တွင်းဝယ် ကပြလျက်ရှိစဉ် ဒမ္မရီသည် ရွာသူကြီးလယ်ကွက်ထဲတွင် ကောက်ရိတ်နေလေသည်။ သူ သည် ရိုင်းထံမှ တစ်ည ခွင့်တောင်းလာခဲ့လေသည်။ ထိုနေ့ညနေ သူ

အိမ်ပြန်ရောက်သောအခါ နွားတွေအတွက် အစာ လုံးဝမရှိသည်ကို တွေ့ရလေသည်။ သူ လခထုတ်ရန်လည်း ရက်တော်တော် လိုသေးသည့်အပြင် ယခု သူ့အိမ်တွင်လည်း အသပြာဆို၍ တစ်ပြားတစ်ချပ်မျှ မရှိဖြစ်နေလေသည်။ နွားများသည် သူ့ကို မြင်သောအခါ အမြီးနှံ့ကာ မပီသသော အသံများကိုပြု၍ ခရီးဦးကြိုပြုသည်။ အချိန်ကြာမြင့်စွာ ပျောက်နေသည့် သူတို့ သခင်သည် ရောက်ရှိလာလေပြီ။ သူနှင့်အတူ သူ့အဖို့ အစာအာဟာရများလည်း ပါလာလိမ့်မည်ဟု မျှော်လင့်ထားကြသည်။ သူသည် အနီးသို့သွားသောအခါ သနားစဖွယ်မေးနေသော မျက်လုံးများဖြင့် ကြည့်ကာ သူ့လက်များကို လျှာဖြင့် လျက်ကြလေသည်။ ဤအပြုအမူများကို တွေ့မြင်ရလျှင် ကျောက်သားကဲ့သို့မာကျောသော အသည်းနှလုံးကိုပင်လျှင် အရည်ပျော်သွားမည် ဖြစ်ပေသည်။ ဒမ္မရီသည် မိမိကိုယ်နှင့်မိမိ စစ်ခင်းနေရသည်။ ဆင်းရဲခြင်း၏ ဒဏ်သည် သူ၏ ဝမ်းတွင်းဝယ် တနံ့နံ့စားလျက် ရှိလေပြီ။ မသာယာသော မျက်လုံးများမှာ မျက်ရည်များဖြိုင်ဖြိုင်ကျဆင်းကာ သူ့တဲအတွင်းသို့ ဝင်ခဲ့လေသည်။ နောက်တစ်နေ့အထိ စောင့်ဆိုင်းရဦးမည်။ မနက်ဖြန်ခါကျလျှင် တစ်စုံတစ်ယောက်ထံမှ ငွေသွားချေးမည်။

ညဥ့်၁၁နာရီခန့်တွင် ဒမ္မရီသည် အိပ်ပျော်နေရာမှ လန့်နိုးလေရာ နွားများသည် သူ့ကို မျှော်လင့်ချက် ကြီးစွာဖြင့် ကြည့်နေကြသည်ကို တွေ့ရလေသည်။ သူသည် ကြည့်မနေနိုင်တော့ချေ။ ထိုတိရစ္ဆာန်များကို သူသည် အဘယ်မှာလျှင် အငတ်ထားနိုင်အံ့နည်း။ သူ့အဖို့ နွားများသည် သားရင်းပမာ ချစ်ခင်ကြင်နာ နေပါသည်။ သူသည် တံစဉ်နှင့် အိတ်ကို ယူပြီးလျှင် နွားစာရှာရန် အိမ်မှ ထွက်လာခဲ့လေသည်။ ရွာပြင်ထွက်လိုက်လျှင် သီးနှံခင်းတွေကို တွေ့ရလေသည်။ ထိုသီးနှံခင်းများကို ကြည့်ရင်း သူ၏ ခန္ဓာကိုယ်သည် တဆတ်ဆတ် တုန်နေလေသည်။ မဖြစ်ပါ။ သူများပစ္စည်းကို မခိုးယူလိုပါ။ ဤမျှ နိမ့်ကျသည့်အလုပ်ကို မလုပ်လိုပါ။ 'ဒါပေမဲ့ နွားတွေငတ်နေပြီ' တစ်စုံတစ်ယောက်သော သူက သူ့ကို တိုးတိုးပြောနေသံ ကြားလိုက်ရလေသည်။ သူ၏ အတွင်းစိတ်တွင် သူနိုင်ငါနိုင် တိုက်ခိုက်လျက်

ရှိသော စစ်ပွဲသည် ချက်ချင်း ပြီးဆုံးသွားလေသည်။ နွားများက အနိုင်ရရှိသွားလေပြီ။

သူသည် ထိုညဥ့်အဖို့ နွားစာအတွက်လုံလောက်ရုံသာ ရိတ်ယူမည်။ အကယ်၍ တစ်စုံတစ်ယောက်က သူ့ကို ဖမ်းမိသွားသည့်တိုင်အောင် သူ့နွားများ အစာငတ်နေသည့်အကြောင်း ပြောပြမည်။ ဤအနည်းငယ်မျှသော နွားစာအတွက် မည်သူမျှ သူ့ကို ကြီးလေးသော အပြစ်ပေးလိမ့်မည် မဟုတ်။ အလွန်ဆုံး တန်ဖိုးလောက်ကိုသာ လျော်ခိုင်းလိမ့်မည်။ တကယ်ဆိုတော့လည်း သူသည် တစ်ဆင့်ရောင်းစားရန် ခိုးယူနေခြင်းလည်း မဟုတ်ပေ။

သူလယ်ကွင်းထဲမှ ထွက်လာသည့်အချိန်တွင် ကျေးရွာပုလိပ်သားသည် ထိုလမ်းအတိုင်း လျှောက်လာလေသည်။ သူသည် ထိုရွာထဲရှိ သစ်သီးဆိုင်မှ ကစားဝိုင်းကို ဖမ်းဆီးရန်အတွက် သွားနေခြင်းဖြစ်သည်။ အချိန်မတော်ကြီးတွင် လူတစ်ယောက် လယ်ကွင်းထဲမှ အိတ်ကိုထမ်း၍ ထွက်လာသည်ကိုတွေ့သောအခါ 'ဘယ်သူလဲ ရပ်လိုက်'ဟု အော်ဟစ်ကာ ဟန့်တားလိုက်လေသည်။ ဒမ္မရီသည် အံ့အားသင့်ကာ ကြက်သေသေနေလေသည်။ သူကြောက်ရွံ့ စိုးရိမ်ခဲ့သမျှတွေ တကယ်ပင် ဖြစ်လာလေပြီ။ သူသည် စကားစရှာကာ 'ဆရာရယ် ကျွန်တော် နည်းနည်းလေး ရိတ်တာပါ၊ ကြည့်ပါ ဆရာရယ်၊ ကျွန်တော့် နွားတွေ ငတ်နေလို့ပါ'ဟု တုန်တုန်ယင်ယင်နှင့် ပြောလိုက်လေသည်။

'ခိုးရိတ်တယ် ဟုတ်လား၊ ဒါ ဘယ်သူ့လယ်လဲ'ဟု ပုလိပ်သားက မေးလိုက်သည်။

'မေထူ့လယ်ပါ'ဟု ဒမ္မရီက ဖြေသည်။

'မင်း သူခိုးပဲ၊ ငါနဲ့လိုက်ခဲ့'ဟု ဆိုကာ ခေါ်သွားလေသည်။ သစ်သီးဆိုင်မှ ကစားဝိုင်းကို ဖမ်းပြီး လွှတ်လိုက်လျှင် ရရှိမည့် လာဘ်ငွေများ အပြင် အနည်းငယ် အပိုဆောင်း၍ ရတော့မည်ဟု ထင်ထားလေသည်။ သို့သော်လည်း ဆင်းရဲလှသော ဒမ္မရီသည် သူ့ကို အဘယ်မှာလျှင်

ပေးနိုင်အံ့နည်း။ နောက်ဆုံးတွင် သူ့ကို ပုလိပ်ဌာနသို့ ခေါ်သွားလေသည်။ ခိုးမှုဖြင့် တိုင်ချက်ဖွင့်ပြီးလျှင် နောက်တစ်နေ့ ရိုင်းသခင်၏ ရုံးသို့ အမှုစွဲတင်လိုက်လေသည်။

ရိုင်းသည် ဒမ္မရီကို တရားခံများအတွက် ကန့်သတ်ထားရှိသည့် နေရာတွင် တွေ့ရှိရသောအခါ ဒေါသအိုး ပေါက်ကွဲလေတော့သည်။

'အို မင်းလူဆိုးပဲ၊ ငါ့ကို အရှက်ခွဲတယ်၊ ရိုင်းရဲ့ တပည့်တွေဟာ သူခိုးတွေပဲလို့ ပြောကြတော့မှာပဲ၊ မင်းအတွက်တော့ အရှုံးမရှိပါဘူး၊ အစိုးရစရိတ်နဲ့ ခြောက်လထောင်ထဲသွားပြီး နေပေတော့၊ မင်း ငါ့တပည့် မဟုတ်ဘူးဆိုရင် ဒီထက် ညှာညှာတာတာ လုပ်ရမှာ၊ အခု မင်းက ငါ့တပည့် ဆိုတော့ နမူနာပြလောက်အောင် အပြစ်ပေးရမယ်၊ ရိုင်းသခင်ဟာ သူ့ တပည့်ကျတော့ ဘက်လိုက်ပြီး အပြစ်လျှော့ပေးတယ်လို့ လူအများ ပြောတာဆိုတာ ငါ မခံနိုင်ဘူး'

ဤသို့ ပြောဆိုပြီးလျှင် ဒမ္မရီအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ခြောက်လကျခံစေရန် စီရင်ချက် ချမှတ်လိုက်လေသည်။

ထိုနေ့မှာပင် လူသတ်မှုနှင့် ပတ်သက်သည့် အာမခံလျှောက်လွှာ လည်း ရိုင်းထံရောက်ရှိလာရာ တရားခံအား ခံဝန်ချုပ်နှင့် လွှတ်ထားရန် အမိန့်ချမှတ်လိုက်လေသည်။

ထိုအဖြစ်အပျက်နှစ်ခုစလုံးကိုကျွန်တော်ကြားသိရသဖြင့် ယဉ်ကျေး ခြင်း ဆိုသည်မှာ 'လူရည်လည်လုပ်ခြင်း'ကိုပင် ခေါ်သည်ဟု စွဲမြဲစွာ ယုံကြည်မိတော့သည်။

**( မြဝတီ။ ဇွန်၊ ၁၉၇၀ )**

# ၆
# ရဲကြီးပြောသော ပုံပြင်

တစ်နေ့သော ညနေစောင်းတွင် ကျွန်တော်သည် မြင်းလှည်းစီးပြီး မြို့သို့ သွားပါသည်။ လမ်းခုလတ်တွင် ခရီးသည်တစ်ဦး မြင်းလှည်းပေါ်သို့ တက်လာပါသည်။ မြင်းလှည်းမောင်းသမားသည် ထိုခရီးသည်ကို တင်ဆောင်လာလိုစိတ် မရှိသော်လည်း ထိုသူမှာ ရဲအရာရှိတစ်ဦး ဖြစ်နေသောကြောင့် မလွှဲမရှောင်သာ သဘောဖြင့် တင်ဆောင်လာခဲ့ရရှာသည်။

ကျွန်တော်သည် ရဲများကို ဝေးဝေးက ရှောင်ပါသည်။ ကျွန်တော် ခံစားခဲ့ရဖူးသော ဘဝအတွေ့အကြုံအရ သူတို့ကို မျက်နှာချင်း မဆိုင်လိုပါ။ ထို့ကြောင့် တစ်ဖက်သို့ ရွှေ့ထိုင်လိုက်ပြီး မျက်နှာ လွှဲထားလိုက်ပါသည်။ ရဲအရာရှိသည် ရုတ်တရက်ဆိုသလို စကား စပြောပါတော့သည်။

'လူတော်တော်များများဟာ ကျုပ်တို့ ရဲတွေကို လာဘ်စားတယ်လို့ ပြောကြတယ်၊ ဒါပေမဲ့ ကျုပ်တို့ ရဲတွေဟာ အဲဒီလာဘ်ကို မစားချင်ဘဲနဲ့ စားနေရတယ်ဆိုတာ သိကြဟန်မတူဘူး၊ တကယ်လို့သာ ကျုပ်တို့ရဲတွေ လာဘ်မစားဘူးဆိုရင် ကျုပ်လောင်းရဲပါတယ်၊ အဲဒီ ဂုဏ်သရေရှိ လူကြီးလူကောင်းဆိုတဲ့ လူတွေ၊ ဝဝတုတ်တုတ် သူဌေးကြီးတွေ၊ သူကြွယ်

ကြီးတွေ အားလုံးဟာ အချုပ်ထဲကကို ထွက်ကြရတော့မှာ မဟုတ်တော့ဘူး၊ ခင်ဗျားတို့ ယုံချင်လဲယုံ၊ မယုံချင်လဲ နေကြပေါ့၊ ကျုပ်တို့လာဘ်စားအောင် လူတွေက ဝိုင်းလုပ်နေကြတာဗျ၊ ကျုပ်တို့ ပါးစပ်ပေါက်ထဲ အတင်းထည့်ပေး နေကြတာ၊ နည်းအမျိုးမျိုးနဲ့ ကျုပ်တို့ကို မစား စားအောင် လုပ်နေကြတာ သိလား၊ အဲဒီတော့ ကျုပ်တို့လည်း အများအလိုလိုက်ပြီး ပါးစပ်ကို အသာ ဟပေးထားလိုက်တာပေါ့ဗျာ၊ ဟဲ ဟဲ ဟဲ'

ထိုစကားကိုကြားရသောအခါ ကျွန်တော်က 'လာဘ်မစားဘဲ လုပ်ရင် မှန်မှန်ကန်ကန် ပြီးပြတ်နိုင်တဲ့ အမှုကိစ္စတွေဟာ လာဘ်စားထား တော့ အမှန်တရားကို ရောက်နိုင်ပါဦးမလား'ဟု ဆိတ်ဆိတ်မနေနိုင် တော့သဖြင့် အမှတ်တမဲ့ မေးလိုက်မိပါသည်။

ရဲကြီးသည် အသံကလေးများထွက်အောင် ရယ်လိုက်ပါသည်။

'ခင်ဗျားပဲ စဉ်းစားကြည့်လေ၊ ကျုပ်တို့ ရဲတွေလည်း လူထဲက လူတွေပဲ မဟုတ်လား၊ ဒီလောကကြီးထဲမယ် လူတွေဟာ ကိုယ့်အဖို့တော့ ကိုယ်မကြည့်တဲ့ လူရယ်လို့ ရှိမယ် မထင်ပါဘူး'ဟု ပြန်ပြောပါသည်။

ကျွန်တော်က တစ်စုံတစ်ခုကို ချေပပြောဆိုမည်ပြုစဉ် မြင်းလှည်း အနီးမှ လူတစ်ယောက် ဖြတ်သွားသည်ကို တွေ့လိုက်ရပါသည်။ သူသည် အင်္ကျီရှည်ကို ဝတ်ထားပြီးလျှင် သိုးမွေးဦးထုပ်ကို ဆောင်းထားပါသည်။ ကျွန်တော်တို့နှင့် ပါလာသူ ရဲကြီးက ထိုသူအား အော်ဟစ်ခေါ်ငင်ကာ နှုတ်ဆက်လိုက်သည်။

လမ်းပေါ်မှ လူသည် ရဲကြီးကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဆဲဆို ရေရွတ်လေတော့သည်။ ဆဲဆိုရုံနှင့်မပြီးသေးပါ၊ လမ်းဘေးမှ ကျောက်ခဲများကို ကောက်ကာ ကျွန်တော်တို့အား ပစ်ခတ်ပါတော့သည်။ ခဲတစ်လုံးသည် ကျွန်တော့်အား ထိမှန်လုနီးပါး ဖြစ်သွားပါသည်။ နောက်ခဲတစ်လုံးမှာ အရာရှိ၏ ဒူးခေါင်းကို ထိမှန်ပါသည်။ ကံကောင်း ထောက်မ၍ မြင်းလှည်းသည် ခပ်မြန်မြန်သွားနေသဖြင့် မကြာမီ အလှမ်း မမီသည့် နေရာသို့ ရောက်လာပါသည်။

ကျွန်တော်က ရဲအရာရှိကြီးအား ခဲနှင့်ပေါက်သူသည် မည်သူမည်ဝါ ဖြစ်ကြောင်း စိတ်နောက်နေသူလော စသည်ဖြင့် မေးမြန်းပါသည်။

'စိတ်မနောက်ပါဘူး၊ ကျုပ် သူ့ကို နှုတ်ဆက်မိတာ မှားသွားတယ်၊ သူဟာ ကျုပ် ရန်သူဟောင်းကြီးပဲ၊ ကျုပ်က ဒါလောက်ကြာရင် ဟိုတုန်းက အဖြစ်အပျက်တွေ မေ့လောက်ပြီထင်တာကိုး၊ အတွက်မှားသွားတယ်'ဟု ဒူးကိုပွတ်ရင်း ဖြေပါသည်။

'ခင်ဗျားဟာ သူထောင်ကျအောင် လုပ်ဖူးတယ်၊ ထင်တယ်'ဟု ကျွန်တော်က စူးစမ်းလိုက်သည်။

'ဒီအကြောင်း ပြောရရင်တော့ အရှည်ကြီးပေါ့၊ သူဟာ ထင်တိုင်း လုပ်နိုင်ရင် ကျုပ်ကို အစိမ်းလိုက် ဝါးစားပစ်မှာ'

'ခင်ဗျားပြောတာနဲ့ ကျွန်တော် သိပ်သိချင်နေပြီ၊ ဖြစ်ပျက်ပုံကလေး ပြောစမ်းပါဦး'

ကျွန်တော်၏ တောင်းပန်ချက်ကြောင့် ရဲအရာရှိသည် ဤသို့လျှင် အတိတ်ကို ဆောင်ပါသည်။

'နှစ်ပေါင်း အတော်ကြာပါပြီဗျာ၊ အဲဒီတုန်းက ကျုပ်ဟာ 'ဆာဒါ' ဆိုတဲ့ မြို့ကလေးမယ် တာဝန်ကျတယ်၊ ဒီအချိန်တုန်းကတော့ ဘာမှ ပူရပင်ရမှန်းမသိ၊ ပျော်ပျော်ပါးပါး လွတ်လွတ်လပ်လပ်ကြီးနေတဲ့အချိန် ပေါ့၊ မကြာခင်ပဲ ကျုပ်ဟာ နာမည်ပျက်ရှိတဲ့ အမျိုးသမီးတစ်ဦးနဲ့ အကျွမ်းတဝင်ဖြစ်ခဲ့တယ်၊ နောက်ကျတော့လည်း တစ်ယောက်နဲ့တစ်ယောက် သိပ်ရင်းနှီးသွားကြတယ်ပေါ့၊ အခုတောင်မှ သူ့အကြောင်းတွေ ပြန်စဉ်းစား မိရင် မျက်ရည် စို့ချင်တယ်၊ သူ့လို အမျိုးသမီးက ဒါလောက်တောင် ချစ်တတ် ခင်တတ် ကြင်နာတတ်တယ်ဆိုတာ မယုံနိုင်လောက်အောင် တွေ့ခဲ့ရတာကိုး၊ နှစ်နှစ်နီးပါး သူနဲ့ ပျော်ပျော်ကြီးနေခဲ့တာပေါ့၊ အဲဒီအချိန်ဟာ ကျုပ်ဘဝမယ် မမေ့နိုင်လောက်အောင် သာယာပျော်ရွှင်ဆုံးပဲ ကဲ တိုတိုပဲ ပြောကြပါစို့၊ နှစ်နှစ်ကြာတော့ ကျုပ် ပြောင်းရရော၊ အဲဒီ သတင်းလည်း ကြားလိုက်ရော ကျုပ်အသည်း ကွဲတာပဲ။

'ပြောင်းဖို့ရွှေ့ဖို့ သုံးရက်အချိန်ရတယ်၊ အဲဒီ သုံးရက်အတွင်းမယ် ကျုပ်လည်း အမျိုးမျိုးအကြံထုတ်တာပဲ၊ သူနဲ့အတူ ကာလကတ္တား ထွက်ပြေးကြပြီး ကုန်ရောင်းကုန်ဝယ် လုပ်စားမယ်လို့လည်း ကြံတယ်၊ ရွာကလေးတစ်ရွာ သွားနေကြပြီး လယ်ယာလုပ်ငန်းနဲ့ အသက်မွေးကြမယ်လို့လည်း အောက်မေ့မိတယ်၊ လက်တွေ့ကျတော့ ဒါတွေဟာ တစ်ခုမှ မဖြစ်နိုင်ဘူးဆိုတာ မစဉ်းစားမိဘူး၊ မိန်းမတွေဟာ အစဉ်းစားအဆင်ခြင် မရှိဘူးလို့ ကျုပ်တို့က ထင်တယ်၊ တကယ်တော့ သူတို့ဟာ ကျုပ်တို့ ယောကျ်ားတွေထက် အမြော်အမြင်ရှိတယ်ဗျ၊ အဲဒီ အမျိုးသမီးဟာ ကျုပ်အစီအစဉ်တွေကို ဘာတစ်ခုမှ လက်မခံဘူး၊ သူက အကြံပေးတယ်၊ ကျုပ်က ပြောင်းသွားနှင့်ပြီး အိမ်တစ်လုံး ငှားထား၊ မကြာခင် သူလိုက်လာခဲ့မယ်တဲ့၊ ဒီလိုနဲ့ ခွဲခွာရမယ့် အချိန်ရောက်လာပါရော၊ ထွက်ခွာရမယ့် အချိန်ရောက်နေပေမယ့် ကျုပ်ကတော့ သူ့အိမ်ကကို မထွက်နိုင်ဘူး၊ သူ့ကို ထားပစ်ခဲ့ပြီး ခွဲခွာသွားရမှာကို ကျုပ်အတွက် အခက်ကြီးခက်နေတယ်၊ အို ကျုပ်ဇာတ်လမ်းက ရှည်နေပြန်ပါပြီ၊ ဒါနဲ့ သူ့ကို နှုတ်ဆက်ပြီး ရက်အနည်းငယ်အတွင်း သူ့ကိုခေါ်လိုက်မယ်လို့ ကတိပေးပြီး ခွဲထွက်လာခဲ့ရတာပါပဲ။

'ရက်အနည်းငယ်အတွင်း ခေါ်လိုက်မယ်လို့ ပြောခဲ့ပေမယ့် အဲဒီ ခေါ်ရမယ့်ရက်ကို ရောက်မလာတော့ဘူး၊ တစ်ပတ်လုံးလုံး အရာရှိအသစ်တွေနဲ့တွေ့ရ၊ တာဝန်ကျတဲ့ ဒေသကို လေ့လာရနဲ့ မအားအောင်ဖြစ်နေတာကို အဲဒီအတောအတွင်း ကျုပ်ရဲ့ မိဘတွေက ကျုပ်ကို မိန်းမပေးစားဖို့ စီစဉ်ကြတယ်၊ အဲဒီ လက်ထပ်ဖို့ကိစ္စအတွက် အိမ်ကို အမြန်ပြန်လာဖို့ မှာလိုက်တယ်၊ လက်ထပ်မယ့် ကိစ္စကို စိတ်ဝင်စားနေတာနဲ့ ကျုပ်မိတ်ဆွေ အမျိုးသမီးကို သတိမရနိုင်တော့ဘူး၊ တစ်လလောက်ကြာပြီးတော့ ကျုပ်ဇနီးနဲ့အတူ တာဝန်ကျရာမြို့ကို ပြန်လာတယ်၊ ဒီအချိန်ကျတော့ ဟိုအမျိုးသမီးကို လုံးလုံးမေ့နေတာပေါ့ဗျာ၊ တစ်နေ့ကျတော့ သူ့ဆီက စာတစ်စောင်ရတယ်၊ ကျုပ်က စာမပြန်ပါဘူး၊ သူများ တစ်နေ့နေ့ အထုပ်အပိုးတွေနဲ့ လိုက်များလာချေမလားလို့ တွေးပြီး စိုးရိမ်နေမိသေးတယ်၊ သူကတော့ လိုက်မလာရှာပါဘူး'

'တစ်နှစ်နီးပါးလောက် ကြာပြီးတဲ့နောက်ကျတော့ ဆာဒါကို သွားရောက်ဖို့ အခွင့်ကြုံလာတယ်၊ အဲဒီအခါမယ် ကျုပ် မိတ်ဆွေဟောင်း အမျိုးသမီးကို သွားတွေ့တာပေါ့၊ သူ့အိမ်လေးဟာ အရင်ကထက် သပ်သပ်ရပ်ရပ် ဖြစ်နေတာတွေ့ရတယ်၊ ဒီလိုတွေ့ရတော့ ကျုပ်ဟာ သူ့အတွက် တစ်ခါတလေ တွေးတော ပူပန်မိတာတွေဟာ မလိုပါကလားလို့ အောက်မေ့မိတယ်၊ ဒီလောကမှာ ကျုပ်လို ပူပင်တတ်တဲ့လူ ရှိမယ်မထင်ပါဘူး၊ အိမ်တံခါးကို အတွင်းဘက်က မင်းတုပ်ချပြီး ပိတ်ထားတယ်၊ ကျုပ်က သူ့နာမည်ကို ခေါ်တော့လည်း ထူးသံမကြားဘူး၊ သူဟာ ကျုပ်ကို ခုထက်ထိ စိတ်ဆိုးမပြေသေးလို့ ကျုပ်ခေါ်သံကို ပြန်မထူးတာပဲလို့ တွေးမိတယ်၊ တံခါးကို နာနာခေါက်ရင်း ပါးစပ်ကလည်း သူနဲ့အဆက်အသွယ် ပြတ်နေရတဲ့အကြောင်းနဲ့ ပတ်သက်ပြီး ဆင်ခြေတွေ အမျိုးမျိုးရေရွတ်ပြောဆိုနေတာပေါ့၊ အသက်မသေရုံတစ်မယ် ဖျားနာပြီး အိပ်ရာထဲလဲနေလို့ပါ။ ဘာဖြစ်လို့ ညာဖြစ်လို့နဲ့ စုံနေတာပဲ၊ ၁၅မိနစ်လောက်ကြာတော့မှ တံခါးပွင့်လာပြီး ကျွန်တော့်ကို အထဲခေါ်တယ်၊ ပြီးတော့ သူကိုယ်တိုင် တံခါးကို မင်းတုပ်ထိုးပြီး ပြန်ပိတ်လိုက်တယ်။

'ကျုပ်ကတော့ ဆင်ခြေပေးသလို သူ့ကို ရှင်းလင်းတင်ပြသလိုနဲ့ မင်းကို အခု ငါတောင်းပန်ရအောင် လာတာပါ၊ ဒီက ထွက်သွားကတည်းက ငါ့မယ် အကုသိုလ်တွေ ဆက်တိုက်ဝင်နေတာပဲ၊ ဖျားနေလိုက်တာ သေခါနီးပဲလို့ ပြောလိုက်တယ်'

'တောင်းပန်ဖို့မလိုပါဘူးရှင်၊ ရှင်ဟာ ကျွန်မကို လက်ထပ်ယူထားတာမှ မဟုတ်ဘဲ၊ အသည်းနှလုံးက ဖြစ်ပေါ်လာတဲ့ အချစ်ကိစ္စဟာ ဘယ်လိုဖြစ်တတ်တယ်ဆိုတာ ကြိုတင်ပြောဖို့ အခက်သားကလား၊ ရှင့်ကို ကျွန်မ ဘယ်လိုမှအဆိုးမဆိုပါဘူး၊ ရှင်လဲ တခြားလူတွေလိုပါပဲ၊ မထူးပါဘူး၊ ယောကျ်ားသားတွေဟာ ကျွန်မဆီ ပျော်ပါးဖို့ လာကြတာပဲ၊ ရာသက်ပန် ပေါင်းသင်းနေထိုင်ဖို့ ဘယ်ယောကျ်ားမှ မလာပါဘူး၊ ဒီလို ဝင်ရောက်

လည်ပတ်တာကိုပဲ ကျေးဇူးတင်လှပါပြီရှင်’လို့ ပြန်ပြောတယ်၊ သူ့အမူအရာကတော့ ကျုပ်ပြောတာတွေ တစ်လုံးမှ ယုံပုံမရပါဘူး။

‘ကျုပ်က ဖျားပြီး အိပ်ယာထဲလဲတဲ့အကြောင်း အသေးစိတ်ရှင်းပြပြန်တယ်၊ ဒီတော့ အမျိုးသမီးကပြုံးပြီး ‘ရှင့်အဖျားရောဂါက ရိုးရိုးအဖျား ဟုတ်မယ် မထင်ဘူး၊ ထူးထူးဆန်းဆန်း အဖျားမျိုးထင်တယ်၊ အဲဒီအဖျားဝင်ရင် ပိန်မသွားဘဲ ကိုယ်အလေးချိန် တိုးပြီး ဝလာတဲ့ အဖျားမျိုးနဲ့ တူတယ်၊ ရှင်ဟာ အရင်ကထက် နှစ်ဆလောက် ဝဖြိုးနေပါလား’လို့ ပြန်ပြောတယ်။ ကျုပ်ကလည်း မလျှော့ဘူး၊ ဖျားနေတုန်း ဝလာပေမယ့် ရောဂါကို သေလုနီးပါး ခံစားရတဲ့အကြောင်း၊ ပြောပြန်တယ်၊ ပြီးတော့ ဆက်ပြီး သူ့စိတ်ကို ဆွပေးတဲ့သဘောနဲ့ ‘မင်းကတော့ ငါ့ကို လုံးလုံးကြီး မေ့နေပြီပေါ့လေ’လို့ ပြောလိုက်တယ်။ ဒါကျတော့ သူသည်းမခံနိုင်တော့ဘူး၊ ‘ရှင်က ကျွန်မကို အပြစ်တင်တယ် ဟုတ်လား၊ ရှင်ဟာ ကျွန်မပေးလိုက်တဲ့ စာကိုတောင် ပြန်ဖော်မရဘူး၊ ကျွန်မတွေ့ဖူးတဲ့ ယောကျ်ားတွေထဲမယ် ရှင်ဟာ သစ္စာမရှိဆုံး မယုံကြည်ရဆုံးလူပဲဆိုတာ သိရတယ်၊ ရှင်ဟာ မင်္ဂလာဆောင်တယ်၊ ဇနီးအသစ်ကလေးကို အိမ်ခေါ်လာတယ်၊ ဒါပေမဲ့ ကျွန်မကိုတော့ ဘာတစ်ခုမှ အကြောင်းမပြန်ဘူး၊ ရှင့်မျက်နှာကိုလည်း ကျွန်မ ကြည့်တောင် မကြည့်ချင်ဘူး’လို့ စိတ်ဆိုးမာန်ဆိုးနဲ့ ရန်တွေ့ပါလေရော။

‘ကျုပ်လည်း ဘာပြောရမှန်းမသိဘူး၊ ဒါနဲ့ စကားမရှိ စကားရှာပြီး ‘မင်္ဂလာဆောင်တာ မင်း ဘယ်လိုလုပ်သိသလဲ’လို့ မေးလိုက်တယ်။ ‘ဟုတ်တယ် ဟုတ်လား’ လို့ သူက ပြန်မေးတယ်။ ပြီးတော့ သူကပဲ ဆက်ပြီး ‘ရှင့်အသံကိုကြားတော့ မောင်းထုတ်လိုက်ရမလားလို့ အောက်မေ့မိသေးတယ်’လို့ ပြောလိုက်တယ်။ ကျုပ်ကတော့ အပေါ်အင်္ကျီနဲ့ ရှူးဖိနပ်ကို ချွတ်ပြီး အိပ်ရာပေါ်မယ် စိမ်ပြေနပြေလှဲရင်း မျက်နှာချီသွေးပြီး ချော့ရတာပေ့ါ။

‘လီလာရယ် ဒီလိုတော့ မရက်စက်ပါနဲ့ကွယ်၊ ငါ့ဟာငါလဲ ရှက်မိပါတယ်၊ သူတစ်ပါး စိတ်ဆင်းရဲအောင် မပြောပါနဲ့တော့ ၊ ငါ့အမှားတွေ

ကို ဝန်ချတောင်းပန်ဖို့ လာခဲ့တာပါ၊ မင်း ငါ့ကို ခွင့်လွှတ်ပါတယ်လို့ ပြောလိုက်စမ်းပါကွယ်၊ ကဲ အချစ်ရယ် ပြုံးပြုံးကလေးနဲ့ ကွမ်းရာတစ်ယာ လောက် မင်းရဲ့ ချစ်စရာကောင်းတဲ့ လက်ကလေးနဲ့ ယာပေးပါလားကွယ် နော်'

'ဒီလိုပြောလိုက်တော့ လီလာဟာစိတ်ပြေသွားပုံရတယ်၊ ကွမ်းအစ် ကိုယူပြီး ကွမ်းရွက်ကို ထုံးသုတ်နေတုန်း အပြင်ဘက်က တံခါးခေါက်သံ ကြားရတော့ ကျုပ်ဟာ နေရာက အလန့်တကြားထလိုက်တယ်၊ 'ဘယ်သူ လဲ'လို့ ကျုပ်က တုန်တုန်ယင်ယင်နဲ့ မေးလိုက်တော့ လီလာက သူ့နှုတ်ခမ်း ရှေ့မယ် လက်ညှိုးတင်ပြီး 'တိတ်တိတ်နေပါ၊ ကျွန်မယောကျ်ားနဲ့ တူတယ်၊ ရှင် ပြန်မလာတော့ဘူးဆိုတာသိတော့ ကျွန်မ အိမ်ထောင်ပြုလိုက်တယ်'လို့ တိုးတိုးလေးပြောတယ်။ ဒီတော့ ကျုပ် ဘာဆက်လုပ်ရမှန်း မသိတော့ဘူး။ 'ဘာပြုလို့ အစက မပြောသလဲ၊ စောစောက သိရင် ဘယ်နေမလဲ ချက်ချင်းပြန်သွားမှာပေါ့၊ ကဲ အခု ဘယ်လိုလုပ်မလဲ'လို့ ဆိုတော့ သူက 'သူဒီလို စောစောကြီးပြန်လာမယ်ဆိုတာ ကျွန်မ ဘယ်သိမလဲ၊ နေ့တိုင်းတော့ မိုးကြီးချုပ်မှ ပြန်လာနေကျကိုး'တဲ့။ သူကိုယ်တိုင်လည်း ထိတ်ထိတ်ပျာပျာ ဖြစ်နေတာပေါ့။ ဒီအချိန်မှာပဲ တံခါးကို ပုတ်ပြန်တယ်၊ ကျုပ်လဲ ဒီရှုပ်လာတဲ့ ဇာတ်ထဲက ဘယ်လိုလွတ်အောင် ရုန်းထွက်ရပါမလဲဆိုတာ အကြံထုတ်နေ တာပေါ့၊ လီလာလည်း မျက်နှာပျက်နေပြီ၊ ကြောက်လွန်းလို့ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ပြီး 'ဘုရား ဘုရားကယ်တော်မူပါ'လို့သာ တတွတ်တွတ် ရွတ်နေတော့တာပဲ။

'ဟေး အစောကြီးရှိသေးတယ် အိပ်ပျော်နေပြီလားကွ'လို့ အပြင်က ဟိန်းဟောက်လိုက်တဲ့အသံကို ကြားရပြန်တယ်။ နောက်ဖေးပေါက်တို့၊ ကျုပ်ပုန်းခိုနေနိုင်တဲ့နေရာတို့ မရှိဘူးလားလို့ လီလာကို မေးတော့ မရှိဘူးလို့ ဖြေတယ်၊ ကျုပ်ရဲ့ ခြေဖျားလက်ဖျားတွေ အေးစက်လာကုန်ပြီ။ အဲဒီ နားမယ် အခန်းလေးတစ်ခုကို မြင်လိုက်တာနဲ့ အဲဒီအခန်းထဲ ဝင်ပုန်းနေလို့ မဖြစ်ဘူးလားလို့ မေးမိပြန်တယ်။ လီလာကတော့ အဲဒီ အခန်းထဲလည်း

သူ့ယောကျာ်းက ဝင်ကြည့်ချင် ကြည့်မှာဆိုပြီး တယ်သဘောတူပုံ မရဘူး။ တခြား ပုန်းခိုစရာနေရာလဲ မရှိတာနဲ့ အဲဒီအခန်းကိုပဲ ဖွင့်ပေးပါလို့ပြောရ တာပေါ့၊ တခြားနေရာလည်း ဘယ်မှာမှ မရှိဘဲကိုး။

လီလာဟာ ကျုပ်ကို အဲဒီအခန်းထဲ သွင်းလိုက်တိုင်း 'လာပါပြီရှင်၊ လာပါပြီ၊ တကတည်း တံခါးရွက်တွေတော့ ပြုတ်ကျကုန်တော့မှာပဲ'လို့ သူ့ယောကျာ်းကို အော်ပြောလိုက်သေးတယ်၊ သူ့ယောကျာ်းဟာ အိပ်ခန်း ထဲရောက်တာနဲ့ 'မင်း အစောကြီး အိပ်ပျော်နေသလား'လို့ မေးတယ်။ 'ဟုတ်တယ်၊ ကျွန်မ မှေးခနဲ အိပ်ပျော်သွားတယ်'လို့ လီလာက ဖြေတယ်။ အခန်းလေးရဲ့နံရံကြားက လီလာရဲ့ ယောကျာ်းကို မြင်နေရတယ်။ တကယ့် ထောင်ထောင်မောင်းမောင်း တုတ်တုတ်ခိုင်ခိုင်ကြီးပဲဗျ။ ကျုပ်လိုလူမျိုး နှစ်ယောက်လောက်ကိုတော့ အေးအေးလေး ဆွဲရမ်းနိုင်တာပေါ့။ စောစောက ကျုပ်မယ် ကျန်ရှိနေသေးတဲ့ သတ္တိကလေး နည်းနည်းပါးပါးတောင် သူ့ မြင်လိုက်ရတော့ ဘယ်ရောက်ကုန်မှန်း မသိတော့ဘူး။ အဲဒီလို ကြောက်ဒူး တုန်နေတုန်း အဲဒီလူကြီးက 'ဟေ့ စောစောက စကားပြောနေတာ ဘယ်သူလဲ'လို့ မေးသံကြားလိုက်ရပြန်တယ်။

'ရှင်ဟာ မဟုတ်တာတော့ တကယ် အတွေးခေါင်တတ်တဲ့လူပဲ'လို့ လီလာက ပြန်ပြောတယ်။ 'ဘယ်က အတွေးခေါင်တာ ဟုတ်ရမလဲ၊ မင်း လူတစ်ယောက်နဲ့ စကားပြောနေတာ ငါ အသေအချာ ကြားပါတယ်'တဲ့။ 'ဒါမျိုးတွေပဲ ရှင့်ကို ကျွန်မ မကြိုက်တာ၊ ကျွန်မပြောတာ မယုံရင် ရှင့်ဘာသာရှင် ရှာကြည့်ပါလား၊ လူရှိရင် တွေ့မှာပေါ့'လို့ လီလာက ခပ်တည်တည် ပြန်ပြောတယ်။ 'အေး ရှာကြည့်ရမှာပေါ့၊ ရှာလို့မတွေ့ရခင် မင်း ဘယ်သူနဲ့ စကားပြောနေတယ်ဆိုတာ မှန်မှန်ပြောရင် အားလုံးအတွက် ပိုကောင်းလိမ့်မယ်'လို့ ဆိုပြန်တယ်။ ဒီတော့ လီလာက သော့တွဲကြီးကို သူ့ရှေ့ပစ်ချလိုက်ပြီး 'ကဲ သဘောရှိ ရှာတော်မူ၊ ဒီထဲမယ် တစ်ယောက် ယောက်ရှိတယ်ဆိုရင် တွေ့မှာပဲ၊ လူတစ်ယောက်လုံးကိုတော့ အပ်ကလေး

တစ်ချောင်းဝှက်သလို ဝှက်ထားလို့ ရတာမှ မဟုတ်ဘဲ'လို့ ခပ်ဆတ်ဆတ် ပြန်ပြောလိုက်တယ်။

ဒါပေမဲ့ အမျိုးသမီးရဲ့ ပရိယာယ်က သိပ်အောင်မြင်ပုံမရဘူး၊ သူ့ယောကျ်ားဟာ အရင်ကလဲ ဒီလိုကိစ္စမျိုးနဲ့ပတ်သက်ပြီး ခံရပေါင်းများပြီနဲ့ တူပါတယ်၊ သူဟာ သော့တွဲကြီးကို ကောက်ကိုင်ပြီး ကျုပ်ရှိနေတဲ့ အခန်းငယ်ကလေးဆီကို လာတော့တာပဲ၊ လီလာက အံ့သြတဲ့အမူအရာနဲ့ 'ခက်ပါဘိနော်၊ ဒီအခန်းထဲ ဘယ်က လူရှိနိုင်ပါ့မလဲ၊ အဲဒီထဲမယ် ထင်းတွေနဲ့ ပြည့်နေတာပဲဟာ'လို့ ပြောတယ်။ ဒါပေမဲ့ သူ့စကားကို နားမထောင်ဘူး။ သူ့ယောကျ်ားဟာ ခတ်ထားတဲ့ သော့ခလောက်ကို ဖွင့်ဖို့ ကြိုးစားတယ်။ သို့ပေမယ့် သော့တံတွေက တစ်ချောင်းမှ သော့ခလောက်နဲ့မတော်ဘူး။ ဒီတော့ တော်တဲ့သော့တံကိုပေးဖို့ လီလာကို တောင်းပြန်တယ်။

'ရှင်ဟာ တစ်ခါတလေ အရူးလိုပဲ၊ ထင်းတွေနဲ့ပြည့်နေတဲ့အခန်း ကျဉ်းလေးထဲမယ် ဘယ်လိုလုပ်ပြီး လူရှိနိုင်ပါ့မလဲ၊ အဲဒီအခန်းလည်း မဖွင့်တာကို ကြာလှပါပြီ၊ မှောင်ထဲမည်းထဲမယ် အလကားနေရင်း ရှင် မြွေကိုက် ကင်းထိုးခံနေရပါဦးမယ်'လို့ လီလာက ချိုချိုလေး ပြောပြန်တယ်။ သူ့ယောကျ်ားကြီးကတော့ သူ ဘယ်လိုပဲပြောပြော ယုံပုံမရဘူး။ လီလာ ကလည်း ခတ်ထားတဲ့ သော့ခလောက်နဲ့တန်တဲ့ သော့တံကို ရှာသလိုလုပ်ပြီး မတွေ့ဘူးလို့ ပြောလိုက်တယ်။

'အရင်တုန်းက ဒီအခန်းကို ဘယ်တုန်းကမှ သော့ခတ်တာ မတွေ့ဘူးပါဘူး'လို့ ယောကျ်ားလုပ်သူက ပြောပြန်တော့ လီလာက 'ရှင် သတိမထားမိလို့ နေပါလိမ့်မယ်၊ ကျွန်မ ဒီအခန်းကို အမြဲ သော့ခတ်ထား တာပဲ'လို့ ပြန်ပြောတယ်။

ဒီတော့ ယောကျ်ားကြီးက 'မင်း ငါ့ကို ဒီကသော့တံ မပေးဘူး ပေါ့လေ ဟုတ်လား'လို့ ဒေါသသံနဲ့ ထပ်မေးလိုက်ပြန်တော့ သူ့မိန်းမကလဲ တုန်တုန်ယင်ယင်နဲ့ ရှာလို့မတွေ့ပါဘူးလို့ ဆိုနေမှပဲ'လို့ ပြန်ပြောတယ်။ ကျုပ်ဟာလည်း ဒီအချိန်ထိ အထဲက ဘယ်လိုမှ ထွက်ပေါက်ရှာ ထွက်မလဲ

ဆိုတာကိုပဲ အကြံထုတ်ရင်း မတ်တပ်ရပ်နေရတာပေါ့။ ယောကျ်ားလုပ်တဲ့ လူကြီးကလည်း သူ့မိန်းမ သော့ရှာမတွေ့ဘူးလဲဆိုရော ပိတ်ထားတဲ့တံခါးကို တဝုန်းဝုန်းနဲ့ ဆောင့်ဖွင့်တော့တာပဲ၊ ကျုပ်လည်း ကြောက်စိတ်မွှန်ပြီး ဘာ လုပ်ရမှန်း မသိတော့ဘူး။ မှောင်ကြီးထဲမှာပဲ ပုန်းဖို့နေရာကို ရှာတယ်။ တစ်ကိုယ်လုံးလည်း ဆတ်ဆတ်တုန်နေတာပဲ။ အပြင်က မီးရောင်ဟာ ထရံ ကြားကနေပြီး အခန်းထဲဝင်နေတော့ အပေါ်က မျက်နှာကြက်နားမယ် ဆင့်ကလေးတစ်ခု တွေ့လိုက်တော့ ဟန်ကျပြီဆိုပြီး အတော် ဝမ်းသာသွား တယ်။ ဒါပေမယ့် ကျုပ် အဲဒီပေါ်တက်ပြီး ပုန်းဖို့ကြံကာ ရှိသေး အဲဒီအပေါ်မယ် လူတစ်ယောက် ဝပ်ပုန်းနေတာ ရုတ်တရက် တွေ့လိုက် ရတော့ ကျုပ် အံ့အားသင့်သွားပြီး လန့်အော်မိလိုက်တယ်။

အဲဒီတော့မှ အင်း စောစောက ငါလာတုန်းက ၁၅ မိနစ်လောက် ကြာမှ တံခါးဖွင့်ပေးတာ ဒါကြောင့်ကိုးလို့ တွေးမိတာပေါ့၊ ကျုပ်အော်သံ ကြားတော့ အခန်းတံခါးကို အတင်းဆောင့်ဖွင့်တော့တာပဲ၊ တံခါးကလည်း ခိုင်ခိုင်ခန့်ခန့် မဟုတ်တော့ ကြာကြာမခံပါဘူးဗျာ၊ ဝုန်းခနဲ ပွင့်သွားပြီး ယောကျ်ားကြီးဟာ မီးခွက်ကြီးကိုင်ပြီး ရှုပ်ပွနေတဲ့အခန်းထဲ ဝင်လာတော့တာ ပါပဲ။ ကျုပ်ကို တွေ့တော့ မီးခွက်ကို ချပြီး ကျုပ်ကို ကုတ်က ကိုင်ဆွဲထုတ်လာရင်း 'အင်း ဒါကြောင့် သော့က ပျောက်နေတာကိုး၊ ရွှေ ဧည့်သည်ကိုတော့ ငါ့အကြောင်း သိသွားအောင် ကောင်းကောင်းလေး ဧည့်ခံလွှတ်ရမှာပဲ'လို့ ပြောတယ်၊ သူ့မျက်လုံးနှစ်လုံးဟာ ဒေါသဖြစ်လွန်းလို့ နီရဲနေတာပဲ။ သူ့နှုတ်ခမ်းတွေကလဲ သွေးဆာနေသလိုပါပဲ၊ ကျုပ်လဲ ခြေ မကိုင်မိ လက်မကိုင်မိနဲ့ ဘာလုပ်ရမှန်း မသိခင် သူဟာ ဓားကြီးကို ထုတ်ပြီး ကျုပ်နား ကပ်လာတယ်။

ကျုပ်ဟာ ရဲအရာရှိတစ်ယောက်မဟုတ်လား၊ ဒီလို အကျဉ်းအကျပ် တွေ့နေတဲ့ အခါမျိုးမှာတောင် ထွက်ပေါက်ကို ရအောင်ရှာတတ်တဲ့ ဉာဏ်ကလေးမျိုးတော့ ရှိပါသေးတယ်၊ ကျုပ်က ရုတ်တရက် ခင်ဗျား အပြစ်မဲ့တဲ့သူကို သတ်မလို့လား၊ ကျွန်တော်က တပည့်ပါ၊ ကျွန်တော် မာဆပ်နဲ့လိုက်လာတာပါ'လို့ အော်ပြောလိုက်တယ်။

'မာဆပ်ဆိုတာ ဘယ်သူလဲကွ'လို့ သူက ဟိန်းဟောက်သံနဲ့ ပြန်မေးတော့ 'ကျွန်တော့်ဆရာပါ၊ သူအခု ဟိုအခန်းလေးထဲက ဆင့်ကလေး ပေါ်မယ် ရှိပါတယ်'လို့ ဖြေလိုက်တာပေါ့။

ဒီစကားလဲကြားရော ကိုယ်တော်ချောဟာ ကျုပ်ကိုလွှတ်ပြီး မာဆပ်ကို ရှာဖို့ အခန်းထဲဝင်သွားတော့တာပဲ။ ခဏကြာတော့ သူ့ကို ဆင့်ပေါ်က ဆွဲချပြီး အပြင်ထုတ်လာတယ်။ သူ့အဝတ်အစားတွေနဲ့ မြင်နေရတဲ့ပုံသဏ္ဍာန်ကိုက ကျုပ်ပြောတဲ့စကားဟာ အမှန်ပဲလို့ ယုံကြည်စရာ ဖြစ်နေတာကိုး။ သူဟာ သားသားနားနား ဝတ်ဆင်ထားတယ်။ ရေမွှေးတွေ ဆွတ်ထားလိုက်တာလည်း တစ်ကိုယ်လုံး မွှေးကြိုင်နေတာပဲ၊ သူဟာ ဟို အမျိုးသမီးရဲ့ ထွားကျိုင်းတဲ့ယောကျ်ားကြီးလက်ထဲမယ် ကြောက်လက်သည်းကြား ရောက်နေတဲ့ ကြွက်ကလေးလို ဖြစ်နေရှာတယ်။

'မင်း ဘယ်သူလဲ'လို့ ဟိုလူကြီးမေးတော့ သူဟာ တော်တော်နဲ့ အဖြေမပေးနိုင်ဘဲ တုန်တုန်ယင်ယင် ဖြစ်နေပြီးမှ 'ဟို လူလိမ်ပြောတာပါ၊ သူဟာ ကျုပ်တပည့် မဟုတ်ဘူး'လို့ ဖြေတယ်။

'ဟိုလူကို အသာထားစမ်းပါ၊ မင်းက ဒီအထဲကို ဘယ်လိုလုပ် ရောက်နေတာလဲ'လို့ ဒေါသတကြီးနဲ့ ထပ်မေးတော့ ကျုပ်ကပဲ သူ့ကို ညာပြီး အဲဒီအိမ်ကို ခေါ်လာသလိုလို ကြောက်ကြောက်လန့်လန့်နဲ့ မသဲမကွဲပြောနေသေးတယ်။ ဒါပေမယ့် သူပြောတာကို ဟိုလူကြီးက ဘယ်ယုံတော့မလဲ။ ဟိုလူကြီးက ဓားကြီးယူလာပြီး သူ့နှာခေါင်းကို ဖြတ်ပစ်လိုက်တယ်။ ကျုပ်လည်း အဲဒီလို ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေတုန်း သေဘေးက လွတ်အောင် တစ်ကြိုးတည်း လစ်ပြေးခဲ့ရတာပေါ့။

အဲဒီနောက်တော့ ဆာဒါကိုမကြာခဏရောက်ပေမယ့် အဲဒီရပ်ကွက်ဘက်ကိုလှည့်တောင် မကြည့်တော့ဘူး။ ခုနင်က ကျုပ်ကို ခဲနဲ့ လှမ်းပေါက်တဲ့ လူဟာ နှာခေါင်းဖြတ်ခံထားရတဲ့ မာဆပ်ပဲပေါ့။ ခင်ဗျား သူ့နှာခေါင်းကို သတိမထားလိုက်မိဘူးထင်တယ်'ဟု ရဲကြီးက ဆက်ပြောပါသည်။ သူပြောမှ

ပင် ခဲနဲ့လှမ်းပေါက်သူ၏ နှာခေါင်းသည် သာမန်နှာခေါင်း မဟုတ်သည်ကို ပြန်ပြောင်း သတိရမိပါသည်။

ရဲကြီးသည် သူ၏ ပါးနပ်လိမ္မာပုံကို ကြားရသူအပေါင်းက ချီးကျူးဩဘာပေးလိမ့်မည်ဟု မျှော်လင့်ထားပုံရပါသည်။ ကျွန်တော်က သူ မျှော်လင့်ထားသလို မဟုတ်ဘဲ သူသည် သူတစ်ပါးအား သက်သက် ဒုက္ခရောက်အောင် ကလိမ်ဉာဏ်ဆင်ခဲ့တာပဲဟု အပြစ်တင်သလို ပြောလိုက်ပါသည်။

'ဒါတော့ဘယ်တတ်နိုင်မလဲဗျာ၊ ဟို ဒေါသပုန်ထနေတဲ့ ငနဲကြီးက တစ်ခုခု လုပ်လိုက်လို့ ကျုပ် ခံလိုက်ရရင် ကျုပ်အဖို့ အရှက်တကွဲ ဖြစ်ရုံတင်မကဘူး၊ အလုပ်ပါ ပြုတ်မှာဗျ'ဟု သူ့ကိုယ်သူ ကာကွယ်၍ ပြောလိုက်ပါတော့သည်။

ထိုအချိန်မှာပင် မြို့သို့ရောက်နေပြီ ဖြစ်၍ လူချင်းခွဲသွားကြပါ သတည်း။

**( မြဝတီ။ စက်တင်ဘာ။ ၁၉၇၀ )**

# ၇
# ငါနှင့် ငါ့သာ ငါ့ဖို့ရာ

လူများသည် ဖြတ်လမ်းဖြင့် သူဌေး ဖြစ်လိုကြသည်။ ပြင်သစ်ပြည်တွင် ဖွင့်လှစ်မည့် ထီလက်မှတ်များရောင်းချနေသည်ဟု သိရသည်နှင့်တစ်ပြိုင်နက် ကျွန်တော်၏ မိတ်ဆွေ ဗီကရမ်ဆင်း၏ ဖခင်၊ ဦးလေး၊ ညီနှင့် မိခင်ကြီးပါ မကျန် အားလုံးပင် တစ်ယောက်တစ်စောင်စီ ဝယ်ယူလိုက်ကြလေသည်။ သူတို့မိသားစုထဲမှ တစ်ဦးဦးပေါက်လျှင် ရရှိမည့်ဆုငွေမှာ မိသားစုအတွက် ဖြစ်ရပါမည်။

ကျွန်တော်လည်း သည်တစ်ချီတွင် ကံစမ်းလိုစိတ် ဖြစ်ပေါ်လာပါသည်။ ထိုအချိန်အထိ ကျွန်တော်၏ ဘဝအတွေ့အကြုံများသည် ကျေနပ်လောက်ဖွယ် မရှိသေးပါ။ ယခုအခါတွင်မူ ကျွန်တော့်အတွက် ဇာတာစန်းလဂ် ကောင်းချိန် မရောက်သေးဟု မည်သူ ပြောနိုင်ပါအံ့နည်း။

ဗီကရမ်လည်း ကျွန်တော်ကဲ့သို့ပင် ကံစမ်းချင်နေပါသည်။ သူ့မိသားစုထဲမှ တစ်ဦးဦးထီပေါက်လျှင် သူလည်း ဝေစုရရှိမည်ကို သိပါသည်။ သို့သော်လည်း ထိုဆုငွေထဲမှ သူ့အား ခွဲဝေပေးမည်ဆိုစေကာမူ သူ့အဖို့

အများဆုံး ငါးထောင်တစ်သောင်းခန့်သာ ရရှိမည် ဖြစ်ပါသည်။ ဤမျှသော အသပြာနှင့် သူရည်ရွယ်ထားသည့် လုပ်ငန်းများကို ပြီးပြည့်စုံအောင် လုပ်ကိုင်ဆောင်ရွက်နိုင်မည် မဟုတ်ပါ။

သူ့ရည်မှန်းချက်များကလည်း မသေးငယ်လှပါ။ ပထမဆုံးသူသည် ကမ္ဘာလှည့်ရန် လိုသည်။ ကမ္ဘာလှည့်ရာတွင်လည်း အပျော်ခရီးသွားသူတစ်ဦး ကဲ့သို့ ရက်သတ္တပတ် သုံးပတ်လောက်နှင့် ရေးကြီးသုတ်ပျာ သွားလာ လှည့်ပတ်လိုခြင်းမဟုတ်။ နိုင်ငံတစ်ခုသို့ရောက်လျှင် ထိုနိုင်ငံရှိလူမျိုးများ၏ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု စသည်တို့ကို လေ့လာနိုင်ရန် ခပ်ကြာကြာကလေး နေထိုင်လိုသည်။ ပီရူး၊ ဘရာဇီးလ် အစရှိသည့် သာမန်ခရီးသည်တို့ အရောက်အပေါက်နည်းသော နိုင်ငံများကိုလည်း သူ၏ ခရီးစဉ်တွင် ထည့်သွင်းထားပါသည်။ ထို့ပြင် ကမ္ဘာအရပ်ရပ်မှ ထုတ်ဝေသည့် စာအုပ်မျိုးစုံ ထားရှိမည့် စာကြည့် ပိဋကတ်တိုက်ကြီးကို တည်ထောင်ဖန်တီးလိုပါ သေးသည်။ သူသည် ထိုအဆောက်အအုံကြီးအတွက် ငွေတစ်သိန်းအထိ အကုန်ခံရန် ရည်ရွယ်ထားပါသည်။

သို့သော်လည်း ကျွန်တော်တို့ နှစ်ဦးတွင် ထီလက်မှတ် ဝယ်ယူရန် ပိုက်ဆံမရှိကြပါ။ ဗီကရမ်သည် သူ့မိဘထံမှ ထီလက်မှတ်ဖိုး တောင်းခံ၍ ရလိမ့်မည်ဟုလည်း မမျှော်လင့်နိုင်ပါ။ ကျွန်တော်သည် တစ်လလျှင် ၂၅ကျပ်သာ လစာရရှိသော ကျောင်းဆရာကလေး တစ်ဦး ဖြစ်ပါသည်။ ထိုလစဉ် ဝင်ငွေ၏ တစ်ဝက်ကို အိမ်သို့ ပြန်ပို့ရပြီး ကျန်တစ်ဝက်ဖြင့် ခြိုးခြံစွာ နေထိုင်ရပါသည်။ ကျွန်တော့်အဖို့ ငါးကျပ်တန် ထီလက်မှတ်ကို ဝယ်ယူရန် စိတ်ကူးသည်ဟု ဆိုလျှင် အရူးဟု ဆိုကြပေလိမ့်မည်။

ဗီကရမ်ကမူ သူ၏ လက်စွပ်ကိုရောင်းမည်။ သူ့မိဘများက ဘယ် ရောက်သွားသလဲဟု မေးလျှင် လက်က ကျွတ်ကျပြီး ပျောက်သွားပြီဟု ပြောမည်ဟု ဆိုပါသည်။ ကျွန်တော်က ဤသို့ မပြုလုပ်ရန် ဖျောင်းဖျရ ပါသည်။ ဤသို့ ပြုလုပ်လျှင်လည်း မကြာမီ အလိမ်ပေါ်မည်ကို ကျွန်တော် အတပ်သိပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် မိမိတို့၏ စာအုပ်များကို

ရောင်းချ၍ ထိုထိုးရန်ပင် တိုင်ပင်ဆုံးဖြတ်ကြသည်။ ကျွန်တော်တို့တွင် ဂဏန်းသင်္ချာ၊ အက္ခရာ သင်္ချာ၊ ဂဲသြမေထရီ၊ ပထဝီအစရှိသော စာအုပ်များ ရှိပါသည်။ ကျွန်တော်သည် ကျောင်းဆရာတစ်ဦး ဖြစ်နေသည့်အလျောက် စာအုပ်ဟောင်းများရောင်းရန် စာအုပ်ဆိုင်သို့ မသွားလိုပါ။ စာအုပ်ဆိုင်တိုင်း ကလိုလိုပင် ကျွန်တော့်ကို သိနေကြသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် စာအုပ်များသွားရောင်းရန် ကိစ္စကို ဗီကရမ်အား တာဝန်လွှဲအပ်ရပါတော့ သည်။

ဗီကရမ်သည် နာရီဝက်အတွင်းတွင် ငွေငါးကျပ်နှင့် ပြန်လာပါ သည်။ ကျွန်တော်တို့ စာအုပ်များသည် အနည်းဆုံး ၂၅ကျပ်လောက် တန်သော်လည်း ထိုအချိန်က ရရှိခဲ့သော ငွေငါးကျပ်သည် ကျွန်တော်တို့အဖို့ ငါးထောင်လောက် တန်ဖိုးရှိနေပါသည်။ ထိုတစ်စောင်ကို ကျွန်တော်တို့ နှစ်ဦး စပ်တူထိုးကြပြီး ပေါက်လျှင် တစ်ယောက်တစ်ဝက်စီ ခွဲဝေယူရန် သဘောတူလိုက်ကြပါသည်။

ထီဆုငွေမှာ၀သိန်းဖြစ်၍ ကျွန်တော့်ဝေစုရရှိမည့် ငါးသိန်းဟူသော ငွေသည် ကျွန်တော့်အဖို့ များလှသဖြင့် ဝမ်းမြောက် ရွှင်မြူးနေမိပါသည်။ ဗီကရမ်အဖို့မူ သူ၏ စာကြည့်ပိဋကတ်တိုက် ဆောက်လုပ်ရေးစီမံကိန်းကို မပြောင်းလဲလိုသည့်အတွက် ကမ္ဘာလှည့် အစီအစဉ်ကို အနည်းငယ်ပြုပြင် ထားရပါသည်။

'မင့်စာကြည့်ပိဋကတ်တိုက်က ကမ္ဘာပေါ်မယ် အကောင်းဆုံးဖြစ်ဖို့ မလိုပါဘူး'ဟု ကျွန်တော်က ကန့်ကွက်ပြောဆိုပါသည်။ ဗီကရမ်သည် ကျွန်တော်၏ စကားကို နားမဝင်သည့်အပြင် ကျွန်တော့်ထံမှပင် သူ၏ စာကြည့်တိုက် အလှူခံနေပြန်ပါသည်။ ကျွန်တော်ကလည်း မိမိဘာသာ လုပ်ကိုင်ဆောင်ရွက်ရမည့် ကိစ္စများ ရှိနေပြီဖြစ်ပါသည်ဟု အကြောင်းပြကာ ဝမ်းနည်းစွာဖြင့် ငြင်းပယ်လိုက်ရပါသည်။

'မင့်မိသားစုက ပစ္စည်းဥစ္စာ ချမ်းသာတာပဲ၊ မိဘတွေလဲ အသက် ထင်ရှား ရှိနေသေးတယ်၊ ငါ့မတော့ မိသားစုအတွက် ငါ့တာဝန်ချည်း

လုံးလုံးဖြစ်နေတာ၊ ခယ်မနှစ်ယောက်ကိုလဲ လက်ထပ်ပေးရဦးမယ်၊ ညီမ နှစ်ယောက်ကိုလဲ ပညာသင်ပေးရဦးမယ်၊ အိမ်သစ်တစ်လုံးဆောက်ဖို့လည်း ရှိသေးတယ်၊ ဒီတော့ ထီပေါက်လို့ရှိရင် ရတဲ့ဆုငွေကို လုံးလုံးမထိဘဲနဲ့ အဲဒီက ရတဲ့အတိုးကိုပဲ သုံးသွားမယ်၊ ငါသေသွားတောင်မှ အဲဒီငွေကို မထိဘဲ ထာဝစဉ်ရှိနေအောင် စည်းမျဉ်းတွေ ချမှတ်ထားခဲ့မယ်’ဟု ကျွန်တော်က ပြောပါသည်။

‘မင်းဟာ တော်တော် လာဘ်မြင်တဲ့လူပဲ၊ ဒါပေမဲ့ အတိုးနှုန်းတွေက အင်မတန်နည်းတယ်’ဟု ဗီကရမ်က ပြောပါသည်။

ကျွန်တော်တို့သည် ဘဏ်အသီးသီး၏ အတိုးနှုန်းထားများကို လေ့လာကြသည်။ တကယ်ပင် သူတို့ပေးသည့် အတိုးနှုန်းမှာ နည်းလှပါသည်။ ထို့ကြောင့် ထီဆုငွေကို အရင်းအနှီးပြု၍ ငွေချေးစားရသော် ကောင်းလိမ့်မည်ဟု တွေးမိကြပြန်သည်။ ထိုအလုပ်သည် ဝင်ငွေကောင်းသည်သာမက ဂုဏ်ရှိသောအလုပ်လည်း ဖြစ်သည်။ မည်သူမဆို ငွေချေးလိုလျှင် ငွေရှင်ကြေးရှင်ထံသို့ အောက်ကျို့ကာ ချဉ်းကပ်ကြရသည်။ ငွေချေးသောအခါတွင်လည်း မဆုံးနိုင်အောင် အပေါင်ပစ္စည်းနှင့်မှ ချေးမည်ဟု ဆုံးဖြတ်ထားကြပါသည်။

ဤစည်းကမ်းချက်ကိုလည်း မည်သူ့ကိုမျှ လျှော့မပေးရန် တိုင်ပင်ထားကြပါသည်။ အလွန်တရာ ယုံကြည်စိတ်ချရပါသည်ဆိုသော သူများကိုပင် အပေါင်ပစ္စည်း မပါလျှင် ငွေထုတ်ချေးမည် မဟုတ်ပါ။ ရိုးသားလှပါသည် ဆိုသူအများပင်လျှင် အကြောင်းကြောင်းတို့ကြောင့် ဆန်းသွားကြသည်ကို ကျွန်တော်တို့ တွေ့ဖူးကြုံဖူးပါသည်။ သို့သော်လည်း လုံလောက်သောအပေါင်ပစ္စည်းနှင့် ချေးလျှင် ငွေမဆုံးနိုင်ပါ။ ငွေပြန်မရသည့်တိုင်အောင် လက်ဝယ်၌ ပစ္စည်းရှိပြီး ဖြစ်နေပါသည်။

ထီလက်မှတ် ဝယ်ယူရာ၌ နှစ်ဦးအမည်နှင့် မဝယ်ယူနိုင်ဟု သိရပါသည်။ ထို့ကြောင့် ကျွန်တော်တို့နှစ်ဦး ဝယ်ယူမည့် ထီလက်မှတ်ကို မည်သူ၏ နာမည်နှင့် ဝယ်မည်နည်းဟု ဆုံးဖြတ်ရန် လိုလာပါသည်။

ဗီကရမ်က သူ့နာမည်နှင့် ဝယ်ယူရန် ပြောပါသည်။ ကျွန်တော်ကလည်း ကျွန်တော့်နာမည်နှင့် ဝယ်ယူလိုပါသည်။

'ဒါဖြင့်လဲမင်းနာမည်နဲ့ ဝယ်ချင်ဝယ်ပေါ့၊ ငါ့နာမည်နဲ့မဟုတ်တော့ ထီပေါက်လာရင် ငါ့ဆွေမျိုးတွေကိုမကြွားနိုင်တာကလွဲလို့ ဘာဖြစ်ဦးမှာလဲ၊ ဒါလဲ ကလေးကလားဆန်တဲ့ အလုပ်ပါ'ဟု ဗီကရမ်က ပြောပါသည်။

သူ့ကို အတိုက်အခံ ပြောမနေလိုတော့သဖြင့် သူ့အမည်နှင့်ဝယ်ရန် သဘောတူလိုက်ပါသည်။

ထီဖွင့်မည့်ရက်ကို မျှော်တော်ဇောနှင့် မောနေအောင် စောင့်နေကြ ပါသည်။ နံနက်တိုင်းပင် ပြက္ခဒိန်ကိုကြည့်ကာ ထီဖွင့်ရန် ရက်မည်မျှ လိုတော့သည်ကိုရေတွက်ကြပြီး ကျွန်တော့်နေရာသည် ဗီကရမ်တို့အိမ်နှင့် ကပ်လျက်ရှိရာ ကျောင်းမသွားမီနှင့် ကျောင်းက ပြန်လာသည့်အချိန်တိုင်း နှစ်ယောက်သားတွေ့ဆုံကာ လေထဲတွင် တိုက်အိမ်အမျိုးမျိုးကို တည်ဆောက် နေတတ်ကြပါသည်။ တစ်နေ့သောအခါ အိမ်ထောင်ပြုရေး ပြဿနာကို ဆွေးနွေးမိကြပါသည်။

'ငါတော့ဒီအိမ်ထောင်ရေးဝဲဩဃကြီးထဲမယ် လည်မနေချင်ပါဘူး၊ အိမ်ထောင်ပြုတယ်ဆိုတာ စိတ်ရောကိုယ်ရော ဒုက္ခအမျိုးမျိုးတွေနဲ့ ရှုပ်ထွေး နေတာတင် မကဘူး၊ မိန်းမအလိုကိုလိုက်ပြီး နေရမှာကိုက အလုပ်ပိုတစ်ခုပဲ၊ လူမျိုးဆက် တည်တံ့ခိုင်မြဲရေးတို့ ဘာတို့ဆိုတာလဲ ကိုယ်လုပ်မှ မဟုတ်ပါဘူး၊ ဒီတာဝန်ကို ထမ်းဆောင်မယ့် တခြားလူတွေ အများကြီးရှိပါတယ်'ဟု ဗီကရမ်က ဝေဖန်ပြောဆိုပါသည်။

ကျွန်တော်က အိမ်ထောင်ရေးကို ရှုထောင့်တစ်မျိုးမှ ကြည့်၍ ပြောပါသည်။

'မင်းပြောတာလဲ မှန်သင့်သလောက် မှန်ပါတယ်၊ လောကမယ် တွေ့ကြုံခံစားရမယ့် သုခ ဒုက္ခတွေကို ကိုယ်နဲ့အတူတူ ခွဲဝေခံစားမယ့် အဖော်မရှိရင် ဘဝဆိုတာ ဘယ်အဓိပ္ပါယ်ရှိတော့မလဲ၊ အသက်ကလေး

တော်တော်ရလာတော့ အဖော်ကင်းမဲ့တဲ့ အထီးကျန်ဘဝဟာ ငြီးငွေ့စရာ ဖြစ်လာမှာပေါ့၊ အမှန်ပြောရရင် ငါ့အဖို့တော့ အိမ်ထောင်မပြုဘဲ နေသင့်တယ် ဆိုတဲ့ဘက်က မရပ်တည်နိုင်ဘူး၊ ဒါပေမယ့် ဘဝခရီးဖော်ဟာလဲ တကယ့်ကို အားကိုးလောက်တဲ့ ဘဝခရီးဖော်စစ်စစ် ဖြစ်ဖို့လိုတယ်'

'ဒါတော့ကွာ ဘယ်ကိစ္စ ဖြစ်ဖြစ် ကိုယ့်အမြင်နဲ့ကိုယ်ပေါ့၊ မင်းကတော့ အိမ်ထောင်ပြုဖို့ကို လက်ခံတယ်၊ ငါတော့ တစ်ကိုယ်တည်းပဲ နေမယ်၊ တစ်ကိုယ်တည်းနေရတာ ဘယ်လောက် လွတ်လွတ်လပ်လပ် ရှိတယ်ဆိုတာ စဉ်းစားစမ်းပါကွာ၊ သွားချင်တဲ့ဆီ သွားလို့ရတယ်၊ အိပ်ချင်တဲ့ နေရာမယ် အိပ်နိုင်တယ်၊ ကိုယ့်လုပ်ရှားမှု မှန်သမျှကို မယုံသင်္ကာတဲ့မျက်လုံးနဲ့ အမြဲစောင့်ကြည့်နေမယ့်လူ မရှိဘူး၊ တစ်နေရာမယ် ကြာကြာလေး နေမိတာနဲ့ ဖြေရှင်းချက်ပေးနေဖို့ မလိုဘူး၊ တစ်နေရာသွားဖို့ ဟန်ပြင်တာနဲ့ ဘယ်ကြွဦးမလဲလို့ မေးမယ့်လူ မရှိဘူး၊ ဘယ်သူကမှ ငါ့ရဲ့ လှုပ်ရှားမှု မှန်သမျှ မေးခွန်းထုတ်ဖို့ အခွင့်အရေးရှိတယ်ဆိုတဲ့ အယူအဆကို လက်မခံနိုင်ဘူး၊ ဒီလိုမေးခွန်းမျိုးကို ငါ့အနေနဲ့ သူများကိုလဲ မမေးချင်ဘူး၊ ငါ့ကို လာမေးရင်လဲ မကြိုက်ဘူး၊ ဒါပဲ တော်ပြီ၊ ကျေးဇူးပါပဲ၊ အိမ်ထောင်ပြုဖို့တော့ စိတ်တောင် မကူးပါဘူး၊ တော်တော်ကြာ ကလေးအအေးမိလို့ဆိုပြီး ဆေးဆရာဆီ ပြေးရပြန်ပြီ၊ တော်တော်လေး အသက်ကြီးလာပြန်တော့လဲ သားတွေ သမီးတွေက သူတို့တစ်တွေ အမွေမြန်မြန်ရပြီး ဇိမ်ခံချင်တာနဲ့ အဘိုးကြီး အမယ်ကြီး မြန်မြန်ကိစ္စချောပါစေလို့ ဆုတောင်းကြဦးမယ်၊ တော်ပြီဟေ့ တော်ပြီ၊ ငါတော့ ဘယ်တော့မှ အိမ်ထောင်မပြုတော့ဘူး'ဟု ရှုံ့ကာမဲ့ကာနှင့် ဗီကရမ်က ပြောပါသည်။

ထိုအချိန်တွင် ဗီကရမ်၏ ညီမငယ် ကွန်တီသည် အခန်းတွင်းသို့ ရုတ်တရက်ရောက်လာပါသည်။ သူသည် ၁၃နှစ်ကျော် ၁၄နှစ်ခန့်သာ ရှိသော်လည်း အလွန်စပ်စုသူကလေး ဖြစ်သည်။ ဗီကရမ်က သူ့ညီမကို ဆူပူကြိမ်းမောင်းပါသည်။ သူငယ်မသည် ကျွန်တော်တို့၏ လျှို့ဝှက်ချက်

များကို ထုတ်ဖော်တော့မည်ကဲ့သို့ မသက်သာသောမျက်လုံးများဖြင့် ကြည့်နေပါသည်။

'အစ်ကိုတို့နှစ်ယောက်ဟာ အမြဲ စကားပြောနေတာပဲ၊ တခြားလုပ်စရာ ဘာအလုပ်မှ မရှိတော့တဲ့အတိုင်းပဲ၊ အပြင်ထွက်ပြီး လမ်းလျှောက်တာတို့၊ ရုပ်ရှင်ကြည့်တာတို့ မရှိဘူး၊ ရုပ်ရှင် ကားကောင်းတွေတောင် ပြသွားပြီးကုန်ပြီ၊ ကျွန်မ ရုပ်ရှင်သွားချင်ရင်လည်း ဘယ်သူနဲ့သွားရမလဲ၊ အစ်ကိုတို့ဟာ မျက်လှည့်ပြဖို့ တစ်ခုခု ကြိတ်လုပ်နေကြတာလား'ဟု ကွန်တီကပြောပါသည်။

'အေး အေး ဟုတ်တယ်၊ နင့်ကို ကျာပွတ်နဲ့ တစ်နေ့ ငါးချက် ငါးချက်ရိုက်နေမယ့် ယောကျ်ားတစ်ယောက် မျက်လှည့်အတတ်နဲ့ရှာပြီးပေးစားမလို့'ဟု ဗီကရမ်က ရယ်မောရင်း ပြောလိုက်ပါသည်။

ကွန်တီသည် သူ့အစ်ကိုအား လက်နှစ်ဖက်ကိုသိုင်း၍ ဖက်လိုက်ပြီးလျှင် 'ဟင့်အင်း၊ ကျွန်မ ယောကျ်ားမလိုချင်ပါဘူး၊ မေမေထီပေါက်ရင် ကျွန်မ ဝေစုငါးသောင်းယူပြီး အေးအေးဆေးဆေး နေမှာပေါ့၊ ဘာပြုလို့ ယောကျ်ားယူပြီး တစ်သက်လုံး ကျွန်ခံနေမလဲ၊ တစ်နေ့ ထမင်းလေးနှစ်နပ် ကျွေးပြီး သူ့ကိုယ်ပိုင်ပစ္စည်းလို အောက်မေ့နေမှာ၊ ကျွန်မတော့ အိမ်ထောင်မပြုလိုပေါင်၊ မေမေ ထီပေါက်ပါစေလို့သာ နေ့တိုင်း ဆုတောင်းနေတာပဲ၊ အိမ်ထောင်မပြုသေးတဲ့ မိန်းကလေးရဲ့ ဆုတောင်းဟာ ပြည့်တယ်လို့မေမေက ပြောတယ်၊ ကျွန်မလည်း မေမေ ထီပေါက်လိမ့်မယ်လို့ ထင်နေတယ်'ဟု ပြောပါသည်။

ထိုစကားကြောင့် တစ်ခါက ကျွန်တော့်မိခင်၏ ကျေးရွာတွင် ဖြစ်ခဲ့ဖူးသည့် အဖြစ်အပျက်တစ်ခု ပြန်ပြောင်းသတိရမိပါသည်။ ထိုရွာတွင် မိုးခေါင်သဖြင့် လူအများ အတိဒုက္ခ ရောက်အံ့ဆဲဆဲ ဖြစ်နေသည်။ ရွာသူရွာသားများသည် ရွာထဲမှ အလှူငွေများ ကောက်ခံပြီးလျှင် မိန်းမပျိုများကို ဖိတ်ခေါ်ကာ ဆုတောင်းပူဇော်ပွဲကြီး ကျင်းပရာ နောက်တစ်နေ့တွင် မိုးရွာသည်ကို တွေ့ရသည်။ မိန်းမပျိုတို့၏ဆုတောင်းသည် ပြည့်တတ်သည်

ဆိုသည်မှာ မှန်ကောင်းမှန်စရာ ရှိသည်။ ကျွန်တော်က ဗီကရမ်အား အဓိပ္ပာယ်ပါပါနှင့်ကြည့်လိုက်သလို သူကလည်း ကျွန်တော့်ကို ပြန်ကြည့် ပါသည်။ ကျွန်တော်တို့နှစ်ဦး အပြန်အလှန် ကြည့်လိုက်ခြင်းအားဖြင့် ရရှိသည့်အခွင့်အရေးကို လက်လွှတ်မခံရန် ဆုံးဖြတ်ပြီး ဖြစ်နေလေသည်။

'ညီမလေး တို့ လျှို့ဝှက်ထားတဲ့ ကိစ္စကို ညီမလေးကို ပြောမယ်၊ ဘယ်သူ့မှ မပြောရဘူးနော်၊ ပြောရင်တော့အသေပဲ၊ တို့နှစ်ယောက်လုံးလဲ ထိထိုးထားတယ်ကွယ့် ညီမလေးရဲ့၊ တို့ထိပေါက်အောင် ဆုတောင်းပေးပါ လားနော်၊ ပေါက်ရင်လေ ညီမလေးကို ရွှေတွေ စိန်တွေ လက်ဝတ်လက်စား တွေ အများကြီး ဆင်ပေးတယ်၊ ဒါပေမယ့် ထိထိုးထားတယ်ဆိုတာ ဘယ်သူမှမသိစေနဲ့နော်'ဟု ဗီကရမ်က သူ့ညီမကို ချော့မော့၍ ပြောပါ သည်။

ကွန်တီကိုကား နှုတ်လုံလိမ့်မည်ဟု မျှော်လင့်ထား၍ မဖြစ်ပါ။ မည်သူ့ကိုမျှ မပြောပါဟု အလေးအနက် ကတိပြုကာ အခန်းတွင်းမှ ထွက်သွားသော် အပြင်ဘက်ရောက်သည်နှင့် သူ သိသွားသမျှတွေကို မောင်းတီးလေတော့သည်။ ခဏချင်းပင် အကြောင်းစုံကို တစ်အိမ်သားလုံး သိသွားပါတော့သည်။

'ငွေငါးကျပ်ကိုအလကားဖြုန်းပစ်တာ၊ ဒီမိသားစုထဲမယ် လေးစောင် ဝယ်ပြီးမှဟာ နောက်တစ်စောင် ဘာထပ်ဝယ်စရာလိုသေးလဲ၊ ဟိုကျောင်း ဆရာဟာ သူငယ်ကို ဖျက်ဆီးနေတာ'စသည်ဖြင့် တစ်ယောက်က မြည်တွန် နေသည်။ အိမ်ထောင်တစ်ခုတွင် လူကြီးများသည် မည်သို့ပင် သုံးဖြုန်းနေစေ ကာမူ မည်သူကမျှ ဝေဖန်ပြောဆိုခြင်း မရှိသော်လည်း လူကြီးများ မကြိုက်မနှစ်သက်သည်ကို လူငယ်များ ပြုလုပ်မိလျှင်ကား ဆူဆူပူပူ ဖြစ်လာပါတော့သည်။

အရပ်ထဲတွင် ဗီကရမ်၏ ဖခင်ကို အများက 'ဦးလေးကြီး'ဟု ခေါ်ကြပြီး ဗီကရမ်၏ ဦးလေးကိုမူ 'ဦးလေးငယ်'ဟု ခေါ်ကြပါသည်။ သူတို့နှစ်ဦးသည် ဘုရားရှိခိုးခြင်းကို သရော်ကြသည်။ ရုပ်တုများကို

ပြက်ရယ်ပြုကြသည်။ ဂဏ်ါကိုလည်း သာမန်မြစ်တစ်ခုအဖြစ်သာ အသိအမှတ်ပြုပြီး ဘုရားဖူးသွားသည့် ကိစ္စများကိုလည်း အပျော်ခရီးသွားသည့် သဘောသာ အောက်မေ့ကြသည်။ သို့သော်လည်း ထီလက်မှတ်များ ဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် ထိုညီအစ်ကို နှစ်ဦးသည် နေ့ချင်းညချင်းပင် ဘာသာရေးသမားကြီးများအဖြစ် ချက်ချင်း ပြောင်းလဲသွားကြလေသည်။

ဦးလေးကြီးသည် ဖိနပ်မပါ ခြေဗလာနှင့် ဂင်္ဂါမြစ်အထိ လမ်းလျှောက်သွားပြီး ရေချိုးကာ မြို့ထဲမှ ဘာသာရေး အဆောက်အအုံမှန်သမျှတွင် ဝင်ရောက်ဝတ်ပြုလျက် ၁၁နာရီခန့်မှ ပြန်လာတတ်သည်။ ဦးလေးငယ်သည် 'ရာမ' ဘုရား၏ အမည်ကို အကြိမ်ပေါင်း တစ်သောင်းအထိ ရေပြီးမှ နံနက်စာသုံးဆောင်သည်။ ညဘက်တွင်လည်း ရွတ်ဖတ်သရဇ္ဈာယ်သော ပရိတ်တရားတော်များကို နှစ်ဦးစလုံးပင် ညဉ့်နက်သန်းခေါင်အထိ ကြားနာကြသည်။

ဗီကရမ်၏ အစ်ကို 'ပရာက'သည်လည်း သူတော်စင်များကို အမြဲမပြတ် ဆည်းကပ်လျက်ရှိပါသည်။ ထိုသူတော် သူမြတ်များ၏ ဆုတောင်းပတ္တနာ ပြုမှုများကြောင့် ထီပေါက်နိုင်လိမ့်မည်ဟု အထူးပင် ယုံကြည်နေသူ ဖြစ်ပါသည်။ ဗီကရမ်၏ မိခင်မှာမူ ဤသို့ အထူးဆည်းကပ်ကိုးကွယ်မှုများ မပြုလုပ်သော်လည်း ယခုမှ ယခင်ကထက်ပို၍ ဥပုသ်ဆောက်တည်သည့်ပြင် အလှူဒါန ပြုလုပ်ခြင်းများလည်း ပိုလာသည်ကို တွေ့ရသည်။

လူတစ်ဦး၏ အတွင်းသန္တာန်တွင် ဖြစ်ပေါ်နေသော လောဘစိတ်ကြောင့် ထိုသူ၏ ပြင်ပသန္တာန်သည်လည်း အသွင်ပြောင်းလာသည့် အတွေ့အကြုံများသည် ကျွန်တော့်အဖို့ အသစ်အဆန်းများ ဖြစ်နေပါသည်။ ဤကဲ့သို့ ဘုရားအဆူဆူနှင့် နတ်ဒေဝါအမျိုးမျိုးတို့အား ပူဇော်ပသနေခြင်းသည်လည်း လူမြင်ကောင်းရုံ အယောင်ဆောင် မဟုတ်မှုဘဲ မိမိကိုယ်ကျိုးအတွက် တကယ်ပင် မစလိမ့်မည်ဟူသော ယုံကြည်အားကိုးစိတ်ဖြင့် ပြုလုပ်နေကြခြင်း ဖြစ်လေသည်။

ဗီကရမ်နှင့်ကျွန်တော်မှာမူ နတ်များအား ပူဇော်ပသရန်အချိန်လည်း မရ၊ ပိုက်ဆံလည်း မရှိကြပါ။ ကျွန်တော်သည် အလုပ်လုပ်နေရပါသည်။ ဗီကရမ်သည် ကောလိပ်ကျောင်း တက်နေပါသည်။ သည်အထဲကပင် ကျွန်တော်တို့သည် နက္ခတ်ဗေဒင်ဆရာများအား ဆည်းကပ်၍ မေးမြန်းကြပါသေးသည်။ သို့သော်လည်း ကျွန်တော်တို့တွင် ဝေယျာဝစ္စလုပ်ကိုင်ခြင်းနှင့် ဂါရဝပြုခြင်းတို့မှလွဲ၍ သူတို့အား ပူဇော်ပသရန်ဟူ၍ ဘာမျှ မရှိသောကြောင့် မည်သို့မျှ အကြောင်းမထူးပါ။

ထီဖွင့်မည့်ရက် နီးလာလေလေ ကျွန်တော်တို့တစ်တွေ နေမထိထိုင်မသာဖြစ်လာလေလေ ဖြစ်နေပါသည်။ အိပ်ချိန်မှလွဲ၍ ကျန်အချိန်များတွင် ဘယ်လို ဖြစ်လာမလဲဟု ရင်တဖိုဖိုနှင့် စောင့်နေကြပါသည်။ ကျွန်တော်လည်း အကြောင်းမဲ့ သက်သက်ပင် ဗီကရမ်အပေါ် မသင်္ကာစိတ်ကလေးများ ဝင်လာပါသည်။

အကယ်၍ ထီပေါက်လာသော် ငါ့ကို တစ်ဝက်ခွဲမပေးလျှင် မည်သို့ပြုရမည်နည်း။ ထီလက်မှတ်ဝယ်စဉ်က ငါ့အစု မပါပါဘူးဟု မျက်နှာပြောင်တိုက်ပြီး ငြင်းဆန်လျှင်ကော သက်သေပြစရာလည်း မရှိ၊ ဗီကရမ်ပြောသမျှကိုသာ အတည်ယူရမလို ဖြစ်နေပြီး သူဟာ မရိုးသားရင် ငါ လုံးလုံးကြီးခံရတော့မည်။ ထီလက်မှတ်ဝယ်ရာတွင် ကျွန်တော့်အစု တစ်ဝက်ပါသည့်အကြောင်းကို စာရေး၍ လက်မှတ်ထိုးပေးရန် တောင်းဆိုဖို့ စိတ်ကူးမိသော်လည်း တကယ် မတောင်းဖြစ်ပါ။ မျက်နှာပူစရာဖြစ်တော့မည်။

'သူဟာ တကယ်လို့ မကောင်းတဲ့စိတ်ထားရင် အခုကတည်းက ငြင်းနိုင်တာပဲ၊ မကောင်းတဲ့စိတ်ထားမရှိဘဲ ငါက သက်သက်မဲ့မယုံသင်္ကာဖြစ်နေမိရင် မိတ်ဆွေချင်း မေတ္တာပျက်ရမယ့်ကိန်းဆိုက်နေဦးမယ်'ဟု တွေးမိပါသည်။

သူသည် ကောက်ကျစ်တတ်သည့်သူ မဟုတ်မှန်းကို ကျွန်တော်သိသော်လည်း လူများသည် ငွေနှင့် ပတ်သက်လာလျှင် မည်သူ့ကိုမျှ

ယုံလွန်း၍ မဖြစ်သည်ကိုလည်း သတိထားရပါသည်။ မိမိကိုယ်ကို ဗီကရမ်၏နေရာတွင်ထားပြီး စဉ်းစားမိပြန်သည်။ အကယ်၍ ထီလက်မှတ် သည် ကျွန်တော့်နာမည်နှင့်ဖြစ်ပြီး ထီပေါက်ခဲ့လျှင် ဆုငွေ၏ တစ်ဝက်ကို စေတနာသန့်သန့်နှင့် ခွဲဝေပေးပါမည်လော။ အဖြေကား 'မပေး'ဟု ပင် ဖြစ်ပါသည်။

'ကဲ မင့် ငါရွေးထားတဲ့ နှစ်ကျပ်ခွဲ ပြန်ယူတော့၊ ဒါမှမဟုတ်ဘဲ ပိုပိုမိုမို လေးငါးကျပ် တစ်ဆယ် ဆယ့်ခြောက်ကျပ် ယူပေတော့၊ ဒီပြင် မင်း ဘာလိုချင်သေးလဲ'ဟု ပြောလိုက်မည်ပင် ဖြစ်ပါသည်။

ဤသို့လည်း ပြောချင်မှပြောရဲပေမည်။ ထိုသို့ မပြုလုပ်မပြောဆိုဝံ့၍ တစ်ဝက်ခွဲ ဝေပေးရသည့်တိုင်အောင် ချစ်ခင်၍သော် လည်းကောင်း၊ တရားမျှတမှုကို ရှေးရှု၍လည်းကောင်း ပေးခြင်းမဟုတ်မူဘဲ လူကဲ့ရဲ့မှာ ကြောက်၍သာ ပေးရခြင်း ဖြစ်ပေမည်။

တစ်နေ့သ၌ ကျွန်တော်တို့သည် သတင်းစာ ဖတ်နေကြစဉ် ဗီကရမ်က ရုတ်တရက် 'တို့ ထီလက်မှတ်များ ပေါက်နေလို့ မင်းကို တစ်ဝက်ခွဲပေးရရင် ငါတော့ အတော်စိတ်ထိခိုက်မှာပဲ'ဟု ပြောလိုက်ပါသည်။ ကျွန်တော်သည် ထိုစကားကြောင့် အတော်ပင် တုန်လှုပ်သွားမိပါသည်။

'ငါလည်း ဒီလိုပဲပေါ့'

'ဒါပေမယ့် ထီလက်မှတ်က ငါ့နာမည်နဲ့ဆိုတာ မမေ့နဲ့နော်'ဟု ဗီကရမ်က ဆိုသည်။

'ဒါ ဘာဖြစ်လဲကွ'

'ကဲ ထီလက်မှတ်ဝယ်တဲ့ထဲမယ် မင့်ငွေ မပါဘူးလို့ငါက ပြော ရင်ကော'ဟု ပြောရာ ကျွန်တော်၏ ခန္ဓာကိုယ်တစ်ခုလုံးသည် ပူရှိန်းရှိန်းကြီး ဖြစ်သွားပါသည်။

'မင်း ဒါလောက် ညစ်ပတ်လိမ့်မယ်လို့ ငါမထင်ဘူး'ဟု ကျွန်တော် က စိတ်ကိုထိန်း၍ ခပ်အေးအေး ပြန်ပြောလိုက်ပါသည်။

'ဖြစ်နိုင်တာကိုပြောတာလေ၊ တကယ်ဆိုတော့ ငွေ ၁၀ သိန်း ထဲက ငါးသိန်း ခွဲပေးလိုက်ရမယ့် ကိစ္စ မဟုတ်လား'ဟု ကျွန်တော်က ပြောလိုက်ရာ ဗိုကရမ်သည် အားရပါးရ ရယ်မောပါတော့သည်။

'မင်း သူများကို တကယ် မယုံသင်္ကာဖြစ်တတ်တဲ့လူပဲ၊ ငါက နောက်ပြောင် ပြောတာပါ၊ ငါးသိန်းမပြောနဲ့ ငါးကုဋေရမယ်ဆိုတာတောင် ငါက နာမည်ပျက်ခံပြီး မရိုးမသား မလုပ်ပါဘူး'ဟု ဗိုကရမ်က ပြန်ပြောပါသည်။

'ဒါပေမဲ့ စာနဲ့ရေးပြီး လက်မှတ်ထိုးထားရင် ကောင်းမယ်ထင်တယ်'

'ဘာအကြောင်းထူးမှာလဲ'

'စာနဲ့ရေးပြီး လက်မှတ်ထိုးထားတော့ ရှင်းတာပေါ့၊ ဘာပဲဖြစ်ဖြစ်လေ၊ ကတိဝန်ခံချက် လက်မှတ်ထိုးထားတာ အကောင်းဆုံးပါပဲ၊ မင်းကို နည်းနည်းမှ အယုံအကြည် မရှိတော့ဘူး၊ ဒီကိစ္စတော့ တိတိကျကျ ကတိဝန်ခံချုပ် လုပ်ထားမှ ဖြစ်မယ်၊ မင်းနဲ့ငါနဲ့ မိတ်ဆွေအဖြစ်က ပြတ်ချင်ပြတ်သွားပါစေတော့၊ ခံဝန်ချုပ်ကိုတော့ လက်မှတ် ထိုးခိုင်းရမှာပဲ'

ကျွန်တော်တို့နှစ်ဦး အချင်းချင်း အခြေအတင် ပြောဆိုနေကြသော စကားများသည် ဦးလေးကြီးနှင့်ဦးလေးငယ်တို့၏ အသံကြောင့် ရပ်သွားရပါသည်။ သူတို့နှစ်ဦး၏ ဆွေးနွေးပွဲမှာလည်း အတော်ပင် ဆူညံနေသည့်ပြင် ထိုင်ရာမှ ထကာ ရိုက်မောင်း ပုတ်မောင်း ဖြစ်နေကြပါပြီ။

'ဒီလို တစ်စည်းတစ်လုံးတည်းနေတဲ့ အိမ်ထောင်သားစုမယ် ရရှိလာတဲ့ ဝင်ငွေမှန်သမျှကို အားလုံးအညီအမျှ ခွဲဝေရယူဖို့ အခွင့်အရေး ရှိတယ်'ဟု ဦးလေးငယ်က ပြောပါသည်။

'မဆိုင်ပါဘူး၊ မင်း ရှေ့နေဆီသွားပြီး မေးကြည့်ပါဦး၊ ကဲ ငါ ရာဇဝတ်မှုကျူးလွန်ရင် ငါပဲ ပြစ်ဒဏ်ခံရမှာပဲ၊ တစ်စည်းတစ်လုံးတည်း နေတဲ့ အိမ်ထောင်သားစုက ဝင်မခံပါဘူး၊ အဲဒီလိုပဲ ထီပေါက်တယ်ဆိုတာလဲ ပုဂ္ဂလိက အခွင့်အရေးပဲ'ဟု ဦးလေးကြီးက ချေပပြောဆိုပါသည်။

'ဒါဖြင့် ဒီကိစ္စ တရားရုံးရဲ့ အဆုံးအဖြတ်ကို ယူရမှာပဲ'ဟု ဦးလေးငယ်က ဆိုပြန်သည်။

'ဒါတော့ မင်းသဘောပဲ၊ တရားရုံးသွားချင်သွားပေါ့၊ ငါ့မိန်းမ ငါ့သားသမီးမှ မဟုတ်ဘဲ ၊ ငါထီပေါက်ရင် မင်း တစ်ပြားမှ ရပိုင်ခွင့်မရှိဘူး'

'စောစောက ဒီလိုမှန်းသိရင် ကျွန်တော်လည်း ကျွန်တော့်မိန်းမနဲ့ ကျွန်တော့်သားသမီးတွေနာမည်နဲ့ ထီလက်မှတ်တွေ ဝယ်ထားမှာပေါ့'

'မဝယ်ခဲ့တာ မင်းအပြစ်ပေါ့'

'ခင်ဗျားဟာ ကျွန်တော့်အစ်ကို စစ်စစ်ကြီး ထင်ခဲ့လို့ မဝယ်ခဲ့တာပေါ့၊ ဒီအိမ်ထောင်သားစုထဲက ဘယ်သူပေါက်ပေါက် အတူတူပဲလို့ ထင်ခဲ့မိတာကိုး'

'ဒါ ကံစမ်းတာကွ၊ လောင်းကစားတာပဲ၊ အဲဒါ မင်းသိဖို့ကောင်းတာပေါ့'ဟု ဦးလေးကြီးက ပြောလိုက်ပြန်သည်။

ဗီကရမ်၏ မိခင်သည် ညီအစ်ကိုနှစ်ယောက် ထ၍ သတ်ကြတော့မလို ဖြစ်နေသည်ကို တွေ့ရသောအခါ အနီးသို့လာ၍ ဖျောင်းဖျပြောဆိုလေသည်။ သည်တော့မှပင် ဦးလေးငယ်သည် ဝမ်းနည်းပက်လက်နှင့် 'ကျွန်တော့်ကို ဘာပြုလို့ လာပြောနေတာလဲ၊ ကျွန်တော့်အတွက် ပေးရမယ့်ငွေကို မတရား သိမ်းချင်နေတဲ့ မမယောကျ်ားကို ပြောပါလား၊ မမတို့မိသားစုမယ် ထီလက်မှတ် လေးစောင်တောင်ရှိတာ၊ ကျွန်တော့်မယ် တစ်စောင်တည်းရှိတယ်၊ ဒီတော့ ထီပေါက်ဖို့အခွင့်အရေးဟာ ကျွန်တော့်ထက် ခင်ဗျားတို့က လေးဆသာနေတာပေါ့'ဟု ရှိုက်ကြီးတငင် ငိုကြွေးရင်းပြောလေသည်။ ဦးလေးကြီးကလည်း ငြိမ်ခံမနေသေး။

'ဒါတော့ တို့က ငွေနှစ်ဆယ်ဖိုးတောင် ဝယ်ထားရတာကိုး'ဟု ပြောလိုက်သည်။

သူ့ဇနီးသည် သူ့ကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။ အတန်ငယ် ငြိမ်သွားသောအခါ ဦးလေးငယ်အား 'ကဲ မမ ထီပေါက်ရင်

ငါ့မောင် တစ်ဝက်ယူ၊ တကယ်ပေးမယ်ဆိုတာ မမကျိန်ထားမယ်’ဟု ပြောလိုက်သည်။

‘ဟေး မင်းဘာတွေ အလကားနေရင်း ကျိန်နေတာလဲ၊ ဘာပြုလို့ သူ့ကို တစ်ဝက်ပေးရမှာလဲကွ၊ တစ်ပြားမှ ပေးခွင့်မပြုနိုင်ပါဘူး၊ တို့က မျှမျှတတ ခွဲပေးရမယ်ဆိုရင်တောင် ငါးပုံတစ်ပုံပဲ သူယူရမှာပေါ့၊ ဘယ့်နှယ် မင်းက တစ်ဝက်ပေးနေရတာလဲ’ဟု ဦးလေးကြီးက ဝင်ပြောလေသည်။

ဦးလေးငယ်သည် ဦးလေးကြီးကို စိတ်ဆိုးမာန်ဆိုးနှင့် ကြည့်ရင်း ‘ခင်ဗျားကြီး တရားဥပဒေကို သိပါတယ်၊ ကလကတ္တားက ဝတ်လုံ တစ်ယောက်ကို ငှားပြီး တရားဆိုင်မယ် သိလား’ဟု ပြောလိုက်သည်။

‘မင့် ကလကတ္တားဝတ်လုံကို ဂရုမစိုက်ပါဘူး’ဟု ဦးလေးကြီးက အော်လိုက်သည်။

‘တော်ဗျာ’ဟု ဦးလေးငယ်က ဟစ်လိုက်ပြီးနောက် ‘ကျုပ်ဟာ ဒီအိမ်ထောင်ရဲ့ ပစ္စည်းပစ္စယတွေကို တစ်ဝက်ဆိုင်သလို ထီပေါက်ရင်လဲ ထက်ဝက်က တစ်ပြားမှ လျှော့မယူဘူး သိလား’ဟု ဆက်လက် အော်ဟစ် ပြောလိုက်ပါသည်။

ဦးလေးကြီးသည်ဒေါသတကြီးနှင့်ထပ်အော်မည်ပြုစဉ် ဦးခေါင်းနှင့် လက်များတွင် ပတ်တီးများ စည်းထားသော ပရာကသည် မမှန်သောခြေလှမ်း ဖြင့် ဝင်ရောက်လာပါသည်။

‘ဟင် ဘာဖြစ်တာလဲ၊ မင်း ရန်ဖြစ်လာသလား’ဟု ဦးလေးကြီး က ထိတ်လန့်သော အမူအရာနှင့် မေးလိုက်လေသည်။ ထို့နောက် အိမ်စေမ ဟန်ဂူအား ဆရာဝန် မြန်မြန်သွားခေါ်ရန် စေခိုင်းလိုက်သည်။ မိခင်ဖြစ်သူက ပရာကအား ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်စေပါသည်။ ပရာကသည် နာကျင်သော ဝေဒနာကို ခံစားရင်း ‘အို ဘာမှ ကိစ္စမရှိ ပါဘူး၊ အသေးအဖွဲလေးပါ၊ တစ်ရက်နှစ်ရက်ဆိုရင် ကောင်းသွားမှာပါ’ဟု မသက်မသာဖြင့် ပြောရှာသည်။

'အင်း ဘာမှ မဟုတ်ဘူး ဟုတ်လား၊ မင်းကိုယ်မင်း ပြန်ကြည့်စမ်းပါဦး၊ ခေါင်းရော လက်ရော ဖူးဖူးရောင်လို့ ဘယ်သူနဲ့ရန်ဖြစ်လာတာလဲ၊ ပုလိပ်ကို တိုင်ရမယ်ကွ'ဟု ဦးလေးကြီးက ပြောနေပါသည်။

'အို ဖေဖေကလဲ စိတ်ပူစရာမဟုတ် ပူနေတယ်၊ ခဏနေရင် ကောင်းသွားမှာပါ ဆိုနေ'ဟု ပရာက ကပြန်ပြောသည်။ သူ၏ မျက်နှာသည် ဝမ်းမြောက်ခြင်း၊ မျှော်လင့်ချက်ကြီးခြင်း တည်းဟူသော အရိပ်အရောင်တို့ဖြင့် ရွှင်လန်းနေပါသည်။

'အေး အေး ဟုတ်တယ်၊ ငါ့သားကခဏနေရင် ကောင်းသွားမှာပါ၊ ဒါပေမဲ့ ဘယ်လို ဖြစ်လာတယ်ဆိုတာ မေမေ့ကို ပြောပြစမ်း၊ မင်း မြင်းလှည်းပေါ်က လိမ့်ကျလာသလားဟင်'

ပရာကသည်ခံစားနေရသော ဝေဒနာကြောင့် နှာခေါင်းဖျားကလေး လှုပ်ရှားလာပြီးလျှင် 'မြင်းလှည်းပေါ်က လိမ့်ကျတာလဲ မဟုတ်ပါဘူး၊ ရန်ဖြစ်တာကြောင့်လဲ မဟုတ်ပါဘူး၊ 'ဖေဖေကြီး ဇက္ကာ'က ပေးလိုက်တဲ့ ဆုလာဘ်တွေပါ၊ သူ့အကြောင်း မေမေတို့ သိသားပဲ မဟုတ်လား ၊ လူတွေ တွေ့ရင် ခဲတွေနဲ့လှမ်းပေါက်တာပဲ၊ ခဲမှန်မှာကြောက်ပြီး ထွက်ပြေးတဲ့ လူတွေဟာ ကံမကောင်းဘူး၊ လာဘ်သပ်ပကာ မရဘူး၊ သူပေါက်လိုက်တဲ့ ခဲမှန်ရင် အမှန်ခံရတဲ့လူဟာ လာဘ်ကောင်းတယ်၊ လာဘ်ရွှင်တယ်၊ ထီပေါက်တယ်၊ ကျွန်တော် သူ့ဆီရောက်သွားတော့ လူတွေနဲ့ပြည့်နေတာပဲ၊ တချို့က အချိုမုန့်တွေ ယူလာကြတယ်၊ တချို့ကလည်း ပန်းကုံးတွေနဲ့၊ ဖေဖေကြီး ဇက္ကာကတော့ ကမ္ဗဋ္ဌာန်းထိုင်တယ်၊ ခဏကြာတော့ ချက်ချင်းမျက်လုံးဖွင့်ကြည့်ပြီး လူတွေကို မြင်တာနဲ့ အော်ဟစ်ရေရွတ်ပြီး ခဲနဲ့ပေါက်တော့တာပဲ၊ လူတွေအားလုံးကြောက်လန့်ပြီး ခြေဦးတည့်ရာ ပြေးကြတာပေါ့၊ ကျွန်တော်တစ်ယောက်သာရယ် သူ့ရှေ့မယ် ကျောက်တိုင်ကြီးလို ထီးတည်းကြီး ရပ်ကျန်ရစ်တယ်၊ သူပစ်လိုက်တဲ့ ခဲတစ်လုံးသာ ကျွန်တော့်ခေါင်းကို ဒိုင်းခနဲ မှန်တော့တာပဲ၊ သေနတ်ကျည်ဆံမှန်တာတောင် ဒါလောက် ဒဏ်ရာပြင်းမယ် မထင်ဘူး၊ ဦးခွံတစ်ခုလုံး ကြေသွားတယ်လို့

ထင်ရတယ်၊ ကျွန်တော်သာ အဲဒီနေရာမှာပဲ လဲကျသွားတော့မှ ဖေဖေကြီး ဟာလဲ အော်ဟစ်ရေရွတ်ပြီး ထွက်သွားတယ်၊ တစ်နာရီလောက်ကြာအောင် ကျွန်တော်ဟာ နေရာက မထနိုင်ဘူး၊ နောက်မှ ကြိုးစားထလာပြီး ဆရာဝန်ဆီ သွားတယ်၊ ဆရာဝန်က အရိုးအက်သွားတယ် ထင်သတဲ့၊ နာတော့ တော်တော်နာတာပဲ၊ ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ ကျွန်တော် ထီပေါက်ဖို့တော့ သေချာသွားပြီ၊ ဘုရားသခင် ကျေးဇူးပါပဲ၊ ဖေဖေကြီးလက်ချက်နဲ့ ဒဏ်ရာဒဏ်ချက်ရလာတဲ့ လူတိုင်းဟာ စုတ်ကြီးလာဘ်ကြီး ဝင်တာချည်းပဲ၊ ထီပေါက်လို့ ဆုငွေထုတ်လာပြီးတာနဲ့ ဖေဖေကြီးကို ကောင်းကောင်းကြီး ပူဇော်ကန်တော့ရဦးမယ်'ဟု ပြောလေသည်။

ဦးလေးကြီးသည် သက်ပြင်းချလိုက်၏။ ပရာက၏ မိခင်သည် လည်း စိတ်သက်သာရာ ရသွားဟန်ရှိသည်။ သူတို့ သားတော်မောင် ဒဏ်ရာအနာတရ ရခြင်းသည် မှုစရာတော့ မဟုတ်ပါ။ ထီပေါက်ဖို့သေချာ နေပြီ မဟုတ်လား။

ညနေစောင်းသောအခါ ဦးလေးကြီးသည် ဘုရားရှိခိုးကျောင်းသို့ ထွက်ခွာသွားသည်။ သူ့အဖို့ ဘုရားဝတ်ပြုရန် အချိန်ရောက်ပါပြီ။ ဦးလေး ငယ်ကား အိမ်တွင်ပင် ကျန်ရစ်ခဲ့သည်။

'ဟေ့ ဖေဖေကြီး ဇက္ကာဟာ မြစ်ကမ်းပါးက ဥယျာဉ်ထဲမယ် နေတယ် မဟုတ်လား'ဟု ဦးလေးငယ်က ပရာကကိုမေးသည်။ ပရာက က ခေါင်းညိတ်ပြ၏။

'သူ့ခဲထိရင်တော်တော် နာသလား'ဟု ထပ်မေးမြန်းရာ သူ့ဦးလေး မည်သို့ ကြံစည်စိတ်ကူးနေသည်ကို သိသဖြင့် 'နာတာတော့ မပြောနဲ့၊ သူ ပစ်တဲ့ခဲဟာ ဗုံးမှန်သလို လာမှန်တာပဲ၊ သူပစ်လိုက်တဲ့ ခဲတွေနဲ့များများ အမှန်ခံနိုင်လေလေ ကိုယ်ဆုတောင်းတဲ့အတိုင်း ပြည့်ဖို့ သေချာလေလေပဲတဲ့၊ ခဲတစ်လုံးလောက် မှန်တာကို နာချင်ယောင်ဆောင်ပြီး လှဲချလိုက်ရင် အဲဒီဒဏ်ရာနဲ့ထိုက်တန်တဲ့ လာဘ်လောက်ပဲ ရသတဲ့၊ ကျွန်တော်ကတော့

ပစ်ချင်သလို ပစ်ပစေ၊ သေချင်သေသွားပစေ မသွားဘူးဆိုပြီး ပေရပ်နေတာ'ဟု ပြောလေသည်။

ပရာကသည် သူနှင့် ဖေဖေကြီး တွေ့ဆုံခဲ့ပုံများကို ပုံကြီးချဲ့ကာ ချောက်လှန့်ပြောဆိုလိုက်ရာ ဦးလေးငယ်သည် စွန့်စွန့်စားစား သွားရန် သတ္တိမရှိတော့ချေ။

ထီဖွင့်မည့် ဇူလိုင်လ ၂၀ ရက်နေ့ ရောက်လာပါပြီ။ နံနက်စောစောကတည်းက လူအများသည် စာတိုက်ရှေ့တွင် စုဝေးရောက်ရှိနေကြသည်။ လူစုလူဝေးမှာ ထောင်နှင့်ချီ၍ရှိရာ လူတိုင်းပင် မိမိအတွက် ထီပေါက်သည်ဟု အကြောင်းကြားမည့် သံကြိုးကို မျှော်နေကြခြင်း ဖြစ်သည်။ ဦးလေးကြီးနှင့် ဦးလေးငယ်သည် နံနက် အရုဏ်တက်တွင် ဂင်္ဂါမြစ်သို့ဆင်းကာ ရေချိုးပြီးနောက် ဘုရားဝတ်ပြု၍ ဆုတောင်းရန် ဘုရားရှိခိုးကျောင်းသို့ သွားကြလေသည်။ ဗီကရမ်နှင့် ကျွန်တော်သည်လည်း တာဝန် ခွဲဝေကြသည်။ ဗီကရမ်က စာပို့တိုက်သို့ သွားရောက်စောင့်နေရန် ဖြစ်၍ ကျွန်တော်က ဘုရားကျောင်းသို့ သွားရန် ဖြစ်ပါသည်။

ဦးလေးကြီးသည် ဘုရားကျောင်းမှ ဥပသကာကြီးကို ဤသို့မေးသည်။

'ဆရာကြီး၊ သခင်ဟာ သူ့ကို ကိုးကွယ်ဆည်းကပ်သူများအပေါ် မေတ္တာတရား ထားတယ်မဟုတ်လား'

'မှန်ပါတယ်၊ အရှင်သခင်ဟာ သတ္တဝါများကို မေတ္တာထားပါတယ်၊ မိကျောင်း၏ အာခံတွင်းမှ ဆင်ကို ကယ်တင်ရန်အတွက်ပင် အလွန်ဝေးလံတဲ့ အရပ်က ရောက်ရှိလာတဲ့အကြောင်းများ သိတယ်မဟုတ်လား'

ဦးလေးငယ်ကလည်း ဤသို့ဆို၏။ 'အရှင်သခင်ဟာ အားလုံးသိတော်မူတယ် မဟုတ်လား၊ မည်သူဟာ ဘုရားရှင်ကို ဘယ်လောက်ကြည်ညိုလေးစားတယ်ဆိုတာ သိမှာပါပဲ၊ ဖုံးကွယ်လို့ မရပါဘူး'

ဥပသကာကြီးက ဦးခေါင်းကို ညိတ်ပြ၏။

ဦးလေးကြီးသည် မိမိအတွက် သေချာသည်ထက် သေချာအောင် ထပ်၍ မေးပြန်သည်။

'ဒီတစ်ခါ ဘယ်သူ ထီပေါက်လိမ့်မယ် ထင်သလဲ'

'အရှင်ပေါက်ပါလိမ့်မယ်'ဟု ဥပသကာကြီးက ဣန္ဒြေကြီးစွာဖြင့် ဖြေကြားလေသည်။

'ကျွန်တော်ကော'ဟု ဦးလေးငယ်က ရုတ်တရက် မေးလိုက်ပြန် သည်။

'အရှင်လည်း ပေါက်ပါလိမ့်မယ်'ဟု ဣန္ဒြေမပျက်ပင် ဖြေလိုက် လေသည်။

တစ်ဆုတည်းပေးမည်ကို လက်မှတ်နှစ်စောင် မည်သို့ပေါက်နိုင် လိမ့်မည်နည်းဟု တွေးတောစဉ်းစားခြင်းကိုပင် မပြုနိုင်တော့ဘဲ ညီအစ်ကို နှစ်ယောက်သည် ဂါထာမန္တရားများကို တတွတ်တွတ်ရွတ်ဆိုကာ ဘုရားဝတ် ကျောင်းမှ ထွက်ခွာသွားကြလေသည်။

ပရကသည် ဆင်းရဲသားများအား ဂျုံများကို ဝေ၍ အလှူဒါန ပြုလျက်ရှိသည်။ မကြာခဏပင် တယ်လီဖုန်းရှိရာသို့ ပြေးကာ ပြေးကာ သတင်းထူးကို မေးရသေးသည်။ ထိုခဏ၌ တယ်လီဖုန်းသံသည် ရုတ်တရက် ထွက်ပေါ်လာသည်။ အိမ်ထဲရှိ လူကုန်ပင် တယ်လီဖုန်းဆီသို့ ပြေးသွား ကြသည်။ ဗီကရမ်သည် တယ်လီဖုန်းခွက်ကို ကောက်ကိုင်ကာ နားထောင် လိုက်သည်။

'ကျွန်တော်တို့အားလုံး ကိစ္စချောပြီ၊ အမေရိကက လူတစ်ယောက် ပေါက်သွားပြီ'ဟုဆိုကာ ဗီကရမ်သည် အရုပ်ကြိုးပြတ် ထိုင်ကျသွား လေသည်။ ဦးလေးကြီးသည် လေသင်ခုန်း ဖြတ်ခံရသူကဲ့သို့ ကျောက်ရုပ် ကြီးလို မတုန်မလှုပ်ကြီး ဖြစ်နေလေသည်။ ဦးလေးငယ်သည် သူ့ဆံပင်ကို ကုတ်ဆွဲရင်း ငိုယိုသည်။ ကျွန်တော့်အဖို့မှာမူ စိတ်ထဲတွင် မကျေမချမ်း ဖြစ်မိသော်လည်း တစ်နည်းအားဖြင့် ဗီကရမ် ပြုသမျှ နုရမည့်ဘဝသို့ မရောက်ရှိသည်ကိုပင် ကျေနပ်နေမိပါသည်။ ဗီကရမ်၏ မိခင်ကြီးသည်

အတွင်းခန်းမှ ထွက်လာပြီးလျှင် 'ဒီလူတွေ ကလိမ်ကျပြီးနဲ့ တူတယ်၊ ဘယ်သိနိုင်မလဲ၊ ဘယ်သူကမှ တိတိကျကျ သူတို့ ဘာတွေလုပ်တယ်ဆိုတာ မြင်ကြရတာမှ မဟုတ်ဘဲ'ဟု ဆိုပါသည်။

ထိုနေ့အဖို့ တစ်အိမ်သားလုံး မည်သူမျှ အစားအသောက်ကို လှည့်မကြည့်ကြတော့ပါ။ ဦးလေးကြီးသည် ဥပသကာကြီးအား ကလဲ့စား ချေသည့်သဘောဖြင့် ဘုရားဝတ်ကျောင်းမှ နှင်ထုတ်လိုက်လေသည်။ ဗီကရမ်သည် မျက်နှာထားပျက်ပျက်နှင့် ကျွန်တော့်အနီးတွင် လာ၍ ထိုင်ပါသည်။

'ကဲ အားလုံးပြီးပြီ၊ ထိမျှား တကယ်ပေါက်ရင် မင်း ငါ့ကို ကလိမ် ကျဖို့ စိတ်ကူးထားသလားဆိုတာ ပြောစမ်း'ဟု ကျွန်တော်က မေးလိုက် ပါသည်။

သူသည် ရှက်ပြုံးပြုံးလျက် 'ဒါတော့ မေးမနေပါနဲ့တော့ကွာ၊ ဘာထူးဦးမှာလိုက်လို့၊ ငါလဲ မဖြေပါရစေနဲ့တော့၊ လျှို့ဝှက်သာ ထားလိုက် ကြပါစို့'ဟု ဖြေလိုက်ပါသတည်း။

**( မြဝတီ။ ။မတ်၊ ၁၉၇၁ )**

# ၈
# အောင်နိုင်သူ

အိန္ဒိယပြည်တွင် ဗြိတိသျှအစိုးရသည် ဆားဌာနကို ဖွင့်လှစ်၍ ဘုရားသခင် ဖန်ဆင်းပေးထားသော ဆားကို လူအများ လိုသလိုမသုံးစွဲရန် ပိတ်ပင်ထားလေသည်။ ထိုအခါ တိတ်တဆိတ် ရောင်းဝယ်ဖောက်ကားမှုများ ပေါ်ပေါက်လာလေသည်။

ကုန်သည်ကြီးများသည် အမြတ်ကြီးစားရရေးအတွက် နည်းမျိုးစုံကို အသုံးပြုကြလေသည်။ အချို့က လာဘ်ပေး လာဘ်ယူ လုပ်ကြသည်။ အချို့က လိမ်လည်လှည့်ဖျားမှုကို ပြုကြသည်။ အာဏာ လက်ကိုင်ရှိသူများသည် ပျော်တပြုံးပြုံး ဖြစ်နေကြလေသည်။ အခြား အစိုးရဌာနရှိ တန်ခိုးအာဏာရှိသော ရာထူးများမှပင် နှုတ်ထွက်၍ ဆားဌာနတွင် အငယ်တန်းဝန်ထမ်းများအဖြစ် ဝင်ရောက်အမှုထမ်းကြလေသည်။ ရှေ့နေရှေ့ရပ်များပင်လျှင် ဆားဌာနတွင် အင်စပက်တော်ရာထူးလောက်ကို လိုလိုချင်ချင် တပ်မက်နေကြလေသည်။

ထိုအချိန်ကား အင်္ဂလိပ်စာတတ်ခြင်းသည် ခရစ်ယာန်ဘာသာဝင်ခြင်းနှင့် အတူတူပင် ဖြစ်သည်ဟု ယူဆကြသည့် ခေတ်ဖြစ်သည်။ ပါရှင်စာပေသည်လည်း နေရာတိုင်းတွင် စိုးမိုးနေသည့်အခါ ဖြစ်သည်။ ပါရှင်ဘာသာဖြင့် ရေးသားထားသည့် အချစ်ဝတ္ထုများနှင့် ကဗျာတိုကလေးများကို ဖတ်ဖူးရုံမျှနှင့် ပါရှင်ဘာသာ စာပေတတ်ကျွမ်းသူဟု ဆိုကာ ရာထူးကြီးများတွင် ခန့်ထားကြလေသည်။

မွန်ရှီဒါးသည် ရာမ ဝတ္ထုတော်ကြီးနှင့် အမေရိက ကမ္ဘာသစ်ကို တွေ့ရှိသည့် အကြောင်းခြင်းရာများထက် အရေးကြီးသည်ဟု အထင်ရှိသော ပါရှင်ပုံဝတ္ထုများကို ဖတ်ရှုလေ့လာပြီးနောက် အလုပ်ရှာနေသူ ဖြစ်သည်။ သူ့ဖခင်သည် လောကလယ်တွင် အတွေ့အကြုံများ၍ ဗဟုသုတကြွယ်ဝသူဖြစ်သည်။ သူသည် သားဖြစ်သူအား ဤသို့ ဆုံးမသြဝါဒ ပေးလေသည်။

'ငါ့သား၊ တို့အိမ်ထောင်စုရဲ့ အခြေအနေဟာ ဘယ်လောက်ဆိုးနေတယ်ဆိုတာ မင်း အသိဆုံးပဲ၊ ကြွေးတွေဟာလဲ လည်ပင်းခိုက်နေပြီ၊ မင်းနှမတွေဟာလဲ အရွယ်ရောက်လာကုန်ပြီ၊ ငါဟာလဲ မြစ်ကမ်းနားမှာ ပေါက်နေတဲ့ သစ်ပင်ကြီးလို တစ်နေ့နေ့မှာ အမြစ်ကကျွတ်ပြီး လဲတော့မယ်၊ ငါမရှိတဲ့နောက် မင်းလဲ ဒီအိမ်ထောင်စုကို အကြီးအကဲအနေနဲ့ တာဝန်ယူရမယ်၊ မင်း တစ်ခု သတိထားရမှာက အလုပ်ရှာတဲ့အခါမယ် ရာထူးကြီးတာ၊ အဆင့်အတန်းမြင့်တာတွေကို သိပ် ဂရုစိုက်ဖို့ မလိုဘူး၊ ကိုယ်လုပ်မယ့်အလုပ်ဟာ ဘယ်လောက် လာဘ်သပ်ပကာတွေ၊ လက်ဆောင်ပဏ္ဏာတွေ ရနိုင်မယ်ဆိုတာ ကြည့်ရမယ်။ လခအပြင် အပိုဝင်ငွေများများ ရနိုင်မယ့် အလုပ်ကို ရအောင်ရှာတတ်ရမယ်၊ လခဆိုတာ လပြည့်နေ့မယ်သာတဲ့ လပြည့်ဝန်းကြီးနဲ့ တူတယ်၊ ဒီနေ့ ပြည့်ပြည့်ဝဝကြီး တွေ့နေရပေမယ့် နောက်နေ့တွေကျတော့ တဖြည်းဖြည်း ဆုတ်ယုတ်ပြီး ကွယ်သွားတာပဲ။

'လာဘ်သပ်ပကာဆိုတာ အချိန်မရွေး ဝင်နေတာကွယ့်၊ လိုရင်လိုသလို ဖန်တီးယူနိုင်တယ်၊ လခဆိုတာ မင်းလုပ်တဲ့ လုပ်ခအတွက်ရတာ၊

လူက ဖန်တီးယူရတဲ့ငွေပေါ့၊ ဒီတော့ ဘယ်ကြီးပွားနိုင်မလဲ၊ အပြင်ကရတဲ့ လာဘ်ဆိုတာက ဘုရားသခင်က ဖန်တီးပေးတာ၊ ဒါကြောင့် ကြီးပွားချမ်းသာနိုင်တယ်၊ ငါ့သားဟာ လိမ္မာပြီးသားပါလေ၊ ဒီထက်ပိုပြောနေဖို့ မလိုပါဘူးကွယ်၊ ဒီလိုနေရာမျိုးမယ် ပါးနပ်ရမယ်၊ နားလည်မှုရှိရမယ်၊ အမြင်ကျယ်ရမယ်၊ လူတစ်ဦးတစ်ယောက်နဲ့ ဆက်ဆံရတော့မယ်ဆိုရင် သူ့ရဲ့လိုအင်ဆန္ဒတွေနဲ့ အခွင့်အရေးကို ချိန်ဆပြီး မင့်အဖို့ အကောင်းဆုံးဖြစ်အောင် ဆုံးဖြတ်လုပ်ကိုင်တတ်ဖို့ လိုတယ်၊ တစ်စုံတစ်ခုကို လိုအင်ဆန္ဒပြင်းပြနေတဲ့လူဆီက အတိုင်းအဆမရှိတဲ့အမြတ်ကို နှိုက်ထုတ်ယူနိုင်တယ်၊ သို့ပေမယ့် ရောင့်ရဲတင်းတိမ်နေတဲ့ ပုဂ္ဂိုလ်ဆီကတော့ မင်း သွားနှိုက်ယူလို့ရဖို့ မလွယ်ဘူး၊ ဒါတွေကို မင်း ကောင်းကောင်း မှတ်ထားပေတော့၊ အခုမင်းကိုပြောလိုက်တဲ့ အချက်အလက်တွေဟာ ငါ တစ်သက်လုံး စုဆောင်းလာခဲ့တဲ့ ပညာဗဟုသုတတွေပဲ'

ဖခင်ကြီးသည် ဤသို့ ဆုံးမဩဝါဒစကား ပြောကြားပြီးနောက် သားအတွက် ဆုမွန်ကောင်းများ တောင်းလေသည်။ မွန်ရှီဒါးသည် မိဘကို ရိုသေကိုင်းရှိုင်းသည့် သားဖြစ်သည်။ ဖခင်၏ စကားများကို ဂရုတစိုက်နားထောင်ကာ ဂါရဝပြုပြီးနောက် အိမ်မှထွက်လာခဲ့လေသည်။

ကျယ်ပြောလှသည့် လောကအလယ်တွင် ကြံ့ခိုင်သောစိတ်သည် သူ၏မိတ်ဆွေ ဖြစ်သည်။ ဝေဖန်ပိုင်းခြား မြော်မြင်တတ်ခြင်းသည် သူ၏ လမ်းပြ ဖြစ်သည်။ မိမိကိုယ်မိမိ အားကိုးခြင်းသည် သူ့အား ထောက်ကူအားပေးသူ ဖြစ်လေသည်။ သို့သော်လည်း သူသည် ကံကောင်းသူ ဖြစ်ပါသည်။ မကြာမီပင် ဆားဌာနတွင် အင်စပက်တော် ကြီးကြပ်သူအဖြစ် ခန့်အပ်ခြင်း ခံရလေသည်။ လခကောင်းသည့်အပြင် ဘေးပန်းမှ လာဘ်သပ်ပကာများကိုလည်း အတိုင်းအဆမရှိ ရရှိနိုင်လေသည်။

ထိုသတင်းကို သူ၏ ဖခင်ကြီး ကြားရသောအခါ မချုပ်တည်းနိုင်လောက်အောင် အားရဝမ်းသာ ဖြစ်ရှာလေသည်။ ကြွေးရှင်များလည်း အတင်းအဓမ္မ မတောင်းခံကြတော့ဘဲ ပျော့ပျောင်းသွားလေသည်။ အကြွေး

ယူသောက်နေကျ အရက်ဆိုင်ကြီးသည်လည်း မျှော်လင့်ချက်အလင်းရောင်ကို ရရှိသွားပြန်လေသည်။ အိမ်နီးနားချင်းများပင်လျှင် သူတို့ အိမ်ထောင်စုကို မနာလိုသော မျက်လုံးများနှင့် ဝိုင်းကြည့်ကြလေသည်။

*

ဆောင်းဥတု၏ ညဥ့်အချိန် ဖြစ်လေသည်။ ဆားဌာန၏ ညဥ့်အစောင့်များသည် မူး၍ အိပ်ပျော်နေကြလေသည်။

ထိုဒေသသို့ မွန်ရှီဒါး ရောက်ရှိလာသည်မှာ ခြောက်လခန့်သာ ရှိပေသေးသည်။ သို့သော်လည်း သူ၏ အကျင့်စာရိတ္တ ကောင်းမွန်မှု၊ အလုပ်ကျွမ်းကျင်မှုတို့ကြောင့် အထက်အရာရှိများ၏ အရေးပေးခြင်းကို ခံရလေသည်။ နေရာတကာတွင် သူ့ကို အားကိုးအားထား ပြုကြလေသည်။

ယမုံနာမြစ်သည် ဆားရုံနှင့် တစ်မိုင်ခန့်ဝေးကွာသည့် နေရာမှ စီးဆင်းလျက်ရှိသည်။ ထိုနေရာမှ မြစ်ကိုဖြတ်ကူးသည့် ဘောတံတားရှိသည်။ ကြီးကြပ်သူ မွန်ရှီဒါးသည် အခန်းတံခါးများကို အလုံပိတ်ကာ အိပ်မောကျနေရာမှ ရုတ်တရက် နိုးလာလေသည်။ ယမုံနာမြစ်၏ သာယာသော ရေစီးသံကို ကြားရမည့်အစား လှည်းတွေမောင်းသွားနေသံကို ကြားရသည်။ လေ့သမားတို့၏ စကားပြောသံများကိုလည်း ကြားရသည်။

သူသည် အိပ်ရာမှထလိုက်သည်။ ညဥ့်နက်သန်းခေါင်တွင် လှည်းတွေ မည်သည့်ကိစ္စနှင့် မြစ်ကို ဖြတ်ကူးနေပါသနည်း။ တစ်ခုခုတော့ ဖြစ်နေပြီ ထင်သည်။ သူ ထင်သည့်အတိုင်း မှန်နေပါပြီ။ သူသည် တူညီဝတ်စုံကိုဝတ်ကာ ခြောက်လုံးပြူးကို အိတ်တွင်ထည့်၍ မြင်းစီးကာ မြစ်ဆိပ်သို့ ဆင်းလာခဲ့လေသည်။ သူသည် တံတားပေါ်တွင် ရှည်လျားသော လှည်းတန်းကြီးကို တွေ့မြင်ရလေသည်။

'ဟေ့၊ ဒီလှည်းတွေဟာ ဘယ်သူ့လှည်းတွေလဲ'

မွန်ရှီဒါးသည် အော်၍ မေးလိုက်လေသည်။ လှည်းတွေ ရပ်တန့်သွားပြီး စကားပြောသံများလည်း တိတ်သွားလေသည်။ အချင်းချင်း

တိုးတိုးပြောသံများကို ခပ်သဲ့သဲ့ ကြားရသည်။ ခဏကြာသောအခါ ရှေ့ဆုံးမှ လူက 'ပဏ္ဍစ်အလိုပီဒင်ရဲ့ လှည်းတွေပါ'ဟု ဖြေလေသည်။

'ဘယ်က ပဏ္ဍစ်အလိုပီဒင်လဲ'

'ဒတဂန်က'

မွန်ရှီဒါးသည် ထိတ်ခနဲ ဖြစ်သွားလေသည်။ ပဏ္ဍစ်အလိုပီဒင်သည် အများ၏ လေးစားသမှုကို ခံရသည့် မြေပိုင်ရှင်ကြီး ဖြစ်သည်။ ငွေချေးစားသည့်အလုပ်တွင် သိန်းနှင့်ချီ၍ လုပ်ကိုင်သည်။ ထိုဒေသတွင် ကြီးကြီးရော၊ ငယ်ငယ်ပါ သူ့ကြွေးနှင့် ကင်းသူဟူ၍ မရှိသလောက်ပင်။ သူ့အလုပ်အကိုင်မှာလည်း ကျယ်ပြန့်လှသည်။ သူသည် အလွန်အမြင်ကျယ် သူလည်း ဖြစ်ပါသည်။ အင်္ဂလိပ်အရာရှိကြီးများသည် ထိုနယ်သို့ အမဲလိုက်ကာ သူ့ဧည့်သည်အဖြစ် တည်းခိုနေထိုင်တတ်ကြသည်။ ထိုပုဂ္ဂိုလ်ကြီးများအတွက် သူ့အိမ်သည် အမြဲ တံခါးဖွင့်ထားလေသည်။

'ဒီလှည်းတွေ ဘယ်သွားမလို့လဲ'ဟု မွန်ရှီဒါးက မေးလိုက်သည်။

'ကန်ပုရကိုပါ'ဟု ဖြေကြသည်။

ထို့နောက် မွန်ရှီဒါးက ထိုလှည်းများပေါ်တွင် မည်သည့်ကုန်များ တင်ဆောင်လာသလဲဟု မေးလိုက်သောအခါ မည်သူမျှ အဖြေမပေးတော့ချေ။ သူသည် ပို၍ သင်္ကာမကင်း ဖြစ်လာလေသည်။ သူသည် ခဏမျှ အဖြေကိုစောင့်နေပြီး 'ဟေ့ မင်းတို့အားလုံး အ နေသလား၊ ဒီလှည်းတွေနဲ့ ဘာတွေတိုက်လာသလဲလို့ မေးနေတာ မကြားဘူးလား'ဟု ထပ်ဆင့်မေးလိုက်သည်။

အဖြေကား ပေါ်မလာ။ သူသည် မြင်းကို ရှေ့သို့နှင်ကာ လှည်းများ အနီးသို့ကပ်၍ အိတ်များကို ဆင်းကြည့်လေသည်။ သံသယဖြစ်စရာ မလိုတော့ပါ။ ဆားတွေ ဖြစ်ပါသည်။

*

ပဏ္ဍာအလိုပီဒင်သည် လှည်းပေါ်တွင် အိပ်တစ်ခါ နိုးတစ်လှည့်နှင့် လိုက်ပါလာလေသည်။ ထိုအချိန်တွင် သူ့လှည်းသမားအများသည် အထိတ်တလန့် ပြေးလာကာ သူ့ကိုနိုးကြသည်။

'ဆားကြီးကြပ်ရေးမှူးက ကျွန်တော်တို့လှည်းတွေကို ရပ်ထားပြီး သူဌေးကြီးကို မေးနေတယ် ခင်ဗျ'ဟု တုန်တုန်ယင်ယင်နှင့် ပြောဆိုတိုင်တန်းကြလေသည်။

ပဏ္ဍာစ်ကြီးသည် ဓနနတ်သမီးကို အထူး ယုံကြည် ကိုးကွယ်သူ ဖြစ်လေသည်။ ဥစ္စာဓနသည် ဤဘဝကို စိုးမိုးသကဲ့သို့ နောင်တမလွန်ဘဝကိုလည်း စိုးမိုးသည်ဟု သူ ပြောလေ့ရှိသည်။ သူ့စကားသည် မှန်သလို ဖြစ်နေပါသည်။ ဥပဒေရေးရာနှင့် မူဝါဒသဘောတရားများသည် ဥစ္စာဓန၏ ကစားစရာလေးများသဖွယ် ဖြစ်နေပါသည်။ ဥစ္စာဓနသည် ဤအရေးအခင်းများတွင် သူ ထင်သလို ချယ်လှယ် ကစားနေတတ်လေသည်။

ပဏ္ဍာစ်ကြီးသည် ငိုက်မျဉ်းနေရာမှ မျက်လုံးမဖွင့်သေးဘဲ 'ငါ လာခဲ့မယ်'ဟု ခပ်ထန်ထန် ပြောလိုက်လေသည်။ ထို့နောက် မည်သူ့ကိုမျှ အမှုမထားသော အမူအရာနှင့် ကွမ်းတစ်ယာ ယာပြီးလျှင် သူ့ပါးစပ်ထဲ ထိုးသွင်းလိုက်လေသည်။ မြစ်ဆိပ်တံတားသို့ ရောက်သောအခါ မိမိခန္ဓာကိုယ်ကို ဂွမ်းစောင် ရစ်ပတ်လျက် ကြီးကြပ်ရေးမှူးအနီးသို့ ကပ်သွားလေသည်။

'နေကောင်းတယ်နော် ကြီးကြပ်ရေးမှူးကြီး၊ ကျွန်တော့်လှည်းတွေ ဘာကြောင့် ရပ်ထားပါသလဲ ခင်ဗျာ၊ ဘယ်လိုအပြစ်များ တွေ့လို့လဲ၊ ကျွန်တော်တို့လို ဗြဟ္မဏနွယ်ဝင်တွေကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံသင့်ပါတယ်'ဟု ပြောလေသည်။

'အစိုးရအမိန့်နဲ့ တားထားတာ'ဟု မွန်ရှီဒါးက ခပ်ပြတ်ပြတ် ပြောလိုက်ရာ ပဏ္ဍာစ်ကြီးက ရယ်မောလိုက်လေသည်။

'ကျွန်တော်တို့တော့ အစိုးရဆိုတာကိုလဲ မသိဘူး၊ အစိုးရအမိန့်ဆိုတာလည်း နားမလည်ဘူး၊ ခင်ဗျားဟာ ကျွန်တော်တို့ အစိုးရပဲ၊ ဒီကိစ္စ

ကျွန်တော်တို့နှစ်ယောက်ချင်း ဖြေရှင်းနိုင်တဲ့ ကိစ္စပဲ၊ ခင်ဗျား မသိအောင် ကျွန်တော်တို့ ဘာမှ မလုပ်ပါဘူး၊ ဘာပြုလို့များ ဒုက္ခရှာချင်ရတာလည်း ခင်ဗျာ၊ ဒီလမ်းကလာရင် ဒီဆိပ်ကမ်းကို အစိုးရတဲ့နတ်မင်းကို မပသလို့ မဖြစ်ဘူးဆိုတာ ကျွန်တော် သိပါတယ်၊ အခုဆိုရင် ကျွန်တော်ကိုယ်တိုင် လာပြီး ဂါရဝပြုတာပါ'ဟု ပြောလေသည်။

ပဏ္ဏစ်ကြီးနှုတ်မှ သူ၏ ဓနအင်အားကို အခြေပြု၍ ထွက်ပေါ်လာသည့် စကားများသည် မွန်ရှီဒါးအား မည်သို့မျှ မလှုပ်ရှားနိုင်ပေ။ သူသည် လူငယ်ပီပီ သစ္စာရှိရှိ တာဝန်သိသိ ဆောင်ရွက်လိုသူ ဖြစ်သည်။

'ကျွန်တော့်ကို ကိုယ့်ရဲ့သစ္စာ သမာဓိကို ဟင်းတစ်ခွက်နဲ့လဲစားတဲ့ အရှက်မရှိတဲ့ လူတွေထဲ ရောမထည့်ပါနဲ့၊ ခင်ဗျားကို အခု ကျွန်တော် ဖမ်းတယ်၊ မိုးလင်းတာနဲ့ ခင်ဗျားကို ဥပဒေအရ တရားစွဲတင်မယ်၊ ခင်ဗျားနဲ့ ကြာကြာ စကားပြောနေဖို့လည်း အချိန်မရှိဘူး၊ ကဲ တပ်ကြပ်ကြီး သူ့ကို ဖမ်းသွားပါ၊ ကျွန်တော် အမိန့်ပေးတယ်'ဟု ခပ်ဆတ်ဆတ် ပြောလိုက်လေသည်။

ပဏ္ဏစ်ကြီးသည် အံ့အားသင့်သွားလေသည်။ လှည်းသမားများလည်း လှုပ်လှုပ်ရွရွ ဖြစ်သွားလေသည်။ ပဏ္ဏစ်ကြီးအဖို့ တစ်သက်နှင့်တစ်ကိုယ် သည်လိုအဖြစ်မျိုးနှင့် တစ်ခါမှ မကြုံခဲ့ဘူးချေ။ တပ်ကြပ်ကြီး 'ဆင်း' သည် ရှေ့သို့တိုးလာသည်။ သို့သော်လည်း ပဏ္ဏစ်ကြီး၏ လက်ကို မကိုင်ဝံ့ ဖြစ်နေလေသည်။ သူ့အရှိန်အဝါကား အလွန်ကြီးမားလှပါသည်။

ပဏ္ဏစ်ကြီးသည် ဤကဲ့သို့ သူရဲကောင်းဟန်ဖြင့် လာဘ်ကိုပယ်၍ တာဝန်ကို ရှေ့တန်းတင်ထားသည့် ပုဂ္ဂိုလ်မျိုးကို သူ့ဘဝတစ်လျှောက်လုံးတွင် မတွေ့ဘူးသေးချေ။ ဤပုဂ္ဂိုလ်သည် အခွင့်အရေးကို မရယူတတ်သည့် အစိမ်းသက်သက် လူငယ်ကလေးပါကလားဟု အောက်မေ့မိလေသည်။ သူသည် ကမ္ဘာလောကကြီး၏ အမျိုးမျိုးသော သွေးဆောင်မြူဆွယ်ခြင်းကို မခံရသေးသူ ဖြစ်သည်။ သူသည် မရင့်ကျက်သေး။

ထို့ကြောင့် မိမိရှေ့ရောက်နေသည့် အခွင့်အရေးကြီးကို လှမ်းယူဆုပ်ကိုင်ရန် နှေးကွေးနေရှာသည်ဟု ထင်မိသည်။

'ဆရာလေးရယ်၊ ဒီလိုတော့ မလုပ်ပါနဲ့၊ ကျွန်တော့်အဖို့ ဂုဏ်သရေပျက်ပြီး သူများတံတွေးခွက် ပက်လက်မျောပါလိမ့်မယ်၊ ကျွန်တော့်ကို ဒီလိုလုပ်လို့ ခင်ဗျားမယ် ဘယ်လောက်အကျိုးရှိမှာလဲ၊ ကျွန်တော်ဟာ ခင်ဗျား ဆန္ဒရှိသလောက် လုပ်ကိုင်ပေးမယ့်လူပါ'ဟု တောင်းပန်ပြောဆိုလေသည်။

'ဒီစကားမျိုးတွေ ကျွန်တော်မကြားချင်ဘူး'ဟု မွန်ရှီဒါးက ခက်ထန်စွာ ပြောလိုက်လေသည်။

ပဏ္ဍာစ်ကြီးသည် မိမိအမှီသဟဲပြုကာ ရပ်တည်နေခဲ့သော အရာဝတ္ထုသည် ကျောက်ဆောင်ကြီးသဖွယ် ခိုင်မာလှသည်ဟု ယူဆထားခဲ့ရာမှ ယခုအခါတွင် ခြေအောက်မှ ပျော့ပျောင်းရွှံ့လျား လွတ်ထွက်သွားတော့မည့်ကဲ့သို့ ဖြစ်နေလေပြီ။ သူ၏ဂုဏ်သရေနှင့် စည်းစိမ်ဥစ္စာမှ ဖြစ်ပေါ်လာခဲ့သော မာန်တို့သည် သွက်သွက်ခါ လှုပ်ရှားသွားလေသည်။ သို့သော်လည်း အသပြာ၏ အရေအတွက်အင်အားကို အားကိုးလျက်ပင် ရှိပါသေးသည်။ ထို့ကြောင့် သူ့ စာရေးဘက်သို့လှည့်၍ 'ကဲ စာရေးကြီး ဒီဆရာလေးကို ငွေစက္ကူတစ်ထောင်ထုပ် တစ်ထုပ် ပေးလိုက်စမ်းပါ၊ ဒီအချိန်မတော့ သူဟာ အစာငတ်နေတဲ့ ခြင်္သေ့လို ဖြစ်နေရှာတယ်'ဟု ပြောလိုက်လေသည်။

'တစ်ထောင်မပြောနဲ့၊ တစ်ကုဋေတောင် ကျုပ် တာဝန်အရ သွားနေတဲ့လမ်းကြောင်းက မတားဆီးနိုင်ဘူး သိလား'ဟု မွန်ရှီဒါးက ခက်ထန်စွာ ပြောလေသည်။

မကြုံစဖူး ကိုယ်ကျိုး စွန့်လွှတ်ကာ တာဝန်လမ်းကြောင်းတွင် စွဲမြဲစွာ ရပ်တည်နေသူအဖို့ ဓနဥစ္စာကိုပြ၍ သွေးဆောင်နေခြင်းသည် ဒေါသဖြစ်အောင် ထိုးဆွနေသကဲ့သို့ ဖြစ်နေလေသည်။ အင်အားနှစ်ခုသည် အရှုံးအနိုင် ယှဉ်ပြိုင်နေကြလေသည်။ ဥစ္စာဓနမှ ပေါက်ပွားလာသည့် လာဘ်သည် ခိုင်မြဲစွာ ရပ်တည်နေသူအား ခုန်ကာပျံကာ စတင်တိုက်ခိုက်

လျက်ရှိသည်။ ပေးထားသော ငွေတစ်ထောင်မှ ငါးထောင်၊ ငါးထောင်မှ တစ်သောင်း၊ နောက်ဆုံးတွင် နှစ်သောင်းအထိ ရောက်လာသည်။ သို့သော်လည်း တာဝန်နှင့် ဝတ္တရားသည် ကြီးမားလှသည့် အင်အားကို ထူးခြားလှသော သူရသတ္တိဖြင့် ရင်ဆိုင်လျက်ရှိ၏။ ခက်ထန်သော အသွင်ဖြင့် ကျောက်တောင်ကြီးသဖွယ် မယိမ်းမယိုင် ခုခံလျက်ရှိ၏။

ပဏ္ဍာစ်အလိုပီဒင်သည် စိတ်အားလျော့သွားလေသည်။

'ဒီထက်တော့ မတတ်နိုင်တော့ဘူး၊ ခင်ဗျား သဘောအတိုင်းသာ လုပ်ပေတော့'ဟု ဆိုလေသည်။

မွန်ရှိုဒါးသည် သူ၏တပ်ကြပ်ကြီးကို ခေါ်လိုက်လေသည်။ တပ်ကြပ်ကြီး ဆင်းသည် စိတ်ထဲမှ ကြီးကြပ်ရေးမှူးကို ကျိန်ဆဲရင်း အလိုပီဒင်အနီးသို့ တိုးသွားလေသည်။ ပဏ္ဍာစ်ကြီးသည် မျက်နှာပျက်ပျက်နှင့် နောက်သို့ တစ်လှမ်း နှစ်လှမ်း ဆုတ်လိုက်သည်။

'ဆရာလေးရယ် ကျွန်တော့်ကို သနားပါဦး၊ ဒီကိစ္စ ဒီတင်ပြတ်သွားအောင် နှစ်သောင်းငါးထောင်အထိ ပေးပါမယ်'ဟု ညွတ်တွားခယ ပြောဆိုပြန်လေသည်။

'မဖြစ်ပါဘူး'

'သုံးသောင်းကော'

'ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး'

'လေးသောင်းဆိုရင်ကော'

'သိန်းလေးဆယ်တောင် မရ၊ ကဲ တပ်ကြပ်ကြီး ဒီလူကြီးကို မြန်မြန်ဖမ်းပြီး ခေါ်သွား၊ နောက်ထပ် စကားတစ်လုံးမှ မကြားချင်ဘူး'

တာဝန်နှင့်ဝတ္တရားသည် ခနဉစ္စာကို ခြေနှင့်နင်းကာ အနိုင်ယူလိုက်လေသည်။ ပဏ္ဍာစ်ကြီးသည် သန်မာတုတ်ခိုင်သည့် တပ်ကြပ်ကြီး လက်ထိပ်များကို ကိုင်ကာ သူ့အနီးသို့ ချဉ်းကပ်လာနေသည်ကို တွေ့ရသည်။

သူသည် နွမ်းလျညှိုးခွေသော မျက်နှာထားနှင့် ပတ်ဝန်းကျင်ကို ကြည့်သည်။ ထို့နောက် သူသည် သတိလစ်ကာ လဲကျသွားလေသည်။

*

ကမ္ဘာကြီးသည် အိပ်မောကျနေသော်လည်း သူတို့၏ လျှာကား ရပ်နားနေသည် မရှိ။ နံနက်စောစောကတည်းကပင် ယမန်နေ့ညက အဖြစ်အပျက်များကို ကလေးရော လူကြီးပါ အားလုံးကြားသိကြပြီး ဖြစ်နေလေသည်။ လူတိုင်းပင် ပဏ္ဍစ်ကြီး၏ အပြုအမူကို ဝေဖန်ပြောဆိုနေကြလေသည်။ ဤလောကမြေအပြင်မှ ဒုစရိုက်မှန်သမျှကို ဆေးကြောသုတ်သင် နေသကဲ့သို့ ပြစ်တင်ရှုတ်ချနေကြလေသည်။

ရေကို နွားနို့ လုပ်ရောင်းနေသော နွားနို့သည်များ၊ စိတ်ကူးဖြင့် နေ့စဉ်မှတ်တမ်း ရေးနေကြသည့် အရာရှိများ၊ လက်မှတ်မယူဘဲ မီးရထား စီးနေကြသည့် ဂုဏ်သရေရှိလူကြီးများ၊ ငွေချေးစားသူများသည် နတ်ဒေဝါများသဖွယ် ဦးခေါင်းတညိတ်ညိတ်ဖြင့် ရေးကြီးခွင်ကျယ် ဆွေးနွေးပြောဆိုနေကြလေသည်။

နောက်တစ်နေ့တွင် ပဏ္ဍစ်အလိုပီဒင်အား လက်ထိပ်ခတ်ကာ တရားခံအဖြစ် ရဲသားများ ခြံရံ၍ တရားရုံးသို့ ခေါ်ဆောင်လာလေသည်။ ပဏ္ဍစ်ကြီးသည် မသာယာသည့်နှလုံး၊ မပြုံးနိုင်သည့် မျက်နှာနှင့် လိုက်ပါလာသည်။ လူအများသည် တရားခံအား ဝိုင်းအုံကြည့်နေကြရာ ပွဲလမ်းသဘင်များမှာပင် ဤသို့သော မျက်လုံးအစုံများကို တွေ့ရန် ခဲယဉ်းလှပေသည်။

သို့သော်လည်း ရုံးသို့ရောက်သည်နှင့်တစ်ပြိုင်နက် ပဏ္ဍစ်ကြီးသည် ဖောက်ထွင်းရောက်ရှိရန် မလွယ်ကူသော တောနက်ကြီးတွင် ဘုရင်တစ်ဆူကဲ့သို့ စိုးမိုးပြီးဖြစ်နေသည်ကို တွေ့ရလေသည်။ ဤအာဏာရှိ ပုဂ္ဂိုလ်များသည် သူ့ကို လေးစားကြကုန်သည်။ စာရေးစာချီများသည် သူ စေခိုင်း

သမ္မျှ လုပ်ကိုင်ပေးမည့် တပည့်များသဖွယ် ဖြစ်နေလေသည်။ ရှေ့နေရှေ့ရပ်များသည် သူ့နောက်မှ ရပ်ကြည့်နေကြလေသည်။ စာပို့လုလင် ရုံးလုလင်နှင့် ညစောင့်များပါမကျန် သူ့အပေါ်တွင် ခစားသည့် ငွေ၀ယ်ကျွန်များကဲ့သို့ ဖြစ်နေလေသည်။

သူ့ကိုမြင်လိုက်သည်နှင့် အားလုံး ဝိုင်းအုံလာကြကုန်သည်။ သူတို့သည် အံ့သြခြင်းကြီးမက အံ့သြနေကြသည်။ သူတို့၏ ကျေးဇူးရှင်ကြီး ဤသို့သော ပြစ်မှုကို ကျူးလွန်သည်ကို သိရ၍ အံ့သြခြင်းမျိုး မဟုတ်၊ သူလိုလူကြီးတစ်ယောက် ဥပဒေလက်တွင်း ကျရောက်ပြီး တရားခံ ဖြစ်နေရသည်ကို ကြည့်၍ အံ့သြနေကြခြင်း ဖြစ်လေသည်။ မည်သို့သော ကိစ္စမဆို အောင်မြင်အောင် ဆောင်ရွက်နိုင်စွမ်းရှိသည့် ဓနအင်အားနှင့် ပြည့်စုံပြီး အပြောအဆိုမှာလည်း သူမတူအောင် လိမ္မာပါးနပ်လှသည့် အလိုဒီပင်လို ပုဂ္ဂိုလ်မျိုးသည် မည်သည့်အတွက် ဥပဒေ၏ စက်ကွင်း အတွင်းသို့ ကျဆင်းရပါသနည်း။

အားလုံးကပင် သူ့ကို ကရုဏာသက်ကြကုန်သည်။ သူ့ကို ခုခံကာကွယ်ပေးရန်အတွက် ရှေ့နေများ၊ ဝတ်လုံများသည် တပ်ချီ၍ လာကြကုန်သည်။ တရားဥပဒေရေးရာ စစ်မြေပြင်တွင် 'ဥစ္စာဓနံ' နှင့် 'တာဝန်'သည် ပြင်းထန်သောတိုက်ပွဲဆင်လျက် ရှိလေသည်။ မွန်ရှီဒါးသည် တည်ငြိမ်စွာ ရပ်တည်လျက် ရှိသည်။ သူ့တွင် အင်အားဟူ၍ အမှန်တရားမှ လွဲ၍မရှိ။ လက်နက်ဟူ၍လည်း ရိုးသားစွာ ထုတ်ဖော် ပြောဆိုခြင်းမှအပ ဘာမျှ မရှိ။ သူ့ဘက်မှ သက်သေတွေ အများပင် ရှိခဲ့ပါသည်။ သို့သော်လည်း ငွေ၏ အရှိန်အဝါကြောင့် သွက်သွက်ခါအောင် ယိမ်းယိုင်လှုပ်ရှားနေပါပြီ။

မွန်ရှီဒါးစိတ်တွင် တရားဥပဒေသည် သူ့အား အဖက်မတန်သလို အေးစက်စက် ဆက်ဆံနေသည်ဟု ထင်လေသည်။ ဤနေရာသည် တရားမှန်ကို ဖော်ထုတ်ဆုံးဖြတ်သည့် ခန်းမကြီးဖြစ်သည်။ သို့သော်လည်း ထိုအခန်းအတွင်းမှ အရာရှိကြီးငယ်များသည် အဂတိလေးပါး၏ ဘက်တော်သားများ ဖြစ်နေလေသည်။ ဘက်လိုက်တတ်သော စိတ်ဓာတ်နှင့် အမှန်

တရားသည် အဘယ်မှာလျှင် ပေါင်းစပ်ယှဉ်တွဲ၍ ရနိုင်ပါအံ့နည်း။ ဘက်လိုက်ခြင်း ရှိနေသမျှ ကာလပတ်လုံး အမှန်တရားကို စဉ်းစား၍ပင် ရနိုင်မည် မဟုတ်ချေ။

များမကြာမီပင် ထိုအမှုသည် ပြီးဆုံးသွားလေသည်။ ပဏ္ဍစ် အလိုပီဒင်အား ပြစ်မှုကျူးလွန်ပါသည်ဟု တရားလိုဘက်မှ တင်ပြသော သက်သေများသည် မမှန်ကန်သည့်ပြင် ထင်ယောင်ထင်မှားဖြစ်စေအောင် ထွက်ဆိုကြသည်ဟု စီရင်ချက်တွင် ရေးသား ဖော်ပြထားလေသည်။ ထို ပုဂ္ဂိုလ်ကြီးသည် ရာထူးအဆင့်မြင့်သော တရားသူကြီးတစ်ဦး ဖြစ်ပါလျက် မပြောလောက်သော လာဘ်သပ်ပကာလေးကို ရရှိမှုနှင့် ဤသို့ မဖွယ်မရာ ပြုလုပ်လိမ့်မည်ဟု မထင်ကြချေ။ ဆားကြီးကြပ်ရေးမှူးအား အပြစ်ဆိုဖွယ် မရှိသော်လည်း ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ဦးအား မာန်မာန တရားရှေ့ထား၍ အဆင်ခြင်ကင်းမဲ့စွာ ကိုယ်စိတ်နှစ်ပါးစလုံး ဆင်းရဲခြင်း ရောက်ရှိအောင် ဖန်တီးလိုက်ခြင်းမှာ အထူး ဝမ်းနည်းဖွယ်ကောင်းသည် ဟုလည်း ဖော်ပြထားသည်။

ကြီးကြပ်ရေးမှူးသည် မိမိ၏ တာဝန်ဝတ္တရားများကို ရိုသေလေးစား စွာ လုပ်ကိုင်ဆောင်ရွက်သည်ကို တွေ့ရှိရ၍ တရားရုံးမှ ဝမ်းမြောက် သော်လည်း ဆားဌာနအတွင်းရှိ ဝန်ထမ်းများသည် တာဝန်ကျေပွန်သည် သစ္စာရှိသည်ဟုဆိုကာ တစ်ဖက်စွန်းသို့ရောက်သွားပြီး အစဉ်းစားဉာဏ် ကင်းမဲ့စွာဖြင့် လူတစ်ဖက်သားအား ရာထူးမာန်ဖြင့် နှိပ်စက်သည့်သဘော မရောက်ဖို့လိုကြောင်း နောင် အလားတူကိစ္စမျိုး မပေါ်ပေါက်စေရန် အထူး ဂရုစိုက်ရမည်ဖြစ်ကြောင်း ဖော်ပြထားလေသည်။

ထိုစီရင်ချက်ကို ကြားနာရသော ရှေ့နေကြီးများ၊ ဝတ်လုံကြီး များသည် ဝမ်းသာအားရ ဖြစ်ကြကုန်သည်။ ပဏ္ဍစ်ကြီးသည် အချုပ်မှ ပြုံးပြုံးကြီး ထွက်လာလေသည်။ သူ့မိတ်ဆွေများနှင့် ဆွေမျိုးများသည် ငွေအမြောက်အမြားကို ဆုလာဘ်အဖြစ် ပေးကမ်းစွန့်ကြဲကြကုန်သည်။ သူတို့တစ်တွေ၏ ရက်ရောမှု စေတနာအရှိန်အဟုန်ကြောင့် ရုံးအဆောက်

အအုံကြီး တစ်ခုလုံး လှုပ်ရှားနေလေသည်။ တရားလိုဖြစ်သူ မွန်ရှီဒါး ရုံးခန်းထဲမှ ထွက်လာသောအခါ ကဲ့ရဲ့သင်္ဂြိုဟ်ပြုသော စကားများကို ကြားရလေသည်။

ရုံးလုလင်များသည် သူ့အား ဆလံပေးကြသော်လည်း မဖွယ်မရာ သော စကားများကို မကြားတကြား ပြောကြကုန်သည်။ သူ့အမှုနိုင်လျှင် ခပ်အေးအေး ထွက်လာကြမည် ဖြစ်သော်လည်း အမှုရှုံးရသည့်အတွက်ပင် မည်သူ့ကိုမျှ မမှုသကဲ့သို့ ခပ်ကြွားကြွား လျှောက်လာခဲ့လေသည်။ ယနေ့အဖို့ သူသည် လောကအလယ်တွင် ထူးထွေခါးသီးသော အတွေ့အကြုံကို ခံစားရလေပြီ။ ဥပဒေရေးရာနှင့် ပညာဗဟုသုတကြွယ်ဝမှုများ၊ ဂုဏ်ထူးများ၊ ဘွဲ့များ၊ မုတ်ဆိတ်ရှည်ကြီးများ၊ ပွယောင်းသော ဝတ်ရုံကြီးများသည် ဘာတစ်ခုမျှ အထင်ကြီးစရာ လေးစားစရာမဟုတ်ပါလားဟု အောက်မေ့မိ လေသည်။

မွန်ရှီဒါးသည် ခနအင်အားကို ယှဉ်ပြိုင်တိုက်ခိုက်ခဲ့သည်။ သို့အတွက် အပြစ်ဒဏ်ခံရလေပြီ။ နောက် ရက်သတ္တပတ်မျှ မကြာသေးမီမှာပင် သူ့အား အလုပ်မှ ရပ်စဲလိုက်ကြောင်း အမိန့်စာကို ရရှိလေသည်။ သူသည် တာဝန်ကို အထူးကျေပွန်အောင် ဆောင်ရွက်ခဲ့သည့်အတွက် ရရှိသည့် ရလဒ်ပင် ဖြစ်လေသည်။ သူသည် မခံချိမခံသာဖြစ်ကာ ကြေကွဲ ဝမ်းနည်းစွာဖြင့် အိမ်သို့ ပြန်လာခဲ့လေသည်။

သူ့ဖခင်သည် ထိုကိစ္စ ဖြစ်ပေါ်မလာခင်ကပင် မိမိသားပေါ်တွင် အလုပ်ရှာထွက်အံ့ဆဲဆဲက ဆုံးမဩဝါဒပေးလိုက်သည့်အတိုင်း မလိုက်နာ သည့်အတွက် မကျေမနပ်ဖြစ်ကာ မြည်တွန်တောက်တီးနေခဲ့လေသည်။ သူ့သားသည် သူမှာလိုက်သည်များကို လုံးဝ ဂရုမစိုက်ဘဲ သူ မှန်သည် ထင်သလိုသာ လုပ်ကိုင်ခဲ့သည်။

ဖခင်ဖြစ်သူသည် အသားဆိုင်နှင့် အရက်ဆိုင်မှ ကြွေးပူတွေကို မဆပ်နိုင်ဘဲ ဖြစ်နေသည်။ အသက်ကြီးခါမှ အရက်မသောက်ရ၊ အသား မစားရနှင့် တောမှီသည့် ယောဂီပုဂ္ဂိုလ်လို နေရသည်။ မဖြစ်စလောက်

ရရှိသော လစာမှအပ အပိုဝင်ငွေဟူ၍ ဘာမျှ မရှိ။ သူကိုယ်တိုင်လည်း အရာရှိမဟုတ်စေကာမူ အစိုးရအလုပ်ကို လုပ်ကိုင်ခဲ့ဖူးသူဖြစ်ရာ သူဆန္ဒရှိသလို လွတ်လွတ်လပ်လပ် လုပ်ကိုင်ခဲ့သည်။ ယခု သူ့သားကျခါမှ သူနှင့်မတူ သူ့ခြေရာ မနင်းနိုင်ဘဲ လူရိုးကြီးလုပ်နေသည် တကား။

မိမိအိမ်တွင် မှောင်နှင့်မည်းမည်း ဖြစ်နေသည်ကို ဂရုမထားဘဲ ဘုရားကျောင်းသွား၍ မီးထွန်းနေချေပြီ။ သည်လောက် မသိတတ်သည့် သတ္တဝါကို သနားဖို့ပင် ကောင်းပါတော့သည်။ သူ့ကို ငွေကုန်ကြေးကျခံ၍ ပညာသင်ပေးခဲ့သည်မှာ အလဟဿ ဖြစ်နေပါပြီ။

မွန်ရှီဒါးသည် မသာယာသောနှလုံး၊ မပြုံးသောမျက်နှာနှင့် အိမ်သို့ ပြန်လည်ရောက်ရှိလာပြီး ဖြစ်ကြောင်းကုန်စင်ကို ကြားသိရသောအခါ အဘိုးကြီးသည် မိမိ၏ ဦးခေါင်းကို ထုလေတော့သည်။ 'ငါ့ခေါင်းရော၊ မင့်ခေါင်းရောကို အစိတ်စိတ် ခွဲပစ်ချင်တယ်'ဟု မြည်တမ်းလေသည်။ သူသည် ဝမ်းနည်းပက်လက်နှင့် သူ့လက်နှစ်ဖက်ကို အချိန်ကြာမြင့်စွာ အချင်းချင်းပွတ်နေလေသည်။ ဒေါသအလျောက် ဆဲရေးတိုင်းထွာမှုများကိုလည်း ပြုသည်။ သားဖြစ်သူ ရှောင်မနေလိုက်လျှင် ဖခင်၏ ဒေါသအိုးသည် ပေါက်ကွဲသွားမည် ဖြစ်လေသည်။ သူ့ မိခင်အိုကြီးသည်လည်း ယူကြုံးမရ ဖြစ်နေသည်။ အခြားမြို့များသို့ ဘုရားဖူးသွားမည်ဟု စိတ်ကူးယဉ်ခဲ့သမျှသည် သဲထဲရေသွန် ဖြစ်ကုန်ပြီ။ သူ့ဇနီးကလည်း သူ့အား ရက်ပေါင်းအတော်ကြာအောင် စကားကောင်းကောင်း မပြောဘဲ နေလေသည်။

*

သည်လိုနှင့် ရက်သတ္တပတ် ကုန်လွန်ခဲ့သည်။ ညနေစောင်းအချိန်တွင် အဘိုးကြီးသည် ပုတီးစိပ်နေလေသည်။

ထိုအချိန်တွင် လှပစွာ စီရင်ထားသော လှည်းယာဉ်တစ်စီးသည် သူတို့ အိမ်ပေါက်ဝတွင် ရပ်လာသည်။ လှည်းယာဉ်တွင် ပန်းရောင်နှင့်

အစိမ်းရောင်ကန့်လန့်ကာများ တပ်ဆင်၍ အနောက်ဘက် ခရိုင်များမှ တုတ်ခိုင်သော လှပသော နွားနှစ်ကောင်ကို ကထားသည့်ပြင် နွားများ၏ ဦးချိုထိပ်များတွင်လည်း ပြောင်လက်သော ကြေးဝါများ စွပ်ထားလေသည်။ တုတ်တိုများကို ပခုံးတွင် ထမ်းထားသည့် နောက်လိုက်နောက်ပါများကို လည်း တွေ့ရသည်။

အဘိုးကြီးသည် နေရာမှထကာ ဧည့်သည်ကို ခရီးဦးကြိုပြုလေသည်။ ဧည့်သည်ကား အခြား မဟုတ်ပါ။ ပဏ္ဍစ်အလိုပီဒင် ဖြစ်နေပါသည်။ အိမ်ရှင်အဘိုးကြီးသည် ဦးခေါင်းကိုနိမ့်စွာ ညွတ်လျက် 'ကြွပါခင်ဗျာ၊ ခင်ဗျား၏ ခြေအစုံနဲ့ ဒီအိမ်ထောင်ကို သန့်စင်ပေးပါတော့၊ ကျွန်တော်တို့ အဖို့ ခင်ဗျားဟာ နတ်မင်းကြီးတစ်ပါးပါပဲ၊ ကျွန်တော်တို့တော့ အရှက်တကွဲ ဖြစ်နေပါပြီ၊ ခင်ဗျားကိုလဲ ဘယ်လို မျက်နှာချင်း ဆိုင်ရမယ်ဆိုတာလဲ မသိတော့ပါဘူး၊ သားနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဟာ အလွန် ကုသိုလ် ဆိုးပါတယ်။ ဒီလိုသာမဟုတ်ရင် ခင်ဗျားကို မျက်နှာမပြဝံ့စရာ မရှိပါဘူး၊ ဒီလိုသားမျိုးရမယ့်အစား သားမရပါစေနဲ့လို့ ဘုရားမယ် ဆုတောင်း နေပါတယ် ခင်ဗျာ'ဟု ဝပ်တွားခယသော လေသံဖြင့် ပြောဆိုလေသည်။

'အို မဟုတ်ပါဘူး အစ်ကိုကြီးရယ်၊ ဒီလိုမပြောပါနဲ့'ဟု အလိုပီဒင် က ဟန့်တားလေသည်။

'ဒါဖြင့် ဒီလိုသားမျိုးကို ကျွန်တော်တို့ ဘယ်လိုပြောရမလဲ'ဟု အံ့အားသင့်ကာ မေးလိုက်သည်။

'ဒီလောကမယ် ဖြောင့်မှန်ခြင်းဆိုတဲ့ ယဇ်ပလ္လင်ပေါ်မယ် ကိုယ်ကျိုး တရားမှန်သမျှကို စတေးပြီး အနစ်နာခံရင်း မိသားစုရဲ့ နာမည်နဲ့ ဂုဏ် ကျက်သရေကို ထွန်းပြောင်စေနိုင်တဲ့ပုဂ္ဂိုလ် ဘယ်နှစ်ယောက်များရှိသလဲ'ဟု ပဏ္ဍစ်ကြီးက ချစ်ခင်လေးစားစွာ ပြောလိုက်လေသည်။

ထို့နောက် မွန်ရှီဒါးဘက်သို့လှည့်ကာ 'ကြီးကြပ်ရေးမှူးကြီးခင်ဗျာ၊ ခင်ဗျားကို မြှောက်ပင့်ပြောဆိုဖို့ ဒုက္ခခံပြီး ဒီကိုရောက်အောင် လာခဲ့တာ မဟုတ်ပါဘူး၊ ဟိုညက ခင်ဗျားဟာ အာဏာနဲ့ ကျွန်တော့်ကို ချုပ်နှောင်ခဲ့

ပါတယ်၊ ဒီနေ့ ကျွန်တော်ဟာ ကိုယ့်ဘာသာကိုယ် ခင်ဗျားဆီ အထိန်းသိမ်းခံဖို့ ရောက်လာတာပါ၊ ကျွန်တော်ဟာ သူဌေးသူကြွယ်တွေဆိုရင် ထောင်နဲ့ချီပြီး ဆက်ဆံဖူးပါတယ်။ အရာရှိအရာခံတွေနဲ့ ဆက်ဆံခဲ့တာလဲ မနည်းပါဘူး၊ အများကြီးပါပဲ။ ကျွန်တော်ကချည်း အနိုင်ယူခဲ့တာပဲ။ ခင်ဗျားကျမှ ကျွန်တော် အရှုံးပေးရတော့တာပဲ၊ ကျွန်တော်ဟာ လူတိုင်းကို ဓနအင်အားနဲ့ သိမ်းသွင်းပြီး အနိုင်ယူခဲ့တာပါ၊ ကဲ အခု ကျွန်တော် ခင်ဗျားကို တောင်းပန်ပါရစေ'ဟု ပြောလေသည်။

အလိုပီဒင် လာနေသည်ကို တွေ့ရစဉ်က မွန်ရှီဒါးသည် ခရီးဦးကြို ပြုရန် ဣန္ဒြေရရနှင့် နေရာမှ ထခဲ့သည်။ သည်လူကြီး ငါ့ကို အရှက်ခွဲရန် သိက္ခာချရန် လာချေပြီဟု အောက်မေ့ခဲ့သည်။ သူသည် လုပ်ကိုင်ဆောင်ရွက်သည့်ကိစ္စနှင့် ပတ်သက်၍ မည်သို့မျှ ဆင်ခြေမပေး။ မည်သို့မျှ တောင်းပန်ခြင်း မပြုသည့်အပြင် မိမိဖခင်က အောက်ကျခံကာ ပြောဆိုနေသည့် စကားများကြောင့်ပင် စိတ်ထဲမှ မခံချိမခံသာ ဖြစ်နေခဲ့သည်။ သို့သော်လည်း အလိုပီဒင်၏ စကားများကို ကြားရသောအခါတွင် သူ့ဝမ်းထဲမှ အခဲမကျေ ဖြစ်နေသမျှသည် အရည်ပျော်သွားလေတော့သည်။ သူသည် ပဏ္ဍစ်ကြီးအား အမှတ်တမဲ့ လှမ်းကြည့်လိုက်သည်။ သူကိုယ်တိုင်လည်း ဝမ်းမြောက်ရွှင်မြူး သော အသွင်ကို ဆောင်လိုက်သည်။ အရှက်စိတ်များ လွင့်ပါးကုန်၍ ဂုဏ်ယူသော စိတ်ဓာတ်များ ယှက်သန်းလာလေသည်။

'ခင်ဗျားရဲ့ သဘောထားကြီးမှုကို သိရလို့ ဝမ်းသာပါတယ်၊ ကျွန်တော် ပြုလုပ်ခဲ့တာတွေနဲ့ ပတ်သက်ပြီး ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်၊ ကျွန်တော့်မယ် ပေးအပ်ထားတဲ့ တာဝန်ဝတ္တရားအရ လုပ်ကိုင်ဆောင်ရွက်ခဲ့ရတာပါ၊ ဒီလိုသာမဟုတ်ရင် ခင်ဗျား ဆန္ဒအတိုင်း လုပ်ကိုင်မယ့်လူပါ'ဟု ယဉ်ကျေးစွာ ပြောဆိုလေသည်။

'ခင်ဗျားဟာ မြစ်ကမ်းပါးတုန်းက ကျွန်တော် တောင်းပန်သမျှကို လက်မခံခဲ့ဘူး၊ ဒီနေ့တော့ လက်ခံရလိမ့်မယ်'ဟု ဝပ်တွားခယသော အမူအရာနှင့် တောင်းပန်ပြောဆိုလေသည်။

'ကျွန်တော်ဟာ နေရာတကာ တော်လှတာမဟုတ်ပေမယ့် ခင်ဗျားကို ကူညီလုပ်ကိုင်ပေးရမယ်ဆိုရင် အစွမ်းကုန်ကြိုးစားပြီး ချို့ယွင်းချက်မရှိအောင် လုပ်ကိုင်ပါ့မယ်'

ပဏ္ဍစ်ကြီးသည် တံဆိပ်ခေါင်းကပ်ထားသည့် စာရွက်တစ်ရွက်ကို မွန်ရှီဒါးလက်သို့ လှမ်းပေးပြီးလျှင် 'ဒီအလုပ်ကို လက်ခံပါ၊ လက်ခံတယ်ဆိုတဲ့အကြောင်းလဲ ဒီနေရာမယ် လက်မှတ်ထိုးလိုက်ပါ၊ ကျွန်တော်ဟာ ဗြဟ္မဏနွယ်ဝင်တစ်ယောက်ပါ၊ ဒီကိစ္စ မပြီးပြတ်ရင် ကျွန်တော် ဒီက မပြန်တော့ဘူးဟု ဆိုလိုက်လေသည်။

မွန်ရှီဒါးသည် စာရွက်ပေါ်မှ စာများကို ဖတ်ရှုရသောအခါ ဝမ်းမြောက် ကျေးဇူးတင်လှသဖြင့် မျက်ရည်များ စို့လာလေသည်။ ပဏ္ဍစ်ကြီးသည် မွန်ရှီဒါးအား သူ၏ စီးပွားရေးလုပ်ငန်းအားလုံးတွင် အမြဲတမ်း မန်နေဂျာခန့်ထားလိုက်ခြင်း ဖြစ်လေသည်။ ထိုအလုပ်အတွက် လခကြီး ပေးထားသည့်အပြင် နေထိုင်ရန် အိမ်၊ အိမ်ဖော်များ၊ သွားလာရေးအတွက် မြင်းများ၊ ယာဉ်များကို အခမဲ့ပေးထားသည်သာမက နေ့စဉ် အိမ်သုံးစရိတ်ကို ကျခံဦးမည် ဖြစ်ပေသည်။

'ပဏ္ဍစ်ကြီးခင်ဗျား၊ ပဏ္ဍစ်ကြီးရဲ့ သဘောထားကြီးမှုကို ကျွန်တော် ဘယ်လို ကျေးဇူးတုံ့ပြန်ရမယ်ဆိုတာ မသိတော့ပါဘူး၊ ဒါပေမယ့် ကျွန်တော် ဒီလောက်တောင်ကြီးတဲ့ ရာထူးမျိုးနဲ့ မတန်ပါဘူးဗျာ'ဟု တုန်ယင်သောအသံဖြင့် မွန်ရှီဒါးက ပြောလေသည်။

'အဲဒီ မတန်ဘူးဆိုတဲ့ ပုဂ္ဂိုလ်ကိုပဲ လိုချင်ပါတယ် ခင်ဗျား'ဟု ပဏ္ဍစ်အလိုပီဒင်က ရယ်မောပြောဆိုလေသည်။

'ဒီလိုဆိုရင် ကျွန်တော် လက်ခံပါမယ်၊ ဒါပေမယ့် အခုလုပ်ရမယ့် အလုပ်တွေကို ကျွန်တော် ဘာမှနားမလည်ပါဘူး၊ ပညာအဆင့်အတန်းလဲမရှိ၊ အဲဒီတော့ ချို့ယွင်းချက်တွေ ရှိပါလိမ့်မယ်၊ ဒီလို နေရာမျိုးအတွက် အတွေ့အကြုံများပြီး တွေးတောမြော်မြင်တတ်တဲ့ ပုဂ္ဂိုလ်မျိုးလိုပါတယ်'ဟု မွန်ရှီဒါးက တည်ကြည်စွာ ပြောလေသည်။

အလိုပီဒင်သည် ကလောင်ကိုယူကာ မွန်ရှီဒါး လက်ထဲသို့ ထည့်လိုက်သည်။

'ကျွန်တော့်အနေနဲ့ ပညာတွေ၊ အတွေ့အကြုံတွေ၊ ထိုးထွင်းမြော်မြင်တာတွေ၊ အလုပ်ကျွမ်းကျင်တာတွေ မလိုချင်ပါဘူး၊ ဒီအရည်အချင်းတွေဟာ ဘယ်လောက် အသုံးကျတယ်ဆိုတာ ကျွန်တော် သိခဲ့ပြီးပါပြီ၊ အခု ကျွန်တော် ကံကောင်းထောက်မလို့ ကျောက်မျက်ရတနာကြီး တစ်လုံး ကောက်ရတာပဲ၊ ဒီရတနာကျောက်မျက်ကြီးနဲ့ ယှဉ်ထားလိုက်ရင် အလုပ်ကျွမ်းကျင်တယ်၊ ပညာတတ်တယ် ဆိုတာတွေဟာ အရောင်မှိန်ကုန်ပြီ၊ ကဲ စဉ်းစားမနေပါနဲ့တော့၊ လက်မှတ်သာထိုးလိုက်စမ်းပါ၊ ကျွန်တော်ဟာ ဘုရားသခင်ရှေ့မှောက်မယ် ဆုတောင်းတာကတော့ ခင်ဗျားဟာ ဟိုနေ့ည မြစ်ကမ်းပါးမယ် ကျွန်တော်နဲ့တွေ့ခဲ့ရတဲ့ ဆားကြီးကြပ်ရေးမှူးအတိုင်းပဲ တည်တည်ကြည်ကြည်နဲ့ စိတ်ဓာတ်ခိုင်မာနေပါစေ၊ ပြတ်ပြတ်သားသားနဲ့ မှန်တာကိုပဲ ရဲရဲဝံ့ဝံ့ လုပ်ကိုင်နိုင်ပါစေ၊ အဲဒီတုန်းကလိုပဲ အပြောင်းအလဲမရှိ တစ်သမတ်တည်း ရှိနေပါစေဆိုတာ ဆုတောင်းနေပါတယ်'ဟု အလိုပီဒင်က ပြောကြားလေသည်။

မွန်ရှီဒါး၏ မျက်လုံးအစုံတွင် မျက်ရည်တွေ စို့လာသောကြောင့် ပတ်ဝန်းကျင်ကို မှုန်မွှားမွှားသာ မြင်ရပါတော့သည်။ ကြီးမားလှသော ကျေးဇူးတရားသည် သူ၏ သေးငယ်လှသော နှလုံးသည်းပွတ်တွင် မဆန့်အောင် ဖြစ်နေပါသည်။ သူသည် ပဏ္ဍာစ်ကြီးအား ရိုသေလေးစားစွာ တစ်ချက် လှမ်းကြည့်လိုက်ပြီးလျှင် သူ့အား မန်နေဂျာအဖြစ် ခန့်အပ်သည့် စာရွက်ပေါ်တွင် တုန်တုန်ယင်ယင်နှင့် လက်မှတ်ရေးထိုးလိုက်လေသည်။

ပဏ္ဍာစ်အလိုပီဒင်သည် မွန်ရှီဒါးကို အားရဝမ်းသာ သိမ်းကျုံးဖက်လိုက်လေသတည်း။

( မြဝတီ။ မတ်၊ ၁၉၇၂ )

# ၉
# လက်ဆောင်

ကျွန်တော်တို့မြို့မှ ခရိုင်အရာရှိကြီးသည် ပညာဗဟုသုတနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။ သူသည် ရှေးဟောင်းသမိုင်းနှင့် ပတ်သက်၍ အတော်အတန် သုတေသန ပြုလုပ်ထားရှိသူဖြစ်သည့်ပြင် ရှေးခေတ်လူတို့ သုံးစွဲခဲ့သော ပိုက်ဆံပြားများ၊ ငွေဒင်္ဂါးဟောင်းများကိုလည်း စုဆောင်းသူ ဖြစ်ပါသည်။ အရာရှိကြီးတစ်ဦးအနေဖြင့် အလုပ်တာဝန်တွေ များပြား ရသည့်အထဲက ဤကဲ့သို့သော အလုပ်ပိုတွေကို ဘယ်ကဲ့သို့များ အချိန်ရှာပြီး လုပ်နေသည်ကို ကျွန်တော် မတွေးတတ်အောင် ဖြစ်နေပါသည်။

ကျွန်တော်သည် သူရေးသားထုတ်ဝေသော စာအုပ်စာတန်းများကို ဖတ်ရှုပြီး သူ့ကို တိတ်တခိုး ကြည်ညိုနေသူ ဖြစ်ပါသည်။ သို့သော်လည်း သူသည် ရာထူးအဆင့်အတန်း မြင့်မားနေသော အရာရှိကြီးတစ်ဦးဖြစ်သည့် အလျောက် သူနှင့် ကျွန်တော်၏ကြားတွင် မရင်းနှီးနိုင်အောင် အတားအဆီး ကြီး ရှိနေပါသည်။ သူနှင့် တွေ့ဆုံရင်းနှီးဖို့ အရေးကို ကျွန်တော် ကြိုးစား ပမ်းစား လိုက်လံဆောင်ရွက်နေရန်လည်း လျော်ကန်မည် မဟုတ်ပါ။ ထိုသို့လည်း ဘယ်နည်းနှင့်မျှ မလုပ်နိုင်ပါ။

အများပြည်သူတို့၏ အစည်းအဝေးပွဲများ အခမ်းအနား သဘင်များတွင် အစိုးရအရာရှိများအား ဖိတ်မန္တကပြု၍ သဘာပတိအဖြစ် ဆောင်ရွက်စေခြင်းများကို မကြိုက်မနှစ်သက်သူများထဲတွင် ကျွန်တော်တစ်ဦး ပါဝင်ပါသည်။ ကျောင်းများ၊ ဆေးရုံများ၊ မုဆိုးမဂေဟာ စသည်များကို ဘုရင်ခံတစ်ဦးဦး၏ အမည်မှည့်ခေါ် သမုတ်ထားသည်ကို တွေ့မြင်ရလျှင် ထိုဒေသရှိ ပြည်သူလူထု၏ စိတ်ဓာတ်ကို မနှစ်မြို့နိုင်ဘဲ ဝမ်းနည်း၍ မဆုံး ဖြစ်မိပါသည်။

တစ်နေ့သောအခါ ထိုခရိုင်အရာရှိကြီးထံမှ သူနှင့် လာရောက်တွေ့ဆုံပါရန် ဖိတ်ကြားစာ ရရှိပါသည်။ ကျွန်တော်သည် အတော်ပင် စိတ်ရှုပ်သွားပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ မိတ်ဆွေများအား တိုင်ပင်ကြည့်ရာ မသွားရန် အကြံပေးကြပါသည်။

ဖိတ်ကြားချက်မှာ အစိုးရကိစ္စနှင့် ပတ်သက်ပါလျှင် ကျွန်တော့်အဖို့ မငြင်းဆန်နိုင်ဘဲ သွားရောက်တွေ့ဆုံရမည် မှန်သော်လည်း ယခုကိစ္စမှာ ထိုကဲ့သို့မဟုတ်မူဘဲ ပုဂ္ဂိုလ်တစ်ဦးအနေဖြင့်သာ လာရောက်တွေ့ဆုံရန် ဖိတ်ကြားခြင်းဖြစ်၍ မလာမနေရ မဟုတ်ဟု အကြောင်းပြ ပြောဆိုကြပါသည်။ ကျွန်တော့်အား ဤကဲ့သို့သူနှင့် လာရောက်တွေ့ဆုံရန် ခေါ်ယူခြင်းသည် သက်သက်မဲ့ စော်ကားရာ ရောက်သည်ဟုပင် ပြောဆိုကြပါသည်။

'သူက မင်းကိုတွေ့ချင်ရင် သူ လာတွေ့ပါလား၊ ဒီ တို့တိုင်းရင်းသား အရာရှိတွေဟာ ရုံးအပြင်ဘက်ရောက်သွားတာနဲ့ တစ်ပြိုင်နက် လူတိုင်းလိုပဲ ဆိုတာ သဘောမပေါက်ကြဘူး ထင်တယ်၊ သူတို့ဟာ သူတို့ အိမ်သူ အမျိုးသမီးတွေနဲ့ ဆက်ဆံတဲ့နေရာမှာတောင် အရာရှိစိတ် ဖျောက်ကြဟန် မတူဘူး'ဟု မိတ်ဆွေတစ်ဦးက ပြောပါသည်။

အစိုးရအရာရှိများနှင့် ပတ်သက်၍ နောက်စရာ ပြောင်စရာတွေ အလွန်ပြောတတ်သော မိတ်ဆွေတစ်ဦးကမူ မိမိ၏ ဇနီးကို ခေါ်ယူရန် ယောက္ခမအိမ်သို့ သွားရောက်သော အစိုးရအရာရှိတစ်ဦးအကြောင်းကို ပြောပြပါသည်။ ယောက္ခမကြီးက မိမိ၏သမီးကို နောက်ထပ် တစ်လ

လောက် ထားခဲ့ဖို့ ပြောသဖြင့် အရာရှိကြီးသည် စိတ်ဆိုး မာန်ဆိုးနှင့် ပြန်သွားပြီး ယောက္ခမကြီးကို ဖမ်းဖို့ ဝရမ်းထုတ်လိုက်ရာ နောက်တစ်နေ့တွင် အဘိုးကြီးသည် သမီးနှင့်အတူ ရောက်လာ၍ တောင်းပန်ရသည့်အကြောင်း ဖြစ်ပါသည်။

သူတို့အဖို့ အရာရှိကြီးများသည် စိတ်ထားမှန်သူများ မဟုတ်ကြသဖြင့် ဝေးဝေးကရှောင်သင့်သည်ဟု ထင်မြင်ကြောင်း၊ ကျွန်တော်သည် ဘွဲ့ထူး၊ ဂုဏ်ထူးများကို လိုချင်သူလည်း မဟုတ်၊ သားအတွက် ထောက်ခံစာ ကောင်းကောင်းရရန်လည်း မလိုသောကြောင့် သူတို့နှင့် အကျွမ်းတဝင် ဖြစ်သည့်အတွက် အနည်းငယ်မျှ အမြတ်ထွက်စရာ မရှိဟု ယူဆထားပါသည်။

အကယ်၍ ကျွန်တော်သည် အစိုးရအား အကြည်ညိုပျက်စေမည့် ဝတ္ထုတိုတစ်ပုဒ်၊ သို့မဟုတ် ဆောင်းပါးတစ်စောင်ကို ရေးသားထုတ်ဝေမိလျှင် ကျွန်တော့်အား အရာရှိကြီး၏ မိတ်ဆွေတစ်ယောက် ဖြစ်ပါကလားဟု ညှာတာလိမ့်မည် မဟုတ်။ အဖမ်းခံရမည်သာ ဖြစ်ကြောင်းကိုလည်း ပြောပြပါသည်။

သို့သော်လည်း ကျွန်တော်သည် မိတ်ဆွေ သင်္ဂဟများ၏ ကောင်းမြတ်သော အကြံဉာဏ်များကို လိုက်နာခြင်း မပြုပါ။ မိမိအား ဖိတ်ကြားသည့် သူသည် ခရိုင်အရာရှိကြီး ဖြစ်သည့်အတွက် လက်မခံဘဲ ငြင်းပယ်ရမည်မှာ လူယဉ်ကျေးတို့ လိုက်နာကျင့်သုံးအပ်သော လောကဝတ်နှင့် ဆန့်ကျင်လှပါသည်။

မှန်ပါသည်။ သူသည် ကျွန်တော့်ထံ လာရောက်တွေ့ဆုံခြင်းအားဖြင့်လည်း သူ့အဖို့ ဂုဏ်ကျက်သရေ ယုတ်လျော့မသွားနိုင်ပါ။ သို့သော်လည်း ဤနိုင်ငံတွင် ခရိုင်အဆင့်ရှိ အရာရှိကြီးသည် အရေးပါ အရာရောက်သည့် ပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။ ကျွန်တော်ကဲ့သို့ စာရေးဆရာဆိုသည်မှာ သာမန် လူသားတစ်ယောက်သာ ဖြစ်ပါသည်။ အင်္ဂလန် သို့မဟုတ်

အမေရိကန် တိုင်းပြည်များမှာကဲ့သို့ ဝန်ကြီးချုပ်လို ပုဂ္ဂိုလ်မျိုးက စာရေးဆရာ တစ်ဦးထံ သွားရောက်လည်ပတ်ခြင်းကို ဂုဏ်ယူသည့် ဒေသမျိုးမဟုတ်ချေ။

ဤတိုင်းပြည်သည် ပစ္စည်းရှင် လူချမ်းသာကြီးများကို ကဗျာဆရာတွေ ဝိုင်းအုံနေသည့် အိန္ဒိယ ဖြစ်ပါသည်။ စာရေးဆရာများသည် ဖိတ်ကြားခြင်း မခံရပါလျက်ပင် ဆုလာဘ်ကို မျှော်ကိုးပြီး ဘိသိက်ခံပွဲကို တက်ရောက်တတ်သည့် တိုင်းပြည်ဖြစ်ပါသည်။

'သူက ခရိုင်အရာရှိကြီး၊ မင်းက သာမန်စာရေးဆရာတစ်ယောက်၊ မင်းတောင် ဒါလောက် မာနကြီးနေရင် သူက မင့်ထက် ပိုကဲမပေါ့၊ သူဟာဒီခရိုင်မယ် ဘုရင်တစ်ပါးလို တန်ခိုးအာဏာရှိတဲ့ ပုဂ္ဂိုလ် မဟုတ်လား၊ ညံ့တယ်ပဲ ခေါ်ခေါ်၊ မိုက်တယ်ပဲ ခေါ်ခေါ်၊ မာနကြီးတယ်ပဲ ခေါ်ခေါ် သူ့လို အဆင့်အတန်းမြင့်တဲ့ ပုဂ္ဂိုလ်မျိုးဟာ ဘယ်လိုဆိုတာကိုတော့ မင်းနားလည်ဖို့ ကောင်းပါတယ်'

ကျွန်တော်သည် မိမိကိုယ်ကိုမိမိ ဤသို့ ပြောဆိုနေမိပါသည်။

'ပြီးတော့ တကယ်လို့သာ သူက မင့်အိမ်ကိုလာလည်ရင် ပိုပြီး ပြဿနာကြီးလိမ့်မယ်၊ ပြဿနာမှ ပထမတန်းစား ပြဿနာဖြစ်မှာ မင်းအိမ်မယ် ထိုင်စရာ ကုလားထိုင်ကောင်းကောင်းတောင် မရှိဘူး၊ ဆေးလိပ်ဆိုလို့ မင်းသောက်နေကျ သုံးပြားကို နှစ်ဆယ့်လေးလိပ်ရတဲ့ တီဒီဆေးလိပ်၊ မင်းမယ် ဘယ်မလဲ သူ့ဖို့ အဖိုးတန် ဆေးပြင်းလိပ်၊ အင်း မင်းဟာ ဆေးပြင်းလိပ်ရဲ့ တံဆိပ်ကိုလဲ မသိ၊ ဘယ်မယ် ဝယ်လို့ရမယ် ဆိုတာတောင် မင်း သိရဲ့လား၊ အင်း မင်းအိမ်ကို ကိုယ်တော်မြတ် ကြွမလာတာကိုပဲ ဘုရားသခင် ကျေးဇူးလို့ အောက်မေ့ရတယ်၊ ကြွများလာရင် အနည်းဆုံး လေးငါးကျပ်တော့ ထွက်သွားဦးမယ်၊ ဒါတောင် ဧည့်ဝတ်ကျေချင်မှ ကျေမယ်'

'တကယ်လို့ ကံဆိုးမိုးမှောင်ကျပြီး သူ့ဇနီးပါ ခေါ်များလာရင် ပိုခက်ဦးမယ်၊ မင့် စာရေးဆရာကတော်က အဲဒီ အရာရှိကြီး ကတော်ကို ဧည့်ခံတတ်ပါ့မလား၊ ကိုယ့်အိမ်ထဲမယ် ကိုယ့်ဟာကိုယ် အဝတ်စုတ်

ဝတ်နေနေ ဘာမှ အရေးမကြီးဘူး၊ သို့ပေမယ့် သိက္ခာရှိရှိနေချင်တဲ့ လူတစ်ယောက်အနေနဲ့ ကိုယ်ဆင်းရဲတာ ဘိုင်ကျတာကို သူများတကာ အိမ်ကဧည့်ခန်းထဲမယ် ပြောဆိုနေကြတာကိုတော့ ဘယ်ခံချင်ပါ့မလဲ၊ သူ့ဇနီး ရှေ့မယ် မင်းတို့ဟာ ဘာစကားက စပြောမယ် ဆိုတာတောင် သိမှာမဟုတ်ဘူး၊ အဲဒီလိုသာ မျက်နှာချင်းဆိုင် တွေ့ရင်တော့ မနေတတ်မထိုင်တတ်နဲ့ပဲ ချက်ချင်းမြေခွဲမျိုလိုက်တာကကောင်းဦးမယ်လို့ အောက်မေ့မှာ အမှန်ပဲ’

ဤသို့ အဖက်ဖက်မှ စဉ်းစားဆင်ခြင်ပြီးလျှင် အရာရှိကြီးအားသွားရောက်တွေ့ဆုံရန် ဆုံးဖြတ်လိုက်ပါသည်။ သူနှင့်ကျွန်တော် အချိန်အတော်ကြာအောင်နေပြီး ထွေရာလေးပါးစကား ပြောကြပါသည်။ သူ၏ဟန်ပန်အမူအရာ ဆက်ဆံပြောဆိုပုံများကို မည်သို့မျှ ဝေဖန်စရာ မရှိပါ။

ဤသို့ သူနှင့်ကျွန်တော် တွေ့ဆုံခြင်းနှင့် ပတ်သက်၍ ကျွန်တော့်အဖို့မည်သို့မျှ အရေးကြီးလှသည်ဟု မထင်သော်လည်း လူအများသည်တစ်စတစ်စ သိရှိလာကြပြီးလျှင် အချို့ အသိုင်းအဝိုင်းကမူ ကျွန်တော်သည်ခရိုင်အရာရှိကြီး၏ မိတ်ဆွေရင်းချာကြီး ဖြစ်သည်ဟု အသိအမှတ်ပြုလာကြလေသည်။ အချို့ကမူအရာရှိကြီးသည်အရေးကြီးဆုံးသော ဆုံးဖြတ်ချက်များကိုချတိုင်းချတိုင်း ကျွန်တော်နှင့်တိုင်ပင်သည်ဟုပင် ပြောကြပါသည်။

ကျွန်တော့်အဖို့ ဤသို့ဖြစ်ပျက်နေသော အခြေအနေကို အခွင့်အရေးယူမည်ဆိုလျှင် အလွန် လွယ်ကူနေပါသည်။ ရေနစ်သူသည် ကောက်ရိုးစကိုပင် အားကိုးတကြီး ဆွဲငင်တတ်သည် မဟုတ်ပါလား။ အရာရှိကြီးအားကျွန်တော်မှတစ်ဆင့် ချဉ်းကပ်လျှင် အရာရာ အောင်မြင်နိုင်မည့်အကြောင်းလူအများယုံကြည်အောင် ပြောဆိုရန် မခဲယဉ်းတော့ပါ။ သို့သော် ဤသို့ပြုလုပ်ရန်မှာ အလွန်တရာမှ သေးသိမ်ကောက်ကျစ်သော အလုပ်ဟုကျွန်တော် ယူဆထားပါသည်။

လူအများပင် ကျွန်တော့်အား ချဉ်းကပ်ကြပါသည်။ အချို့ကပုလိပ်ကို အာဃာတ ထားရှိပါသည်။ အချို့က အမြတ်တော်ကြေးအရာရှိ

များ ဗိုလ်ကျပုံကို လာရောက်ပြောဆိုကြသည်။ အချို့ကလည်း ခရိုင်ရုံးတွင် သူ့လူကိုယ့်လူ တပည့်မွေးပြီး အရည်အချင်း မပြည့်မီသူများကို ရာထူး တက်ပေးသည့်အကြောင်း လာပြောကြသည်။ ဤသို့ လာရောက်ပြောဆို သူတိုင်းကို ကျွန်တော်က တစ်ခုတည်းသော အဖြေကိုသာ ပေးပါသည်။ ဤကိစ္စများသည် ကျွန်တော်နှင့် မည်သို့မျှ မသက်ဆိုင်ပါဟူသော အကြောင်း ပင် ဖြစ်ပါသည်။

တစ်နေ့သ၌ ကျွန်တော်၏ ငယ်သူငယ်ချင်း တစ်ဦး ကျွန်တော့် အိမ်သို့ ရောက်ရှိလာပါသည်။ ကျွန်တော်၏ ကျောင်းနေဘက် ဖြစ်ပါသည်။ ကျွန်တော် ရှစ်နှစ်သား ကိုးနှစ်သားအရွယ် လွန်ခဲ့သော နှစ်ပေါင်း ၄၅ နှစ်ကျော်ခန့်က ဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော်သည် ပိန်ပိန်သေးသေး ဖြစ်ပြီး သွက်လက်ချက်ချာပါသည်။ ကျွန်တော်၏ သူငယ်ချင်းမှာ တုတ်တုတ်ခိုင်ခိုင် အားအင် ဗလကောင်း၍ လေးကန်ထိုင်းမှိုင်းပါသည်။

ဆရာသည် သူ့ကို စာသင်ပေးရသည်မှာ အရာမရောက်ဖြစ်နေ သဖြင့် စိတ်ပျက်နေပြီ ဖြစ်သောကြောင့် ကျွန်တော့်အား သူ့ကို အချိန်ပိုယူ၍ သင်ကြားပေးရန် တာဝန်ပေးပါသည်။ ဆရာကိုယ်တိုင် သင်ကြား၍ မတိုးတက်နိုင်သူတစ်ဦးအား ကျွန်တော်၏ ကိုယ်ချင်းစာနာသော သဘော ထား၍ စိတ်ရှည်လက်ရှည် သင်ကြားပေးခြင်းအားဖြင့် တိုးတက်မှု ရရှိလာသောအခါ နှစ်သိမ့်ကျေနပ်ပြီး ဂုဏ်ယူမိပါသည်။

သူငယ်ချင်း ဘာဒွေသည် ကျွန်တော် သင်ကြားပေးသည့်အတွက် သင်ခန်းစာများကို အဆင့်အတန်းမီမီ လိုက်နိုင်လာသည်ကို တွေ့ရပါသည်။ သို့သော်လည်း ထိုဆရာသည် ရုတ်တရက် ကွယ်လွန်သွားသည့်အတွက် ထိုအချိန်အခါမှစ၍ ဘာဒွေနှင့်ကျွန်တော်သည် တစ်ခါ နှစ်ခါလောက်သာ ကျောင်းပိတ်လိုက်ရပြီး ကျွန်တော်တို့နှစ်ဦးလည်း ကွဲကွာသွားကြပါသည်။ အမှတ်တမဲ့ တွေ့ကြပြီး တစ်ဦးနှင့်တစ်ဦး ရေးကြီးသုတ်ပျာ နှုတ်ဆက် လိုက်ကြရ၍ မည်သည့် အကျိုးအကြောင်းမှ မမေးမြန်းလိုက်ရပါ။

'ဘာဒ္ဒေပါလား၊ နေကောင်းရဲ့နော်၊ မတွေ့ရတာလဲ အတော်ကြာပြီ၊ လာ လာ အထဲဝင်ပါ'ဟု ကျွန်တော်က လက်ဆွဲနှုတ်ဆက်ကြရင်း ဆီးကြိုပါသည်။

'ကျုပ်လဲ ခင်ဗျားကို တွေ့ချင်နေတာ ကြာပါပြီ၊ ခင်ဗျားဟာ ကျွန်တော့်ဆရာ မဟုတ်လား၊ ကျုပ်ကိုတော့ ဘယ်နေရာမှ အသုံးချလို့ မရတဲ့အကောင်လိုပဲ ထင်ချင်ထင်နေမှာပဲ၊ အခုတော့ ကျုပ်ဟာကျုပ် လယ်လေးယာလေးကိုပဲ လုပ်ကိုင်နေရတာပေါ့၊ ဘယ်လိုဖြစ်မှန်းကို မသိပါဘူးဗျာ၊ အဲဒီ ငယ်ငယ်တုန်းက မော်လဝီဆရာကြီးက ဘယ်လို သင်သင် ကျုပ် ခေါင်းထဲကို မဝင်ဘူး၊ မြည်းသတ္တဝါလို ထိုင်းလှ အလှတဲ့ ကျုပ်ကို တတ်အောင် သင်နိုင်တာ ခင်ဗျားအဖို့ ချီးကျူးစရာပါပဲ'ဟု ဘာဒ္ဒေက ပြောပါသည်။

သူ့စကားများသည် ကျွန်တော့်အား အထူးပင် ကျေနပ်နှစ်သိမ့်စေပါသည်။

'ဘာဒ္ဒေရေ၊ ဒီလိုသူငယ်ချင်းကိုတွေ့လိုက်ရတော့ ငယ်ငယ်တုန်းက အဖြစ်အပျက်တွေ ပြန်ပြောင်းသတိရပြီး ထို့အတူ စာသင်ခဲ့တာ လေးဆယ့်ငါးနှစ်ကျော်ပြီဆိုတာ လုံးလုံးကြီး မေ့ပျောက်ပြီး စိတ်ပျို ကိုယ်နုဆိုသလို ပြန်ငယ်သွားတယ်လို့ ထင်ရတယ်'ဟု ကျွန်တော်က ဆိုပါသည်။

'ခင်ဗျားကိုတော့ ကျုပ်က အစ်ကိုတစ်ယောက်လို အောက်မေ့ပါတယ်၊ ဒါလဲ ခင်ဗျား အသိဆုံးပဲ၊ ဒါကြောင့် ဘယ်လို ကိစ္စဖြစ်ဖြစ် ခင်ဗျားကို ကျုပ် အားကိုးနိုင်တယ်ဆိုတာ တွေ့တဲ့လူတိုင်းကို ပြောနေရပါတယ်၊ အစားအသောက် မကောင်းဘူးထင်တယ် ဟုတ်လား၊ ခင်ဗျားဟာ အရင် ငယ်ငယ်တုန်းကလိုပဲ ပိန်ပိန်ပါပဲကလား၊ ထောပတ်ကောင်းကောင်း ကော ရရဲ့လား၊ မရရင် ကျုပ် နှစ်ဘူးလောက် ပို့လိုက်မယ်လေ၊ အသက်ကလေး ရင့်လာတော့ အစားကောင်းကောင်း စားနိုင်မှ ကျန်းမာမှာ၊ ကျုပ်ကိုကြည့်လေ၊ နွားနို့ တစ်ဆီယာလောက်တော့ အသာကလေး သောက်နိုင်တယ်၊ ပြီး တခြားအစားအစာတွေအပြင် ထောပတ်တစ်ဆီယာရဲ့

လေးပုံတစ်ပုံလောက်တော့ အေးအေးဝင်သွားတာပဲ၊ ကိုယ့်ကိုယ်ကို ကျန်းမာအောင် နေရတာပဲ၊ ဒီလို ကျန်းမာလို့လည်း တစ်သက်လုံး သည့်သားသမီးတွေကို လုပ်ကျွေးလာနိုင်တာပေါ့၊ ဒါပေမယ့် သူတို့က ကျုပ်ကို ဂရုစိုက်တယ် ထင်သလား၊ ဝေးပါသေးရဲ့ဗျာ၊ တစ်ခါတလေ ကျုပ်များ နေမကောင်းထိုင်မသာဖြစ်ရင် ဘယ်လိုနေသလဲ၊ ဘာလုပ်ပေးရကောင်းမလဲလို့တောင် မေးဖော်မရပါဘူး’ဟု အဆက်မပြတ်ပြောနေရာမှ ခေတ္တရပ်ပြီး ဆက်ပြန်ပါသည်။

‘အင်း အခု ခင်ဗျားဆီ လာရတာကလဲ ကျုပ်သားအကြီး ကိစ္စပေါ့၊ သူဟာ ကျုပ်လို တုတ်တုတ်ခိုင်ခိုင် ဗလကောင်းကောင်းပဲ၊ မဟုတ်ရင် မခံတတ်ဘူး၊ အဲဒါကြောင့် ပုလိပ်နဲ့ ခဏ ခဏ စကားများတယ်၊ ဒီတော့ပုလိပ်ကလည်း သူ့ကို ဒုက္ခပေးဖို့ အမြဲချောင်းနေတာပေါ့၊ မကြာသေးမီက ရွာထဲမယ် ဓားပြတိုက်မှု တစ်မှုဖြစ်တော့ ပုလိပ်တွေလာပြီး စစ်ရင်းဆေးရင်းနဲ့ သူ့ကိုပါ ဖမ်းဆွဲသွားတယ်ဗျ၊ အခု သူအချုပ်ခံနေရတာ လွန်ခဲ့တဲ့ တစ်ပတ်ကျော်ကတည်းကပဲ၊ အမှုကတော့ ခင်ဗျား မိတ်ဆွေကြီးရဲ့ လက်အောက်ကရုံး ရောက်နေပြီ၊ အဲဒီ တရားသူကြီးနဲ့ပုလိပ် အင်စပက်တော်ကလည်း အတော်ရင်းနှီးတယ်လို့ ပြောကြတယ်’

‘ဒီအတိုင်းသာဆိုရင် ကျုပ်သားတော့ ထောင်ကျဖို့ အတော်သေချာနေပြီ၊ အဲဒီဘဝက ကယ်နိုင်မယ့်သူ ခင်ဗျားကလွဲလို့ ဘယ်သူမှ မရှိပါဘူး၊ သူဟာ ထောင်ကျသွားရင်တော့ မိသားစုတစ်ခုလုံး ဒုက္ခရောက်တော့မှာပဲ၊ ကျုပ်အနေနဲ့ ခင်ဗျားကို ထိခိုက်မယ့် ကိစ္စဆိုရင် လာမပြောပါဘူး၊ ခင်ဗျားအနေနဲ့ ခရိုင်အရာရှိနဲ့သွားတွေ့ပြီး ဒီကိစ္စဟာ မတရားလည်ဆယ်ပြီး ဆင်ဖမ်းတာပါ၊ ဒါကြောင့် ဒီကိစ္စကို အရာရှိကြီးကိုယ်တိုင် သေသေချာချာ စစ်ဆေးပေးပါလို့ ပြောပေးရုံလောက်ပါပဲ၊ ခင်ဗျားဟာ ကျုပ်ရဲ့ ကျောင်းနေဘက် သူငယ်ချင်းလည်းဖြစ်တယ်၊ ဆရာလဲဖြစ်ခဲ့တယ်၊ ဒီကိစ္စလေးကိုတော့ ဖြစ်အောင် ဆောင်ကျဉ်းပေးပါ၊ မငြင်းပါနဲ့ဗျာ’

'ကျုပ်သိပါတယ်၊ ဒီလိုကိစ္စမျိုးတွေမယ်ခင်ဗျား မပါချင်ဘူးဆိုတာ၊ ခင်ဗျား သဘောထားဟာ မှန်လဲ မှန်ပါတယ်၊ ဒါပေမဲ့ ဒီကိစ္စမတော့ ခင်ဗျားသားအရင်းတစ်ယောက် ဒုက္ခဖြစ်နေသလို အောက်မေ့စေလိုပါတယ်၊ ဒီအမှုဟာ သက်သက်မဲ့ ဆင်ဖမ်းတဲ့အမှု မဟုတ်ဘူးဆိုရင် ကျုပ် ဒီကို လာပြီး ခင်ဗျားကို ဒုက္ခမပေးပါဘူး၊ သူ့အမေဟာ အမြဲ ငိုနေတာပဲ၊ သူ့အမျိုးသမီးကတော့ သူ့ကို ဖမ်းသွားကတည်းက ဘာကိုမှ မစားမသောက်တော့ဘူး၊ အမှန်အတိုင်းပြောရရင် သူ့ကို ဖမ်းသွားတဲ့နေ့ကစပြီး အိမ်မယ် အချက်အပြုတ်ဆိုလို့ ဘာမှ မလုပ်ကြတော့ဘူး၊ မီးခိုးတိတ်နေပါပြီ၊ တကယ်လို့သာ အပြစ်ရသွားရင်တော့ ဒီအမျိုးသမီးနှစ်ဦးတော့ သေမှာ အမှန်ပါပဲဗျာ၊ ကျုပ်ကတော့ ခင်ဗျားရှိနေရင် ကျုပ်တို့ သားကို ဘယ်သူကမှ ဒုက္ခမပေးနိုင်ပါဘူးလို့ သူတို့ကို နှစ်သိမ့်ထားခဲ့ရပါတယ်'

ကျွန်တော်သည် သူပြောသမျှကို ငြိမ်သက်စွာ နားထောင်ရင်း ခေါင်းရှုပ်နေပါသည်။ ကျွန်တော် အကြောင်းပြကာ ငြင်းဆိုမည့် အချက်အလက်များကိုလည်း ဘာဒွေကိုယ်တိုင် ကျွန်တော် မပြောခင် ဖြေဆိုသွားပြီး ဖြစ်နေပါသည်။ ထို့ကြောင့် မည်သည့်အကြောင်းကို ပြ၍ ငြင်းဆိုရမည်ကို မသိအောင် ဖြစ်နေပါသည်။

နောက်ဆုံးတွင် ထိုအကျပ်အတည်းမှ ခေတ္တခဏ ဖြစ်စေ ရုန်းထွက်နိုင်ရန်အတွက် 'ကောင်းပြီလေ၊ အရာရှိကြီးကို ပြောကြည့်ပါ့မယ်၊ ရမယ် မရမယ်ဆိုတာတော့ ပြောဖို့ခက်သားပဲ၊ သူကလည်း သူ့လက်အောက် ရုံးတွေက အမှုကိစ္စမယ် ဝင်ရောက်ပြောဆိုတတ်တဲ့လူ မဟုတ်ဘူး'ဟု ပြောလိုက်ပါသည်။

'ခင်ဗျားကသာ ဒီအမှုအကြောင်း သွားပြောပေးပါ၊ ဒါလောက်ပဲ ဆောင်ရွက်ပေးပါလို့ ကျုပ် တောင်းပန်တာပါ၊ ကျန်တာတော့ ကံ အကြောင်းတရား အတိုင်းပေါ့၊ မနက်ဖြန်ခါ သွားမယ် မဟုတ်လား ဟင်'ဟု ဘာဒွေက တိုက်တွန်းနေပြန်ပါသည်။

'အင်း နက်ဖြန်ခါ သူ့ကို သွားတွေ့ပါ့မယ်'ဟုပင် ခပ်သွက်သွက် ဖြေလိုက်ပါသည်။

သည်တော့မှ ဘာဒွေသည် ထွက်ခွာသွားပါသည်။ ကျွန်တော်သည် ရေးလက်စရှိသော ဆောင်းပါးကိုသာ အပြီးသတ်ရေးကာ စားစရာ သောက်စရာများကို စားသောက်ပြီးနောက် လဲလျောင်း နားနေလိုက်ပါသည်။

သူငယ်ချင်း ဘာဒွေအား ထားရှိလိုက်သည့် ကတိကို လိုက်နာဖြည့်စွမ်းရန် အနည်းငယ်မျှ ရည်ရွယ်ချက် မရှိပါ။ နောက်တစ်ကြိမ် ဘာဒွေနှင့်တွေ့လျှင် အရာရှိကြီးက ဤအမှုတွင် မိမိအနေနှင့် ဝင်ရောက်စွက်ဖက်ရန် မသင့်ဟု ပြောသည့်အကြောင်း ပြန်ပြောလိုက်မည်ဟု စိတ်ကူးထားပါသည်။ နောက် ရှစ်ရက်ခန့်အကြာတွင် ထိုကိစ္စကို မေ့လျော့၍ပင် နေပြီဖြစ်သော ကျွန်တော့်ထံသို့ ဘာဒွေသည် သူ၏ သားနှင့်အတူ ရောက်ရှိလာပါသည်။ သားဖြစ်သူသည် ကျွန်တော့်ရှေ့တွင် ဒူးထောက်ထိုင်ကာ ကျွန်တော်၏ ခြေအစုံကို သူ၏ လက်များနှင့်ထိလျက် ရှိပါသည်။

'တစ်နေ့က လာပြောရတာ ဒီသားကိစ္စပေါ့'ဟု ဘာဒွေက ပြုံးရွှင်သော မျက်နှာနှင့် ပြောပါသည်။

'အခု သူ့ကို ဘာမှ အပြစ်မရှိဘူးဆိုပြီး တစ်ခါတည်း လွှတ်လိုက်ပြီလေ၊ ခရိုင်အရာရှိကြီးက ပုလိပ် အင်စပက်တော်ကြီးကို ခေါ်ပြီး တော်တော်ပဲ ပြစ်တင်ပြောဆိုလိုက်တယ်တဲ့၊ နောက် ဒီလို အပြစ်မရှိတဲ့ လူတွေကို အမှုဆင်ဖမ်းတာတွေ့ရင် အလုပ်က ထုတ်ပစ်မယ်လို့လည်း ပြောတယ်ဆိုပဲ၊ ဒီပုလိပ်ကြီးဟာ အခု ကျုပ် မျက်နှာကိုတောင် ရဲရဲမကြည့်ဝံ့တော့ဘူး၊ ဒါတွေဟာ ခင်ဗျား ကျေးဇူးပါပဲဗျာ၊ ခင်ဗျားသာ ဝင်မကယ်ရင် ကျုပ်တို့တစ်တွေ အားလုံးဒုက္ခရောက်နေပြီ၊ ခင်ဗျားဟာ အသက်လေးချောင်းကို ကယ်လိုက်တာပါပဲ၊ ပထမ ခင်ဗျားဆီလာတုန်းက လာသာလာခဲ့ရတယ် အကူအညီမှ ရပ့ါမလားလို့ တထိတ်ထိတ်နဲ့၊ အများကလည်း ခင်ဗျားကို အားကိုးလို့ ဘာမှ အကျိုးထူးမှာမဟုတ်ဘူး၊ ဘယ်သူ့ကိုမှ ကူညီတတ်တဲ့လူ

မဟုတ်ဘူးလို့ ပြောနေကြတာကိုး၊ ဒါပေမယ့် ကျုပ် ကိစ္စကိုတော့ ငြင်းမှာ မဟုတ်ဘူး၊ ကျုပ် ဒုက္ခဖြစ်တာကိုတော့ ဘယ်နည်းနဲ့မှ လက်ပိုက်ကြည့်နေမယ် မဟုတ်ဘူးဆိုတာ ကျုပ် သိတာပေါ့'

ဘာဒွေသည် ဤသို့ ပြောရင်းဆိုရင်းပင် သူ့သားတော်မောင်အား မျက်ရိပ်မျက်ခြည် ပြလိုက်ရာ သားဖြစ်သူသည် အပြင်သို့ထွက်ကာ ကြီးမားလှသော လက်ဆောင်ပစ္စည်း အထုပ်ကြီးကို ယူဆောင်လာပါတော့သည်။ ကျွန်တော်က ထိုလက်ဆောင်များကို လက်မခံပါရစေနှင့်ဟု ထပ်တလဲလဲ ပြောဆိုနေသည့်အထဲကပင် သားအဖနှစ်ယောက်သည် ထိုအထုပ်ကြီးကို ထားပစ်ခဲ့ကာ ခပ်သုတ်သုတ်ပင် ထွက်ခွာသွားကြပါသည်။

ကျွန်တော်သည် ထိုလက်ဆောင်ပစ္စည်းများကို လက်ခံထိုက်အောင် သူတို့အတွက် ဘာတစ်ခုမှ ဆောင်ရွက်ပေးခဲ့ရခြင်းသည် မရှိသည်ကို ဖွင့်ဟ ပြောဆိုရန် သတ္တိမရှိပါ ခင်ဗျား။

**( မြဝတီ။ ဒီဇင်ဘာ၊ ၁၉၇၂ )**

## ၁၀
## ဆန်

'ဆုဘိယ'သည် ဈေးပေါက်ဝတွင် ဆန်ရောင်းပါသည်။ သူ၏ ဆိုင်တွင် တောင်းတွေနှင့် ထည့်ထားသော ဆန်အမျိုးမျိုးကို တောင်ပုံယာပုံ တွေ့နိုင်သည်။ ကျောက်ခဲကလေးတွေနှင့်ရောနေသည့် ဆန်ကြမ်းမှစ၍ စပယ်ပန်းလို ဆွတ်ဆွတ်ဖြူပြီး အပ်သွားကလေးလို အလုံးသေးသည့် ဒေလီဆန်အထိ ရှိပါသည်။

သူ၏ ဆိုင်သည် ပိတ်လှောင်ပြီး မှောင်နေသော်လည်း သူ့အဖို့ ဤမြေကမ္ဘာပေါ်တွင် ဤနေရာလောက် ပျော်ပိုက်စရာကောင်းသောနေရာဟူ၍ မရှိတော့ပြီ။ သူ၏ နှလုံးမွေ့လျော်ဖွယ်ရာ ဌာနကလေးဖြစ်ပါသည်။

သူသည် ဂုန်နီအိတ်နံ့များကို သဘောကျသည်။ ဆန်နံ့ စပါးခွံနံ့များကို နှစ်သက်သည်။ စက်မှ ယူလာစ ဆန်များကို တောင်းထဲသို့ လောင်းချလိုက်သည့်အခါ ခပ်နွေးနွေး ထိတွေ့ခံစားရသည်ကို နှလုံးတွေ့သည်။ ခေတ်ကောင်းနှင့်ကြုံကြုံ၊ ခေတ်ဆိုးနှင့်တွေ့တွေ့ သူသည် အမြဲ ကြီးပွားလျက် ရှိလေသည်။

မိုးခေါင်သဖြင့် စပါးထွက်ညံ့ပြီး စက်တွေ မီးခိုးတိတ်နေသည့် အချိန်အခါမျိုးလည်း ရှိခဲ့သည်။ သည်အခါမျိုးတွင် လူအများသည် မျက်တွင်းဟောက်ပက်နှင့် လမ်းဘေးတွင် လဲကျပြီး အသက်ပျောက်တော့မည်ကဲ့သို့ ထင်ရသည်။ သို့သော်လည်း ဆုဘိယသည် သည်လို အချိန်အခါမျိုးမှာပင် သူ့ဆိုင်ကို ပိတ်သည်မရှိ။ သူ့ဆိုင်ရှေ့တွင် စီထားသည့် ဆန်တောင်းကြီး နှစ်ဆယ်ကို ဖြည့်မထားနိုင်စေကာမူ တောမှ မရမက ရယူလာသော ဆန်များဖြင့် နှစ်တောင်းလောက်ကိုတော့ ဖြည့်ထားပြီး ရောင်းချတတ်သည်။

ရာသီဥတုမှန်၍ စပါးထွက် အလွန်ကောင်းသဖြင့် သူ့ထံလာရောင်းသမျှ စပါးများအနက်မှ လေးပုံတစ်ပုံကိုပင် လက်ခံဝယ်ယူနိုင်ခြင်းမရှိသည့်အချိန်အခါမျိုးနှင့်လည်း ကြုံခဲ့ရသည်။ သည်လို အခါမျိုးကျတော့ ဆန်အရောင်းအဝယ် လုပ်ရသည်မှာ အကျိုးမရှိသည့် အလုပ်ကို ရူးလို့ လုပ်နေသကဲ့သို့ ဖြစ်နေသည်။ နေ့ရောညပါ ဆန်တွေဝယ်လိုက် ရောင်းလိုက် လုပ်နေသည့်တိုင်အောင် လကုန်သောအခါ ကျပ်ငါးဆယ်မျှပင် အမြတ်မပေါ်ဖြစ်နေသည်။ သူတို့တစ်တွေက သည်လိုဖြစ်ရသည်ကို 'ကူးသန်းရောင်းဝယ်ရေး ကျဆင်းသည်'ဟု ခေါ်ကြသည်။

ကောက်သိမ်းချိန်တွင် စောင်မကြည့်ရှုတတ်သော နတ်မင်းသည် ပေါကြောင်ကြောင်နိုင်လှသည်။ ချဉ်းကပ်ရန် မလွယ်ကူသည့် ပုဂ္ဂိုလ်ဖြစ်သည်။ ဆုဘိယသည် နတ်ဒေဝါက ကပ်စေးနှဲပြီး စပါးမထွက်အောင် ပြုလုပ်ခြင်းကို မနှစ်သက်သလို စေတနာဗလပွဖြင့် စပါးတွေ ဘုန်းပေါ်လအောာ ထွက်အောင် ဖန်တီးပေးခြင်းမျိုးကိုလည်း လက်မခံလို၊ သို့သော် စပါးထွက် ကောင်းသည်ဖြစ်စေ၊ ညံ့သည်ဖြစ်စေ၊ အရောင်းအဝယ်မြင့်မားသည်ဖြစ်စေ၊ ကျဆင်းသည်ဖြစ်စေ ဆုဘိယအဖို့ကား စီးပွားလမ်းဖြောင့်လျက်ပင် ရှိနေပါသည်။

ဆန်သည် သူ၏ အသွေးအသားထဲတွင် ရှိနေပါသည်။ သူ့ဖခင်သည် နိမ့်လျှောလျှော စားပွဲခုံတွင်ထိုင်ကာ ငွေတွေကို ရေတွက်ခဲ့စဉ်ကတည်းက သူသည် အခမဲ့ ဆိုင်အကူအညီအဖြစ်ဖြင့် လုပ်ကိုင်ခဲ့ရသည်။

ထိုစဉ်က သူသည် သူ့ကို ပတ်လည်ဝိုင်းနေသော ဆန်အိတ်များကို ရှုံ့ရှာခဲ့သည်။ သူသည် လူသူလေးပါးနှင့် ပြည့်နေသော လမ်းမကြီးများ၊ ရုပ်ရှင်ရုံများ၊ ဘောလုံးပွဲများ၊ နပမ်းပွဲများကို ဆိုင်ပေါက်ဝမှ မျှော်မှန်းတမ်းတမိခဲ့သည်။ သို့သော်လည်း သူ့ဖခင်သည် လူ့လောကတွင် အခြားသော ပျော်ရွှင်စရာ၊ စိတ်ဝင်စားစရာများကို အနည်းငယ်မျှ အားမပေးဘဲ သူ့ကို ဆိုင်တွင်သာ ကြိုးနှင့်ချည်ထားသလို အမြဲနေစေသည်။

'လူငယ်တွေ လူဆိုး လူမိုက်မဖြစ်စေချင်ရင် မြင်းရိုက်တဲ့ကျာပွတ်နဲ့ နာနာရိုက်ပေးဖို့လိုတယ်'ဟု သူ့ဖခင်က ပြောတတ်သည်။ သူသည် အပြောနှင့်ညီအောင်လည်း သူ့သားကို ထိန်းသိမ်းကွပ်ကဲရာတွင် လက်တွေ့ အကောင်အထည် ဖော်ခဲ့သည့်အတိုင်း အချိန်ကြာလာသည်နှင့်အမျှ သူငယ်သည် သူ့ဘဝလောကတွင် အခြားဝတ္ထုပစ္စည်းများကို မမြင်နိုင်တော့ဘဲ ဆန်ကိုသာ မြင်နေပါတော့သည်။

သူငယ်၏ ဦးနှောက်သည် အခြား မည်သည့်ကိစ္စကိုမှ မစဉ်းစားတော့ဘဲ စပါးဈေး ဆန်ဈေးကိုသာ စဉ်းစားနေတော့ပါသည်။ သူငယ်သည် ဆန်ကိုသာ အိမ်မက်မြင်မက်သည်။ ဆန်အကြောင်းကိုသာ တွေးသည်။ ဆန်အကြောင်းကိုသာ ပြောဆိုသည်။ ဖခင် အနိစ္စ ရောက်သောအခါ သားဖြစ်သူသည် ဖခင်၏နေရာတွင် စနစ်တကျ ဝင်ရောက်ထိုင်လိုက်ရာ မည်သူမျှ ပြောင်းလဲသွားသည်ကို သတိမမူမိကြချေ။ လူအများကပင် အဘိုးကြီးသည် သူ့ထိုင်နေကျနေရာတွင် ထိုင်လျက် ငွေတွေကို ရေတွက်နေသည်ဟုပင် ထင်နေကြလေသည်။

အလုပ်အကိုင်လည်း တိုးတက်ကြီးပွားလာသည်။ ဆုဘိယသည် သူ့အိမ်တွင် နွားမနှင့် ကျွဲမ ငါးကောင်မွေးထားပြီး ညှစ်ယူရရှိသည့်နို့၊ ဒိန်ချဉ်၊ ထောပတ် စသည်များကို သူတို့ ဇနီးမောင်နှံနှင့် သားသမီးငါးယောက်တို့ နေ့ရောညပါ စားသုံးလျက်ရှိရာ အားလုံးပင် ဝဖီးလာပြီး လေထိုးထားသည့် ဘောလုံးလို ဖြစ်လာကုန်သည်။

သူသည် အနီးရှိ ကျေးရွာ မြေဧက သုံးဆယ်ကို ပိုင်ဆိုင်ထားရာ ခြောက်လလျှင် တစ်ကြိမ်လောက် သွားရောက်၍ မိမိပိုင်မြေတွင် ဝင်ရောက် ကျူးကျော်မှု ရှိ မရှိကို ကြည့်ရှုစစ်ဆေးတတ်သည်။ ငွေအလွန်လိုနေသူ များအား အတိုးနှုန်းကြီးစွာဖြင့် ငွေများ ထုတ်ချေးပြီး အိမ်တစ်ဒါဇင် လောက်ကို သိမ်းယူခဲ့သည်။ ထိုအိမ်များမှ ရရှိသည့် အိမ်လခများသည် သူ၏ ဘဏ်စာရင်းတွင် လစဉ်ဝင်လျက်ရှိသည်။ သူ၏ ခန္ဓာကိုယ်သည် လည်း ငွေတွေနှင့်အတူ ဖောင်းပွလာသည်။ သူ၏ ကလေးများကို အကောင်းဆုံးကျောင်းသို့ပို့သည်။ ရွှေချည်ငွေချည် ထိုးထားသော ဦးထုပ် များနှင့် ကတ္တီပါအင်္ကျီများကို ဝယ်ပေးသည်။ သီးသန့်ဆရာတစ်ဦးကို ငှားရမ်းထားပြီးလျှင် မိမိအိမ်ရှိ အခန်းကျယ်ကြီးအတွင်း မီးရောင်အောက်တွင် ညစဉ်ညတိုင်း ကျယ်လောင်စွာ အော်ဟစ်သင်ကြားစေသည်။

သူ့ဇနီးကိုလည်း လေးလံသော ရွှေထည် လက်ဝတ်လက်စား အတုံးအခဲများနှင့် ပြောင်လက်တောက်ပသော ဇာရာဏသီပြည်ဖြစ် အဝတ်အထည်များကို ဝတ်ဆင်စေသည်။ သူ့အိမ်ကို နှစ်ထပ်မြှင့်တင်လိုက်ပြီး လျှင် အခန်းများကိုချဲ့ပြီး နံရံများကို အပြာရောင်ဆေးသုတ်၍ ရွှေမှုန် ပေါင်သွင်းထားသော နတ်ပေါင်းစုံ၏ ရုပ်ပုံများကို ချိတ်ဆွဲထားသည်။

သူသည် တစ်နေ့ပတ်လုံး တစ်ဖက်သောမျက်စိဖြင့် သူ့ဆိုင်မှ အကူဖြစ်သူက ဆန်များကိုခြင်ပြီး ဂုန်နီအိတ်ထဲသို့ လောင်းထည့်နေသည်ကို ကြည့်ရင်း မီးခံသေတ္တာရှေ့တွင် ထိုင်လျက် ငွေများကို သွတ်သွင်းသိမ်းဆည်း နေတတ်သည်။ ဤသို့ ပြုလုပ်ဆောင်ရွက်နေရခြင်းသည် သူ့အဖို့ အလွန် အေးချမ်းသာယာ၍ ကျေနပ်နှစ်သက်ဖွယ်ကောင်းသော ဘဝ ဖြစ်သည်။ ဆန်ရောင်းသည့် အချိန်နှင့် ငွေများကို ရေတွက်နေသည့် အချိန်ကလွဲလျှင် သူ့အဖို့အိပ်သည့်အချိန်သာ ဖြစ်သည်။

ဤသို့ပင် အဆုံးမရှိ အစဉ်သဖြင့် ဖြစ်ပျက်လှုပ်ရှားနေမည်ဟု ယူဆစရာ ဖြစ်နေပါသည်။ သည်လိုပင် ဝယ်လိုက်၊ ရောင်းလိုက်၊ ငွေချေး လိုက်၊ အတိုးတွေတက်လိုက်၊ ငွေပုံကြီးဖြစ်လာလိုက်၊ ဆန်တွေဆိုင်ထဲဝင်လာ

လိုက်၊ ထွက်သွားလိုက်။ ထို့နောက် သူ့သားများထဲမှ တစ်ဦးသည် သူ့ပုံသဏ္ဌာန်အတိုင်း ဖြစ်လာပြီး သူ့အလုပ်ကို ဆက်လုပ်၊ သူသည် ဤသို့ပင် မျှော်လင့်ထားသည်။ သူဘဝတစ်ပါးသို့ ပြောင်းလဲသွားသည်အထိ ဖြစ်စဉ် အပြောင်းအလဲကို မြင်ယောင်ထားသည်။

စစ်သာ ဖြစ်မလာလျှင် သည်အတိုင်းပင် ဖြစ်ရိုးဖြစ်စဉ် ဖြစ်ပျက်သွားမည်သာတည်း။ သို့သော် စစ်ဟူသော စကားကို ကြားရသောအခါ ဆုဘိယသည် ထိတ်လန့်တုန်လှုပ်သွားလေသည်။ ပထမတွင်မူ အရာခပ်သိမ်းသည် နိဂုံးချုပ်ပေတော့မည်ဟု ထင်မိသည်။ သို့သော် ခဏကြာသောအခါ ထိတ်လန့်ခြင်း ပြေပျောက်၍ စစ်သည် အကယ်စင်စစ် သူ့အလိုသို့ လုံးလုံးကြီး မလိုလားအပ်သည့် ကိစ္စမဟုတ်ဟု အသိဉာဏ် ဝင်လာလေသည်။ သူ၏ အမြတ်အစွန်းများသည် ယခင်ကထက်ပင် အဆမတန် များလာသည်။

မြန်မာပြည်နှင့် ဆိုင်ဂွန်မှ ဆန်များ မပို့နိုင်ကြသောအခါ သူ့လက်ကျန်ဆန်များသည် ရွှေနှင့် စက်ယူရလောက်အောင် တန်ဖိုးတက်နေလေသည်။ အချိန်မရွေး သူ့ဆိုင်တွင် ဆန်ဝယ်သူတွေ ဝိုင်းအုံလျက်ရှိရာ သူ၏ ငွေတွေနှင့် ပြည့်နေသော မီးခံသေတ္တာကြီးကို မနည်း တွန်းပိတ်နေရလေသည်။ သူသည် သူ့အိမ်နှင့် ကပ်လျက်ရှိသော အိမ်ကြီးကို ဆန်ဂိုဒေါင်အဖြစ် အသုံးပြုရန် ဝယ်ယူလိုက်လေသည်။ ထို့နောက် တစ်ဖက်မှ ကပ်လျက်ရှိသော အိမ်ကို ဝယ်ပြန်သည်။ ထို့နောက် တစ်လုံး၊ ထို့ပြင် ရွာမြေများကို ဝယ်သည်။ သူ့ဇနီးနှင့် သားသမီးများကိုလည်း လေးလံသော ရွှေတွေနှင့်ထပ်ပြီး ဆင်ယင်ပေးပြန်သည်။ သူ့ခန္ဓာကိုယ်၏ လုံးပတ်သည်လည်း ကြီးထွားသည်ထက် ကြီးထွားလာလေသည်။ အားလုံးကိုခြုံ၍ သုံးသပ်ပါက ဆုဘိယအတွက် စစ်သည် အလွန်အမြတ်ထုတ်၍ ကောင်းသည့် အင်အားကြီးဖြစ်နေလေသည်။

သို့သော် စားနပ်ရိက္ခာ စီမံကွပ်ကဲမှု စီမံချက် ထွက်ပေါ်လာလေသည်။ သူသည် တစ်သက်နှင့်တစ်ကိုယ် ပထမဆုံးအကြိမ်အဖြစ် မကြုံတတ်အောင်ဖြစ်ပြီး စိတ်ညစ်သွားလေသည်။ တစ်စုံတစ်ယောက်သောသူက

သူ့ကိုလာပြီး ဘာပစ္စည်းကို ဘယ်ဈေးနှုန်းနှင့်ရောင်းမည်ဟု ဘာကြောင့် ညြဗာပေးနိုင်သည့် အခွင့်အရေးရှိသည်ဟု သူ မစဉ်းတတ်အောင် ဖြစ်နေလေသည်။

သူတို့က ဒီဆန်လုပ်ငန်းကို ဘယ်လောက်များ နားလည်လို့လဲ၊ ကိုယ့်အလုပ်ကို ကိုယ်လုပ်ပါလား၊ အခွန်ကောက်တာတို့၊ သူခိုးသူဝှက်ဖမ်းတာတို့၊ ဆည်မြောင်းတူးတာတို့ သူတို့ လုပ်စရာတွေ အများကြီး၊ ဒီဆန်အလုပ်ကို လာလုပ်ရအောင် သူတို့က ဘယ်လောက်များ နားလည်လို့လဲ'ဟု သူ့ကို လေးစားသည့် မိတ်ဆွေများနှင့် သူ့ဆိုင်တွင် ကူညီလုပ်ကိုင်ပေးနေသူများကို နေ့ရောညပါ တဖျစ်တောက်တောက် ပြောနေလေသည်။

'စားနပ်ရိက္ခာဌာနဟာ လိမ်ညာနေတာပဲ၊ သူတို့ လုပ်လိုက်တာအားလုံး ကမောက်ကမ ဖြစ်ကုန်တော့တာပဲ'

လူအများက ဤသို့ ပြောဆိုနေသံများကို သူ ကြားရသောအခါ သူသည် အတိုင်းမသိ ဝမ်းမြောက်အားရလှသည်။ သူတို့ ပြောစကားကို လေးနက်စွာ သဘောတူ ထောက်ခံပြီး ဤသို့ ဆက်ပြောလိုက်သေးသည်။

'ခင်ဗျားတို့လို လုပ်ရည်ကိုင်ရည်ရှိတဲ့ ပညာတတ်တွေကို သူတို့ အဖွဲ့အစည်းထဲထည့်ပြီး တာဝန်မပေးနိုင်ဘူးလားဗျာ၊ အခုတော့ ရှက်ဖို့ကောင်းလိုက်တာ'

များမကြာမီ သူသည် အမြတ်ထုတ်မှု သက်ဆိုးရှည်နိုင်သည့် နည်းလမ်းများကို တွေ့ရှိလာလေသည်။ သို့သော် လက်ရှိ အရေခွံကိုခွာ၍ တစ်မျိုးတမည် ပြောင်းလဲ အရေခြုံကာ စခန်းသွားရမည်ကို သူ သိသည်။ အရာရှိကြီးများကို သွားရောက်တွေ့ဆုံခြင်း၊ ပုံစံများကို ဖြည့်သွင်းခြင်းများ ပြုလုပ်ပြီး၍ မကြာမြင့်မီမှာပင် သူ့လုပ်ငန်းများကို ဈေးနှုန်းသက်သာသော ဆန်ရောင်းဌာနအဖြစ် ဆက်လက် လုပ်ကိုင်ခွင့် ပြုလိုက်လေသည်။

သို့သော်လည်း ထိုအလုပ်သည် သူ့အဖို့ ယခင်က လုပ်ကိုင်လာခဲ့သည့် ဆန်အရောင်းအဝယ်အလုပ်နှင့်စာလျှင် အားရကျေနပ်လောက်သည့် အလုပ် မဟုတ်ချေ။ သူ့လယ်မှ တောင်သူလယ်သမားများ ပင်ပန်းကြီးစွာ

လုပ်ကိုင်၍ ထွက်ရှိလာသော စပါးများကို အစိုးရထံ ပေးသွင်းရတော့မည်ဟု သိရသောအခါ ဝမ်းနည်းပက်လက် ညည်းညူလေသည်။ ဤလုပ်ရပ်များသည် သူ့အား သက်သက်မဲ့ နှိပ်စက်ညှဉ်းပန်းခြင်း ဖြစ်သည်ဟု ယူဆသည်။

'ကျုပ်လယ်ကထွက်တဲ့စပါးကိုသူတို့က ဈေးနှုန်းကန့်သတ်မတဲ့ဗျာ၊ ကျုပ်စပါးကို ကျုပ် သယ်ယူချင်ရင်လည်း သူတို့ဆီက အခွင့်ပေးမှ သယ်ယူရမတဲ့ဗျာ'

ဤစီမံချက်သည် သူ့အတွက် နိုင်ထက်စီးနင်း နိုင်လွန်းလှသည်။ သို့သော်လည်း သူသည် ဖော်ထုတ်ကန့်ကွက်ခြင်း မပြုဘဲ လက်ခံလိုက်သည်။ သူ၏ ပါးနပ်လိမ္မာလှသော ဦးနှောက်သည် လုပ်ငန်းစတင် လုပ်ကိုင်နေပါပြီ။ ပါးနပ်လိမ္မာလွန်းသော ဦးနှောက်များက အကြံညာဏ်များ ထုတ်လိုက်သောအခါ နည်းလမ်းတစ်ခုခုတော့ ထွက်ပေါ်လာမြဲ ဖြစ်သည်။

သူသည် စားမဝင် အိပ်မပျော် ဖြစ်နေလေသည်။ မှောင်မိုက်သော ညဥ့်များတွင် သူ၏ အတွေးများသည် ဆန်စပါး ပြဿနာဖြင့်သာ လုံးထွေးနေလေသည်။ ဤသို့ သူသည် အပတ်တကုတ် အကြံထုတ်လျက်ရှိရာ နောက်ဆုံးတွင် အဖြေကို ရရှိလေသည်။

'ငါ့စပါးတွေဟာ လယ်ကွင်းထဲမှာ ရှိနေသေးတာပဲ၊ ငါ့ဂိုဒေါင်ထဲ မလဲ ဂုန်နီအိတ်တွေရှိတယ်၊ ငါအကြံထုတ်ပြီး တစ်မျိုးတစ်မည် မလှည့်နိုင်ရင် ငါ ပျက်စီးဆုံးရှုံးဖို့ သေချာနေပြီ၊ အစိုးရက ဘာလိုချင်တာလဲ၊ စာရွက်ပေါ်မယ် ကိန်းဂဏန်းလှလှလေးတွေ လိုချင်တယ် မဟုတ်လား၊ ဒါ သူတို့ရစေမှာပေါ့'ဟု သူ တစ်ကိုယ်တည်း ရေရွတ်နေလေသည်။

သူကြံစည်ထားသည့်အတိုင်း ရုပ်လုံးဖော်ရန်အတွက် ရှုပ်ထွေးပွေလီသော လုပ်ငန်းများ လုပ်ရလေသည်။ သို့သော် လုပ်ကိုင်ရကျိုး နပ်ပါသည်။ သူ အလိုရှိသမျှ ဆန်စပါးများကို သူ သိမ်းပြီးသား ဖြစ်နေပါပြီ။ မိမိအိမ်ထောင်စု စားသုံးရန်နှင့် ပြင်ပသို့ ရောင်းချရန် စုပြီး ဆောင်းပြီး ဖြစ်နေပါပြီ။ သို့သော် စာရွက် စက္ကူများပေါ်တွင်ကား ပေါ်လွင်မနေပါ။

သူသိလှောင်ထားသည့် ဆန်စပါးများနှင့် စာရင်းအင်းများကို စစ်ဆေးပိုင်ခွင့်ရှိသော ပုဂ္ဂိုလ်များအား ငွေအမြောက်အမြား ပေးကမ်းရစေကာမူ ဤသို့ရင်းနှီးမြှုပ်နှံရသည့် ငွေကြေးပမာဏနှင့်ပတ်သက်၍ မည်သို့မျှ စိတ်မကောင်းမဖြစ်။ သည်လိုကိစ္စမျိုးတွင် ငွေစက္ကူ တစ်ဆယ်တန်တစ်ချပ်ကို စွန့်ကြဲလိုက်လျှင် သူသည် တစ်ဖက်မှ တစ်ထောင်တန် ဆန်စပါးများကို အရယူရန်မြင်ထားပြီး ဖြစ်ပါသည်။

သည်အချိန်တွင် လူအများသည် ဆန်ဈေးမည်မျှ ကြီးနေစေကာမူ မရအရ ဝယ်ယူနေကြသည်။ သည်ဒေသတွင် သူသည် ဆန်စပါးကို သူ့လက်ထဲတွင် ဆုပ်ကိုင်ထားပြီး ကစားချင်သလို ကစားနေသည်။ သည်အကြောင်းများကို စဉ်းစားမိသောအခါ ဆန်အရောင်းအဝယ်နှင့် ပတ်သက်၍ကန့်သတ်ခြင်း၊ ချုပ်ချယ်ခြင်း စသည်တို့ကို သူ့အဖို့ အစိုးရက ပေးအပ်နေသည့် ဆုကြီးလာဘ်ကြီးတွေပါတကားဟု အောက်မေ့မိလေသည်။ 'ဘုရားသခင်ဟာ ငါ့အတွက် ဖြစ်သမျှအကြောင်း အကောင်းချည်း ဖြစ်အောင် ဖန်တီးပေးတော်မူနေတာပဲ'ဟု အကျိုးအကြောင်းများကို ဆက်စပ်သုံးပြီး တွေးတောနေလေသည်။

တစ်ပတ်လျှင်နှစ်ကြိမ်ကျအသပြာအနည်းငယ်ကို စွန့်ကြဲမှုပြုသည်။ သောကြာနေ့များတွင် ဘုရားကျောင်း၌ ဘုရားသခင်၏ စောင်မကြည့်ရှုမှုကို အလေးဂရုပြုသောအားဖြင့် အုန်းသီးကိုခွဲသည်။ တစ်စတစ်စ အတွေ့အကြုံများလာသည်နှင့်အမျှ သူ၏ လုပ်နည်းလုပ်ဟန်များလည်း တိုးတက်လာရာ အခြေအနေအားလုံးကို သူ ချယ်လှယ်ချင်သလို ချယ်လှယ်နိုင်သည်အထိ ဖြစ်လာလေသည်။

သူ့ဆိုင်တွင် ဆန်များကို ကျင်လည်စွာ ခြင်ပေးလျက်ရှိရာ ဆိုင်ပိတ်ချိန်တွင် ဆန်အပိုအလျှံတွေ အတော်အတန် စုဆောင်းပြီး ကျန်နေသည်ကို တွေ့ရသည်။ ဆန်ဝယ်ရန်လာသူများအား အချိန်ဆွဲထားတတ်သည့်ပြင် ဆန်ဝယ်မည့်သူသည် သူ့ဆိုင်သို့ အခေါက်ခေါက်အခါခါ လာနေရအောင် ဆိုင်ပိတ်ချိန် ဖွင့်ချိန်ကို တွက်ကိန်းချ၍ ပြုလုပ်ထားလေသည်။ ဆန်ဖိုး

အဆင်သင့်ပါလာလျှင် သူ့တွင် ဆန်လက်ကျန် မရှိသေးပါဟု ဆိုသည်။ လူအများ ငွေပြတ်လပ်သည့်အချိန်တွင် သူ့ဆိုင်၌ ဆန်တွေရှိနေသည်။ ဤသို့လုည့်ပတ် ကစားခြင်းအားဖြင့် သူ့ထံတွင် အပတ်စဉ် ဆန်တွေ စုပြီးဆောင်းပြီး ဖြစ်နေလေသည်။ သူ့လယ်များမှ ထွက်သည့် စပါးများမှာလည်း အနည်းငယ်မျှလောက်သာ အစိုးရ၏ စားနပ်ရိက္ခာဌာနသို့ ရောက်ရှိလေသည်။

များမကြာမီလမ်းကြားတစ်ခုရှိ သူ၏အိမ်တစ်အိမ်ကို ဂိုဒေါင်အဖြစ် ပြုပြင် ဆောက်လုပ်လိုက်ပြီးလျှင် အောက်ခြေမှ မျက်နှာကျက်အထိ ဆန်အိတ်တွေနှင့် အပြည့်သိုလှောင်ထားလေသည်။ ထိုဂိုဒေါင်သည် စက္ကူစက်သို့ ပို့ပေးရန် စက္ကူစုတ်များ အဝတ်စများ သိုလှောင်ထားရှိသည်ဟု သူက ဆိုပါသည်။ 'ကျုပ် ဝမ်းစာအတွက် နည်းနည်းပါးပါး အထောက်အပံ့ ရတာပေါ့ဗျာ'ဟု သူက ပြောလေ့ရှိပါသည်။

သူသည် ဆန်ကိုတစ်ကြိမ်တည်းနှင့် များများစားစားရောင်းလေ့မရှိ။ သူ့ခါတ်သိ ဝယ်သူများကိုသာ နည်းနည်းချင်း ရောင်းလေ့ရှိသည်။ ဝယ်ချင်သူများထံမှ ငွေကြိုယူထားပြီး ဆန်ကို နောက်မှလာယူရန် ချိန်းဆိုလေ့ရှိသည်။ သူသည် ဘယ်သောအခါမှ တိကျစွာ မပြောဆိုဘဲ မရေမရာ စကားများကိုသာ ပြောတတ်သည်။

'လူတစ်ယောက်ဆီမတော့ဆန်နည်းနည်းပါးပါး ရှိတယ်ပြောတာပဲ၊ အခု ရှိသေးသလားတော့မသိဘူး၊ ငွေထားခဲ့လေ၊ ကျုပ် မေးကြည့်လိုက်ဦးမယ်'

သူသည် ဤသို့ပင် နောက်တစ်ကြိမ် ချိန်းဆိုတတ်သည်။ တစ်ခါတစ်ရံ ငွေကို ပြန်ပေးကာ 'မရတော့ဘူးဗျာ၊ စိတ်မကောင်းပါဘူး၊ စောစောကတော့ ရှိသားတဲ့ဗျာ၊ ဒါပေမဲ့ ခင်ဗျားလည်း သိသားပဲဗျာ၊ တစ်ထစ်ချ ပြောလို့ မရဘူး မဟုတ်လား'ဟု ပြောတတ်လေသည်။

တစ်ညနေတွင် သူသည် ဆိုင်ကိုပိတ်၍ သော့တွဲကြီးကိုကိုင်ကာ ထွက်ခွာတော့မည် ပြုစဉ် လူတစ်ယောက် သူ့ရှေ့တွင် လာရပ်လိုက်သည်။

'အို ဆိုင်ပိတ်သွားပြီလားဗျာ ဒုက္ခပါပဲ'ဟု ထိုသူက ညိုးငယ်စွာ ညည်းညူလိုက်လေသည်။

ဆုဘိယသည် လမ်းပေါ်တွင် သူ့အား စကားပြောသူများကို ဂရု မစိုက်တတ်ချေ။ သူသည် လမ်းပေါ်တွင် သွားရင်းလာရင်း တွေ့ဆုံ စကားပြောမည့်သူများကို အမြဲ ရှောင်ကွင်းလေ့ရှိသည်။ အဘယ်ကြောင့် ဆိုသော် ဤသို့ လမ်းပေါ်တွင် တွေ့ဆုံသူများသည် အများအားဖြင့် ဆန်တောင်းသည့်သူများသာ ဖြစ်သောကြောင့်တည်း။ သူသည် ဤသို့ ဆန်ကို မရမက တောင်းဆိုသူများကို မုန်းတီး ရွံရှာလှပါသည်။ ဆန် ဆန် ဆန်နဲ့ မရှိတဲ့ပစ္စည်းကို တတွတ်တွတ် တောင်းဆိုနေမည့်အစား ပြောင်းဆန်တို့၊ လူးတို့၊ ဆတ်တို့ကို ဘာပြုလို့ မစားနိုင်ကြတာလဲ၊ လူအများစုသည် ရွှေကိုမပိုင်ဆိုင်သလို ဆန်ကို ဝယ်စားရန် မတတ်နိုင်ကြချေ။

'ကျုပ်မယ် တခြား အလုပ်ရှိသေးတယ်၊ ရပ်ပြီး စကားပြောမနေ နိုင်ဘူး'ဟုဆိုကာ ဆုဘိယသည် ဂရုမစိုက်သကဲ့သို့ ထွက်ခွာသွားလေသည်။ ဆန်လိုချင်သူသည် သူ့နောက်မှ လိုက်သွားကာ လက်ကို လှမ်းဆွဲ လိုက်လေသည်။

'ဆိုင်ကိုဖွင့်ပြီး ဆန်ရောင်းပါဦးဗျာ၊ ထွက်မသွားပါနဲ့'ဟု ခပ်ကျယ် ကျယ် ပြောလိုက်လေသည်။

ဆုဘိယသည် ခပ်ထန်ထန်ပြောလိုက်သည့် စကားသံကြောင့် လန့် သွားလေသည်။

'ကျုပ် ကလေးနှစ်ယောက်ဟာ ထမင်းဆာလို့ တကြော်ကြော် အော်တောင်းနေတယ်၊ ကျုပ် အမေအိုကြီးဆိုရင် အားပြတ်ပြီး လဲတော့မယ်၊ သူတို့ ငတ်နေပြီ၊ ကျုပ်အတွက် ဆန်ခွဲတမ်းကလည်း ကုန်နေတာ သုံးရက်ရှိပြီ၊ ကျုပ် သူတို့ကို ဒီအတိုင်း ဆက်ကြည့်မနေနိုင်တော့ဘူး၊ ကျေးဇူးပြုပြီး ဆန်နည်းနည်းရောင်းပါဗျာ၊ ကျုပ်ဆန်လိုက်ရှာနေရတာ တစ်နေ့လုံး နှံ့နေပါပြီ၊ ဘယ်ကမှ တစ်စေ့မရခဲ့ဘူး၊ အိမ်ကတော့ ကျုပ် စားစရာတစ်ခုခုနဲ့ပြန်လာ

လိမ့်မယ် ထင်ပြီး စောင့်နေကြမှာပဲ၊ ကျုပ် လက်ချည်းသာ အိမ်ပြန်သွားရင် သူတို့ ဘာလုပ်ကုန်ကြမယ်ဆိုတာ ကျုပ် မတွေးရဲပါဘူးဗျာ'

'ဘယ်လောက်လိုချင်သလဲ'ဟု ဆုဘိယက မေးလိုက်သည်။

'တစ်ဆီယာပေးပါ၊ အိမ်မယ် စားမယ့် ပါးစပ်က ခြောက်ပေါက် ရှိပါတယ်'

ဆုဘိယက မနှစ်မြို့သောအသွင်ဖြင့် ကြည့်လိုက်သည်။

'ဘာပြုလို့ စောစောတုန်းက မလာသလဲ'

'တစ်မြို့လုံး ဆန်လိုက်ရှာနေလို့ပါဗျာ'

'ငွေဘယ်လောက်ပါသလဲ'

ဆန်လိုချင်သူက ငါးမူးစေ့တစ်စေ့ကို ထုတ်ပြလိုက်သည်။ ဆုဘိယသည် ငါးမူးစေ့ကိုကြည့်၍ နှာခေါင်းရှုံ့လိုက်သည်။

'ဒါနဲ့ မင်းက ဆန်တစ်ဆီယာ ရမယ် ထင်တယ် ဟုတ်လား'

'သုံးဆီယာကို တစ်ကျပ်မဟုတ်လားဗျာ'

'ဟေး ဒါတွေ လျှောက်ပြောမနေနဲ့၊ မင်း ဒီလို ကန့်သတ်ထားတဲ့ ဈေးနှုန်းတွေ၊ မဟုတ်က ဟုတ်က အဓိပ္ပါယ်မရှိတာတွေ ပြောနေရင် မင်း ငတ်သွားလိမ့်မယ်'

ဆုဘိယသည်စိတ်တိုလာလေသည်။ သည်လူတွေဟာ ငတ်နေသည့်အထဲက မိုက်တွင်းနက်တုန်းပင် ရှိသည်ဟု တွေးမိလေသည်။

'မင်းဆီမယ် နောက်ထပ် ငါးမူးရှိသေးရင်တော့ တစ်ဆီယာ ရချင်ရနိုင်မယ်'ဟု ပြောလိုက်ရာ ဆန်လိုချင်နေသူက ဝမ်းနည်းပက်လက် ခေါင်းခါပြသည်။

'ခင်ဗျားသိတဲ့အတိုင်း ဒီနေ့ဟာ လကုန်ရက်၊ ကျုပ်မယ် ဒါပဲ ရှိတယ်'ဟု ဆိုလေသည်။

'ငါးမူးနဲ့ဆိုရင် ဆီယာဝက်ပဲရမယ်၊ ငါ့အသိ ဆန်သည်က ဒီဈေးရမှ ရောင်းမှာသေချာတယ်'

'ကောင်းပါပြီဗျာ၊ လုံးလုံးမရတာနဲ့ စာရင် တော်သေးတာပေါ့'ဟု ဆန်လိုချင်နေသူက လက်လျှော့ကာ ပြောလိုက်လေသည်။

'ပေး'ဟုဆိုကာ ဆုဘိယသည် ငါးမူးစေ့ကို လှမ်းယူလိုက်သည်။

'ကျုပ်နောက် လိုက်မလာနဲ့၊ ဟိုလူက အလွန် မယုံသင်္ကာဖြစ်တတ်တယ်၊ ကျုပ်နောက်က တကောက်ကောက်လိုက်လာတာ တွေ့သွားရင် မရှိဘူးလို့ ပြောလိုက်လိမ့်မယ်၊ ဒီနေရာက စောင့်နေ၊ ကျုပ်ပြန်လာခဲ့မယ်၊ သေချာပေါက်တော့ မပြောနိုင်ဘူးနော်၊ မရှိဘူးဆိုလိုက်ရင်တော့ မင်းကုသိုလ်ပဲ'

ဆုဘိယသည် ငါးမူးစေ့ကိုယူကာ ထွက်ခွာသွားလေရာ ဆန်လိုချင်သူသည် လမ်းထောင့်တွင် ရပ်စောင့်နေလေသည်။ 'ကျုပ် ဘယ်လောက်ကြာအောင် စောင့်ရမလဲဗျာ'ဟု ဆုဘိယ၏ ကျောပြင်ကို လှမ်းမျှော်ကြည့်ရင်း မေးလိုက်ချင်သော်လည်း စိတ်ဆိုးသွားမည်စိုး၍ စိတ်ကို ချုပ်တည်းထားလိုက်လေသည်။

ဆုဘိယထွက်ခွာသွားသည်မှာ သုံးနာရီခန့်ကြာရှိပြီ ဖြစ်သော်လည်း ပြန်ရောက်မလာသည့်အတွက် ဆန်လိုချင်သူသည် တွေးတော ပူပန်လာလေသည်။ မိမိပြောလိုက်သည့် စကားများကို ဆန်သွားယူသူသည် ရှင်းရှင်းလင်းလင်းမှ နားလည်ပါ၏လောဟု စဉ်းစားနေမိလေသည်။ တဖြည်းဖြည်းမှောင်လာပါပြီ။ လမ်းသွားလမ်းလာများသည် တစ်စတစ်စ နည်းလာလေသည်။ လူများသည် အရိပ်ပမာ ရွေ့လျားနေကြသည်။ တစ်မြို့လုံးလည်း ငြိမ်သက်စ ပြုလာလေပြီ။

'အင်း ဘာများဖြစ်နေပါလိမ့်၊ ဘယ်ရောက်သွားလဲ၊ သူဘယ်သွားပါလိမ့်၊ ငါ ဘယ်တော့ အိမ်ပြန်ပြီး ထမင်းချက်စားရမှာလဲ၊ ငါ့ကလေးတွေ ငါ့ကလေးတွေ'

သူသည် ဤသို့ မကြာခဏ ရေရွတ်နေရာမှ ဆုဘိယထွက်သွားသည့်ဘက်သို့ လျှောက်လိုက်သွားလေသည်။ သို့သော် သူသည် ဘယ်ရောက်လာသည်ဟုပင် မသိ။ ဆုဘိယသည် သူ သိဂ္ဂက်ထားသည့် ဂိုဒေါင်များ

ရှိသည့်နေရာကို မသိစေလိုသောကြောင့် တစ်ဖက်သို့အသွားပြပြီး အခြားတစ်ဖက်သို့ လှည့်လာခဲ့ခြင်း ဖြစ်၏။

ဆန်လိုချင်သူသည် တိတ်ဆိတ်သော လမ်းမကြီးများပေါ်တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ပြီးနောက် တွေ့လိုတွေ့ငြား ဆိုင်ဘက်သို့ လှည့်ဝင်လာခဲ့သည်။ ထိုနေရာတွင်လည်း သူ့ကို မတွေ့ရ။ သူစောစောက မြင်ခဲ့သည့်အတိုင်းပင် တံခါးပေါက်တွင် သော့ခလောက်ကြီး ခတ်လျက်သား တွေ့ရသည်။

သူသည် အတော်ပင် စိတ်ရှုပ်သွားသဖြင့် ရည်ရွယ်ချက်မရှိဘဲ လမ်းသလားနေပြီးနောက် ဆုဘိယ၏ အိမ်ဘက်သို့ လျှောက်သွားလေသည်။ သူသည် ပိတ်ထားသော တံခါးကို ခေါက်လိုက်ရာ ဆုဘိယ၏ ဇနီးက 'ဒီနေ့ နောက်ကျလှချည်လား'ဟု ပြောရင်း တံခါးကို ဖွင့်ပေးပြီးမှ လူစိမ်းတစ်ယောက် ဖြစ်နေသည်ကို တွေ့နေရသဖြင့် တန့်သွားလေသည်။

'ဆုဘိယ အိမ်မယ် မရှိဘူးလား'ဟု လူစိမ်းက မေးလေသည်။

'မရှိဘူး၊ သူအိမ်ကို ပြန်မရောက်သေးဘူး'

ဆုဘိယ၏ ဇနီးသည် စိုးရိမ်ပူပန်စိတ် ဝင်လာလေသည်။

နောက်တစ်နေ့နံနက် ခြောက်နာရီအထိ သူ့ခင်ပွန်းသည် အိမ်ပြန်မရောက်လာသောအခါ အထိတ်တလန့်ဖြစ်လာပြီး အငြိမ်မနေနိုင်တော့ချေ။

'ရှင် ဟိုဂိုဒေါင်ကော သွားကြည့်ပြီးပြီလား'

သည်လို အခြေအနေမျိုးတွင် လူစိမ်းလာတွေ့၍ ဤသို့ ဖွင့်မမေးဘဲ မနေနိုင်တော့ချေ။

'ဘယ်ဂိုဒေါင်လဲ ဘယ်မှာလဲ'ဟု လူစိမ်းက မေးလိုက်သည်။ သည်အမေးကို သူ ဖြေရပေတော့မည်။ ထိုဂိုဒေါင် ဘယ်နေရာတွင်ရှိသည်ကိုလည်း သူသာလျှင် သိပါသည်။

သူတို့နှစ်ဦးသည် အတူတကွ ထွက်လာခဲ့ကြသည်။ လမ်းသေးလမ်းငယ်များကလေးကို ကွေ့ကောက် ဝင်ရောက်လာကြရာ အဆောက်အဦ

တစ်ခုသို့ ရောက်လာကြသည်။ ဝင်ပေါက်တံခါးကို အတွင်းမှ ခလုတ်ချကာ ပိတ်ထားသည်ကို တွေ့ရသည်။ သူတို့သည် တံခါးခေါက်ကြသည်။

ထိုအဆောက်အဦသည် ပြင်ပမှ မဝင်ရောက်နိုင်ရန် အထူးဆောက်လုပ်ထားသည့် အိမ်ကြီးဖြစ်ပါသည်။ ကြွက်များပင် လွယ်လွယ်နှင့်ထို အိမ်အတွင်းသို့ ဝင်နိုင်ကြမည် မဟုတ်ပါ။ နောက်ဆုံးတွင် ရှေ့ဘက်မှ လေဝင်ပေါက်ကို ဖျက်၍ ခက်ခက်ခဲခဲ ဝင်ရောက်ပြီးမှ အတွင်းမှ တံခါးကို ဖွင့်ရလေသည်။

နံနက်ခင်းရောင်ခြည် ဖျော့ဖျော့သည် လေဝင်ပေါက်မှ ထိုးဝင်နေလေသည်။ ထောင့်တစ်နေရာ ကြမ်းပြင်တွင် လက်နှိပ်ဓာတ်မီး တစ်လက်နှင့် ငါးမူးစေ့တစ်စေ့ကို တွေ့ကြရလေသည်။ မနီးမဝေးတွင်မူ ပြိုကျနေသော ဆန်အိတ်များအောက်မှ လက်တစ်ဖက် ထိုးထွက်နေသည်ကို မြင်ကြလေသည်။

လူသေမှုနှင့်ပတ်သက်၍ စုံစမ်းမှု ပြုလုပ်ရသည်။ စုံစမ်းရာတွင် တွေ့ရှိချက်ကား မတော်တဆ ပြိုကျသော ဆန်အိတ်များပိ၍ သေဆုံးသည်' ဟူသတည်း။

( မြဝတီ။ ။ ဧပြီ၊ ၁၉၇၃ )

# ၁၁
# လမ်း

လူအများသည် နှစ်ပေါင်းများစွာပင် မောဂုဒီမြို့တွင် မြူနီစီပယ်အဖွဲ့ ရှိသည်ကို သတိမမူမိကြချေ။ မြို့၏ အခြေအနေမှာလည်း ဆိုးရွားလှသည်။ ရောဂါဘယတွေ ဖြစ်ပွားလာလျှင် သူ့အရှိန်နှင့်သူ ဖြစ်ပွားနေပြီး ရပ်ချိန် တန်သောအခါ သူ့ဘာသာသူ ရပ်သွားလေသည်။

ဖြစ်ပွားလာသည့် ရောဂါများသည် အစဉ်ဖြစ်မနေနိုင်ပါ။ တစ်ချိန် တော့ ရပ်ရမည်သာတည်း။ ဖုန်နှင့် အမှိုက်သရိုက်များသည်လည်း လေထဲတွင်လွင့်ပါး ပျောက်ကွယ်ကုန်ကြသည်။ ရေမြောင်းများသည်လည်း ခန်းလိုက်၊ စီးလိုက်၊ ပိတ်ဆို့လိုက်နှင့် ဖြစ်ချင်သလို ဖြစ်နေသည်။ မြူနီစီပယ်အဖွဲ့သည် ၁၉၄၇ခုနှစ်၊ ဩဂုတ်လ ၁၅ရက်နေ့တွင် လွတ် လပ်ရေးရသည်အထိ မလှုပ်မရှား ခပ်အေးအေးပင် နေခဲ့လေသည်။ မြောက်ဖက် ဟိမဝန္တာတောင်တန်းမှ တောင်ဘက်စွန်း ကိုရိုနင်အငူအထိ သမိုင်းတွင် တစ်ခါဖူးမျှ မကြုံဖူးလောက်အောင် ပြည်သူလူထု တစ်ရပ်လုံး ပျော်ရွှင်မြူးတူးလျက် ရှိကြကုန်သည်။

ထိုအခါတွင် ကျွန်တော်တို့ မြူနီစီပယ်အဖွဲ့သည်လည်း စိတ်အား တက်ကြွနေပါသည်။ လမ်းများကို လှည်းကျင်းသန့်ရှင်းစေသည်။ ရေမြောင်း များကို စင်ကြယ်စေသည်။ နေရာတိုင်းအဆောက်အအုံတိုင်းတွင် အလံများကို လွှင့်ထူထားကြကုန်သည်။ မိမိတို့ လမ်းမကြီးများပေါ်တွင် လူအများ ဘင်ခရာများကို တီးမှုတ်လျက် အလံများကို ကိုင်ဆောင်ကာ စီတန်း လှည့်လည်နေသည်ကို တွေ့မြင်ရသော မြူနီစီပယ် လူကြီးများသည် အားရ ရွှင်ပြုံးနေကြသည်။

'ဒီ နေ့ထူးနေ့မြတ်ကြီးအတွက် ကျုပ်တို့ တတ်နိုင်သမျှ ဆောင်ရွက် ခဲ့ကြပါတယ်'

မြူနီစီပယ် ဥက္ကဋ္ဌကြီးသည် ဆင်ဝင်ပေါ်မှ ရွှင်လန်းအားရသော အမူအရာနှင့် ငုံ့ကြည့်ရင်း ပြောလိုက်လေသည်။ အနီးတွင်ရှိသော မြူနီစီပယ် လူကြီးတစ်ဦးနှစ်ဦးသည် ဥက္ကဋ္ဌကြီး၏ မျက်လုံးအိမ်များတွင် မျက်ရည်များ ရစ်ဝဲနေသည်ကိုပင် တွေ့မြင်လိုက်ကြသည်။

သူသည် စစ်အတွင်းတုန်းက ဗြိတိသျှ စစ်တပ်များသို့ စောင်များ ကန်ထရိုက် ပေးသွင်းခဲ့သဖြင့် အကျိုးရှိခဲ့သူ ဖြစ်သည်။ စစ်ပြီးနောက်ပိုင်းတွင် ထိုလုပ်ငန်းမှ ရရှိသော အကျိုးအမြတ်များကို အတော်များများ အသုံးပြုခြင်း အားဖြင့် မြူနီစီပယ်ဥက္ကဋ္ဌ ရာထူးကို ရယူခဲ့ခြင်း ဖြစ်သည်။

ထိုကိစ္စမှာ ထူးဆန်းထွေပြားသော ပုံဝတ္ထုသဖွယ် ဖြစ်သော်လည်း ကျွန်တော်တို့နှင့်မသက်ဆိုင်ပါ။ ယခု ကျွန်တော် ပြောပြမည့်အကြောင်း အရာမှာ ထိုကိစ္စနှင့် မပတ်သက်ပါ။ ဥက္ကဋ္ဌကြီးအဖို့ ယခုကဲ့သို့ ကျေနပ် နှစ်သိမ့်နေခြင်းမှာ ခဏမျှသာ ဖြစ်ပါသည်။ အခမ်းအနားပြီးဆုံး၍ တစ်ပတ်မျှ အကြာတွင် ဥက္ကဋ္ဌကြီး စိတ်ဓာတ် ကျဆင်းသွားပြန်ပါသည်။

ကျွန်တော်သည် အထက်အညာဒေသမှ သတင်းစာတစ်စောင် အတွက် သတင်းထောက်အဖြစ် လုပ်ကိုင်လျက်ရှိရာ မိမိပို့လိုက်သော သတင်းများကို အသုံးပြုပါက ကော်လံတစ်လက်မလျှင် နှစ်ကျပ်နှုန်း ရရှိ

သည့်အလျောက် မြူနီစီပယ်နှင့် ပတ်သက်သော သတင်းများရရန် ဥက္ကဋ္ဌ ကြီးထံ နေ့စဉ်လိုလို ဝင်ထွက်သွားလာလျက်ရှိပါသည်။

လစဉ်လတိုင်း ကျွန်တော်၏ သတင်းများသည် ဆယ်လက်မခန့် တိုင်းထွာတွက်ချက်နိုင်သည်ဖြစ်ရာ ပါရှိသည့် သတင်းများလည်း အများအား ဖြင့် မြူနီစီပယ်၏ လုပ်ငန်းများကို အမွှမ်းတင် ရေးသားထားချက်များသာ ဖြစ်သည့်အတိုင်း ကျွန်တော်သည် ထိုအသိုင်းအဝိုင်းတွင် လူချစ်လူခင်များသူ တစ်ယောက် ဖြစ်နေပါသည်။

ဥက္ကဋ္ဌကြီး၏ ရုံးခန်းအတွင်းသို့လည်း မကြာခဏ ဝင်ထွက် သွားလာလျက် ရှိသည့်အတွက် သူ၏ မသာယာသော မျက်နှာထားကို တွေ့မြင်ရသောအခါ 'ဘယ်လို အကြောင်းများ ရှိနေပါသလဲ ဥက္ကဋ္ဌကြီး'ဟု မေးမိပါတော့သည်။

'ကျုပ်တို့ဟာ လုပ်စရာတွေ အများကြီး ကျန်သေးတယ်'ဟု ဥက္ကဋ္ဌ ကြီးက ပြောပါသည်။

'ဘာတွေများလဲ ဥက္ကဋ္ဌကြီး'

'ဒီခေတ်ပြောင်းချိန်နဲ့ ကိုက်ညီအောင် လုပ်စရာတွေ အများကြီး ရှိတယ်'ဟု ဆိုကာ ခေတ္တမျှ ငိုင်၍ စဉ်းစားပြီးနောက် 'ဘာဖြစ်ဖြစ် နောင် ခါလာ နောင်ခါချေးပဲ၊ ကျုပ် အလုပ်ကြီးတစ်ခုကို လုပ်ပြမယ်'ဟု ပြော လေသည်။

များမကြာမီ မြူနီစီပယ် အထူးအစည်းအဝေးတစ်ရပ်ကို ခေါ်ယူ ကျင်းပကာ သူ့ရည်ရွယ်ချက်ကို တင်ပြပြောဆိုလေရာ လွတ်လပ်ရေးကို ဂုဏ်ပြုသောအားဖြင့် လမ်းများနှင့် ပန်းဥယျာဉ်များကို ခေတ်နှင့်လျော်ညီစွာ အမည်ပြောင်းရန် ဆုံးဖြတ်လိုက်ကြသည်။

သူတို့သည် ဈေးအနီးမှ ပန်းခြံကို စ၍ အမည် ပြောင်းကြသည်။ ထိုပန်းခြံ၏ အမည်မှာ ဘိသိက်ပန်းခြံ ဖြစ်သည်။ မည်သူ၏ ဘိသိက်ပွဲကို ရည်ရွယ်သည်ဟူ၍ကား မသိပါ။ ဝိတိုရိယ ဘုရင်မကြီး၏ ဘိသိက်ပွဲလော၊

သို့မဟုတ် အာသောက မင်းတရားကြီး၏ ဘိသိက်ပွဲလောမည်သူမှ သေချာစွာ မပြောတတ်ပါ။ မည်သူကမှလည်း အရေးထား၍ စုံစမ်းမေးမြန်း မနေပါ။

ပန်းခြံအမည်ရေးသားထားသည့် ကမ္ပည်းဆိုင်းဘုတ်ကြီးကို အောက်ခြေမှ တူးဖော်ကာ လှဲပစ်လိုက်ပြီးလျှင် ထိုနေရာတွင် 'ဟိန္ဒူစတန် ပန်းခြံ'ဟု ရေးသားထားသည့် ကမ္ပည်းဆိုင်းဘုတ်သစ်တစ်ခုကို စိုက်ထူ ထားလိုက်ကြလေသည်။

အခြားပြောင်းလဲချက်များကိုမူ ဤမျှ လွယ်ကူစွာ အထစ်အငေါ့မရှိ မပြုလုပ်နိုင်ကြပါ။ လမ်းအမည်ပြောင်းလဲရန်နှင့် ပတ်သက်၍ အများက 'မဟတ္တမ ဂန္ဒီလမ်း'ဟူသော အမည်ကို နှစ်သက်သူတွေ များနေပါသည်။

ရပ်ကွက်ရှစ်ခုမှ မြူနီစီပယ် လူကြီးများက သူတို့ ရပ်ကွက်မှ ဖြတ်သန်းသွားသော လမ်းကို ထိုအမည်ပေးရန် အလုအယက် တောင်းဆို နေကြကုန်သည်။ အခြားလူကြီး ခြောက်ဦးကမူ သူတို့လမ်းကို 'နေရူးလမ်း' ဟူ၍လည်းကောင်း၊ 'ချန္ဒရာဘို့စ်လမ်း'ဟူ၍ လည်းကောင်း ခေါ်ဆိုရန် တင်ပြကြသည်။ လမ်းအမည်အတွက် သူ့ထက်ငါ လုယက်တောင်းဆိုနေ သော လူကြီးမင်းများသည် စိတ်ဓာတ်တက်ကြွလာပြီး အသံများ ကျယ်လောင် လာရာ မကြာမီ ရိုက်ပုတ်ကြတော့မည်လောဟု စိုးရိမ်လာမိပါသည်။

ပြောကြဆိုကြ ဟစ်အော်ကြနှင့် နောက်ဆုံးတွင် မြူနီစီပယ်အဖွဲ့ တစ်ခုလုံး စိတ်မှ ကောင်းကြပါသေးရဲ့လားဟု တွေ့ထင်စရာ အခြေသို့ ဆိုက်ရောက်လာပါသည်။ ထိုအစည်းအဝေးမှပင် လမ်းလေးခုကို အမည် တစ်ခုတည်းပေးရန် ဆုံးဖြတ်လိုက်သောကြောင့် ဖြစ်ပါသည်။

ဘယ်ဖြစ်နိုင်ပါ့မလဲဗျာ။ မည်သို့ပင် အများဆန္ဒအရ ဒီမိုကရေစီ စနစ်ကို ကျင့်သုံးသည် ဖြစ်စေ၊ မည်မျှပင် မျိုးချစ်စိတ် ထက်သန်သည်ဖြစ်စေ တစ်မြို့တည်းတွင် လမ်းအမည် ဆင်တူနှစ်ခုထား၍ ဖြစ်နိုင်မည် မဟုတ်ပါ။ ဤသို့ လုပ်ဆောင်လိုက်ရသည့်အတွက် ရက်သတ္တပတ် နှစ်ပတ်အတွင်း ရှုပ်ထွေးလာသည့် အခြေအနေနှင့် ရင်ဆိုင်ရလေတော့သည်။

လမ်းအမည်သစ်များနှင့် ပြည့်နှက်နေသော မြို့သည် အများပြည်သူအဖို့ မမှတ်မိနိုင်အောင် ဖြစ်သွားသည်။ 'ဈေးလမ်း'၊ 'မြောက်ဖက်လမ်း'၊ 'စိတြလမ်း'၊ 'ဝိဇယလမ်း'ဟူသော အမည်များပျောက်ကွယ်၍ သူတို့နေရာတွင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကွန်ဂရက်ပါတီ အလုပ်အမှုဆောင်ကော်မတီလူကြီးများ၏ အမည်များ ရောက်ရှိနေလေသည်။ အမည်တစ်ခုတည်း လေးနေရာတွင် ထပ်တူ ဖြစ်နေသည်များကိုလည်း တွေ့ရလေသည်။

လူအများသည် မိမိတို့ ဘယ်အရပ်ဒေသတွင် နေထိုင်သည်ဟု မပြောတတ်ကြတော့သည်သာမက ဘယ်က ဘယ်ကိုသွားလျှင် ဘယ်ရောက်သည်ဟုလည်း မညွှန်ပြတတ်တော့ချေ။ စာတိုက်မှပို့လိုက်သည့် စာများသည်လည်း နေရာမှန်ကို မရောက်လာတော့ဘဲ အခက်အခဲများစွာ တွေ့နေရလေသည်။ ရှိနေခဲ့သော အမှတ်အသားများ ပျောက်ကွယ်ကုန်သဖြင့် တစ်မြို့လုံး တောကြီးမျက်မည်းလိုဖြစ်၍ လမ်းစ ပျောက်နေလေသည်။

ဥက္ကဋ္ဌကြီးသည် မိမိလုပ်ဆောင်ချက်ကို ပြန်လည် သုံးသပ်ရင်း ဝမ်းမြောက်နေလေသည်။ သို့သော်လည်း ကြာရှည်စွာ နှစ်သိမ့်မနေဘဲ နောက်ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုခုကို စဉ်းစားမိပြန်လေသည်။

လောကီလမ်းကျယ်နှင့် ဈေးထောင့်တွင် ကြေးရုပ်ကြီးတစ်ခု ရှိပါသည်။ လူအများသည် ထိုကြေးရုပ်ကြီးကို တွေ့မြင်နေကျ ဖြစ်နေသဖြင့် မည်သူကမျှ ထိုရုပ်တုကြီးသည် မည်သူဖြစ်သည်ကို ဂရုစိုက်မေးမြန်းခြင်း မပြုကြတော့ချေ။ အနီးအနားမှ ဖြတ်သန်းသွားလာနေကြသော်လည်း မော့၍ပင် ကြည့်မိကြမည် မဟုတ်ပါ။ ကျေးငှက်များသာလျှင် သူတို့၏ နားနေရာအဖြစ် အသုံးပြုလျက် ရှိကြလေသည်။

ထိုကြေးရုပ်ကြီးသည် 'ဆာဖရက်ဒရစ်လောလီ'၏ ရုပ်တုဖြစ်သည်ကို ဥက္ကဋ္ဌကြီးသတိပြုမိလေသည်။ ယခင်က ထိုလမ်းကိုလည်း သူ့အမည်ကို အစွဲပြု၍ 'လောလီလမ်း'ဟု ခေါ်တွင်ခဲ့ခြင်း ဖြစ်လေသည်။ ယခု ထိုလမ်းကို 'ဂန္ဒီလမ်း'ဟု အမည်ပြောင်းပြီး ဖြစ်ပါသည်။ ထို့ကြောင့် ထိုရုပ်တုကြီးကို

ထိုနေရာတွင်ထားရန် မသင့်ဟု ယူဆကြသည်။ မြူနီစီပယ်အဖွဲ့အစည်း အဝေးမှ တညီတညွတ်တည်းပင် ထိုရုပ်တုကြီးကို ထိုနေရာမှ ဖယ်ရှား ပစ်ရန် ဆုံးဖြတ်ချက် ချလိုက်လေသည်။

နောက်တစ်နေ့နံနက်တွင် ဥက္ကဋ္ဌကြီးနှင့် အဖွဲ့သည် ကြေးရုပ်ကြီးကို တိုက်စစ်ဆင်ရန်အတွက် အလုံးအရင်းနှင့် ထွက်ခွာလာကြသည်။ ရုပ်တုကြီးကို လှည့်ပတ်ကြည့်ရှုကြသည်။ သည်တော့မှပင် သူတို့၏အမှားကို သတိပြုမိကြသည်။

ရုပ်တုကြီးသည် အောက်ခံခြေပေါ်တွင် ရပ်တည်၍ သူတို့၏ ဦးခေါင်းပေါ်၌ ပေ ၂၀ ခန့် မြင့်မိုးနေသည်ကို တွေ့ရသည်။ စောစောက သူတို့ လေးလေးနက်နက် ဆုံးဖြတ်ချက်ချလိုက်ခါမျှနှင့် ရုပ်တုကြီးသည် အခြေမှ ပြုတ်ထွက်ရွေ့လျားသွားလိမ့်မည်ဟု ထင်မှတ်ခဲ့သည်။ ယခုမူ သူတို့ထင်ခဲ့သလို မဟုတ်မူဘဲ ရုပ်တုကြီးသည် တောင်ကြီးတစ်ခုလုံးကဲ့သို့ ခိုင်မာမြဲမြံစွာ ရပ်တည်နေသည်ကို တွေ့ရလေသည်။

ဗြိတိသျှတို့သည် သူတို့ ဤနိုင်ငံတွင်ရှိစဉ်က ဤသို့ပင် အခြေခိုင်ခိုင် ရပ်တည်ရန် ကြိုးစားခဲ့သည်ဟု ယူဆရပေမည်။ သို့သော်လည်း မြူနီစီပယ် လူကြီးများသည် မိမိတို့ ရည်ရွယ်ထားသည့်အတိုင်း အကောင်အထည် ဖော်ရန် ပြင်းထန်သော သန္နိဋ္ဌာန်ကို လေးနက်စွာ ချမှတ်ကြလေသည်။ သူတို့သည် ဤရုပ်တုကို ဖယ်ရှားရေးအတွက် လိုအပ်ပါက မြို့၏ တစ်စိတ် တစ်ဒေသကို ဖောက်ခွဲပစ်ကြမည့်သူများ ဖြစ်သည်။ ဆာဖရက်ဒရစ်လောလီ ၏ သမိုင်းကြောင်းကိုလည်း ရှာဖွေ ထုတ်ဖော်ကြသည်။

သူသည် ဉာဏ်နီဉာဏ်နက် များလှသည့် နယ်ချဲ့သမား လူဆိုးကြီးတစ်ဦး ဖြစ်သည်။ ဓားလွတ်ကို ကိုင်ကာ အိန္ဒိယအမျိုးသား များအား နှိမ်နင်းခဲ့သည်။ ညှဉ်းပန်း နှိပ်စက်ခဲ့သည်။ မိမိသဘောနှင့် မတိုက်ဆိုင်လျှင် ကျေးရွာအများကို မီးရှို့ဖျက်ဆီးခဲ့သည်။ မိမိရှေ့မှောက်သို့

ဒူးထောက် မလာသော အိန္ဒိယအမျိုးသားများကို ဘယ်သောအခါမှ အတွေ့မခံဘဲ ရှောင်ရှားခဲ့သည်။

*

သူ၏ နောက်ကြောင်းသမိုင်းကို သိလာကြသော လူအများသည် မိမိတို့၏ သာမန်အလုပ်များကို အပျက်ခံကာ ကြေးရုပ်ကြီးအနီးတွင် လမ်းသလားရင်း ဤမျှ နှစ်ကာလကြာမြင့်စွာ မည်သည့် အကြောင်းများကြောင့် သည်းခံ နေမိကြပါသနည်းဟု စဉ်းစားနေကြလေသည်။

ကြေးရုပ်ကြီးကား လက်နှစ်ဖက်ကို နောက်ပစ်ကာ ဝဲနှင့် ယာ တွဲကိုင်လျက် ခါးမှ ဓားလွတ်ကြီး တွဲလွဲဆွဲပြီးလျှင် အမျိုးသားတစ်ရပ်လုံးကို မခိုးမခန့် ပြုံးမဲ့မဲ့အမူအရာနှင့် ကြည့်နေသည်ဟု ထင်ရလေသည်။ စဉ်းစား ရသမျှသော သူများအနက် အဆိုးရွားဆုံးသော နှိပ်စက်ညှဥ်းပန်းတတ်သူ ဖြစ်သည်မှာ သံသယဖြစ်ဖွယ် မရှိပေ။

မြင်းစီးဖိနပ်ရှည်ကို စီးနင်းထားသည့်ပြင် ဆံပင်တုကို တပ်ဆင်၍ အတွင်းခံအင်္ကျီ လက်ပြတ်ကို အပေါ်ကွတ်အင်္ကျီအောက်မှ ဝတ်ဆင် ထားလျက် တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချမှတ်ထားသော မျက်နှာထားကို ဆောင်လျက်ရှိသည်။ ဤကဲ့သို့ ရုပ်ဆင်းပုံသဏ္ဍာန်များသည် ဗြိတိသျှတို့ အုပ်စိုးထားသည့် အိန္ဒိယသမိုင်းတွင် စက်ဆုပ်ဖွယ် အောင်မြင်နေကျ ရုပ်သဏ္ဍာန်များ ဖြစ်လေသည်။

အိန္ဒိယတိုင်းရင်းသားသည် သူတို့၏ ဘိုးဘေးများ ဤမင်းစိုး လက်အောက် အနှိပ်အစက်ခံကာ ပြားပြားဝပ်နေခဲ့ရသည်များကို စဉ်းစား မိတိုင်း နှလုံးတုန် ရင်ခုန်ကြရလေသည်။

ထို့နောက် မြူနီစီပယ်အဖွဲ့သည်ထိုကြေးရုပ်ကြီးကို ဖယ်ရှားပစ်ရေး အတွက် တင်ဒါခေါ်ယူခဲ့လေသည်။ တင်ဒါတင်သွင်းသူ တစ်ဒါဇင်ခန့်ရှိရာ

ထိုကြေးရုပ်ကြီးကို ထိုနေရာမှ ဖယ်ရှား၍ မြူနီစီပယ်ရုံးသို့ သယ်ဆောင်ပေးရေးအတွက် အနည်းဆုံးတင်ဒါမှာ ကျပ်ငါးထောင် ဖြစ်သည်ကိုတွေ့ရသည်။ မြူနီစီပယ်ရုံးတွင်လည်း ထိုကြေးရုပ်ကြီး မိမိတို့ရုံးသို့ ယူဆောင်လာသောအခါ မည်သို့မည်ပုံ ထားရှိရမည်ကို မစီစဉ်တတ်အောင် ဖြစ်ကာ စိတ်ရှုပ်နေလေသည်။

ဥက္ကဋ္ဌကြီးသည် ဤကိစ္စကို အပြန်အလှန် စဉ်းစားပြီးနောက် ကြေးရုပ်ကြီးကို ကျွန်တော့်အား ပေးအပ်ပါတော့သည်။

'ခင်ဗျား မယူချင်ဘူးလား၊ ဖယ်ရှားခ ကျုပ်တို့ဆီက မတောင်းရင် ဒီကြေးရုပ်ကြီး ခင်ဗျားကို အလကားပေးမယ်'ဟု ပြောပါသည်။

သည်အချိန်အထိ ကျွန်တော်သည် ကျွန်တော်၏ မြူနီစီပယ်အဖွဲ့ဝင်မိတ်ဆွေများသာ ရူးကြသည်ဟု ထင်ခဲ့သည်။ ယခု ကျွန်တော်ပါ သူတို့လို ရူးနေသည်ကို ထိုစဉ်က မတွေးမိပါ။ ဤကိစ္စဆောင်ရွက်ရေးအတွက် ရင်းနှီးမြှုပ်နှံငွေအဖြစ် သဘောထားကာ တွက်ချက်ပါသည်။

ဤကြေးရုပ်ကြီးကို ဖယ်ရှားရွှေ့ယူရန်အတွက် ငါးထောင်ကုန်ကျသည် ဆိုဦးတော့ ခြောက်ထောင်နှင့် ပြန်ရောင်းရလျှင် (တင်ဒါသွင်းသူကန်ထရိုက်များမှာလည်း ပိုမိုတွက်ချက်ထားကြသည်။) အချိန်သုံးတန်မျှရှိသော သတ္တုကို ရောင်းလျှင်လည်း ငွေအများပင် ဝင်လာနိုင်သည်။ သို့မဟုတ် ဗြိတိသျှပြတိုက်သို့လည်း ရောင်းစားနိုင်သည်။ သည်လိုသာဆိုလျှင် သတင်းထောက်အလုပ်ကိုပင် စွန့်လွှတ်နိုင်သည်။

မြူနီစီပယ်အဖွဲ့သည် ကျွန်တော့်အား ထိုကြေးရုပ်ကြီးကို ထိုနေရာမှ ရွှေ့ပြောင်းယူသွားရန် ခွင့်ပြုကြောင်း ဆုံးဖြတ်ချက်တစ်ရပ်ကို ခပ်လွယ်လွယ်ပင် ချမှတ်လိုက်ကြလေသည်။ ကျွန်တော်သည် ထိုလုပ်ငန်းကို စတင်ရန်အတွက် အကြီးအကျယ် စီစဉ်ရပါတော့သည်။ ယောက္ခမကြီးထံမှ အတိုးကြီးကြီးပေးပါမည်ဟူသော ကတိဖြင့် ငွေများချေးယူပါသည်။ အလုပ်သမား ၅၀ပါဝင်သော အဖွဲ့ကို ငှားရမ်း၍ အောက်ခြေကို ခုတ်ထစ်ဖြိုလှဲစေပါသည်။

ကျွန်တော်သည် သူတို့အနီးတွင် ရပ်ကာ ငွေဝယ်ကျွန်များကို မောင်းနှင်စေခိုင်းနေသူတစ်ဦးကဲ့သို့ အော်ကာ ဟစ်ကာ ညွှန်ကြားစီမံနေပါသည်။ သူတို့သည် ညခြောက်နာရီတွင် ကိရိယာ တန်ဆာပလာများကို ချကာ အလုပ်သိမ်း၍ နောက်တစ်နေ့စောစောတွင် နယ်ချဲ့အလုပ်သမားကြီးနှင့် တိုက်ပွဲဝင်ရန် ရောက်လာကြကုန်သည်။ သူတို့သည် သစ်တော အလုပ်သမားများဖြစ်၍ ကိုယ်လက်အင်္ဂါ သန်မာသူများဖြစ်ကြသည်။

*

ကျွန်တော်တို့သည် အောက်ခြေခံခုံမြင့်ကို ၁၀ရက်ခန့်ကြာအောင် ခုတ်ထစ်နေကြသည်။ ဟိုနေရာ သည်နေရာတွင် ပွဲရှုံးကုန်ပြီ ဖြစ်သော်လည်း ကြေးရုပ်ကြီးကား လှုပ်ရှားရွေ့သွားမည့်ဟန်ကို မပြသေးပါ။ သည်အတိုင်းဆိုလျှင် ရက်သတ္တပတ် နှစ်ပတ်အတွင်း ကျွန်တော့်အဖို့ မွဲရန်သာ ရှိပါတော့သည်။ ထို့ကြောင့် ကျွန်တော်သည် ခရိုင် ရာဇဝတ်တရားသူကြီးထံမှ အမိန့်ခံပြီးလျှင် ထိုပတ်ဝန်းကျင်တစ်ဝိုက်ကို ကြိုးဖြင့်ဝိုင်း၍ ကာရံထားပြီး ဒိုင်းနမိုက်ဖြင့် ဖောက်ခွဲလိုက်ပါသည်။

သည်တော့မှပင် ဆာဘွဲ့ရ ပုဂ္ဂိုလ်ကြီးသည် ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းများ ထိခိုက်ကျိုးပဲ့ခြင်း မရှိဘဲ ပကတိအတိုင်း အခြေမှ ယိုင်လဲကျလာပါသည်။ ထို့နောက် ကျွန်တော်ရရှိထားသော ပစ္စည်းကြီးကို အိမ်အရောက်သယ်ယူရာတွင် သုံးရက်ကြာပါသည်။ ကြေးရုပ်ကြီးသည် အထူးစီစဉ် ပြုလုပ်ထားသည့် ပက်လက်လှည်းကြီးပေါ်တွင် အလျားလိုက် ပက်လက်လှန်တင်ကာ နွားအရှဉ်းပေါင်းများစွာနှင့် ဆွဲငင်ယူပါသည်။

ထိုသို့ တဖြည်းဖြည်း ဆွဲငင်ယူလာသည့် ဈေးလမ်းတစ်လျှောက်တွင် အသွားအလာများ ပိတ်ဆို့ ရှုပ်ထွေးကုန်ပါတော့သည်။ လူအများသည် ထိုကြေးရုပ်ကြီး နောက်မှ တကောက်ကောက်လိုက်ကာ ပြောင်လှောင်

ရယ်မောလာကြကုန်သည်။ နေပူကျဲကျဲအောက်တွင် ကျွန်တော်ကိုယ်တိုင်ပင် စီမံကွပ်ကဲ လိုက်လာရပါသည်။ ညွှန်ကြားစရာရှိသည်များကို အော်ဟစ် ညွှန်ကြားရပါသည်။

လမ်းကျဉ်းလမ်းကွေ့များသို့ ရောက်သောအခါ ဆာဖရက်ဒရစ်သည် ရှေ့သို့တိုင်လည်း မသွားနိုင်၊ နောက်သို့လည်း ဆုတ်မဖြစ်နှင့် ယာဉ်နှင့် လမ်းသွားလမ်းလာ အားလုံးကို ပိတ်ဆို့နေတတ်ပါသည်။ မှောင်စပျိုးချိန်တွင် ကျွန်တော့်အိမ်အနီးသို့ ရောက်သောအခါ ရပ်တန့်နေပါတော့သည်။

ကျွန်တော့်အဖို့ မကြံတတ်အောင် ဖြစ်နေပါသည်။ သည်ကိစ္စကြီး ပြီးမြောက်ချင်လှပါပြီ။ စိတ်ရောကိုယ်ပါ ပင်ပန်းလှပါပြီ။ ထိုညဥ့်အဖို့ အစောင့်များ ချထားရပါသည်။ ကြေးရုပ်ကြီးသည် လမ်းလယ်ခေါင်တွင် ပက်လက်အိပ်လျက် ကြယ်တာရာများကို ကြည့်ရှုနေရှာသည်။ ကျွန်တော် သည် သူ့အဖို့ စိတ်မကောင်းပါ။ ကရုဏာသက်မိပါသည်။

'အင်း ကောင်းတယ်၊ မာန်မာနကြီးလှတဲ့နယ်ချဲ့သမားကြီး အခု တော့ ခံရပြီ မဟုတ်လား၊ ဘယ်တော့မှ ကောင်းကျိုးပေးတဲ့ သတ္တဝါကြီး မဟုတ်ဘူး'ဟု ရေရွတ်ပြောဆိုမိပါသည်။

နောက်ဆုံးတွင် သူသည် ကျွန်တော်၏ အိမ်ငယ်အတွင်းသို့ ဘေးမထိရန်မခ ရောက်ရှိလာပါတော့သည်။ သူ၏ ပခုံးနှင့် ဦးခေါင်းသည် အိမ်ရှေ့ခန်းတွင် ပြည့်နေ၍ ခြေထောက်နှင့်တကွ အောက်ပိုင်းတစ်ခုလုံးသည် အိမ်တံခါးမှ ထိုးထွက်ကာ လမ်းပေါ်သို့ ရောက်နေပါသည်။ ကျွန်တော်တို့ 'ကဘာလမ်းကြား'မှ လူအများသည် သဘောကောင်း မနောကောင်းများ ဖြစ်ကြသဖြင့် ဤသို့ အနှောင့်အယှက် ဖြစ်နေသည့်ကိစ္စနှင့် ပတ်သက်၍ မည်သူကမျှ ကန့်ကွက်ပြောဆိုခြင်း မပြုကြပါ။

*

မြူနီစီပယ်အဖွဲ့က ကြေးရုပ်ကြီးကို ရွှေ့ပြောင်းပေးသည့်အတွက် ကျွန်တော့်အား ကျေးဇူးတင်ကြောင်း ဆုံးဖြတ်ချက်ချမှတ်လေသည်။ ကျွန်တော်သည် ထိုသတင်းနှင့်အတူ ကြေးရုပ်ကြီး၏ နောက်ကြောင်းသမိုင်းကို ၁၀လက်မခန့် ရှည်လျားအောင် ရေးသားပြီး သတင်းစာတိုက်သို့ သံကြိုးဖြင့် ပေးပို့လိုက်ပါသည်။ တစ်ပတ်ခန့်ကြာသောအခါ မြူနီစီပယ် ဥက္ကဋ္ဌကြီးသည် ထိတ်ထိတ်ပျာပျာနှင့် ကျွန်တော့်အိမ်သို့ ရောက်လာပါသည်။ ကျွန်တော်သည် ဥက္ကဋ္ဌကြီးအား မင်းဆိုးကြီး၏ ရင်ပတ်ပေါ်တွင် ထိုင်စေပါသည်။

'ခင်ဗျားအတွက် မကောင်းသတင်းပြောရဦးမယ်၊ သတင်းစာထဲကို ဒီကြေးရုပ်ကြီးအကြောင်း ရေးဖို့မကောင်းဘူး၊ ဟော ကြည့်စမ်း'

သူသည် ကျွန်တော့်အား သံကြိုးစာတစ်စောင် လှမ်းပေးပါသည်။ ထိုသံကြိုးစာများသည် အိန္ဒိယနိုင်ငံအတွင်းရှိ သမိုင်းဘက်ဆိုင်ရာ အသင်းအဖွဲ့ အမျိုးမျိုးမှ ကြေးရုပ်ကြီးကို ဖယ်ရှားပစ်သည့်အတွက် ကန့်ကွက်သည့် သံကြိုးစာများ ဖြစ်လေသည်။

ကျွန်တော်တို့သည် ဆာဖရက်ဒရစ်လောလီနှင့် ပတ်သက်၍ အထင်အမြင် မှားနေကြခြင်း ဖြစ်သည်။ သမိုင်းအရ ပြောဆိုရေးသားနေကြသည့် လောလီမှာ ဝါရင်း ဟေ့စတင်း လက်ထက်မှ အခြားသော လောလီတစ်ယောက် ဖြစ်ပါသည်။ ယခု ကြေးရုပ်ကြီးကို အထိမ်းအမှတ်ကိုယ်စားပြုသည့် လောလီမှာ အိန္ဒိယ ပုန်ကုန်မှု ဖြစ်သွားပြီး နောက်ပိုင်းတွင် စစ်ဘုရင်ခံအဖြစ်မှ အနားယူကာ ဤဒေသတွင် အခြေစိုက်၍ နေထိုင်သွားသူ ဖြစ်ပါသည်။

သူသည် ဤဒေသတွင် တောချုံပိတ်ပေါင်းများကို ရှင်းလင်းပြီးနောက် ဤမြို့ကို စတင်တည်ထောင်ခဲ့သည်။ သူသည် အိန္ဒိယတစ်နိုင်ငံလုံးအတွက် ပထမဆုံး သမဝါယမအသင်းကို စတင် ဖွဲ့စည်းခဲ့သည်။ သူသည်ဆည်မြောင်းစီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့ရာ ယခုတိုင်ပင် လယ်မြေဧကပေါင်း ထောင်နှင့်ချီ၍ ရေများပေးသွင်းလျက်

ရှိသည်။ သူသည် ရေလွှမ်းမိုးသောနှစ်က ရေကာတာကြီးများပေါ်တွင် နေထိုင်ကြသည့် ကျေးရွာသူ ကျေးရွာသားများကို ရေဘေးမှ ကယ်ဆယ်ရင်း ရေနစ်သေဆုံးသွားခဲ့သည်။

သူသည် အိန္ဒိယနိုင်ငံတွင် ဖြစ်ပေါ်သည့် အရေးကိစ္စများတွင် တိုင်းရင်းသားများအား လုပ်ပိုင်ခွင့် အများဆုံးပေးရန် ဗြိတိသျှပါလီမန်အား ပထမဆုံးအကြံပြုခဲ့သည့် အင်္ဂလိပ်လူမျိုးတစ်ဦး၏ ဖြစ်သည်။ သူ၏အရေးကြီး သော ပေးစာတစ်စောင်တွင် 'ဗြိတိသျှတို့သည် မိမိသိက္ခာကို စောင့်ထိန်း လိုပါက အိန္ဒိယနိုင်ငံမှ မိမိတို့ အလိုအလျောက် ထွက်ခွာသွားသင့်သည်'ဟု ဖော်ပြဖူးသည်။

'အစိုးရက ဒီကြေးရုပ်ကြီးကို သူ့နေရာဟောင်းမယ် ပြန်ထားရ မယ်လို့ညွှန်ကြားနေတယ်'ဟု ဥက္ကဋ္ဌကြီးက ပြောပါသည်။

'ဘယ်ဖြစ်နိုင်မလဲ၊ ပြန်မပေးနိုင်ပါဘူး၊ ဒါ ကျွန်တော့်အရုပ်၊ ကျွန်တော်ပိုင်တယ်၊ ဒီလို တိုင်းပြည်အတွက် ရှေ့ဆောင်ခေါင်းရွက် လုပ်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ ရုပ်တုတွေကို ကျွန်တော် အလွန်မြတ်နိုးတယ်၊ နှစ်သက် တယ်၊ စုဆောင်းထားချင်ပါတယ်'ဟု ကျွန်တော်က ပြန်ပြောပါသည်။ သို့သော်လည်း ကျွန်တော်က သူရဲကောင်းလုပ်ကာ လက်သီးလက်မောင်း တန်းပြောလိုက်သည့် စကားများကို မည်သူကမျှ အားပေးထောက်ခံခြင်း မပြုကြပါ။

ရက်သတ္တပတ်အတွင်းမှာပင် တစ်နိုင်ငံလုံးရှိ သတင်းစာများတွင် ဆာဖရက်ဒရစ်လောလီ အကြောင်းတွေကို အမျိုးမျိုးရေးသားဖော်ပြကြ ကုန်သည်။ ပြည်သူလူထု တစ်ရပ်လုံးလည်း လှုပ်လှုပ်ရွရွ ဖြစ်လာလေသည်။ သူတို့သည် ကြွေးကြော်သံ အမျိုးမျိုးကို အော်ဟစ်၍ ကျွန်တော်၏ အိမ်ရှေ့တွင်ဆန္ဒပြကြကုန်သည်။ သူတို့သည် ကြေးရုပ်ကြီးကို ပြန်ပေးရန် တောင်းဆိုကြကုန်သည်။ မြူနီစီပယ်က အနည်းဆုံး ကျွန်တော် ကုန်ကျ ထားသည့် ကြေးရုပ်ကြီးအား ဖယ်ရှားပြောင်းရွှေ့ခကို ပေးမည်ဆိုပါက လိုက်လျောမည့်အကြောင်းကို အရေးဆိုပါသည်။

ပြည်သူအများက ကျွန်တော့်အား ပြည်သူ့ရန်သူဟု သဘောထားလာကြကုန်သည်။ 'ဒီလူက ကြေးရုပ်ကြီးကိုတောင် မှောင်ခိုချင်တယ် ထင်တယ်'ဟု ပြောဆိုလာကြကုန်သည်။ ကျွန်တော်သည် စိတ်ဆိုးလာသဖြင့် 'ကြေးရုပ်ကြီးကို ရောင်းမည်၊ အကောင်းဆုံးကြေးသံသတ္တုဖြင့် ပြုလုပ်ထား၍ အလေးချိန် နှစ်တန်ခွဲရှိသည်။ မျိုးချစ်စိတ်ထက်သန်သူများအား လက်ဆောင်ပါးရန် အကောင်းဆုံးပစ္စည်းဖြစ်သည်။ တစ်သောင်းအထက် ပေးသူများကို စဉ်းစားပါမည်'ဟူသော ဆိုင်းဘုတ်ကို ရေးပြီးလျှင် အိမ်ပေါက်ဝတွင် ချိတ်ဆွဲထားပါသည်။

ထိုစာတန်းကို တွေ့မြင်ရသောအခါ လူအများသည် ဒေါသအမျက်ချောင်းချောင်းထွက်ကာ ကျွန်တော့်အား ဝိုင်း၍ ကန်ကျောက်ချင်ကြမည် ဖြစ်ပါသည်။ သို့သော်လည်း သူတို့သည် အကြမ်းမဖက်ရေးဝါဒ လွှမ်းမိုးသည့်ခေတ်တွင် ကြီးပြင်းလာကြသူများ ဖြစ်ကြသည့်အလျောက် မည်သို့မျှ ရန်မမူဘဲ ကျွန်တော်၏ အိမ်ကိုသာ သပိတ်တားနေကြပါသည်။ သူတို့သည် ကျွန်တော်၏ အိမ်တံခါးဝတွင် အလံများကို ကိုင်ဆောင်၍ ကြွေးကြော်သံများကို အော်ဟစ်ရင်း လူလဲနှင့် ပိတ်ဆို့ထားကြပါသည်။

ထိုအချိန်က အိမ်ထဲတွင် ကြေးရုပ်ကြီးအား နေရာပေးရန်အတွက် ဇနီးနှင့် သားသမီးများကို ရွာသို့ပို့ထားသောကြောင့် သူတို့ သပိတ်တားနေသော်လည်း ကျွန်တော့်အတွက် အနှောင့်အယှက် မဖြစ်ပါ။ အဝင်အထွက် ကိစ္စအတွက်ကိုမူ နောက်ဖေးပေါက်ကို အများဆုံး အသုံးပြုနေရပါသည်။

မြူနီစီပယ်ကကျွန်တော့်အား ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံဆိုင်ရာ ဥပဒေအရ တရားစွဲဆိုတော့မည်ဟု အကြောင်းကြားလာရာ ကျွန်တော်ကလည်း အကျိုးအကြောင်း ခိုင်လုံစွာပြ၍ ချေပ ငြင်းဆိုခဲ့ပါသည်။ ကျွန်တော်တို့သည် ရှုပ်ထွေးလှသော တရားဥပဒေလမ်းကြောင်းအတွင်းသို့ ရောက်လာကြပြီး မြူနီစီပယ်အဖွဲ့၏ ဥပဒေအရာရှိနှင့် ကျွန်တော်သည် တစ်ဦးနှင့်တစ်ဦး ဉာဏ်ရည်ပြိုင် စစ်ပွဲတွင် အကြိတ်အနယ် တိုက်ပွဲဝင်နေကြ

လေသည်။ ကျွန်တော့်အဖို့ အနှောင့်အယှက် အဖြစ်ဆုံးမှာ အိမ်အတွင်း ကျပ်တည်းကျဉ်းမြောင်းရသည့်အထဲ စာတွေ အမြောက်အမြားရောက်ရှိနေသည့် ကိစ္စပင် ဖြစ်ပါသည်။

စိတ်တွင်းက ဤပြဿနာသည် မည်သို့ ပြီးဆုံးပါမည်နည်းဟု တွေးတောရင်း ကြေးရုပ်ကြီးကို မိမိလက်တွင်းမှ ထွက်မသွားအောင် နည်းမျိုးစုံဖြင့် တွယ်ကပ်ထားပါသည်။ ကျွန်တော်သည် မိမိအိမ်တွင် လွတ်လွတ်လပ်လပ် ခြေလက်ဆန့်၍ လဲလျောင်းနေလိုလှပါသည်။

*

ခြောက်လကြာပြီးနောက် ဤပြဿနာပြေလည်ရန်အကြောင်း ဖြစ်ပေါ်လာပါသည်။ အစိုးရက မြူနီစီပယ်အား ကြေးရုပ်ကြီးနှင့် ပတ်သက်သည့် ကိစ္စအပြင် အဖွဲ့၏ အခြားသော ချို့ယွင်းချက်များကို အကြောင်းပြု၍ မည်သည့်အတွက် လက်ရှိအဖွဲ့ကို ဖျက်သိမ်းပြီး ရွေးကောက်ပွဲအသစ် ကျင်းပကာ အဖွဲ့ဝင်သစ်များ မရွေးကောက်သစ်ကြောင်းကို အကြောင်းပြ ဖြေရှင်း အစီရင်ခံရန် တောင်းဆိုလာလေသည်။

ထိုသတင်းကို ကြားရသောအခါ ကျွန်တော်သည် ဥက္ကဋ္ဌကြီးအား သွားရောက်တွေ့ဆုံပါသည်။

'ဥက္ကဋ္ဌကြီး၊ ဒီတစ်ခါထူးထူးခြားခြားလုပ်ပြလိုက်စမ်းပါ၊ ကျွန်တော့် အိမ်နဲ့မြေနေရာကို အမျိုးသားရေးအတွက်ဆိုပြီး သိမ်းယူလိုက်ပါလား'ဟု ကျွန်တော်က တိုက်တွန်းပါသည်။

'ဘာပြုလို့ သိမ်းရမှာလဲ'ဟု ဥက္ကဋ္ဌကြီးက မျက်လုံးပြူးကာ မေးပါသည်။

'ဘာပြုလို့လဲဆိုတော့ ဆာဖရက်ဒရစ်ဟာ ကျွန်တော့်အိမ်ရောက်နေတယ် မဟုတ်လား၊ သူ့ကို အရင်နေရာရောက်အောင် ပြန်ပို့ဖို့ဆိုတာ မလွယ်ပါဘူး၊ ပြီးတော့ ပြည်သူလူထုငွေကို ဖြုန်းရာရောက်မယ်၊ အဲဒီတော့

သူ အခုရောက်နေတဲ့နေရာမှာပဲ ထားလိုက်ရင် ပြီးတာပဲမဟုတ်လား၊ သူ ဟိုနေရာမယ် အကြာကြီးနေခဲ့မှပဲဟာ ဒီနေရာမှာပဲ နေပါစေတော့လား၊ ကျွန်တော့်အိမ်နဲ့မြေယာကို အဖိုးသက်သက်သာသာနဲ့ လွှဲပြောင်းပေးပါ့မယ်လေ'

'ဒါပေမယ့် အဲဒီအိမ်နဲ့ မြေဖိုးအတွက် ကျုပ် မြူနီစပယ်အဖွဲ့ ရန်ပုံငွေထဲက သုံးခွင့်မရှိဘူး'ဟု ဥက္ကဋ္ဌကြီးက ညည်းညူပါသည်။

'ဥက္ကဋ္ဌကြီးမယ် ကိုယ်ပိုင်ငွေအများကြီးရှိတာ ကျွန်တော်သိပါတယ်၊ ဘာပြုလို့ မြူနီစပယ် ရံပုံငွေကို ထိနေမလဲ၊ တိုင်းပြည် အပေါ်မယ် ဥက္ကဋ္ဌကြီးထားရှိတဲ့ စေတနာဟာ ပေါ်လွင်ထင်ရှားလာမှာပေါ့၊ အိန္ဒိယနိုင်ငံမယ် အထူးခြားဆုံး လုပ်ဆောင်ချက်တစ်ခု ဖြစ်မှာသေချာတယ်၊ ဥက္ကဋ္ဌကြီးနာမည်က ဟိုးလေးတကျော် ဖြစ်သွားမယ်'

ထို့နောက် ကျွန်တော်ကပင် ဆက်လက်၍ စစ်အတွင်းက စစ်တပ်များသို့ သူကန်ထရိုက်ပေးသွင်းခဲ့သည့် စောင်များအပေါ်မှ ရရှိခဲ့သည့် အမြတ်အစွန်းငွေတွေထဲမှ အချို့အဝက်ကို ဤကိစ္စတွင် သုံးစွဲရန် အကြံပေးပါသည်။

'တကယ်ဆိုတော့ နောက်တစ်ကြိမ် ရွေးကောက်ပွဲလုပ်လို့ ဝင်အရွေးခံမယ်ဆိုရင် ဘယ်လောက်ကုန်မယ်ဆိုတာလဲ ထည့်စဉ်းစားသင့်ပါတယ်' ဟု နိဂုံးချုပ်လိုက်ပါသည်။ ထိုစကားသည် ဥက္ကဋ္ဌကြီးအား အထူးသဘောပေါက်စေပါသည်။

ကျွန်တော်တို့နှစ်ဦးသည် အပေးအယူမျှတစွာနှင့် ဈေးတည့်သွားပါသည်။

'မောဂုဒီမြို့ မြူနီစပယ် ဥက္ကဋ္ဌကြီးသည် တစ်မျိုးသားလုံးအတွက် ဆာဖရက်ဒရစ်လောလီ၏ ကြေးရုပ်ကြီးကို ပြန်လည်ဝယ်ယူလိုက်ပြီ'ဟူသော ခေါင်းစီးဖြင့် သတင်းများကို သတင်းစာများတွင် ဖတ်ရှုရသောအခါ သူသည် အတိုင်းမသိ ဝမ်းမြောက် ရွှင်ပြုံးနေလေသည်။ ထိုသတင်းကို ဆက်လက်ဖတ်ရှုသောအခါ အောက်ပါအတိုင်း တွေ့ရလေသည်။

'ဥက္ကဋ္ဌကြီးသည် ထိုကြေးရုပ်ကို မကြာသေးမီက သိမ်းယူပြီး ပန်းဥယျာဉ်အဖြစ် ပြောင်းလဲဖန်တီးမည့် နေရာသစ်တွင် ထားရှိရန် ရည်ရွယ်ထားရှိသည်ဟု သိရှိရကြောင်း၊ ထိုလမ်းငယ်သည် ယခင်က 'ကဘာလမ်းကြား' ဟု ခေါ်တွင်ခဲ့သော်လည်း မကြာမီ လောလီ လမ်းဟု အမည်ပြောင်းရန် မြူနီစပယ်အဖွဲ့က ဆုံးဖြတ်ပြီးပြီဟု သိရှိရကြောင်း'

( မြဝတီ။ ။ဇူလိုင်၊ ၁၉၇၃ )

# ၁၂
# ဖြေဆေး

ဒါရိုက်တာကြီးသည် သူရိုက်ကူးနေသည့် ရုပ်ရှင်ကား၏ ပြကွက်တစ်ခု အတွက် အခမ်းအနား ဆက်တင်တစ်ခုကို ကိုယ်တိုင်ကြီးကြပ် ပြင်ဆင်လျက် ရှိသည်။ အလယ်တွင်စားပွဲကြီးနှင့် ဆုံလည်ကုလားထိုင်တစ်လုံးရှိသည့် ရုံးခန်းတစ်ခု ဖြစ်လေသည်။

ဂိုပေါသည် ဒါရိုက်တာကြီး ညွှန်ကြားထားသည့်အတိုင်း ကုတ်အင်္ကျီ ဖားဖားနှင့် ဇင်ဘောင်းဘီကို ဝတ်ဆင်ထားသည်။ မျက်နှာတွင်လည်း နီနှမ်းနှမ်း မျက်နှာချေများကို လိမ်းကျံထားကာ ဒါရိုက်တာကြီးအနီးသို့ ကပ်လာပြီး ဦးညွတ် အရိုအသေပြုလေသည်။

'ကဲ ကုလားထိုင်နဲ့ လေးလှမ်းလောက်ကွာတဲ့နေရာမယ် သွားနေစမ်း၊ မီးတွေဆင်နေတုန်း တို့အစမ်းလေ့ကျင့်ကြည့်ရအောင်'ဟု ဒါရိုက်တာကြီးက မိန့်ကြားလိုက်လေသည်။

'ဟုတ်ကဲ့ ခင်ဗျ'ဂိုပေါသည် ရိုသေစွာပြောဆို၍ ရှေ့သို့ လျှောက်သွားပြီး နေရာယူလိုက်သည်။ ဇာတ်လမ်းကမည်သို့ရှိ၍ သူ့အား မည်သို့

သရုပ်ဆောင်စေချင်သည်ကို သူ လုံးဝ သိမထားချေ။ ထိုဒါရိုက်တာကြီးသည် သူရိုက်ကူးသည့် ရုပ်ရှင်ကားတိုင်းတွင် သရုပ်ဆောင်သူများအား ဘယ်သောအခါမှ ဇာတ်လမ်းကို ကြိုတင်၍ အသိပေးထားလေ့ မရှိချေ။ သရုပ်ဆောင်သူများအားး ပြကွက်တစ်ခုစီအတွက်သာ ဘယ်သို့ သရုပ်ဆောင်လုပ်ကိုင်ရမည်ကို ပြောဆို ရိုက်ကူးသွားတတ်လေသည်။ သူ့အား မေးခွန်းထုတ်နေလျှင်လည်း ဂရုစိုက်၍ ဖြေကြားခြင်း မရှိ။

'ဟေ့ ငါပြောနေတာသာလုပ်၊ ကိုယ်နဲ့မဆိုင်တာတွေ မသိချင်စမ်းနဲ့' ဟု ပြောတတ်လေသည်။

ရုပ်သေးရုပ်များသည် မိမိတို့ဘာသာ စဉ်းစားတွေးတောရန် မလိုပါ။

ယခု ထိုမဟာလူသားကြီးသည် ဂိုပေါကို ကုလားထိုင်ရှိရာသို့ တွန်းပို့လိုက်လေသည်။

'ထိုင် မင်းညာဘက်တံတောင်ကို စားပွဲတင်ထား ဟုတ်ပြီ၊ ရွှင်ပြုံးနေရမယ်၊ ဘာပြုလို့လဲဆိုတော့ လုပ်ငန်းတစ်ခု အောင်အောင်မြင်မြင် ဆောင်ရွက်ပြီးလို့ ကျေနပ်နေတဲ့သဘော'

ဒါရိုက်တာသည် ပြောရင်းဆိုရင်း ဂိုပေါ၏ အမူအရာကို ကြည့်ရှုဝေဖန်ပြီး ဆက်ပြောသည်။

'တယ်လီဖုန်းမြည်ရင် ဘယ်လက်နဲ့ ကောက်ကိုင်ပြီး စကားပြောရမယ်၊ တယ်လီဖုန်းကို အရင်တလိုကြီး ကောက်မကိုင်ရဘူး၊ အဲဒါသတိထားပါ၊ အေးအေးဆေးဆေးကိုင်ရမယ်၊ ပြီးတော့ တယ်လီဖုန်းက သုံးကြိမ်သုံးခါမမြည်ဘဲ မကိုင်နဲ့၊ တယ်လီဖုန်းကို အမြဲအသုံးပြုနေတဲ့ လူတွေဟာ တယ်လီဖုန်းကို ဘယ်တော့မှ အလောတကြီး မကိုင်ဘူး မှတ်ထား'ဟု ပြတ်သားစွာ ပြောလေသည်။

'ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော်နားလည်ပါပြီ'

'တယ်လီဖုန်းကိုင်ပြီး ဘယ်လိုပြောရမလဲဆိုတော့ ရမ်နရယန်း စကားပြောနေတယ်၊ အို ဟလို ဟုတ်လားလို့ အလန့်တကြားနဲ့ အလွန်စိတ်ထိခိုက် တုန်လှုပ်သွားသလို ပြောရမယ်'

'ပြီးတော့ တယ်လီဖုန်းကို ချထားလိုက်ရမလား'

'အဲဒါ နောက်တော့ ငါပြောမယ်၊ ဒီပြကွက်ကတော့ ဒါပဲ၊ စကားပြောတဲ့အခါ မမြန်စေနဲ့၊ သဘာဝကျကျ ပြောရမယ်'ဟု ဒါရိုက်တာကြီးက ညွှန်ပြလေသည်။

တယ်လီဖုန်းက သုံးကြိမ်မြည်သည်။ ဂိုပေါသည် ညွှန်ပြသင်ကြားထားသည့်အတိုင်း သရုပ်ဆောင်သည်။ ၁၂ ခါထက်မနည်း အစမ်းလေ့ကျင့်ပြီးနောက် လက်တံတစ်ခုပေါ်တွင် တွဲလောင်းဆွဲထားသော မိုက်ကရိုဖုန်းသည် သူ့ခေါင်းပေါ်တွင် နိမ့်ချည် မြင့်ချည် ပျံဝဲနေသည်။ ဂိုပေါသည် စကားကို တစ်လုံးချင်းပြောသည်။ သည်အထဲက တစ်စုံတစ်ခုကြောင့် မှားလိုက်သေးသည်။ အသံဖမ်း အင်ဂျင်နီယာသည် တံခါးပေါက်မှ လာချောင်းပြီးလျှင် 'နောက်ဆုံး စကားလုံးတွေ တိုးမသွားပါစေနဲ့၊ အသံညီညီနဲ့ မှန်မှန်ပြောပါ၊ ကဲ ထပ်ပြောပါဦး၊ စိတ်မရှိပါနဲ့နော်'ဟု ပြောဆိုတောင်းပန်သည်။

သူတို့သည်အသံကြည်လင်နေသည့်အချိန်တွင် အသံသွင်းဖြစ်အောင် မကြိုးစား။ ထပ်တလဲလဲ ပြောရလွန်း၍ အသံပြာလာမှပင် အသံသွင်းယူချင်ကြသည်။

ဂိုပေါသည် ထပ်တလဲလဲ စကားပြောနေရသည်။ ထပ်တလဲလဲ အမူအရာ လုပ်ပြနေရသည်။ ကြာလာသောအခါ သူဘာလုပ်နေသည်၊ ဘာပြောနေသည်ကိုပင် မသိတော့ချေ။ 'အသင့်ပါပဲ၊ စ ရိုက် ဖြတ်'ဟူသော အော်သံ ဟစ်သံများကြားမှ 'ထပ်ပြောပေးပါဦး'ဟူသော စကားများနှင့်ပင် ထိုပြကွက်ကို ရိုက်ကူးပြီးသွားလေသည်။

ဒါရိုက်တာကြီးသည် နှစ်သိမ့်ကျေနပ်နေလေသည်။ ညည်းညည်းညူညူနှင့်ပင် သူ၏ ကျေနပ်မှုကို ဖွင့်ဟဝန်ခံသည်။ 'သိပ်ကောင်းတဲ့အမူအရာပဲကွ'၊ 'အကောင်းဆုံးပဲ'၊ 'ဟေး နေရာမရွှေ့နဲ့ဦးနော်၊ ဒီအခန်းကိုပဲ တို့ဆက်ရိုက်ရဦးမယ်'ဟု ပြောကာ မီးလုံးများကို ရွှေ့ခိုင်းသည်။ ပြီးလျှင် ကင်မရာပေါက်မှနေ၍ သရုပ်ဆောင်မည့်သူကို ချိန်ကြည့်သည်။

'တယ်လီဖုန်းကို မချလိုက်နဲ့ဦး၊ ဒါပေမယ့် သက်သက်သာသာတော့ နေပေါ့၊ သိပ်ပြီး တောင့်တောင့်တင်းတင်းကြီးလဲ လုပ်မနေနဲ့လေ၊ သဘာဝ ကျကျ နေစမ်းပါ'ဟု ဆိုကာ သူသည် ကင်မရာမှခွာ၍ စားပွဲရှေ့တွင် ရပ်လာသည်။

'အင်း ဟုတ်ပြီ မှန်တယ်၊ ကောင်းတယ်၊ ဒီရိုက်ကွက်မတော့ စကားပြောဖို့မလိုဘူး၊ အမူအရာပါပဲ'ဟု ဂိုပေါကို ဝေဖန်သော မျက်လုံး များဖြင့် ကြည့်ရင်းပြောလေသည်။

မိုက်ကရိုဖုန်းသည် ခေါင်းပေါ်မှ တစ်ဖက်သို့ ရွှေ့သွားလေသည်။ ဂိုပေါအဖို့ နေသာထိုင်သာ ရှိသွားသည်။

'ကျေးဇူးပါပဲဗျာ၊ စကားမပြောရဘူးဆိုရင် ဟန်ကျတာပေါ့၊ ဒီနေ့တော့ စောစောအိမ်ပြန်ရမယ် ထင်တယ်နော်'ဟု ဂိုပေါက ခပ်တိုးတိုး ပြောသည်။

'ကဲ သေသေချာချာနားထောင်၊ မင်းစောစောက ပြောခဲ့တဲ့ နောက်ဆုံးစကားတွေကို မှတ်မိတယ် မဟုတ်လား၊ အို ဟလို ဟုတ်လား ဆိုတာလေ၊ အဲဒီစကားကို အခု ရိုက်ကွက်မယ် အမူအရာနဲ့ နောက်က ဆက်လိုက်ပေးရမယ်၊ အဲဒီလိုပြောပြီး တစ်စက္ကန့်ရဲ့ ဆယ်ပုံတစ်ပုံလောက်ပဲ ရပ်နေလိုက် ပြီးတာနဲ့ တယ်လီဖုန်းဟာ လက်က လွတ်ကျသွားရမယ်၊ မင့်ကိုယ်ဟာလဲ ကုလားထိုင်နောက်မှီပေါ်ကျသွားပြီး မင်းခေါင်းဟာ တစ်ဖက် နည်းနည်းလေး လိမ့်သွားရမယ်'ဟု ပြောလိုက်ရာ 'ခင်ဗျာ၊ ဘာ ဘာပြုလို့လဲဗျာ'ဟု ဂိုပေါက အလန့်တကြား မေးလိုက်လေသည်။

ဒါရိုက်တာကြီးအား ယခုအကြိမ်သည် ပထမဆုံး မေးခွန်းထုတ်လိုက် မိခြင်း ဖြစ်သည်။

'ဘာကြောင့်လဲဆိုတော့ မင်းဟာ တယ်လီဖုန်းထဲကနေပြီး ထိတ်လန့် တုန်လှုပ်စရာ သတင်းတစ်ခုကို ကြားလိုက်လို့ပေါ့'ဟု ဒါရိုက်တာကြီးက ပြောသည်။

'သတင်းက ဘာသတင်းလဲ ခင်ဗျာ'

'ဘာသတင်းဖြစ်ဖြစ်ကွာ၊ မင်း သိဖို့ မလိုပါဘူး၊ မဆိုင်တဲ့ မေးခွန်းတွေနဲ့ မင်း အချိန်ကုန် မခံချင်စမ်းပါနဲ့၊ မင့်အတွက် အလုပ်ပိုတွေပါ'

'ဒီမကောင်းသတင်းကြောင့် ကျွန်တော် သတိလစ်သွားတယ်ဆိုပါတော့၊ ဟုတ်လားခင်ဗျာ'ဟု မေးရင်း ဂိုပေါသည် တဆတ်ဆတ်တုန်နေသော သူ၏နှလုံးသားကို လက်နှင့်ဖိထားလေသည်။

'မဟုတ်ဘူး၊ သတိလစ်တာ မဟုတ်ဘူး၊ ဒီသတင်းကြားတာနဲ့ မင်း သေသွားတာ'ဟု ဒါရိုက်တာကြီးက လေးနက်စွာပြောလိုက်လေသည်။ ထိုနောက် အသေးစိတ်ပြောပြနေလေသည်။ တယ်လီဖုန်းသည် သူ့လက်ထဲမှ မည်သို့ လွတ်ကျသွားရသနည်း။ ဦးခေါင်းနှင့် မည်သည့်နေရာတွင် ရိုက်လိုက်ရမည်။ သူ့လက်မောင်းသည် မည်မျှလောက် တုန်လှုပ်သွားရမည်၊ စသည်များကို ပြသသည်။ သူသည် ဂိုပေါအနီးသို့ ကပ်သွားကာ နဖူးကို ညင်သာစွာ လက်ဖျားနှင့် တို့ရိုက်လိုက်သည်။ သူသည် သရုပ်ဆောင်သူကို သစ်တုံးတစ်တုံးကဲ့သို့ပင် သဘောထားပါသည်။ ဦးခေါင်းကိုကိုင်ကာ နောက်တွန်းလိုက်၊ ရှေ့ဆွဲလိုက် လုပ်ကြည့်သည်။ ဘေးနှစ်ဖက်သို့လည်း ယမ်းကြည့်သည်။

'ဟေး ဘယ်လိုလဲကွ၊ မင်းကြည့်ရတာ စိတ်ညစ်နေသလိုပဲ'ဟု ဒါရိုက်တာကြီးက မှတ်ချက်ပြုသည်။

ဂိုပေါအဖို့ အဖြေပေးရမှာ ဝန်လေးနေသည်။

ဒါရိုက်တာကြီးသည် ခေတ္တမျှ ငြိမ်နေသည်။ သူ့အတွင်းသဘောကို သူ့ဆရာ ရိပ်စားလိမ့်မည်ဟု ဂိုပေါ အောက်မေ့သည်။

'ဒါမှ မဟုတ်ရင် မင်းက' ဒါရိုက်တာကြီးသည် စကားစပြီး ရပ်လိုက်သည်။ သူသည် သူလိုချင်သလို မဖြစ်မနေ စေခိုင်းမည့်သူဖြစ်သည်။

'အင်း ဒီလို မဟုတ်ရင် မင်းက လက်နှစ်ဖက်ကားရားနဲ့ မှောက်ရက်ကြီး လဲကျချင်သလား'ဟု သူ့စကားကို အဆုံးသတ်ရင်း မေးလိုက်လေသည်။

'သတိလစ်ပြီး လဲကျရမှာလား'

ဂိုပေါက ထပ်မေးလိုက်သည်။

'မဟုတ်ဘူး၊ တစ်ခါတည်း အသက်ထွက်သွားရမှာ၊ မင်းဟာ သတင်းဆိုး ကြားတာနဲ့ နှလုံးသွေးရပ်ပြီး သေရမယ်'ဟု ဒါရိုက်တာကြီးက လေးလေးပင်ပင် ပြောလိုက်လေသည်။

ဂိုပေါ၏ လက်တစ်ဖက်သည် သူ့အသည်းနှလုံးရှိရာသို့ အလိုလို ရောက်သွားလေသည်။ ခုန်နေသော နှလုံးသွေးကို စမ်းမိသည်။ သူသည် ဒါရိုက်တာကြီးကို မော့ကြည့်သည်။ ဒါရိုက်တာကြီးသည် အသနား အညှာတာကင်းမဲ့သော မျက်နှာထားနှင့် သူ့အပေါ်မှ မိုးကြည့်ရင်း သူ့အဖြေကို စောင့်နေသည်။

'ဒီငတိကြီးဟာ တကယ့် ငရဲမင်းကြီးကျနေတာပဲ၊ သူ ခိုင်းသလို ငါလိုက်မသေရင် ငါ့လည်ပင်း ညှစ်တော့မယ်ထင်တယ်၊ ဒုက္ခပါပဲ'ဟု ဂိုပေါသည် တွေးတောနေမိလေသည်။

'ဇာတ်လမ်းကိုပြောင်းလို့ မရဘူးလား ဆရာ'ဟု ဂိုပေါသည် သနားစရာကောင်းသော အမူအရာကိုဆောင်၍ လေသံပျော့ပျော့နှင့် မေးလိုက်သည်။

သူ့ရှေ့တွင် လျှပ်စစ်မီးလုံးသည် အရောင်တောက်ပစွာဖြင့် အပူရှိန်တွေ လွှတ်ပေးနေသည်။ တစ်ဖက် မှောင်ရိပ်တွင်မူ စီမံခန့်ခွဲသူများ၊ အတတ်ပညာရှင်များ၊ မီးရောင်ထိုးပေး ရွှေ့ပေးသူများ စုရုံးကာ သူ့ကို ကြည့်နေကြသည်။

ဂိုပေါ၏စကားကြောင့် ဒါရိုက်တာကြီးသည် စိတ်တိုလာလေသည်။

'ဘာကွ ဘာပြောတယ်၊ မင်း ငါပြောသလိုလုပ်ပါ'ဟု ဆိုလေသည်။

'ဟုတ်ကဲ့ ဆရာ၊ လုပ်ပါမယ်၊ ဒါပေမယ့် ဒီအခန်း ဒီပြကွက်ကိုတော့ ကျွန်တော် မကြိုက်လို့'ဟု ဂိုပေါက မဝံ့မရဲ ပြောသည်။

'အမယ် ကြိုက်တယ် မကြိုက်ဘူးပြောရအောင် မင်းက ဘာလဲကွ' ဟု ဒါရိုက်တာကြီးက မေးလိုက်သည်။ သူသည် သက်ညှာတတ်သူမဟုတ်။

မကောင်းသော ဂြိုလ်ဆိုးများပင်လျှင် တစ်ခါတစ်ရံ သနားကြင်နာစိတ် ရှိတတ်ဦးမည်ဖြစ်သော်လည်း လက်ကိုင်ပဝါတစ်ထည်ကို လည်ပင်းတွင် ပတ်ထားသည့် ဤပုဂ္ဂိုလ်ကြီး၏ စိတ်ကိုကား ပျော့ပျောင်းအောင်လုပ်၍ ရမည် မဟုတ်ပေ။ သူ့ဇာတ်လမ်းအတွက် လိုအပ်လျှင် ကလေးငယ်ကိုပင် လည်ပင်းညှစ်မည့်သူ ဖြစ်သည်။

'ဂိုပေါ မင်း ဒီနေ့ ဘာဖြစ်နေတာလဲ၊ ဘာပြုလို့ အဓိပ္ပာယ်မရှိတဲ့ စကားတွေ ပြောနေတာလဲ'ဟု မေးလေသည်။

'ဒီနေ့ ကျွန်တော့် မွေးနေ့ခင်ဗျ'ဟု ဂိုပေါက ခပ်ရှုံ့ရှုံ့ဖြေသည်။

'ဟုတ်လား၊ ရှေ့လဲ ဒီလိုမင်္ဂလာရှိတဲ့ မွေးနေ့တွေ မင်းအတွက် အများကြီးတွေ့နိုင်ပါစေလို့ ငါ ဆုတောင်းပါတယ်ကွာ၊ အင်း မွေးနေ့ကော ဘာဖြစ်လဲကွ'ဟု ဒါရိုက်တာကြီးက ဆိုသည်။

'ဒီမွေးနေ့ဟာ ကျွန်တော့်အတွက် ထူးခြားတဲ့ မွေးနေ့ခင်ဗျ၊ လေးဆယ့်ကိုးနှစ် ပြည့်တဲ့နေ့ပါ၊ ဗေဒင်ဆရာ၊ နက္ခဆရာတွေက ဒီမွေးနေ့ထိအောင် ကျွန်တော် နေရဖို့မမြင်ဘူးလို့ ဟောကြတယ်။ ဒီမွေးနေ့က ကျော်ရင်တော့ ကျွန်တော့်အတွက် ဘာမှ စိုးရိမ်စရာ မရှိတော့ဘူးတဲ့ ခင်ဗျ၊ အဲဒါကြောင့် ဒီနေ့ မရောက်မချင်း ကျွန်တော်ဟာ တထိတ်ထိတ်နဲ့ နေလာခဲ့ရပါတယ်။ ကျွန်တော့်အမျိုးသမီးနဲ့ ကလေးတွေကို မြင်တိုင်း ငါတော့ သူတို့တစ်တွေကို ဖတဆိုးလေးတွေအဖြစ် ပစ်ထားခဲ့ရတော့မှာပဲလို့ တွေးပြီး စိတ်မချမ်းသာခဲ့ဘူး၊ ဒီနေ့ ကျွန်တော် နောက်ကျတာကလဲ ကျွန်တော် ဒီနေ့အထိ အသက်ရှင်လာတဲ့အတွက် ဂြိုဟ်စာကျွေးပြီး ကုသိုလ်ကောင်းမှု လုပ်နေလို့ပါ၊ ပြီးတော့ ဒီနေ့အဖို့ နိမိတ်မရှိတာ စိတ်မကောင်းစရာ ဘာမှမလုပ်ဖို့လဲ ကျွန်တော့် နက္ခဆရာက မှာထားတယ်ခင်ဗျ၊ ကျွန်တော့်အတွက် ဒီနေ့ကို နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ထားချင်ပါတယ် ခင်ဗျာ'ဟု ရှင်းလင်း တင်ပြလေသည်။

ဒါရိုက်တာကြီးသည် အတော်ပင် သဘောကျသွားလေသည်။ သူ့နောက်မှ စာတွဲကြီးကို ကိုင်ကာ အရိပ်ပမာ လိုက်ပါနေသော သူ့

လက်ထောက်ဘက်သို့ လှည့်၍ 'ဝတ္ထုရေးဆရာကို ခေါ်လိုက်စမ်း'ဟု အမိန့်ပေးလိုက်လေသည်။

ချက်ချင်းဆိုသလိုပင် ကွမ်းဝါးနေသောကြောင့် နှုတ်ခမ်းတွေ နီရဲရဲနှင့် ဝတ္ထုရေးဆရာသည် ရောက်လာလေသည်။ သူသည် အောင်မြင်ကျော်ကြားနေသည့် စာရေးဆရာတစ်ယောက်ဖြစ်သည်။ သူ့ဝတ္ထုတွေကို ဇာတ်ညွှန်းအဖြစ် သူပင်လျှင် ပြောင်းလဲရေးသားပေးနေသူဖြစ်၍ ငွေဝင်အလွန်ကောင်းနေသူလည်း ဖြစ်သည်။

သရုပ်ဆောင်သူကြောင့် ဖြစ်ပေါ်နေသည့် ပြဿနာကို ကြားသိရသောအခါ စာရေးဆရာကြီးသည် ကျယ်လောင်စွာ ရယ်မောလေသည်။ သူသည် သူ့အား အတိုက်အခံပြု၍ အကြံဉာဏ်ပေးခြင်းများနှင့် ပတ်သက်ပြီး စိတ်ဆိုးတတ်သူ မဟုတ်ချေ။

'ဇာတ်လမ်းကို ဘယ်ပြောင်းလို့ ဖြစ်မလဲဗျ၊ သူက ဘာဖြစ်လို့ သေပြဖို့ ငြင်းဆန်နေရတာလဲ၊ အလုပ်ရှုပ်တယ်ဗျာ၊ ဇာတ်လမ်းကိုတော့ ပြင်မပေးနိုင်ဘူး'ဟု ခပ်ပြတ်ပြတ်ပင် ကြေညာလိုက်သည်။

သူသည် ပြောပြောဆိုဆို လှည့်ထွက်သွားသည်။ တံခါးဝရောက်သောအခါ နောက်ပြန်လှည့်ပြီး 'ဒါပေမယ့် ကျုပ်တို့ သူဌေးကိုခေါ်ပြီး အကျိုးအကြောင်း ပြောပြလိုက်ပေါ့'ဟု ပြောသွားလေသည်။

လုပ်ငန်းပိုင်ရှင် သူဌေးဆိုသူသည် ရုပ်ရှင်ရိုက်ကူးရာသို့ အပြေးအလွှား ရောက်လာလေသည်။

'ဘာဖြစ်နေကြတာလဲ၊ ဘယ်လိုလဲ'ဟု သူက စိုးရိမ်တကြီး မေးလေသည်။

ဂိုပေါသည် ကုလားထိုင်ပေါ်မှာပင် မလှုပ်မယှက် ထိုင်နေပါသည်။ သူ့ကို အနည်းငယ်မျှ နေရာရွှေ့ခွင့် မပြုပါ။ သူ ရွှေ့လျားလိုက်ပါက ပြကွက်တစ်ခုနှင့်တစ်ခု ဆက်စပ်မှု ပျက်သွားပါလိမ့်မည်။ သူ့မျက်နှာကို တည့်တည့်ထိုးထားသော လျှပ်စစ်မီးရောင်ကြောင့် ပူလောင်ပြီး ကျွမ်းမတတ်

ဖြစ်နေပါသည်။ လူအများသည် သူ့ကိုဝိုင်းအုံကာ ထူးဆန်းသောသတ္တဝါတစ်ကောင်လို ကြည့်နေကြသည်။ မှောင်ရိပ်တွင် သူတို့၏ မျက်နှာများကို မသဲမကွဲ မြင်နေရသည်။

'ဒီလူတွေအားလုံးဟာ သေမင်းတွေပဲ၊ အားလုံးကပဲ ငါသေတာကို မြင်ချင်နေကြတယ်'ဟု ဂိုပေါသည် စဉ်းစားမိလေသည်။

သူဌေးသည် သူထိုင်နေသည့် စားပွဲအနီးသို့ကပ်လာပြီးလျှင် 'မင်း စိတ်ကောင်းရဲ့ မဟုတ်လား'ဟု မေးလိုက်လေသည်။

ဂိုပေါသည် ရုပ်ရှင်ကြည့် ပရိသတ်၏ စိတ်နေသဘောထားကို တင်ပြပြီး လျှောက်လဲရလျှင် သူ့အဖို့ အောင်မြင်စရာရှိသည်ဟု တွေးမိလေသည်။

'ရုပ်ရှင်ကြည့်တဲ့လူတွေဟာ ပိတ်ကားပေါ်မယ် ပျော်စရာ ရွှင်စရာတွေကိုသာ ကြည့်ချင်ကြပါတယ် ခင်ဗျာ၊ သေတဲ့အခန်းဆိုရင် ရုပ်ရှင်ကြည့်တဲ့လူတွေဟာ မျက်နှာလွှဲထားကြတာ ကျွန်တော့်ကိုယ်တွေ့ပါ'ဟု ဂိုပေါက ပြောပြလေသည်။

'အို' သူဌေးပါးစပ်က အာမေဋိတ် ထွက်လာလေသည်။ သူသည် စဉ်းစားသလို ငေး၍ ငြိမ်နေပြီး 'မင်း မှားတယ်၊ ဒါ မဟုတ်ဘူး'ဟု ဆိုလိုက်သည်။ သူသည် ဒါရိုက်တာဘက်သို့ လှည့်လိုက်သည်။

'အရင်တုန်းက ဟုတ်တယ်၊ ပရိသတ်ဟာ ပျော်စရာ ရွှင်စရာတွေကို ကြည့်ချင်ကြတယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် အခုလူတွေက တစ်မျိုးဗျ၊ ကျုပ်ဆီမယ် ကိန်းဂဏန်းတွေ ကောက်ထားတာ ရှိပါတယ်၊ လွမ်းစရာ ဆွေးစရာ အခန်းတွေများများပါတဲ့ ရုပ်ရှင်ကားတွေက ပျော်စရာ ရွှင်စရာ ရုပ်ရှင်ကားတွေထက် သုံးဆယ်ရာခိုင်နှုန်း ပိုပြီး ဝင်ငွေကောင်းတယ်ဆိုတာ လွန်ခဲ့တဲ့ ခြောက်လအတွင်းက စာရင်းဇယားတွေက အထင်အရှား ပြနေတယ်။ အဲဒါဟာ ပြည်သူလူထုက ကြင်နာသနားစိတ်၊ ကရုဏာစိတ်တွေ

ကို ပိုထားချင်နေကြတယ်ဆိုတာ ပြတာပေါ့၊ မဖြစ်ဘူး၊ ဘယ်နည်းနဲ့မှ ဒီဇာတ်လမ်းကို ပြင်ဖို့ သဘောမတူနိုင်ဘူး'ဟု ပြောလေသည်။

ဒါရိုက်တာကြီးသည် ဂိုပေါ၏ကျောကို ခင်မင်သော အမူအရာနှင့် ပုတ်လိုက်ပြီး 'ခဏလေးပါကွယ်၊ သိပ်မကြာပါဘူး၊ ငါပြောတဲ့အတိုင်း လိုက်လုပ်ဖို့ ဆုံးဖြတ်လိုက်ပါတော့'ဟု ပြောလေသည်။ သူ့အသံသည် ပျော့ပျောင်းနေပါသည်။ သူသည် ဂိုပေါအား မြှောက်ပင့်ကာ ချော့မော့လျက် ရှိသည်။ လူတစ်ဦးတစ်ယောက်အား မိမိအား ဝိုင်းဝန်း ကူညီသောအားဖြင့် ခေတ္တခဏမျှ သေပြရမည့် ကိစ္စအတွက် သွေးဆောင်ရာတွင် မြှောက်ပင့် နေစရာ လိုပါသေးလား။ သည်အတိုင်းသာ ခေါင်းမာနေလျှင် သူသည် အလုပ်ပြုတ်တော့မည်။ သူ့မိသားစုများ စားရမဲ့ သောက်ရမဲ့ ဖြစ်တော့မည့် အရေးကို တွေးမိသည်။ သူသည် အလွန်အဖိုးတန်လှသည့် အချိန်တွေကို ဖြုန်းတီးနေသလို ဖြစ်နေပါပြီ။ ဝိုင်းကြည့်နေသော လူစုသည်လည်း များ သည်ထက် များလာလေသည်။

'မနက်ဖြန်ခါဆိုရင်တော့ မင်း ငါပြောသလိုလုပ်ဖို့ ဝန်မလေးဘူး မဟုတ်လား'ဟု ဒါရိုက်တာကြီးက လေသံပျော့ပျော့နှင့် မေးသည်။

'ဟာ ဝန်မလေးပါဘူး၊ မနက်ဖြန်ခါဆိုရင် ခိုင်းသမျှ ကျွန်တော် လုပ်ပါမယ်'ဟု ဂိုပေါက အားရဝမ်းသာ ဖြေကြားလေသည်။

သည်အချိန်တွင် စာတွဲကြီးကိုပိုက်ထားသူ လက်ထောက်ဒါရိုက် တာသည် ခပ်သုတ်သုတ် ကပ်လာကာ 'ဒီအကွက်ကို ဒီကနေ့ ပြီးအောင် ရိုက်ရမယ်ခင်ဗျ၊ မနက်ဖြန်ခါကျရင် ဒီနေရာ ကျွန်တော်တို့ မရတော့ဘူး၊ တခြားအဖွဲ့တစ်ခုက နန်းတွင်းဆောင် ဆက်တင်ပြင်ပြီး ရိုက်ဖို့ရှိပါတယ်၊ သူတို့က ကျွန်တော်တို့ ဒီအကွက် ရိုက်ပြီးအောင် စောင့်နေကြတယ်၊ ပြီးရင် ဒီဆက်တင်ကို ဖျက်ရတော့မယ်၊ ကျွန်တော်တို့ကို သိပ်ကြာတယ်ဆိုပြီး အပြစ်တင်နေကြပြီဗျ၊ သူတို့အတွက် သတ်မှတ်ပြီး ပေးထားတဲ့အချိန်ထက် နောက်ကျနေပြီတဲ့'ဟု အော်ကြီးဟစ်ကျယ်နှင့် ပြောလေသည်။

ဂိုပေါသည် ငြိမ်နေသည်။ 'စာတွဲတွေကို ပိုက်ထားတဲ့ ဒီအညတရ သတ္တဝါဟာ ငါ့အသက်ကို သူ့လက်ထဲ ဆုပ်ကိုင်ထားတယ်၊ ငါသေပြဖို့ ကိစ္စကို တစ်ရက်တောင် မရွှေ့ဆိုင်းနိုင်ဘူး'ဟု တွေးနေလေသည်။

ဒါရိုက်တာကြီးသည် ဓာတ်ပုံဘက်ဆိုင်ရာ အသံဖမ်းဘက်ဆိုင်ရာ အစရှိသည့် ပညာရှင်တွေ စုရုံးနေသည့် တစ်ဖက်ရှိ မှောင်ကျကျ အခန်းတွင်းသို့ ဝင်သွားပြီး ခပ်တိုးတိုး စကားပြောနေသည်။ သူ့စကားကြောင့် ထိုလူစုသည် လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။

ဒါရိုက်တာကြီးသည် ဂိုပေါဆီသို့ လျှောက်လာသည်။ သူသည် အခြေအနေအရပ်ရပ်ကို လေ့လာသုံးသပ်ပြီးပြီဖြစ်၍ ဆုံးဖြတ်ချက်ချမှတ်ပြီးသည့် အမူအရာကို ဆောင်နေသည်။ သူ့ထံသို့ လျှောက်လာသော ဒါရိုက်တာကြီးကို ကြည့်ရင်း ဂိုပေါသည် ဦးထုပ်နက်ကို ဆောင်းလျက် သူ့လည်ပင်းကို စွပ်ရန် ကြိုးကွင်းကို ကိုင်ဆောင်လာသည့် လူသတ်သမား အသွင်ကို မြင်ယောင်နေသည်။ ဂိုပေါသည် မိမိအဖို့ သေတွင်းမှ မလွတ်နိုင်တော့သည်ကို သိသည်။ ဂျူရီလူကြီးများသည် ဆုံးဖြတ်ချက် ချမှတ်ပြီးပြီ ဖြစ်သည်။ ထို့ကြောင့် ဒါရိုက်တာကြီးက ပါးစပ်ဟ၍ မည်သည့်စကားကိုမှ မပြောရသေးမီ 'ကောင်းပါပြီဗျာ၊ ကျွန်တော် သေပါတော့မယ်'ဟု ပြောလိုက်လေသည်။

မီးတွေ ထိန်ထိန်လင်းလာသည်။

ကင်မရာလည်း အဆင်သင့် ဖြစ်နေပါပြီ။

'ရိုက်မယ် စရိုက်'ဟု ဒါရိုက်တာကြီးက အော်လိုက်သည်။

ဂိုပေါသည် လက်တွင် ကိုင်ထားသော တယ်လီဖုန်းကို လွှတ်ချလိုက်သည်။ သူ့ဦးခေါင်းကို ကုလားထိုင်နောက်မှီပေါ်တွင် လှန်ချလိုက်ပြီး တစ်ဖက်သို့ အနည်းငယ် လိမ့်လိုက်သည်။ ဝိုင်းအုံနေသူများသည် သူသေပြပုံကို သဘောကျ ကျေနပ်စွာ ကြည့်နေကြသည်။ သို့သော်လည်း သူ

သည် ဒါရိုက်တာကြီးက 'ဖြတ်'ဟု မအော်မီ သူများ သတိထားမိမည် မထင်သော အမူအရာတစ်ခုကို လုပ်လိုက်သည်။

သေသူအဖြစ် အငြိမ်ကြီး ငြိမ်သွားရမည်ဖြစ်သော ဂိုပေါ်သည် ဦးခေါင်းကို မသိမသာလှုပ်ကာ ကင်မရာကိုကြည့်၍ မျက်စိတစ်ဖက် မှိတ်ပြလိုက်လေသည်။

သူ့အဖို့ ထိုအမူအရာသည် မင်္ဂလာမရှိသော သရုပ်ဆောင်မှုအတွက် ဖြေဆေးပင် ဖြစ်ပါသည်။

**( မြဝတီ။ ။စက်တင်ဘာ၊ ၁၉၇၄ )**

# ၁၃
# ထုတ်ဝေသူ

ခရစ်ရှုနာသည် ဈေးလမ်းအတိုင်း လျှောက်လာခဲ့သည်။ ‘နန္ဒာ ပုံနှိပ်သူနှင့် ထုတ်ဝေသူ’ဟု ဆိုင်းဘုတ်တပ်ထားသော ဆိုင်ခန်းရှေ့သို့ ရောက်သောအခါ ဆိုင်ရှင် နန္ဒာသည် လက်ကိုဝှေ့ယမ်းရင်း ‘ဆလံ ဆလံပါ မိတ်ဆွေကြီး၊ ဆလံပါ ခင်ဗျာ၊ မိတ်ဆွေကြီးကို တွေ့ချင်နေတာ ကြာပြီ’ဟု ဖော်ရွေစွာ နှုတ်ဆက်လေသည်။

ခရစ်ရှုနာသည် စာအုပ်ထုတ်ဝေသူ နန္ဒာ၏ ထူးခြားသော အမူအရာကြောင့် အံ့အားသင့်သွားလေသည်။

‘ခင်ဗျားနဲ့ အလုပ်ကလေးတစ်ခု လုပ်စရာရှိလို့ ခဏဝင်ပါဦးလား’ ဟု နန္ဒာက သူ့အား ဖိတ်ခေါ်လေသည်။

သူ့ဆိုင်ခန်းအတွင်းဘက်တွင် တံခါးတစ်ခြမ်းသာ ဖွင့်ထားသည်။ သူ့ဆိုင်သို့ အဝယ်အခြမ်းရောက်လာသူများ ဆိုင်၏ အတွင်းခန်းသို့ ဝင်မလာနိုင်အောင် ဖွင့်၍ ပိတ်၍ရသော သစ်သားဘောင်တန်းတစ်ခုဖြင့် တားဆီးထားသည်။ စာအုပ်နှင့်တကွ ဆိုင်ရှိ အခြားပစ္စည်းများကို ဝယ်ယူလို

သူများသည် ဆိုင်ရှေ့လမ်းမပေါ်တွင် ရပ်ကာ အလိုရှိသည်များကို အသံကျယ်ကျယ်ဖြင့် ပြောဆိုကြသည်။

နန္ဒာသည် တံခါးတစ်ခြမ်းကို ဖွင့်ပေးရာ ခရစ်ရှနာသည် ဆိုင်အတွင်းသို့ ငုံ့လျှိုးသွားပြီး ထိုင်ခုံတစ်ခုံပေါ်တွင် ထိုင်လိုက်လေသည်။

'အရေးကြီးတဲ့အလုပ်ရှိလား၊ အားပါတယ်နော်၊ စကားလေးနည်းနည်းပြောရအောင်လို့၊ တစ်နေ့က ဟိုဘက်တိုက်မယ် အလုပ်လုပ်တဲ့ ခင်ဗျားမိတ်ဆွေနဲ့ တွေ့လို့'ဟု နန္ဒာက ပြောလေသည်။

'ဘယ်သူလဲ ရာမဆွာမိလား'ဟု ခရစ်ရှနာက မေးလိုက်သည်။

'ဟုတ်တယ်၊ ဟုတ်တယ်၊ သူက ခင်ဗျားနာမည်ကို ပြောလို့'

'ဘာလုပ်ဖို့လဲ၊ ဘာကိစ္စရှိလို့လဲ'

'အို ဘာမှ မဟုတ်ပါဘူး၊ အရေးကြီးတဲ့ကိစ္စတော့ မဟုတ်ပါဘူး'

သူသည် သူ့အလုပ်ကို ထူးထူးခြားခြား အရေးကြီးသည့် သဘောကို မသက်ရောက်စေဘဲ အသေးအဖွဲ ကိစ္စဟုသာ ယူဆစေလိုသည်။

'ခင်ဗျားသိတဲ့အတိုင်းပဲ၊ ကျွန်တော် ဒီစာအုပ်ထုတ်ဝေတဲ့လုပ်ငန်း လုပ်လာတာ နှစ်ပေါင်း ၃၀ လောက်ရှိပြီလေ'ဟု ဆက်ပြောလေသည်။

သူ၏ စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် ဗလာစာအုပ်များ၊ အိတ်ဆောင်မှတ်စုစာအုပ်များ ထုတ်ဝေခြင်းအပြင် အခြားနိုင်ငံမှ ပြုလုပ်သည့် ခဲတံများအပေါ်တွင် သူ့အမည်များထိုး၍ ရောင်းချသည့် အလုပ်လည်း ပါဝင်လေသည်။

'အခု ကျွန်တော် ပုံနှိပ်စက်ကလေးတစ်လုံး ဝယ်ထားတယ်လေ၊ ဒီတော့ ထုတ်ဝေဖြန့်ချိရေး လုပ်ငန်းကိုလည်း တိုးချဲ့လုပ်ကိုင်ချင်တယ်၊ ကျောင်းသုံးစာအုပ်တွေလဲ ထုတ်ဖို့ စီစဉ်ထားပြီးပြီ၊ လုပ်တတ်ကိုင်တတ်ရှိတဲ့ ပညာရှင်ကြီးတွေထဲက ကျောင်းသင်ခန်းစာအတွက် ရေးပေးမယ့် ပုဂ္ဂိုလ်ကြီးတွေ ရှိပါတယ်'

'ဒါပေမယ့် အရေးကြီးတာက ထုတ်လိုက်တဲ့စာအုပ်တွေ တွင်ကျယ်အောင် ဖြန့်ဖို့ လိုတယ်။ အဲဒါ ဘယ်လို အစီအစဉ်ရှိသလဲ'ဟု ခရစ်ရှနာက မေးလေသည်။

'အို ကျောင်းသုံးစာအုပ်တွေ ဖြစ်လာရင် တွင်ရမှာပေါ့၊ ဒါနဲ့ပတ်သက်လို့တော့ ပညာရေးဘက်မယ် အရေးပါတဲ့ ပုဂ္ဂိုလ်ကြီးတွေနဲ့ တွေ့ထားပြီးပါပြီ၊ သူတို့ကလည်း တာဝန်ယူပါတယ်၊ ခင်ဗျား သိတဲ့အတိုင်း မကြာသေးခင်က အစိုးရက ကျွန်တော့်ကို ကျောင်းအုပ်ချုပ်ရေးအဖွဲ့ဝင်လူကြီးအဖြစ် ခန့်ထားတယ် မဟုတ်လား၊ ပြီးတော့ ကျွန်တော်က မြူနီစီပယ်လူကြီးလဲ ဖြစ်နေတယ်လေ၊ ဒီလိုပေါ့ဗျာ၊ ကျွန်တော်လဲ ပြည်သူလူထုအတွက် ကိုယ်တတ်နိုင်တဲ့ဘက်က အလုပ်အကျွေးပြုရတာပေါ့၊ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များက ဒီအလုပ်ကလေးနဲ့ ဟန်ကျပန်ကျဖြစ်အောင် စောင့်ရှောက် မစထားတယ်။ ကိုယ်ကလဲ ကျန်းကျန်းမာမာဆိုတော့ တိုင်းပြည်နဲ့ ပြည်သူလူထုအတွက် ဒီလိုပဲ ဆောင်ရွက်ရတာပေါ့၊ ဒီလိုမှ ကိုယ့်တိုင်းပြည်နဲ့ လူမျိုးအတွက် စေတနာထားပြီး တစ်ဖက်တစ်လမ်းက မလုပ်ဘဲ အိပ်မယ် ထိုင်ပြီး အချိန်ဖြုန်းနေမယ်ဆိုရင် တစ်ကိုယ်ကောင်းဆန်ရာ ကျတော့မပေါ့၊ နတ်တွေ သိကြားတွေကလဲ ဘယ်ကြိုက်နှစ်သက်ပါ့မလဲလို့၊ အဲဒီလို မကြာခဏ ကိုယ့်ကိုယ်ကို ဝေဖန်သုံးသပ်နေရတယ်ဗျာ'

'မှန်ပါတယ်၊ အလွန်မှန်ပါတယ် ခင်ဗျာ'ဟုသာ ပြောလိုက်သည်။ ခရစ်ရှနာသည် တစ်ဖက်သားအား လေရှည်ကြီးပြောရန် အခွင့်အလမ်းပေးထားသလို ဖြစ်နေပါသည်။

'ကျွန်တော် ပထမဆုံး ထုတ်မယ့် စာအုပ်ကတော့ တေနယ်လီရာမဆိုတဲ့ ပုံဝတ္ထုစာအုပ်ပဲ၊ ဒီတော့ ခင်ဗျား အဲဒီစာအုပ်အတွက် အဖုံးရုပ်ပုံဆွဲပေးနိုင်မလားလို့'

ထိုစကားကို ကြားရသောအခါ ခရစ်ရှနာသည် ရွှင်မြူးသွားလေသည်။

'စာအုပ်အဖုံး ရုပ်ပုံကို ကျွန်တော် ဆွဲပေးရမလား'ဟု ထစ်ထစ်ငေါ့ငေါ့မေးရင်း ဝမ်းသာအားရနှင့် ရှေ့သို့ တိုးလာလေသည်။

နန္ဒာသည် သူ့အတွက် အရေးတကြီးဖြစ်နေသည်ကို မရိပ်မိစေဘဲ 'မဟုတ်သေးပါဘူး၊ ကျွန်တော်က ခင်ဗျားနဲ့ ဆွေးနွေးကြည့်တာပါ၊ တကယ်တော့ ကျွန်တော် သိတဲ့ ပန်းချီဆရာတွေ တစ်ဒါဇင်လောက် ရှိပါတယ်၊ ဒီအထဲက ခင်ဗျားလဲ လုပ်ချင်မလားလို့'ဟု ခပ်အေးအေး ပြောလိုက်သည်။

'လုပ်ချင်ပါတယ်၊ တကယ်ပါ၊ ခင်ဗျားလိုချင်တဲ့အတိုင်း အကောင်းဆုံးပုံ ဖြစ်အောင် ဆွဲပေးပါ့မယ်'ဟု အားပါးတရ ပြောလေသည်။

နန္ဒာသည် ပန်းချီဆရာ၏လက်ကို ကျေးဇူးတင်သည့်အမူအရာဖြင့် ဆွဲကိုင်ရင်း 'တစ်ခုပဲ ကျွန်တော် စိုးရိမ်ပါတယ်ဗျာ၊ ခင်ဗျား တခြားအလုပ်တွေနဲ့ သိပ်များရှုပ်ပြီး မအားအောင် ဖြစ်နေမလားလို့'ဟု ပြောပြန်လေသည်။

'ဟာ ကိစ္စမရှိပါဘူး၊ ကိုယ့်မိတ်ဆွေတစ်ယောက်အတွက် အလုပ်လုပ်ပေးရမယ်ဆိုရင် အလုပ်ရှုပ်တယ်လို့ မရှိပါဘူး၊ အားပါတယ်'ဟု ခရစ်ရှနာက ပြောလိုက်ပြီးမှ မိမိစကားသည် အခမဲ့ ရေးဆွဲပေးမည့်သဘောများ သက်ရောက်သွားသလောဟု သံသယစိတ် ဝင်လာသဖြင့် ချက်ချင်းပင် ဆက်၍ ပြောလိုက်သည်။

'ကျွန်တော် ပြောတဲ့အတိုင်းပဲ မိတ်ဆွေတွေရဲ့ အလုပ်ဆိုရင် လုပ်ပေးဖို့ အဆင်သင့်ပါ၊ ပြီးတော့ ကိုယ် လုပ်ပေးရတဲ့ အလုပ်အတွက်လဲ အဖိုးအခကို တခြားလူတွေကို တောင်းသလို အဆမတန် မတောင်းပါဘူး'

တခြားလူတွေဆိုသည်မှာ သူ၏ စိတ်ကူးထဲတွင်သာ ရှိပါသည်။ သူ့အဖို့ သည်အလုပ်မျိုးကို လုပ်ရသည်ဟု မရှိသည့်ပြင် အဖိုးအခ တောင်းခံရသည့် အခါအခွင့်လည်း နည်းလှပါသည်။

'ဒါတော့ ကျွန်တော်မသိဘဲ နေပါ့မလားဗျာ၊ စိတ်ချပါ၊ ခင်ဗျားဆွဲလာတဲ့ရုပ်ပုံအတွက် အတတ်နိုင်ဆုံး အမြင့်ဆုံးအဖိုး ပေးပါ့မယ်၊ ဒါပေမယ့်

ကျွန်တော့် အလုပ်အကိုင်ကလေးပဲ ကြီးပွားပေစေဦးပေါ့၊ ဟုတ်လား’ဟု ထုတ်ဝေသူက စိတ်အားထက်သန်စွာ ပြောကြားလေသည်။ ထို့နောက် ဆက်ပြောပြန်သည်။

‘ပန်းချီဆရာတွေကို ကျွန်တော် အများကြီးလေးစားတဲ့ လူပါ၊ ဒါပေမယ့် ဘုရားသိကြားမလို့ ကျွန်တော့် စီးပွားရေးလဲ အဆင်ပြေဖို့ လိုတာပေါ့၊ ဘယ်သူမှ ကျွန်တော် အလကား မခိုင်းချင်ပါဘူး၊ ကျွန်တော် တတ်နိုင်သလောက်တော့ တန်ရာတန်ကြေးပေးမှာပေါ့၊ ဒါပေမယ့် ကျွန်တော် ပေးတာကိုတော့ ခင်ဗျား လက်ခံရမယ်နော်၊ ပုံဆွဲခရယ်လို့ သဘောမထားနဲ့ပေါ့ဗျာ၊ အနုပညာလက်ရာကို လေးစားဂုဏ်ပြုတဲ့ အထိမ်းအမှတ်အဖြစ်နဲ့ တော့ ညဏ်ပူဇော်ခကို လက်ခံပါ’ဟု ဆက်ပြောနေလေသည်။

ခရစ်ရှုနာသည် ဦးခေါင်းကိုမော့ကာ ဆိုင်တွင်းမှ ထွက်လာခဲ့သည်။ သူ့ဦးခေါင်းသည် ကောင်းကင်ယံမှ တိမ်တွေကြားတွင် ရောက်နေသည်ဟု ထင်နေလေသည်။ ထုတ်ဝေသူသည် သူ့အား စာအုပ်အဖုံးအတွက် နန်းတွင်း လူရွှင်တော် ‘တေနယ်လီရာမ’ နှင့် သူ၏ကြောင် ပါဝင်သော ပုံကိုဆွဲရန် တာဝန်ပေးလိုက်လေပြီ။ သူသည် ပုံဝတ္ထုကို ကောင်းစွာသိပြီး ဖြစ်ပါသည်။ ဘုရင်ကြီးသည် သူ၏ နန်းတော်သူနန်းတော်သားများအား ကြောင်တစ်ကောင်စီ အပ်နှင်းပြီး ထိုကြောင်အား အစာအဝဆုံး ကျွေးနိုင်သူကို ဆုပေးမည်ဟု ကြေညာလေသည်။ တေနယ်လီရာမသည် သူ့ကြောင်အား ရက်ပေါင်းများစွာ အစာအငတ်ထားပြီးလျှင် အလွန်ပူနေသည့် နွားနို့ခွက်ကို သူ့ရှေ့တွင် ချပေးလေသည်။ ကြောင်သည် နွားနို့ကို သောက်လိုက်ရာ အလွန်ပူနေသည့်အတွက် လျှာကျက်သွားပြီး ပူလောင်သော ဝေဒနာကို ခံစားရလေသည်။ ထိုအချိန်မှစ၍ သူ့ကြောင်သည် ဘယ်သောအခါမှ နွားနို့အနီးသို့ မကပ်တော့ချေ။ နွားနို့ကိုမြင်လျှင် အဝေးက ရှောင်သည်။ တေနယ်လီရာမသည် သူ့ကြောင်ကို နွားနို့ခွက်ရှေ့တွင် ချပြရာ အနီးသို့ မကပ်ဘဲ ရှောင်ခွာနေသဖြင့် ဘုရင်ကြီးက ထိုကြောင်သည် အစာအလွန်ဝနေသောကြောင့် နွားနို့ကိုပင် မကြည့်ချင်လောက်အောင် ဖြစ်နေသည်ဟု

ထင်နေလေသည်။ ခရစ်ရှနာသည် ထိုရှုခင်းကို သရုပ်ဖော်ရန် ဖြစ်လေသည်။ သူသည် အိမ်ပြန်လာရင်း ထိုပန်းချီကားကို စိတ်ကူးဖြင့်အသေးစိတ် ရေးဆွဲလာလေသည်။ အိမ်ရောက်ခါနီးမှ သူ့တွင်ပုံဆွဲရန် မင်၊ ကလောင်တံ၊ စုတ်တံနှင့် ပုံဆွဲစက္ကူပြ မရှိသည်ကို သတိရလာသည်။ ဝယ်စရာလည်း ငွေ မရှိ။

သူသည် ဘဏ်တိုက်သို့သွားကာ သူ့မိတ်ဆွေ ရာမဆွာမိအား တွေ့ဆုံ၍ အခြေအနေကို ရှင်းပြပြီး ငွေချေးခဲ့လေသည်။

သူသည် သန်းခေါင်ကျော်အောင်ထိုင်ကာ ရုပ်ပုံကို ရေးဆွဲရာ တစ်နာရီအချိန်လောက်မှ ပြီးသွားလေသည်။ သည်ရုပ်ပုံကားချပ်ကို ခပ်လှမ်းလှမ်းတွင်ထား၍ ရေနံဆီမီးရောင်ဖြင့်ကြည့်ရာ နှစ်သိမ့်ကျေနပ်နေလေသည်။ ရုပ်ပုံများသည် ပေါကြောင်ကြောင်ရုပ်သွင်ကို သရုပ်ဖော်လျက် ရှိသည်။ ကောက်ကျစ်သော အသွင်ဖြင့် ပိန်လှီနေသော တေနယ်လီရာမသည် ရယ်စရာရုပ်ကို ဖန်တီးနေသည်။ မွတ်သိပ်နေသောကြောင်သည် ဘာလုပ်ရမှန်းမသိဘဲ မျက်လုံးအပြူးသားနှင့် လိမ်ညာခြင်းခံနေရသည့် ဘုရင်ကြီး၏ ခြွေရံသင်းပင်းများ၊ ရုပ်ပုံကားတစ်ခုလုံးသည် လူတိုင်းသိနေသည့် ပုံပြင်၏ အရေးကြီးသော ပြကွက်တစ်ခုကို အထင်းသားပေါ်လွင်စေသည်။ ထုတ်ဝေသူသည် သူ့အား အနည်းဆုံး ငွေတစ်ဆယ်တော့ ပေးလိမ့်မည်ဟု မျှော်လင့်ထားသည်။ သူသည် ချေးလာသည့်ငွေကို ပြန်ပေးပြီးလျှင် ကျန်သည့်ငွေနှင့် သူ့ကာတွန်းများပို့ရန်အတွက် တံဆိပ်ခေါင်းများ ဝယ်မည်ဟု စိတ်ကူးထားလေသည်။

ဤရုပ်ပုံကားသည် သူ့အဖို့ အောင်မြင်မှု၏ လမ်းစဖြစ်သည်ဟုလည်း ထင်မိသည်။ သူသည် နှစ်ခြိုက်စွာ အိပ်တော့မည်ဟု အိပ်ရာသို့ ဝင်လိုက်လေသည်။ သူသည် ခုနစ်နာရီလုံးလုံး အလုပ်လုပ်ခဲ့သော်လည်း အိပ်မပျော်နိုင်အောင် ဖြစ်နေလေသည်။ နောက်တစ်နေ့တွင် သူသည် ထုတ်ဝေသူထံ လာခဲ့လေသည်။ သစ်သားတန်းအောက်မှ ငုံ့လျှိုးဝင်ကာ ရုပ်ပုံကို သူ့ရှေ့တွင် ချပြလိုက်လေသည်။ ထုတ်ဝေသူသည် ဤမျှ ဆောလျင်

စွာ ရေးဆွဲလာခဲ့သည်ကို တွေ့ရသဖြင့် ဝမ်းမြောက်ရွှင်လန်းစွာ သူ့လက်နှစ်ဖက်ကို ပွတ်နေလေသည်။

'ကျွန်တော့်ကိုတော့ အချိန်ပေးဦးမှပဲ၊ ဒီနေ့ ညနေအထိတော့ အချိန်ပေးပါဦး၊ ကျွန်တော် သေသေချာချာ လေ့လာချင်ပါသေးတယ်'ဟု ပြောလေသည်။

ချိန်းဆိုသောအချိန်တွင် သူသည် မဆိုင်းမတွပင် ပြန်ရောက်လာလေသည်။

'ဘယ့်နှယ်လဲ သဘောကျရဲ့လား'ဟု ပန်းချီဆရာက ခရီးရောက်မဆိုက် မေးလိုက်သည်။

ထုတ်ဝေသူသည် ပန်းချီဆရာ၏ အမေးကို ဖြေဆိုရန်အတွက် ဝန်လေးနေသကဲ့သို့ မရွှင်ပျသော မျက်နှာထားကို ဆောင်ထားသည်။ ထပ်တလဲလဲ မေးသောအခါမှ စိတ်မပါ့တပါနှင့် ဖြေကြားသည်။

'ခင်ဗျာ့ တေနယ်လီရာမက ပိန်လွန်းနေတယ်၊ ဒီထက် ကျန်းကျန်းမာမာ ဝဝဖြိုးဖြိုးရှိဖို့ ကောင်းတာပေါ့၊ ကျွန်တော်ကတော့ သိပ်မသိပါဘူး၊ ဒါပေမဲ့ ကားချပ်ထဲက လူတွေက အရုပ်ဆိုးတယ်ဗျာ၊ ခတ်ပုံနဲ့လည်း မတူဘူး'ဟု ပြောလေသည်။

'ဒီဟာတွေက ရုပ်ပြောင်တွေဗျ၊ ဆွဲရတာလည်း မလွယ်ပါဘူး၊ ပြီးတော့ အလွန်တန်ဖိုးရှိတဲ့ ပညာပါ'ဟု ပန်းချီဆရာက ညည်းညည်းညူညူ ရှင်းပြသည်။ သူသည် ရုပ်ပြောင်ရေးဆွဲခြင်း ပညာ၏ သိမ်မွေ့နက်နဲပုံနှင့် ကမ္ဘာကျော် ရုပ်ပြောင်ဆရာကြီး ဒေဗစ်လိုးနှင့် သူ၏ အရေးပါ အရာရောက်ပုံများကိုလည်း ပြောပြသည်။ သို့သော်လည်း သူပြောသမျှ စကားများသည် တစ်ဖက်သား၏ နားထဲသို့ တစ်လုံးမျှ မဝင်။

'အရုပ်ကားဆိုတာ ကြည့်ပျော်ရှုပျော်ရှိမှပေါ့၊ လူတွေကို အရုပ်ဆိုးအကျည်းတန်အောင် လုပ်ပစ်ဖို့မကောင်းပါဘူးဗျာ'ဟုသာ ဆိုင်ရှင်က ပြောနေလေသည်။

'ဒါဖြင့် ကျွန်တော် အသစ် ပြန်ရေးဆွဲပေးရမလား'ဟု ခရစ်ရှနာက ထုတ်ဝေသူ၏ နှစ်ထပ်မေးများနှင့် ဖောင်းနေသော ပါးနှစ်ဖက်ကိုကြည့်ရင်း မေးလိုက်သည်။

'အေးဗျာ ကျေးဇူးပြုပြီး ပြန်ဆွဲပေးပါ၊ ကျွန်တော့် စာအုပ်အဖုံး အတွက် ကောင်းကောင်းလိုချင်ပါတယ်'ဟု ဆိုလေသည်။

ပန်းချီဆရာသည် ကားချပ်ကို အိမ်ပြန်ယူသွားပြီးလျှင် ဆုတ်ဖြဲပစ်လိုက်၍ အသစ်ရေးဆွဲသည်။ ရုပ်ပုံများကို စိတ်ကူးယဉ်ယဉ်နှင့် ဖော်သည်။ လှပသောတေနယ်လီရာမ၊ ရှုချင်စဖွယ်ကောင်းသောဘုရင်ကြီးနှင့် အမွေးရှည်ရှည်နှင့် ဝဖြိုးသော ကြောင်တို့သည် အထင်းသားပေါ်လွင် လာလေသည်။ နောက်တစ်နေ့တွင် သူသည် ရုပ်ပုံကားကို ထုတ်ဝေသူထံ ယူသွားလေသည်။ ထုတ်ဝေသူသည် ညနေစောင်းမှ သူ့သဘောထားကို ထုတ်ဖော်ပြောဆိုသည်။

'ဒီပုံကိုတော့ ကျွန်တော် သဘောမကျလှဘူးတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ကြောင်ကို နည်းနည်း ပြင်မပေးနိုင်ဘူးလား၊ ဒီပုံပြင်ထဲမယ် ကြောင်ဟာ အရေးအကြီးဆုံးဆိုတာ သိသားပဲဟာ၊ ကြောင်ရဲ့ မျက်နှာ လေးကို မော့မပေးနိုင်ဘူးလား၊ တခြားဟာတွေကတော့ အင်း ကောင်းပါ တယ်လေ၊ အင်း ဒါပေမဲ့ တေနယ်လီရာမကိုလည်း ပြုပြင်လိုက်ရင် ပိုကောင်းလာမယ် ထင်တယ်'

ပန်းချီဆရာသည် ထိုနေ့ညတွင် ပုံကို ပြုပြင်ရေးဆွဲသည်။ သူသည် မုတ်ဆိတ်ရိတ်ဓားဖြင့် ကြောင်၏ ဦးခေါင်းကို ခြစ်ကာ ဖျက်ပြီး မော့ပေးလိုက် သည်။ တေနယ်လီရာမကိုလည်း လှသည်ထက်လှအောင် ဖန်တီးပေးလိုက် သည်။ သည်အကြိမ်တွင်လည်း ထုတ်ဝေသူသည် မနှစ်သက်နိုင်သေး။

'တေနယ်လီရာမရဲ့ ဦးထုပ်ပန်းပွားက သိပ်စုပြီး ချွန်နေတယ်၊ ပြီးတော့ ရှင်ဘုရင်ကြီးနောက်က ရပ်နေတဲ့ မင်းလုလင်ကလည်း သိပ်ကြည့် မကောင်းဘူး၊ ဒါလေးတွေ ပြင်မပေးနိုင်ဘူးလား'ဟု ဆိုလေသည်။

'ဟာ ရတာပေါ့၊ ခင်ဗျားလိုချင်တဲ့အတိုင်း အသစ်တစ်ပုံ ထပ်ဆွဲပြီး မနက်ဖြန်ခါ ယူလာခဲ့ပါ့မယ်'

ပန်းချီဆရာသည် ထုတ်ဝေသူ၏ နှစ်ထပ်မေးဖောင်းနေသော ပါးနှစ်ဖက်နှင့် စူထွက်နေသော ဝမ်းဗိုက်ကိုကြည့်ရင်း ပြောလေသည်။

'ခင်ဗျား သိပ်သဘောပြည့်တဲ့လူပဲဗျာ' သူသည် လက်ဖျားခါ၍ ချီးကျူးလေသည်။

ခရစ်ရှနာသည် ရုပ်ပုံကားချပ်ကို ဆုတ်ဖြဲပစ်လိုက်လေသည်။ တစ်နေ့လုံးထိုင်ကာ ပုံသစ်တစ်ခုကိုပြီးအောင် ရေးဆွဲလိုက်လေသည်။ ဘုရင်ကြီး၊ နန်းတွင်းသူ နန်းတွင်းသားများနှင့် မင်းလုလင်တို့၏ ပုံများကို အထူးဂရုပြု၍ ရေးဆွဲသည်။ အချိုးအစားကျပြီး ရှုချင်စဖွယ်ကောင်းသည့် ရုပ်ပုံများ ပေါ်လာသည်။ ကြောင်ကိုလည်း ပါရှင်တိုင်းပြည်မှ ကြောင်၏ သဏ္ဌာန်ကို အသက်ပါပါ သဘာဝကျကျ ပေါ်လွင်နေအောင် ဖန်တီးသည်။ နန်းတွင်း လူရွှင်တော် တေနယ်လီရာမ၏ ပုံကိုလည်း မေးစေ့နှစ်ထပ်၊ ပါးဖောင်ဖောင်း၊ ဝမ်းဗိုက်ရွဲရွဲနှင့် ရေးဆွဲထားသည်။

သူသည် ထုတ်ဝေသူ နန္ဒာအား ရုပ်ပုံကားကို အပ်ရင်း 'ကဲဗျာ ရုပ်ပုံကားကတော့ ဟောဒါပဲဗျ၊ ခင်ဗျား ရေးခ ဆွဲခတော့ ကျွန်တော့်ကို အတင်းမပေးနဲ့နော်၊ ပိုက်ဆံပေးရင်တော့ ဒီအရုပ်ကားကို ခင်ဗျားလက် မအပ်ဘဲ ပြန်ယူသွားရလိမ့်မယ်၊ ကျွန်တော်ဟာ ဒီပုံကို အနုပညာကို ချစ်မြတ်နိုးတဲ့ လူတစ်ယောက်အနေနဲ့ ရေးဆွဲပေးတာနော်၊ ငွေလိုချင်လို့ မဟုတ်ဘူး'ဟု ပြောလေသည်။

'ရုပ်ပုံကားကတော့ အလွန်ကောင်းတယ်ဆိုတာ ကျွန်တော်သိပါတယ်ဗျာ'ဟု ပြောရင်း ရုပ်ပုံကိုကြည့်၍ ဝမ်းသာအားရ အာမေဍိတ်သံ တစ်ခုကို ပြုလိုက်သည်။

'ကောင်းဗျာ၊ သိပ်ကောင်းတာပဲ၊ ဒီအတွက် ငွေလက်မခံဘူး မဟုတ်လား၊ အေးဗျာ ခင်ဗျားက လက်မခံဘူးဆိုတော့ ကျွန်တော်က ဘယ်အတင်းပေးလို့ ဖြစ်တော့မလဲ၊ ခင်ဗျား သိပ်တော်တဲ့လူပဲ၊ ကျွန်တော့်

အတွက် ခင်ဗျား အတော် ဒုက္ခခံပြီး လုပ်ပေးတာပဲနော်၊ ကျေးဇူးတင်လိုက်တာဗျာ'ဟု ဆက်ပြောသည်။

'ဟာ ဒုက္ခရယ်လို့ဘယ်ဟုတ်မလဲ၊ မိတ်ဆွေတစ်ယောက်ကို ကူညီရတာ ကျွန်တော် အများကြီး ဝမ်းသာပါတယ်'ဟု ခရစ်ရှနာက ဆိုသည်။

'တေနယ်လီရာမ ရုပ်ပုံကိုတော့ သဘောအကျဆုံးပဲ၊ သိပ်သဘာဝကျတာပဲ၊ ဘာမှ ပြောစရာမရှိဘူး၊ သူ့မျက်နှာကိုလည်း မြင်ဖူးသလိုလိုပဲ၊ ဘယ်မှာပါလိမ့်၊ ထုတ်ဝေသူ နန္ဒာသည် ရုပ်ပုံကားချပ်ကို ကြည့်ရင်း စဉ်းစားသလို ပြောလေသည်။

'ဟာ သူနဲ့တူတဲ့လူတွေ အများကြီးရှိတာပေါ့၊ ဒီတော့ ဒီပုံကို ခင်ဗျား သုံးမယ် မဟုတ်လား'ဟု ပန်းချီဆရာက မေးသည်။

'သုံးမှာပေါ့၊ ဘလောက်လုပ်မယ့်ဆီကို ချက်ချင်း ပို့လိုက်မယ်၊ ဒီအရွယ်အစား ဘလောက်ဆိုရင် အတော်ပေးရမယ်၊ သိပ်မနည်းဘူး၊ ဒါပေမဲ့ အလုပ်က အရင်လိုနေတယ် မဟုတ်လား၊ စာအုပ်အဖုံးနဲ့ အတွင်းသား စာမျက်နှာတချို့ကို အရေးတကြီးလိုနေတယ်၊ နောက်သောကြာနေ့မယ် အရေးကြီးတဲ့ ပုဂ္ဂိုလ်ကြီးတွေကို ပြဖို့ရှိတယ်ဗျ'

'ဘလောက်တော့ အချိန်မီ ပြီးမှာပေါ့နော်'

'ပြီးရမှာပေါ့၊ ဘယ်မပြီးလို့ဖြစ်မလဲ၊ မပြီးရင် ဒီသူတောင်းစားတွေကို ကျွန်တော် ဘယ်ပိုက်ဆံပေးမလဲ'ဟု ထုတ်ဝေသူက ခပ်မာမာ ပြောလိုက်လေသည်။

ပန်းချီဆရာ ခရစ်ရှနာသည် အိမ်သို့ ပြန်လာပြီးလျှင် စာတစ်စောင် ရေးကာ ထုတ်ဝေသူ နန္ဒာထံ သောကြာနေ့အရောက် အချိန်ကိုက်၍ စာတိုက်မှထည့်လိုက်လေသည်။

'ဘလောက်ကို အချိန်မီရရှိပြီး ဖြစ်သည်ဟု မျှော်လင့်ပါသည်။ ဤအချိန်ဆိုလျှင် မိတ်ဆွေကြီးသည် နမူနာ စာမျက်နှာများနှင့် စာအုပ်အဖုံးများကို သပ်ရပ်စွာ ထုပ်ပြီးလျှင် ပွဲ့ပိုက်ကာ ထုတ်ဝေရေးနှင့် ပတ်သက်သည့် အာဏာပိုင်ပုဂ္ဂိုလ်များအား သွားရောက်တွေ့ဆုံရန် ထွက်ခွာ

ရမည့် အချိန်သို့ ရောက်နေပြီထင်ပါသည်။ မိတ်ဆွေကြီး တေနယ်လီရာမ၏ မျက်နှာကို တစ်နေရာရာတွင် တွေ့မြင်ဖူးသည် ထင်သည်ဟု ပြောလိုက်သည်ကို ကျွန်တော် သတိရနေပါသည်။ သူနှင့်တူသူကို တွေ့လိုလျှင် မိတ်ဆွေကြီးကိုယ်တိုင် မှန်ထဲတွင် ကြည့်ပါဟု ရေးသားလိုက်ပါသည်။ မိတ်ဆွေကြီးသည် မိမိသရုပ်ဆောင်နေပုံကို သဘောကျ နှစ်သက်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ထုတ်ဝေရေးဆိုင်ရာ အဓိက ပုဂ္ဂိုလ်များသည် တူနေပုံကို တွေ့ရှိသွားသည် မသွားသည်ကို ကျွန်တော် သိချင်ပါသည်။ အကယ်၍ မိတ်ဆွေကြီးသည် မိမိသရုပ်ဆောင်နေပုံကို သဘောမကျလျှင် ဘလောက်ကို ဖျက်ဆီးပစ်ရပါလိမ့်မည်။ သို့သော်လည်း ဤသို့ ပြုလုပ်ခြင်းအားဖြင့် ဘလောက်ဖိုးငွေများကို ဖြုန်းတီးရာ ရောက်မည့်အပြင် အရေးပါ အရာရောက်သော ပုဂ္ဂိုလ်ကြီးများအားလည်း စာအုပ်အဖုံးကို အချိန်မီ တင်ပြနိုင်တော့မည် မဟုတ်ပါ။ မိတ်ဆွေကြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ရွှင်လန်းပါစေဗျား’

**( မြဝတီ။ ။ ဇန်နဝါရီ၊ ၁၉၇၅ )**

## ၁၄
## မချောသော လင်္ကာ

'အမှန်တရားဟာ နေနဲ့တူတယ်၊ သူ့ကို စေ့စေ့ကြည့်ရင် မျက်တောင်ရင်လဲ ခတ်သွားရမယ်၊ ဒါမှ မဟုတ် မူးဝေသွားနိုင်တယ်'

ကျောင်းဆရာ ဆက္ခာသည် ဤသို့ တွေးမိလေသည်။

နေဝင်မှ မိုးချုပ်သည်အထိ လူအများသည် တစ်ဦးနှင့်တစ်ဦးပြောဆို ဆက်ဆံနေကြရာ၌ အဆင်ပြေမှုကို ရှေ့ရှု၍ မုသားမပါ လင်္ကာမချောဟူသော ဆိုရိုးအတိုင်း အမှန်တရားကို မုသာဝါဒဖြင့် ဖုံးကွယ် ဖျက်ဆီးလျက် ရှိကြသည်ဟု ယူဆမိသည်။ ယနေ့ကိုမူ သူသည် ထူးခြားသော နေ့တစ်နေ့ အဖြစ် သတ်မှတ်ထားလိုက်သည်။

'ဘာပဲဖြစ်နေနေ တစ်နှစ်မယ် အနည်းဆုံးတစ်ရက်လောက်တော့ မှန်တာကိုသာ ပြောဆိုသင့်တယ်၊ ပြောဆိုရမယ်၊ ဒီလိုမှ မဟုတ်ရင် တစ်သက်လုံး လိမ်ညာနေတဲ့ ဘဝဟာ ဘာမှ အဓိပ္ပာယ်မရှိတော့ဘူး'ဟု ဆုံးဖြတ်ချက် ချမိလေသည်။ ဘာဖြစ်နေနေ တစ်နေ့လုံး မုသားစကားကို မသုံး၊ အမှန်ကိုသာ ပြောဆိုရမည်ဆိုပါက ပြဿနာအမျိုးမျိုးနှင့် ရင်ဆိုင်

ရမည်ကို မျှော်လင့်ထားပါသည်။ သူ ဤသို့ အဓိဋ္ဌာန်ဖြင့် ကျင့်ကြံရမည်ကိုလည်း မည်သူ့မျှ ဖွင့်ဟ၍ မပြောချေ။ မိမိဘာသာ လျှို့ဝှက် ဆုံးဖြတ်ချက်ချထားခြင်း ဖြစ်ပါသည်။ သူနှင့် လူ့လောကကြီးတို့ တိတ်တဆိတ် သဘောတူညီချက် ချမှတ်ထားခြင်း ဖြစ်သည်။

သူ၏ ဇနီးက သူ့ကို နံနက်စာတည်ခင်းသော အချိန်တွင် သူ့အဓိဋ္ဌာန်ကို တည်မြဲအောင် စောင့်စည်းရမည့် အရေးနှင့်ပတ်သက်၍ ပထမဆုံး အစမ်းသပ်ခံကာ ရင်ဆိုင်ရလေသည်။ သူသည် ဇနီးသည် အစွမ်းကုန်ချက်ပြုတ် ကြော်လှော်ထားသော စားသောက်ဖွယ်များကို ရတ်တရက် မနှိုက်သေးဘဲ ဆုတ်ဆိုင်းဆိုင်း လုပ်နေလေသည်။

'ဘာဖြစ်လို့လဲ၊ မကြိုက်လို့လား'ဟု ဇနီးက မေးလေသည်။

ယခင်ကဆိုလျှင် မနှစ်သက်သည့်တိုင်အောင် ဇနီးသည် စိတ်မကောင်းဖြစ်မည်ကို စိုးရိမ်သောကြောင့်'မဟုတ်ပါဘူး၊ ရင်ပြည့်နေလို့ပါ'ဟု ပြောမည်ဖြစ်သည်။ ယနေ့အဖို့မှာမူ အမှန်ကိုသာ ပြောမည်ဟု အဓိဋ္ဌာန်ထားသည့်အတိုင်း 'မကောင်းဘူး၊ ဒီဟင်းတွေကို မျိုလို့ရမှာမဟုတ်ဘူး'ဟု ပြောလိုက်လေသည်။ ထိုစကားကြောင့် သူ့ဇနီး မျက်နှာပျက်သွားသည်ကို သတိပြုမိသော်လည်း 'မတတ်နိုင်ဘူး၊ အမှန်တရားဆိုတာ နေလိုပဲ'ဟု မိမိဘာသာ စိတ်ထဲတွင် တွေးလိုက်လေသည်။

သူ၏ အဓိဋ္ဌာန်နှင့် ပတ်သက်၍ နောက်တစ်ကြိမ် အစမ်းသပ်ခံရသည်မှာ ကျောင်းဆရာများ စုဝေးရာ အခန်းတွင် ဖြစ်သည်။ သူ၏ လုပ်ဖော်ကိုင်ဘက် ကျောင်းဆရာတစ်ဦးသည် သူ့အနီးသို့လာ၍ သူတို့နှင့် သိကျွမ်းသူတစ်ဦး အနိစ္စရောက်သည့်အကြောင်းကို ပြောဆိုပြီး 'သနားစရာ မကောင်းဘူးလား'ဟု မေးလိုက်သည်။

'မသနားပါဘူးဗျာ'ဟု ဆက္ခာက ပြန်ဖြေလေသည်။

'သူဟာလူကောင်းတစ်ယောက်ပါဗျာ၊ သနားစရာပါ၊ ပြီးတော့'ဟု စပြန်ရာက ဆက္ခာက စကားမဆုံးမီ ခပ်တိုတိုပင် ဖြတ်၍ ပြောလိုက်သည်။

'ဘယ်ကလူကောင်းရမှာလဲ၊ ကျုပ်ကတော့ ဒီလူဟာသဘောထား သေးနုပ်ပြီး တစ်ကိုယ်ကောင်းဆန်တဲ့ လူညာတစ်ယောက်လို့ပဲ သိတယ်'

ထိုစကားကိုကြားရသောအခါ သူ့မိတ်ဆွေ ကျောင်းဆရာသည် မျက်နှာပျက်ကာ လှည့်ထွက်သွားလေသည်။

ညနေပိုင်း နောက်ဆုံးအချိန်တွင် ဆက္ခာသည် တတိယတန်းတွင် ပထဝီသင်ခန်းစာများကို သင်ကြားလျက်ရှိစဉ် ကျောင်းအုပ်ဆရာကြီးထံမှ စာတိုကလေး တစ်ခုကို ရရှိလေသည်။

'အိမ်မပြန်မီ ကျေးဇူးပြု၍ ကျွန်ုပ်ကို လာတွေ့စေလိုပါသည်'

ဆက္ခာသည် စာကိုဖတ်ရင်း 'ဒါတော့ ဟိုစာမေးပွဲ အဖြေလွှာကိစ္စပဲ ဖြစ်မှာပဲ'ဟု အောက်မေ့မိလေသည်။ ကျောင်းသားငယ်များ ရေးချင်သလို ရေး၍ ဖြေချင်သလို ဖြေထားကြသော အဖြေလွှာတစ်ရာ ဖြစ်သည်။ သူသည် ထိုအလုပ်ကိုစိတ်မပါလှသဖြင့် စစ်ဆေးခြင်းမပြုဘဲ ချောင်ထိုးထား ခဲ့သည်မှာ ရက်ပေါင်းအတော်ကြာနေလေပြီ။ အဖြေလွှာများကို စစ်ဆေးရန် စဉ်းစားမိတိုင်း သူ့ခေါင်းပေါ်တွင် ဓားတန်းလန်းကြီးဆွဲထားသလို ကြောက် သလိုလို ရွံ့သလိုလို ဖြစ်နေခဲ့သည်။

ကျောင်းဆင်းခေါင်းလောင်း ထိုးပေပြီ။ ကျောင်းသားများသည် အခန်းတွင်းမှ ခပ်သုတ်သုတ် ထွက်သွားကြလေသည်။

ဆက္ခာသည် ဆရာကြီးအခန်းရှိရာသို့ လျှောက်လာခဲ့သည်။ အခန်း အပြင်ဘက်တွင် ခေတ္တရပ်လျက် သူ၏ ကွတ်အင်္ကျီကြယ်သီးများကို တပ်လိုက်သည်။ ဆရာကြီးသည် ဆရာများအား ကွတ်အင်္ကျီကြယ်သီးများကို တပ်၍ သေသေသပ်သပ်ဝတ်ရန် ကျောင်းဆရာများအား အစဉ်သဖြင့် ပြောဆိုညွှန်ပြတတ်သည်။

သူသည် ယဉ်ကျေးသိမ်မွေ့သော အပြုံးကိုဆောင်၍ အခန်းတွင်းသို့ ဝင်သွားကာ ဆရာကြီးကို နှုတ်ဆက်လိုက်သည်။ ဆရာကြီးသည် သူ့ကို မော့ကြည့်ပြီး ဖော်ရွေသော အမူအရာဖြင့် 'ဆရာ၊ ဒီနေ့ညနေအားသလား'ဟု မေးလိုက်လေသည်။

'အိမ်က ကလေးတွေနဲ့ အပြင်ထွက်ဖို့တော့ ပြောထားတယ်'

'နောက်နေ့မှ သွားပါလေ၊ ဒီနေ့ အိမ်လိုက်ခဲ့စမ်းပါဦး'

'အို ဟုတ် ဟုတ်ကဲ့ ဆရာကြီး လိုက်ခဲ့ပါ့မယ်'ဟု ခေါင်းတညိတ်ညိတ်နှင့် ဖြေပြီးနောက် မဝံ့မရဲနှင့် 'ဘာများကိစ္စထူးရှိလို့လဲ ဆရာကြီး'ဟု မေးလိုက်လေသည်။

'အင်း ဆရာက ဂီတနဲ့ပတ်သက်ပြီး ကျုပ်အကြောင်းကို မသိသေးဘဲကိုး'ဟု ဆရာကြီးက ပြုံးရွှင်စွာ ပြောလေသည်။

'ဟုတ်ကဲ့ ဘယ်လိုလဲ ဆရာကြီး'

'ကျုပ် အဆိုအတီးကိုတိတ်တိတ်ကလေးသင်ပြီး လေ့ကျင့်နေတယ်၊ ဒီနေ့ညနေတော့ ဆရာ့ကို နားထောင်ကြည့်စေချင်လို့ပဲ၊ တယောထိုးမယ့်သူနဲ့ တီးမယ့် မှုတ်မယ့်သူတွေကိုလည်း ခေါ်ထားတယ်၊ အသိုင်းအဝိုင်းနဲ့ ကျကျနန ဆိုကြ တီးကြမှာကတော့ ဒါဟာ ပထမအကြိမ်ပဲ၊ အဲဒီတော့ ဆရာ နားထောင်ပြီး ဆရာ့သဘောထားကို ပြောစေချင်ပါတယ်၊ နားထောင်လိုက်ရင် ဆရာ သဘောကျသွားမှာပါ၊

တေးဂီတနှင့်ပတ်သက်၍ ဆက္ခာ၏ ကျွမ်းကျင်မှုကိုလူအများ သိရှိကြပါသည်။ မြို့ထဲတွင် သူသည် တေးဂီတဝါသနာရှင်များ၏ ရှိသေလေးစားခြင်းကို ခံရသော တေးဂီတ ဝေဖန်ရေးသမားတစ်ဦးဖြစ်သည်။ သို့သော်လည်း သူ၏ တေးဂီတ ဝါသနာထုံမှုများသည် ယနေ့ သူချမှတ်ထားသော အခိဋ္ဌာန်နှင့်ပတ်သက်၍ အစမ်းသပ်ခံရမည့် အခြေအနေသို့ ရောက်လိမ့်မည်ဟု မျှော်လင့်မထားချေ။

'ဆရာ အံ့သြနေတယ် ထင်တယ်၊ ဟုတ်လား'ဟု ဆရာကြီးက မေးလိုက်ပြီးနောက် ဆက်လက်၍ 'ကျုပ်ဟာ ငွေကုန်ကြေးကျအတော်များပြီး လူသိမခံဘဲ ကျိတ်ကြိုးစားနေတာ တော်တော်ကြာပြီ'ဟု ပြောလေသည်။

သူတို့နှစ်ဦးသည် ဆရာကြီး၏ အိမ်သို့ လျှောက်လာခဲ့ကြသည်။

'ဘုရားသခင်ဟာကျုပ်ကို သားသမီးရတနာများရအောင် မစောင်မခဲ့ဘူး၊ ဒါပေမဲ့ တေးဂီတ ပညာကလေး တတ်မြောက်အောင်တော့ စောင်မကောင်းပါရဲ့'ဟု ဆရာကြီးက လမ်းလျှောက်ရင်း သနားစဖွယ် ပြောကြားလေသည်။

သူသည် တစ်လမ်းလုံးပင် တေးဂီတအကြောင်းများကိုသာ ပြောဆိုလာလေသည်။ တစ်နေ့တွင် ပျင်းပျင်းရှိသည်နှင့် တေးတစ်ပုဒ်ကို စမ်းသပ်သီဆိုမိပုံ၊ ထိုအခါမှစ၍ တေးဂီတကို ဖြစ်ဖြစ်မြောက်မြောက် စနစ်တကျသင်ကြားလိုစိတ် ပြင်းပြလာပုံကို၊ စတင်သင်ကြားရာတွင် ဆရာက သူသီဆိုသည်ကို နားထောင်ရင်း ရယ်ပုံ၊ ထို့နောက် စနစ်တကျသင်ကြားလျှင် အောင်မြင်နိုင်ကြောင်း ပြောဆိုသဖြင့် မျှော်လင့်ချက်ထားခဲ့ပုံ၊ သူ့ဘဝတွင် စိတ်မချမ်းသာ စရာများနှင့် တွေ့ကြုံရလျှင် တေးဂီတဖြင့် ဖြေဖျောက်မည်ဟု မျှော်မှန်းထားပုံ စသည်တို့ကို စိတ်ဝင်စားဖွယ် ပြောပြလေသည်။

အိမ်သို့ ရောက်သောအခါ ဆရာကြီးသည် ဆက္ခာအပေါ်တွင် အထူးပင် စေတနာတွေပိုလျက် ရှိလေသည်။ သူ့အား ကော်ဇော်ပေါ်တွင် ထိုင်စေ၍ ရှေ့တွင် ရသာမျိုးစုံ စားဖွယ်သောက်ဖွယ်များကို ချထားပြီးလျှင် သူ၏ သမက်တစ်ဦးကဲ့သို့ စားပါ သောက်ပါဟု ရွှန်းရွှန်းဝေအောင် ဧည့်ခံလေသည်။

'ကဲ ကိုယ်လွတ်စိတ်လွတ် နားထောင်နော် ဆရာ၊ ဟိုမစစ်ရသေးတဲ့ စားမေးပွဲ အဖြေလွှာတွေ အကြောင်းကိုလည်း ဘာမှ စဉ်းစားမနေနဲ့'ဟုပင် ပြောလိုက်ပြီး ဆက်လက်၍ ဆရာ့ကို တစ်ပတ်အချိန်ပေးပါ့မယ်'ဟု ရယ်မောကာ ပြောဆိုလိုက်လေသည်။

'၁၀ရက်ပေးပါဆရာကြီး'ဟု ဆက္ခာက တောင်းပန်လိုက်သည်။

'ကောင်းပါပြီဆရာ၊ ပေးပါတယ်'ဟုဆရာကြီးက ပြုံးရွှင်ရက်ရောစွာ ခွင့်ပြုလိုက်လေသည်။ ဆက္ခာ၏ ရင်ထဲတွင် အထူးပင် ပေါ့ပါးသွားလေသည်။ သူသည် တစ်နေ့လျှင် အဖြေလွှာ ၁၀ခုကို အေးအေးဆေးဆေး စစ်ဆေးသွားပါက ၁၀ ရက် ဆိုလျှင် အားလုံးပြီးစီးသွားပြီ ဖြစ်သည်။

ဆရာကြီးသည် အမွေးတိုင်များကို ထွန်းညှိပြီး 'တေးဂီတနဲ့လိုက်လျောမယ့် ပတ်ဝန်းကျင် အခြေအနေကလေးကို ဖန်တီးပေးလိုက်တာပါ'ဟု ရှင်းပြလေသည်။

တယောဆရာနှင့်တကွ တီးမှုတ်မည့် လူများသည် ကော်ဇောပေါ်တွင် ထိုင်၍ အချိန်အခါကို စောင့်လျက်ရှိကြသည်။ ဆရာကြီးသည် သူတို့အလယ်တွင် ဝင်ထိုင်ကာ အာခေါင်ကို ရှင်းလင်းလျက် အသံစမ်းသည့်သဘောဖြင့် ခြေဆင်းကိုသီဆို၍ ရပ်လိုက်ပြီး 'ဘယ့်နှယ်လဲ၊ ကောင်းရဲ့လား' ဟု မေးလိုက်သည်။ ဆက္ခာသည် ဆရာကြီး၏ အမေးကို မကြားဟန်ဆောင်နေလိုက်သည်။ ဆရာကြီးသည် ဆက်လက်၍ 'နာမည်ကျော် တေးဂီတဆရာကြီး သာရက ရာဇာ'ရေးစပ်သော သီချင်းကြီးတစ်ပိုဒ်ကို သီဆိုလေတော့သည်။ ထိုသီချင်းဆုံးလျှင် နောက်ထပ် သီချင်းနှစ်ပိုဒ်ဆက်၍ စိတ်ပါလက်ပါ သီဆိုလေသည်။

'အင်း သူ့အသံက ဖားတစ်ဒါဇင်လောက် ဝိုင်းအော်နေတာနဲ့ တူတယ်၊ ဟော ကျွဲအော်သံလို အော်နေပြန်ပြီ၊ ဒီတစ်ခါတော့ လေတိုက်တဲ့အခါ ပြတင်းပေါက်က တရုတ်ကတ်တွေ မြည်သလို မြည်နေတယ်'

ဆက္ခာသည် ဆရာကြီး၏သီချင်းသံကို နားထောင်ရင်း စိတ်ထဲတွင် မှတ်ချက်ချကာ ဝေဖန်လျက်ရှိသည်။

အမွေးတိုင်များသည် လောင်ကျွမ်း၍ တိုကုန်ပါပြီ။ နှစ်နာရီခန့်ရှုပ်ထွေးဆူညံစွာ ထွက်ပေါ်အော်မြည်နေသော အသံမျိုးစုံတို့ကြောင့် ဆက္ခာ၏ဦးခေါင်းတွင်းမှ ဦးနှောက်တစ်ခုလုံးသည် သွက်သွက်ခါလျက်ရှိလေသည်။ သူသည် မူးနောက်နောက်ပင် ဖြစ်လာလေသည်။ ဆရာကြီးသည်လည်း အားရပါးရသီဆိုရသဖြင့် အသံပင် ပြာနေလေပြီ။ သီချင်းတစ်ပိုဒ်ဆုံးသွားသောအခါ ခေတ္တမျှ ရပ်၍ နောက်တစ်ပိုဒ် ဆက်ဆိုရဦးမလား'ဟု မေးလိုက်သည်။

'တော်ပါပြီ ဆရာကြီးရယ်၊ ဒါလောက်ဆိုတော်ပါပြီ'ဟု ဆက္ခာက လျင်မြန်စွာ ပြောလိုက်ရာ ဆရာကြီးသည် အံ့အားသင့်သွားလေသည်။

သူ၏ မျက်နှာတစ်ခုလုံးသည် ချွေးသီးချွေးပေါက်များဖြင့် ဖုံးလွှမ်းနေလေသည်။ ဆက္ခာသည် သူ့ဆရာကြီးအား အထူးပင် ကရုဏာသက်မိသော်လည်း မည်သို့မျှ မတတ်နိုင်ချေ။ သူ့ အခြေအနေကြောင့် မည်သို့မျှလည်း နှစ်သိမ့်နိုင်မည် မဟုတ်ချေ။ တရားခံတစ်ဦးအား စီရင်ချက်ချမှတ်နေသော တရားသူကြီးပင်လျှင် ဆက္ခာကဲ့သို့ စိတ်ဝေဒနာ ခံစားရမည် မဟုတ်ပေ။ ဆရာကြီးကတော်သည် ဆက္ခာ၏ ဝေဖန်မှုကို သိလိုဇောဖြင့် မီးဖိုဘက်မှ တစေ့တစောင်း ကြည့်ရှုနေလေသည်။ တီးကြ မှုတ်ကြသူများသည် ဝန်ထုပ်ဝန်ပိုးကြီး ဦးခေါင်းမှ ကျသွားသကဲ့သို့ သူတို့၏ တူရိယာများကို ဘေးတွင် ချထားလိုက်ကြသည်။

'ကဲ ဆရာ့သဘောထားကိုသိပါရစေ'ဟု ဆရာကြီးက မျက်မှန်ကို ချွတ်၍ နဖူးမှ ချွေးများကို သုတ်ရင်း မေးလိုက်လေသည်။

'နက်ဖြန်ခါမှပြောပါရစေဆရာကြီး'ဟု ဆက္ခာက အမှတ်မဲ့ဟန်နှင့် ပြန်ပြောလိုက်သည်။

'မဖြစ်ပါဘူး၊ ချက်ချင်းပြောစမ်းပါ၊ ဆရာ့ရဲ့ ပွင့်လင်းတဲ့သဘောထားကို သိချင်ပါတယ်၊ ကျုပ်ဆိုတာ နားထောင်ကောင်းတယ် မဟုတ်လား'

'မကောင်းဘူး ဆရာကြီး'ဟု ဆက္ခာက ပြန်ဖြေလိုက်သည်။

'အိုး ဒီလိုဆိုရင် ဂီတ သင်ခန်းစာကို ကျုပ် ဆက်သင်ရဦးမလား၊ တိုးတက်မှုအခြေအနေ ဘယ်လိုရှိမယ် ထင်သလဲ'

'ဆက်သင်ဖို့ မကောင်းတော့ပါဘူး ဆရာကြီး'ဟု ဆက္ခာသည် တုန်ယင်သောအသံဖြင့် ပြောလိုက်လေသည်။ သည့်ထက် နားဝင်ပီယံဖြစ်အောင် မပြောနိုင်တော့သည့်အတွက် စိတ်မကောင်း ဖြစ်ရသည်။ အမှန်တရားဆိုသည်မှာ ဖွင့်ဟပြောဆိုနိုင်ရေးအတွက် စိတ်ဓာတ်ကြံ့ခိုင်ဖို့ လိုသလို လက်ခံကြားနာရသူများအဖို့လည်း သတ္တိအထူးရှိရန် လိုအပ်ပါသည်။

ဆက္ခာသည် အိမ်သို့ ပြန်ခဲ့ရာ တစ်လမ်းလုံး စိတ်မကောင်းဖြစ်လာလေသည်။ သည့်နောက်ပိုင်းတွင် သူနှင့်ဆရာကြီး၏ ဆက်ဆံရေးသည် ပြေပြေပြစ်ပြစ် ရှိတော့မည် မဟုတ်သည်ကိုလည်း စဉ်းစားမိသည်။

သူ့အလုပ်အတွက် နှစ်ဆတိုးရရှိရေး၊ အမြဲတမ်းခန့်ထားရေး စသည့်အရေး ကိစ္စများသည် ဆရာကြီး၏ နှစ်သိမ့်ကျေနပ်မှုပေါ်တွင် တည်လျက်ရှိသည်။ သူသည် ထိုအကြောင်းအရာများကို စဉ်းစားရင်း စိတ်မချမ်းမသာ ဖြစ်နေလေသည်။ 'ဟာရီဆန္ဒြာ'အမည်ရှိသော ဘုရင်တစ်ပါးသည် မည်သို့ပင် ဖြစ်စေ၊ မုသာဝါဒကို ရှောင်ကြဉ်လျက် အမှန်တရားကိုသာ ပြောဆိုခဲ့သဖြင့် ထီးနန်းစည်းစိမ်နှင့်တကွ ဇနီးသားသမီးများကိုပါ စွန့်လွှတ်ခဲ့ရသည် မဟုတ်ပါလော။

အိမ်သို့ရောက်သောအခါ သူ့ဇနီးသည် သုန်မှုန်သောမျက်နှာထားနှင့် ညနေစာကို တည်ခင်းလေသည်။ အိမ်ရှင်မသည် နံနက်က သူပြောခဲ့သည့် စကားကြောင့် စိတ်ဆိုးမပြေသေးသည်ကို သတိပြုမိသည်။

'ဒီနေ့အဖို့တော့ ငါ့အတွက် ရန်သူနှစ်ယောက်ပေါ်ပေါက်နေပြီ၊ ဒီအတိုင်းသာ ဆက်ပြီး ကျင့်သွားမယ်ဆိုရင် ငါ့မယ် မိတ်ဆွေတစ်ယောက်မှ ရှိတော့မှာ မဟုတ်ဘူး'ဟု တွေးတောမိလေသည်။

နောက်တစ်နေ့တွင် ဆရာကြီးက သူ့အား လာရောက်တွေ့ဆုံရန် အခေါ်လွှတ်လိုက်လေသည်။ သူသည် စိတ်တထင့်ထင့်နှင့်ပင် သွားရောက် တွေ့ဆုံရသည်။

'ဆရာ မနေ့က ပေးခဲ့တဲ့အကြံဉာဏ်ဟာ ကျုပ်အတွက် သိပ် အကျိုးရှိတာပဲ၊ ကျုပ်ကို ဂီတလာသင်ပေးတဲ့ ဆရာကိုလဲပေးစရာရှိတာတွေ အပြတ်ရှင်းပေးလိုက်ပြီ၊ ဒီတေးဂီတနဲ့ပတ်သက်လို့ ကျုပ်ကို ဘယ်သူမှ အမှန်အတိုင်း မပြောခဲ့ကြဘူး၊ ဒီအသက်အရွယ်ကျခါမှ သီချင်းဆိုနေလို့လဲ မကောင်းတော့ပါဘူးလေ'ဟု ပြောပြီးမှ ဆက်လက်၍ 'ဒါနဲ့နေပါဦး၊ ဟိုစာမေးပွဲအဖြေလွှာ ကိစ္စတွေရော'ဟု ဆရာကြီးက မေးလိုက်လေသည်။

'အဲဒီအဖြေလွှာတွေ စစ်ဆေးဖို့ ဆရာကြီးက ကျွန်တော့်ကို ၁၀ ရက်အချိန်ပေးထားတယ်'ဟု ဆက္ခာက တည်ကြည်စွာ ပြန်ပြောလေသည်။

'အို ကျုပ် စဉ်းစားပြီးပါပြီ၊ အဲဒီအဖြေလွှာတွေကို နက်ဖြန်ခါ ဆက်ဆက်ရမှ ဖြစ်မယ်'ဟု ဆရာကြီးက ခပ်ပြတ်ပြတ်ပြန်ပြောလိုက်သည်။

သူသည် အဖြေလွှာတစ်ရာကို တစ်နေ့တည်းနှင့် အပြီးစစ်ဆေးရမည် ဖြစ်သည်။ သည်လိုဆိုလျှင် တစ်ညလုံးထိုင်၍ လုပ်မှ ပြီးနိုင်မည်ကို စဉ်းစား တွက်ချက်မိလေသည်။

'နှစ်ရက်လောက်တော့အချိန်ပေးပါ ဆရာကြီး'ဟု အသနားခံလိုက်မိသည်။

'မဖြစ်ပါဘူး၊ နက်ဖြန်ခါ မနက်ရမှ ဖြစ်မယ်၊ ပြီးတော့ သတိထားဖို့က အဖြေလွှာတစ်ခုစီကို စေ့စေ့စပ်စပ် စစ်ဆေးဖို့ပဲ'

'ကောင်းပါပြီဆရာကြီး'

ညလုံးပေါက်ထိုင်၍ အဖြေလွှာပေါင်း တစ်ရာကို စစ်ဆေးရမည့် စည်းစိမ်သည် အမှန်တရားကို ပြောဆိုခဲ့သဖြင့် ခံစားရမည့် ရလဒ်ပေတကားဟု ဆက္ကာသည် တွေးတော နေလေသည်။

( မြဝတီ။ ။ မတ်၊ ၁၉၇၅ )

## ၁၅
## ပစ္စည်းမဲ့၏ ဒါန

ကာလီသည် လူသူကင်းမဲ့၍ သော့ခတ်ထားသော အိမ်အိုကြီးတစ်ဖက်ရှိ အုတ်ခုံကို အိမ်အဖြစ် အသုံးပြုလျက်ရှိသည်။ ထိုနေရာတွင် သူနှင့်အတူ နေထိုင်သူနှစ်ဦး ရှိပါသေးသည်။ တစ်ဦးမှာ လန်ခြားသမား ကုပန် ဖြစ်သည်။ သူသည် ခေါင်းငိုက်စိုက်ကျအောင် မူးယစ်နေသော သင်္ဘောသား များကို ဆိပ်ကမ်းသို့ ပြန်ပို့ရင်း ကာလီတို့အား ပြရန်အတွက် မကြာခဏပင် အိမ်သို့ခေါ်လာတတ်သည်။ ကာလီ၏ အခြားအဖော် တစ်ယောက်မှာ မျက်စိမမြင်ချင်ယောင်ဆောင်၍ တောင်းစားသူ 'ပချယ်' ဖြစ်သည်။ သူတို့ သုံးဦးစလုံးပင် အနှောင့်အယှက်ပေးမည့် မိသားစု မရှိကြချေ။ ကုပန်၏ ဇနီးသည် လွန်ခဲ့သော တစ်နှစ်လောက်က သူ့ကို ပစ်ကာ ချစ်သူတစ်ဦး နောက်သို့ လိုက်ပြေးသွားသည်။ မျက်မမြင် အယောင်ဆောင် သူတောင်းစား မှာမူ ရွာတွင် သူ၏ မိသားစုများရှိသည်ဟု ပြောဆိုနေတတ်ပြီး ငွေများကို စာတိုက်မှ မကြာခဏ တင်ပို့နေတတ်လေသည်။

ကာလီအဖို့မှာမူ မိမိအသက် မည်မျှရှိသည်ကိုပင် မသိချေ။ သူ ငယ်စဉ်ကတည်းကပင် လမ်းပေါ်သို့ရောက်ပြီး ကမ္ဘာလောကကြီးထဲတွင်

လွင့်ချင်တိုင်း လွင့်လျက်ရှိရာ သူ့အား ဆွေမျိုးလာစပ်သူဟူ၍ တစ်ဦး တစ်ယောက်မျှ မရှိချေ။ သူသည် အမြင်အားဖြင့် ခြောက်ပေခန့်မြင့်ပြီး တုတ်ခိုင်သော လက်မောင်းကြီးများဖြင့် သန်မာထွားကျိုင်းလှသည်။ မရိတ်မသိမ်းသဖြင့် ရှည်ချင်တိုင်းရှည်၍ ရှုပ်ချင်တိုင်း ရှုပ်နေသော မုတ်ဆိတ်တို့ကြောင့် ကြောက်ခမန်းလိလိ အသွင်ကို ဆောင်နေသော်လည်း သူ့ကိုယ်သူကိုမူ ကလေးငယ်တစ်ဦးကဲ့သို့ပင် သဘောထားလေသည်။

သူသည် ပူစရာမရှိ၊ စိတ်ညစ်စရာဟူ၍ မရှိသဖြင့် ရောင့်ရဲ တင်းတိမ်စွာပင် နေထိုင်လျက်ရှိသည်။ တစ်နေ့တာအတွက် ဝင်ငွေတစ်ကျပ် ရှိလျှင် သူ့အဖို့ လုံလောက်သည်။ ထိုတစ်ကျပ်သော ဝင်ငွေကိုလည်း ဈေးထဲတွင် လော်လီကားကြီးများပေါ်မှ ဆန်အိတ်များကို ဂိုဒေါင်ထဲသို့ သယ်ချပေးခြင်းအားဖြင့် ရရှိလေသည်။ တစ်ခါတစ်ရံတွင်မူ သူသည် အုတ်ခုံပေါ်တွင် လဲလျောင်းရင်း အနီးအနားရှိ ကျောင်းသို့သွားနေကြသော ကလေးငယ်များကို စိတ်ဝင်စားစွာ ကြည့်ရှုနေကြလေသည်။ ကျောင်းသူကျောင်းသားကလေးများကို ဤသို့ ကြည့်နေရခြင်းဖြင့် သူ၏ စိတ်ထဲတွင်ကြည်နူးနှစ်သိမ့်ပြီး ကျေနပ်လျက်ရှိသည်။

'ကြည့်စမ်းပါဦးကွာ၊ ဒီကလေးတွေဟာ စာတွေ ဖတ်တတ် လိုက်တာ၊ မင်းနဲ့ငါကတော့ သစ်သားရုပ်ကြီးတွေလိုပဲ၊ ဘာမှ မသိဘူး၊ တို့ရတဲ့ ပိုက်ဆံကိုတောင် တို့ မရေတွက်တတ်ဘူး'ဟု သူသည် သူ့အဖော် မျက်မမြင် အယောင်ဆောင် သူတောင်းစား 'ပချယ်'အား ပြောတတ် လေသည်။ ကျောင်းသူ ကျောင်းသားကလေးများနှင့် သူတို့၏ ခဲတံများ၊ စာအုပ်များ၊ ကျောက်သင်ပုန်းများကို အံ့သြငေးမော ကြည့်ရှုရင်း 'ဒီပစ္စည်း တွေကို သူတို့ ဘယ်လို အသုံးချတယ်ဆိုတာ ငါ့ကို သင်ပေးစေချင်တယ်၊ သူတို့အထဲက အငယ်ဆုံး ကောင်ကလေးကတောင် ခဲတံကလေးကိုင်ပြီး စာလုံးကလေးတွေကို စိတ်ပါလက်ပါ ရေးနေလိုက်တာ သိပ်ချစ်စရာကောင်း တာပဲ'ဟု တွေးတောနေမိလေသည်။

ကျောင်းသူ ကျောင်းသားကလေးများကမူ သူတို့အား ဤကဲ့သို့ အံ့သြငေးမောကြည့်နေသော လူတစ်ယောက် အနီးအနားတွင် ရှိနေသည်ကိုပင် သတိမမူမိကြချေ။ တစ်ခါတစ်ရံတွင်မူ သူသည် ကလေးများနောက်မှကျောင်းပေါက်ဝရောက်သည်ထိ လိုက်လာပြီးလျှင် ကျောင်းဝင်းအတွင်းသို့ စူးစိုက်ကြည့်နေတတ်လေသည်။ အဝါရောင် ကျောင်းဆောင်ကြီးအတွင်းမှ ထွက်ပေါ်လာသည့် ကလေးတို့၏ စာရွတ်ဆိုသံများသည် သူ့အဖို့ဂီတသံသဖွယ် သာယာလှသည်။ ထိုအသံများသည် သူ့ကို ထုတ်ဖော်ပြောဆိုခြင်းငှာ မစွမ်းနိုင်အောင်ပင် နက်နဲလှသည့် ပျော်ရွှင်မှုကို ဖြစ်စေသည်။

ယနေ့အဖို့ သူသည် အထူး ဝမ်းမြောက်ရွှင်မြူးလျက် ရှိသည်။ ယမန်နေ့ညနေက ဆန်အိတ်အတော်များများ သယ်လာခဲ့ရသောကြောင့် သူ၏ပိုက်ဆံအိတ်သည် ငွေအကြွေများနှင့် တော်တော်ကလေး ဖောင်းနေလေသည်။ သူသည် ဈေးသို့မသွားတော့ဘဲ ယမန်နေ့က ရရှိလာသည့် လုပ်ခငွေစများကို ခေါင်းအုံးအဟောင်းကြီးထဲတွင် သွင်း၍ ဝှက်ထားကာ အနားယူနေလေသည်။ ရလာသည့် ငွေစများကို ဤသို့မျှ ဝှက်မထားလျှင် သူ့အဖော် လန်ခြားသမားသည် လန်ခြားဆွဲထွက်တော့မည် မဟုတ်ဘဲ သူ့ကို ထန်းရည်ဆိုင်သို့ မရမက ဆွဲခေါ်တော့မည် ဖြစ်သည်။ မျက်မမြင်ယောင်ဆောင် သူတောင်းစားကလည်း သူ့ကိုကပ်၍ အတင်းအဓမ္မ ငွေချေးမည့်အရေးကိုလည်း တွေးမိလေသည်။ ထို့ကြောင့် မိမိချမ်းသာသမျှကို အဖော်အပေါင်းများအား ဖွင့်မပြောသည်က အန္တရာယ်အကင်းဆုံးဖြစ်သည်ဟု အောက်မေ့မိလေသည်။

ကုပန်က သူ့အား မည်သည့်အတွက် ယခုအချိန်အထိ အိပ်ရာမှ မထသေးသလဲဟု မေးလေသည်။ ကာလီသည် ဤအမေးကို ဖြေကြားရန် ကြိုတင်၍ အကြံညဏ်ထုတ်ထားပြီး ဖြစ်သည်။

'အိုး ငါ့ပခုံးတွေ အားလုံးနာနေတယ်၊ အနည်းဆုံး နေ့တစ်ဝက်လောက်တော့ အနားယူလိုက်ဦးမှ ဖြစ်မယ်ဟု ရှုံ့ရှုံ့မဲ့မဲ့နှင့် ပြန်ပြောလိုက်သည်။

'မင်းပခုံးတွေနာနေရင်တော့ မနေ့က ဆန်အိတ်တွေ တော်တော်များများ ထမ်းရတယ်ထင်တယ်၊ ဒီလိုဆိုရင် မင်း ပိုက်ဆံအိတ်ကြီးတော့ တော်တော်ပြည့်နေရောပေါ့'ဟု အခြားတစ်ယောက်က ရယ်သလို မောသလိုနှင့် ဝင်ပြောလေသည်။

'မဟုတ်ပါဘူးကွာ၊ နွားလှည်းနဲ့ တိုက်မိလို့ပါ'ဟု ဖြေလိုက်ရာ သူ့အဖော်နှစ်ဦးလုံး ကျေနပ်ပြီး ထွက်သွားကြလေသည်။

၁၁နာရီ ထိုးခန့်တွင်မှ ကာလီသည် ဆာလောင်လာလေသည်။ သူသည် လမ်းဘေးရေတိုင်သို့ ထွက်လာခဲ့လေသည်။ အမျိုးသမီးများသည် ရေအိုးများကို ရေဖြည့်လျက်ရှိရာ ခေတ္တမျှ ရပ်စောင့်နေပြီး လူရှင်းသွားသည်နှင့် ရေတိုင်အောက်သို့ ဝင်ကာ ရေချိုးလိုက်သည်။ ရေနှင့်ထိလိုက်သော သူ၏ တစ်ကိုယ်လုံးသည် လန်းဆန်းသွားလေသည်။ သူသည် ရေတိုင်အောက်တွင် ထိုင်ရင်း မျက်စိပေါ်တွင် စီးကျနေသော ရေစက်များကို ဖောက်ထွင်း၍ နေပူကျဲကျဲ လမ်းမပေါ်တွင် လျှောက်သွားနေကြသည့် လမ်းသွားလမ်းလာများကို ဝိုးတဝါး ကြည့်ရှုနေလေသည်။ သူသည် ပတ်ဝန်းကျင်တွင် နစ်မျောနေသောကြောင့် သူ့ကိုယ်သူပင် မေ့လျော့သလို ဖြစ်နေရာ ရေတိုင်မှ ရေရုတ်တရက် ရပ်သွားသောအခါတွင်မှ သတိရလာလေသည်။ သူသည် နေရာမှ ထလိုက်သည်။ ကိုယ်ပေါ်မှ ရေများကို အဝတ်စတစ်ခုဖြင့် သုတ်ပြီး ဖွာရရာကျဲနေသော ဆံပင်များကိုမူ လက်ချောင်းများဖြင့် နောက်လှန်ဖြီးလိုက်သည်။ သူသည် အတော်ပင် ဆာလောင်လျက်ရှိလေပြီ။ လေကို အားရပါးရ ရှူလိုက်ရာ ဟင်းအမွှေးအကြိုင်များဖြင့် ထောပတ်တွင် ကြော်နေသည့် အနံ့သည် လေထဲတွင် ပျံ့လွင့်လာလေသည်။ ထိုအနံ့ကြောင့် သူသည် ထမင်းဆိုင်ကြီးကို ရုတ်တရက် သတိရမိသည်။ ဤနေရာနှင့်နှစ်လမ်းမျှအကွာတွင် ကျပ်ခိုးများနှင့် မည်းနေသော ဆိုင်ကြီးမှ အရသာရှိလှသော ဒန်ပေါက်ထမင်းကို မြင်ယောင်လာသည်။ သို့နှင့် ဆိုင်ရှိရာသို့ ခပ်သုတ်သုတ်ပင် လျှောက်လာခဲ့လေသည်။

ထိုဆိုင်၏ ဆင်ဝင်အောက်မှ သူ ပြန်ထွက်လာသောအခါ အလွန် အကျွံစားသောက်ခဲ့သောကြောင့် မတ်မတ်ပင် မရပ်နိုင်တော့ချေ။ သူသည် သူ၏နေရာ အုတ်ခုံသို့ တလှုပ်လှုပ်နှင့် ပြန်လာခဲ့ပြီးလျှင် ကိုယ်ကို ပစ်လှဲလိုက်ရာ ခဏချင်းပင် အိပ်ပျော်သွားလေသည်။

ညနေစောင်း လေးနာရီခန့်တွင်မှ သူသည် အိပ်ယာမှ နိုးလာ၍ မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်သည်။ လက်နှစ်ဖက်ကို ဆန့်တန်းကာ ကိုယ်ကို လိမ်၍ သမ်းဝေလိုက်သည်။ သူသည် အိပ်ချင်မူးတူးဖြစ်လျက်ပင် ရှိသေးသည်။ အိပ်ချင်စိတ် မပျောက်သေးဘဲ ထုံထိုင်းထိုင်းဖြစ်နေသည်ကို သူ မကြိုက်။ သည်လို မရှင်မလန်း ဖြစ်နေလျှင် ကော်ဖီသောက်လိုက်ပါက ပေါ့ပါး သွက်လက်လာသည်ဟု ပြောကြသည်။ သူသည် အုတ်ခုံပေါ်မှ ထလိုက်ကာ လမ်းပေါ်ရှိ ကော်ဖီဆိုင်ရှိရာသို့ ကုပ်ချောင်းချောင်းနှင့် လာခဲ့လေသည်။ စားပွဲနှင့် ကုလားထိုင်တွင်ထိုင်ကာ ကော်ဖီမှာသောက်နိုင်သောကြောင့် စိတ်ကြီးဝင်သလိုလိုပင် ဖြစ်လာလေသည်။ သူ၏ ပိုက်ဆံအိတ်ကို အမှတ်မဲ့ စမ်းကြည့်လိုက်သည်။ ကော်ဖီနှစ်ခွက် ဆင့်သောက်ပြီးသောအခါ လန်းဆန်းလာပြီ ဖြစ်၍ ဆိုင်အတွင်းမှ ထွက်လာခဲ့လေသည်။

ငွေလက်ခံရာနေရာတွင် ကျသင့်သော ကော်ဖီဖိုးကိုပေး၍ ပြန်အမ်းငွေအကြွေများကို ရယူနေစဉ် ကျောင်းဆင်းခေါင်းလောင်း ထိုးသည်ကို ကြားရသည်။ သည်ခေါင်းလောင်းသံကြောင့် သူသည် ကျောင်းသူကျောင်းသားကလေးများကို သတိရသွားလေသည်။

'မြန်မြန် ပြန်မှပဲ၊ သူတို့လေးတွေ ငါ့နေရာနားက ဖြတ်ပြီး ပြန်ကြတော့မယ်'

သူသည် ဤသို့ စဉ်းစားရင်း မှန်သေတ္တာထဲမှ နှစ်သက်ဖွယ်ရာ ပုံစံအမျိုးမျိုး၊ အရွယ်ရွယ်အစားစား၊ အရောင်အစုံစုံ အချိုမုန့်များကို ကြည့်နေမိလေသည်။ မှန်သေတ္တာထဲမှ မုန့်တစ်မျိုးကို လက်ညှိုးထိုးပြီး 'အဲဒါ ပေးစမ်းပါ'ဟု ဆိုလိုက်လေသည်။

'တစ်ဆီယာ တစ်ကျပ်'ဟု ရောင်းသူကခပ်တည်တည် ပြောသည်။

'ကိစ္စမရှိပါဘူး၊ တစ်ဆီယာပေးပါ'ဟု ကာလီက ဆိုသည်။

ရောင်းသူသည် သူအလိုရှိသောမုန့်ကိုဖက်ရွက်စိမ်းဖြင့် သေသပ်စွာ ထုပ်ပြီး လှမ်းပေးလိုက်လေသည်။ အထုပ်ငယ်အတွင်းမှ အချိုနံ့သည် သင်းပျံ့မွှေးကြိုင် နေလေသည်။ ကာလီသည် အထုပ်တွင် ရစ်ပတ်ထားသော ကြိုးကို ဖြေလိုက်သည်။ မုန့်အနည်းငယ်ကို ယူပြီးလျှင် လျှာပေါ်တွင်တင်ကာ မျက်လုံးများကို မှေး၍ အရသာခံရင်း ပြုံးလိုက်လေသည်။ သူ၏ လက်ချောင်းကလေးများသည် နောက်တစ်ခါ နှိုက်ယူရန် မုန့်ထုပ်ဆီသို့ ရောက်သွားပြီး နောက်မှ 'ဒါတွေအားလုံး စားပစ်လို့ ဘယ်ဖြစ်မလဲ၊ ကလေးတွေဖို့ ဝယ်ထားတာပဲ၊ တစ်ကျပ်ဖိုးဟာ ဘယ်လောက်မှရတာ မဟုတ်ဘူး'ဟု သူ့ကိုယ်သူ စိတ်ထဲမှပြောရင်း ထပ်မံပြည်းစမ်းလိုစိတ်ကို ချုပ်ထိန်းထားလိုက်လေသည်။

ကျောင်းသူ ကျောင်းသားကလေးများ လမ်းမကြီးအတိုင်း လျှောက်လာနေကြသည်ကို လှမ်း၍ မြင်ရလေသည်။ သူ့ဆီသို့ စကား တပြောပြောနှင့် လျှောက်လာသော ကလေးငယ်သုံးဦးအား သူသည် မုန့်ထုပ်ကို လှမ်းပေးလိုက်သည်။ ကလေးများသည် သူတို့အချင်းချင်း စကားလက်ဆုံ ကျနေသောကြောင့် သူ့ကို ဂရုမစိုက်ဘဲ ဆက်လက် လျှောက်သွားကြရာ သူသည် အတော်ပင် စိတ်မကောင်း ဖြစ်သွားလေသည်။ သူ့အဖို့ နတ်သား၊ နတ်သမီးလေးများသဖွယ် ချစ်ခင်လေးစားခဲ့သော ကလေးများ၏ ရှေ့မှောက်တွင် ရှက်အမ်းအမ်း ဖြစ်နေလေသည်။ ထို့နောက်တွင် မောင်နှမနှစ်ယောက် တွဲလျှောက်လာသည်ကို တွေ့ရပြန်လေသည်။ မောင်ဖြစ်သူ သူငယ်လေးသည် ဘောင်းဘီတိုကို ဝတ်ဆင်ကာ ကွဲနေသော ကျောက်သင်ပုန်းကို ချိုင်းအောက်တွင် ညှပ်ကာ လျှောက်လာလေသည်။ သူ၏ အစ်မ၏ ကျက်ဆံမြီးတွင် ချည်နှောင်ထားသော ဖဲပြားစိမ်းလေးသည် လေထဲတွင် လွင့်နေလေသည်။ ကာလီသည် သူတို့အနီးသို့ ချဉ်းကပ်သွားပြီးလျှင် 'အချိုမုန့်စားမလား'ဟု မေးလိုက်လေသည်။ သူသည် မုန့်ထုပ်ကို ဖြေထားကာ လှမ်း၍ပေးနေလေသည်။ မောင်နှမနှစ်ယောက်

သည် အဆင်းအနံ့နှင့် ပြည့်စုံသော မုန့်များကို တွေ့နေရသဖြင့် နှိုက်ယူစားလိုစိတ် ဖြစ်လာဟန်ရှိသည်။ သို့သော်လည်း မဝံ့မရဲနှင့် ဆုတ်ဆိုင်းဆိုင်းဖြစ်နေကြသည်။

'ယူပါလေ ယူပါ၊ မင်းတို့ ကြိုက်သလောက်ယူစား'ဟု ကာလီက ချိုသာသော မျက်နှာထားနှင့် တိုက်တွန်းလျက်ရှိသည်။

'သူများပေးတာ စားရင် ဖေဖေ ဆူလိမ့်မယ်'ဟု မောင်ဖြစ်သူက ပြန်ပြောလေသည်။

'ဘာဖြစ်လို့ မင်းတို့ဖေဖေက ဆူရမှာလဲကွ၊ မင်းတို့ ဒီလို အချိုမုန့်ကောင်းကောင်း စားရတာသိရင် ဝမ်းတောင်သာဦးမယ်၊ တစ်ဆီယာကို တစ်ကျပ်တောင် ပေးရတာကွ'ဟု ကာလီက ရယ်မောကာ ပြောဆိုလေသည်။

ထိုကဲ့သို့ပြောလိုက်သောအခါ မောင်ငယ်သည် အတော်သဘောကျသွားဟန်ရှိ၍ မုန့်တစ်တုံးကို နှိုက်ယူကာ အားရပါးရ စားလိုက်လေသည်။ ထိုအချိန်တွင် ကလေးများသည် တစ်ယောက်ပြီးတစ်ယောက် သူ့ကို ဝိုင်းလာကြသည်။ သူသည် အထူးပင် သဘောကျသွားလေသည်။ ကလေးများသည် သူ့ကို ဝိုင်းအုံကာ သူ့လက်ထဲမှ မုန့်ထုပ်ကိုလည်း ဆွဲယူလိုက်ကြပြီးလျှင် ပျော်ရွှင်စွာ အော်ဟစ်ပြီး တစ်ယောက်တစ်လက် လုယက်စားသောက်လျက်ရှိကြရာ လမ်းမကြီးပေါ်တွင် ရုတ်ရုတ်သဲသဲ ဖြစ်နေလေသည်။ သွားလာလျက်ရှိသော ယာဉ်များသည် ဆုတ်ဆိုင်း ရပ်တန့်သွားကြလေသည်။ ဘာကြောင့် ဤသို့ ဖြစ်ရသည်ကို သိချင်ဇောဖြင့် လမ်းသွားလမ်းလာများသည် တဖြည်းဖြည်း ဝိုင်းအုံလာကြသည်။

'ဟေ့ ဘာဖြစ်တာလဲ'ဟု တစ်စုံတစ်ယောက်သောသူက ကျောင်းသားငယ်တစ်ယောက်ကို လှမ်း၍ မေးလိုက်သည်။

'အချိုမုန့်ခင်ဗျ၊ ဟို မုတ်ဆိတ်နဲ့လူကြီးက ကျွန်တော်တို့ကို အချိုမုန့်ပေးတယ်'ဟု သူငယ်က ပြန်ဖြေလေသည်။

'ဘယ်သူလဲ၊ ဒီလူလား'ဟု အော်ဟစ်ကာထိုသူသည် ကာလီထံသို့ ခပ်သုတ်သုတ် ချဉ်းကပ်လာကာ လက်ကို ဖမ်းဆွဲလိုက်သည်။

ကာလီသည် အုံ့အားကြီးသင့်ကာ ဖမ်းထားသောလက်မှ ရုန်းထွက်လျက်ရှိစဉ် ထိုသူက 'ဖမ်းကြပါ၊ ဖမ်းကြပါ၊ ဒီလူဟာ ကလေးတွေကို ပြန်ပေးဆွဲနေတဲ့လူပါ'ဟု အသံကုန် အော်ဟစ်လေတော့သည်။

သူ့အော်သံကြောင့် လူများ ဝိုင်းလာကြပြီး လူအုပ်ကြီးသည် ခဏအတွင်း၌ ကြီးမားသည်ထက် ကြီးမားလာလေသည်။ လူအများသည် တစ်ယောက်တစ်ပေါက်ဖြင့် ကလေးများကို ထိတ်လန့်တကြား မေးမြန်းနေကြလေသည်။

'ဒီလူက မင်းတို့ကို အချိုမုန့်ပေးသလား'

'အို မင်းတို့ကော သူပေးတာ ဘာကြောင့် ယူရတာလဲ'

'ဘယ်လိုဖြစ်မယ်ဆိုတာ မင်းတို့ မသိဘူးလား'ဟု မေးကြမြန်းကြလေသည်။

'ကျောင်းကနေပြီး ကလေးငါးယောက် ပျောက်သွားသတဲ့'

'ကျုပ်တို့ လမ်းထဲမယ် ကလေး ၁၀ယောက် အဆိပ်ပါတဲ့ အချိုမုန့်တွေ စားမိလို့ သေကုန်တယ်'ဟူသော စကားသံများသည်လည်း လူအုပ်ထဲမှ အော်ဟစ်ပြောဆိုသံ။

'ဒါတွေလျှောက်လုပ်နေတဲ့လူဆိုးဂိုဏ်းကို ရှိနေတယ်၊ ဒီလူတွေဟာ ဟိမဝန္တာဘက်က လာတာတဲ့'ဟူသောအသံ။

'ဒီလူဆိုးဂိုဏ်းဟာသိပ်ကြောက်စရာကောင်းတာ၊ အဲဒီ ဂိုဏ်းထဲက လူတိုင်းဟာ ကလေးတစ်ရာတိတိဖမ်းပြီး ယဇ်ပူဇော်မလို့တဲ့'ဟူသော အသံများသည်လည်း လူအုပ်ထဲမှ ထွက်ပေါ်လာပြန်သည်။

'သူ့ရုပ်ကိုကြည့်ပါလား၊ သူဟာ ဒီမြို့က မဟုတ်ဘူး'ဟုလည်း အချို့က ဝေဖန်လျက်ရှိကြသည်။

'အမလေးမုတ်ဆိတ်မွေးကြီးနဲ့၊ ကြောက်စရာကောင်းလိုက်တာ'ဟု ရေရွတ်ကာ ကလေးများသည် သူ့အနားသို့ မကပ်ရဲဘဲ အဝေးမှ ကြည့်ရင်း တုန်လှုပ်လျက်ရှိသည်။

ဤကဲ့သို့ ဆူညံစွာ ပြောဆိုဝေဖန်ကြသည့် အကြောင်းတရားမှ အစပြု၍ လူအုပ်ကြီးသည် ကာလီအား ထွက်မပြေးနိုင်အောင် ဝိုင်းအုံ ချုပ်ကိုင်ကာ တစ်ယောက်တစ်လက်ဖြင့် ထုကြ၊ ရိုက်ကြ၊ ဆွဲကြ၊ ငင်ကြ၊ ဆုတ်ကြ၊ ဖြဲကြသော အကျိုးတရားသည် ဖြစ်ပေါ်လာလေ တော့သည်။

သူက ခုခံလေ ရိုက်ကြ နှက်ကြသည့်ဒဏ်က ပြင်းထန်လေလေ ဖြစ်လေသည်။ တစ်ကြိမ်လွတ်၍ ထွက်ပြေးပြန်လျှင်လည်း နောက်မှ အတင်းလိုက်က မရမက ဖမ်းဆီး၍ ထုကြ ရိုက်ကြပြန်သည်။ တစ်မြို့လုံး သည် သူ့နောက်မှ ဝိုင်းလိုက်နေသကဲ့သို့ ဖြစ်နေလေသည်။ တစ်နေရာတွင် သူ့အား တွန်းလှဲကာ ရင်ဘတ်ပေါ်တွင် တက်ထိုင်ကြသည်။

'ကျွန်တော် ဘာလုပ်လို့လဲဗျာ'ဟု သူက အသံသဲ့သဲ့နှင့် ကြိုးစား မေးရှာသော်လည်း မည်သူကမျှ သူ့ကို စကားပြောခွင့် မပေးချေ။ ဖိ၍သာ ထုရိုက်နေကြသည့်အတွက် ပါးစပ်မှ သွေးများယိုစီးပြီး အသက်ရှူကြပ် လာသည်။

'ဒီလိုသာ ခံနေရရင် ငါသေမှာပဲ'ဟု တွေးကာ ရှိသမျှ အားဖြင့် ရုန်းကန်လိုက်ပြီး လက်မောင်းနှစ်ဖက်ကို ယမ်းလိုက်သည်။ လက်လှမ်းမီရာ ကျောက်တုံးတစ်ခုကို ကောက်ပြီး ယမ်းပစ်လိုက်ရာ လူတစ်ယောက်ကို ထိမှန်သွားလေသည်။ ဤတွင် လူအုပ်ကြီးသည် အနည်းငယ် ကျဲသွားသည်။ သူသည် အနီးတွင်အနားရှိသော လူများကို လက်လှမ်းမီသလောက် ထိုး ကြိတ် ကန်ကျောက်လျက်ရှိရာ ဝိုင်းအုံနေသော လူများသည် နောက်သို့ အနည်းငယ် ဆုတ်သွားကြလေသည်။ သူက လူးကာ လွန့်ကာထ၍ တွေ့သမျှလူကို ကန်ကျောက်ပြီးလျှင် လမ်းမကြီးအတိုင်း ထွက်ပြေးလာရာ လူအများသည် သူ့နောက်မှ အော်ဟစ်လိုက်လာကြပြန်သည်။ တစ်ဖက် မှလည်း လူအုပ်ကြီးတစ်စု သူနှင့် မျက်နှာချင်းဆိုင် လာနေသည်ကို တွေ့ရပြန်သောကြောင့် နီးရာ အိမ်တစ်အိမ်သို့ ပြေးဝင်ကာ တံခါးကို ပိတ်၍ အတွင်းမှ မင်းတုပ်ချလိုက်သည်။ အိမ်တွင်းမှ လူများသည် ကလေးများကို

ပွေ့ပိုက်ကာ ကြောက်ရွံ့တုန်လှုပ်နေကြလေသည်။ ကာလီသည် ကြမ်းပြင်ပေါ်သို့ လဲကျသွားသော ခဏ္ဍပင် တံခါးကို တွန်းသံ ရိုက်သံများ ထွက်ပေါ်လာပြန်သည်။ နံရံလေးဘက်စလုံးကိုပင် ပြင်းထန်စွာ ထုရိုက်လျက် ရှိသော်လည်း သူသည် ထိုအသံများကိုပင် သဲသဲကွဲကွဲ မကြားနိုင်တော့ချေ။ သူ့ခန္ဓာကိုယ်ပေါ်ရှိ တစ်ဒါဇင်မျှလောက်သော ဒဏ်ရာများမှ သွေးများ ယိုစီးနေသည့်ပြင် ဦးခေါင်းတစ်ခုလုံးလည်း မူးဝေနောက်ကျိ၍ သတိလစ်မလို ဖြစ်နေလေသည်။ ထိုအချိန်တွင် လူအုပ်ထဲမှ အချို့လူများသည် အိမ်ခေါင်မိုးကိုကျော်တက်ကာ အမိုးကိုခွာ၍ အိမ်ထဲသို့ ဆင်းလာပြီး လမ်းဘက်မှ တံခါးကို ဖွင့်ပေးလိုက်လေသည်။

လူအုပ်ကြီးသည်အိမ်ထဲသို့ အစုလိုက်အပြုံလိုက် ဝင်လာလေသည်။ ကာလိသည် သတိလက်လွတ်မတတ် ဖြစ်နေသောကြောင့် သူ့ပတ်ဝန်းကျင်တွင် မည်သို့ ဖြစ်နေသည်ကို ဂရုမစိုက်နိုင်တော့ချေ။ မကြာမီပင် လူတို့၏ လက်ပေါင်းများစွာတို့သည် သူ့ကို အိမ်ထဲမှ သယ်ထုတ်သွားကြလေသည်။ သူ၏ ခန္ဓာကိုယ်ကို ဂုဏ်ပြုအပ်သော သူရဲကောင်းကြီးတစ်ဦးကဲ့သို့ ထမ်းယူသွားကြပြီးလျှင် ဘောလုံးသဖွယ် မြှောက်၍ မြှောက်၍ ကစားနေကြလေသည်။ ထိုခဏ္ဍ ရဲများရောက်လာလေသည်။ ရဲတို့သည် လူအုပ်အတွင်းသို့ အတင်းဝင်ကာ တုတ်များကို အသုံးပြု၍ ကာလီကို အရဆွဲထုတ်ယူကြရလေသည်။

နောက်နှစ်ပတ်မျှ ကြာသောအခါ ကုပန်နှင့်မျက်မမြင် အယောင်ဆောင် သူတောင်းစားတို့သည် ဆေးရုံတွင်းရှိ ကာလီ၏ ခုတင်ဘေးတွင် ရပ်နေကြသည်။ ခုတင်အနီးမှ သူနာပြုဆရာမလေး ထွက်သွားသောအခါ ကုပန်က ကာလီ၏ နားအနားသို့ ကပ်ကာ 'မင်း တို့အုတ်ခုံကို ပြန်လာနိုင်ပါပြီကွာ၊ မင်းကို ဘယ်သူကမှ မှတ်မိတော့မှာ မဟုတ်ပါဘူး၊ ဆရာဝန်တွေက မင်းရဲ့ မုတ်ဆိတ်မွေးတွေရော၊ ခေါင်းက ဆံပင်တွေရော အပြောင်ရှင်းထားပြီကွ၊ အဲဒါ မင်း သိရဲ့လား' ဟု တိုးတိုးပြောသည်။

'မင်း မကြာခင် ကောင်းသွားမှာပါ၊ ဒါပေမဲ့ ကလေးတွေနဲ့ သွားမရှုပ်နဲ့တော့၊ ကိုယ်နဲ့မဆိုင်တဲ့ အလုပ်ကို မလုပ်ချင်စမ်းပါနဲ့ကွာ'ဟု မျက်မမြင် အယောင်ဆောင် သူတောင်းစားက ခပ်တိုးတိုးပြောလေသည်။

ဦးခေါင်းတစ်ခုလုံးကို စည်းနှောင်ထားသည့် ပတ်တီးများကြားထဲမှ လပ်လျက် ပေါ်နေသော ကာလီ၏ မျက်လုံးအစုံသည် ဝင်းလက်လာပြီးလျှင် 'အေးကွာ၊ နောက်များတော့လမ်းထဲမယ် ကလေးပေါက်စလေး တစ်ယောက် တွေ့ရင်တောင် ငါတော့ ကျားအခိုက်ခံရသလို ထွက်ပြေးတော့မှာပဲ'ဟု ညည်းညည်းညူညူ ပြောဆိုလိုက်လေသည်။

**( မြဝတီ။ ။ ဇွန်၊ ၁၉၇၅ )**

# ၁၆
# ဆည်

မကြာသေးမီက ရရှိခဲ့သော လွတ်လပ်ရေးကြီးကို ဂုဏ်ပြုသောအားဖြင့် အိန္ဒိယနိုင်ငံတွင် ကြီးကျယ်များပြားလှစွာသော ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက် လုပ်ကိုင်နေကြပါသည်။ အစိုးရ၏ စီမံချက်တွေက များလှပါသည်။ ပြည်သူလူထုအတွက် လိုအပ်သမျှ စိတ်ကူးရသရွေ့ စုပေါင်းဆောင်ရွက် ကြရသည်များလည်း ရှိပါသည်။

ကျွန်တော်တို့ ခေါင်းဆောင်ကြီးများသည် လွတ်လပ်ရေးမရမီ အချိန်ကြာမြင့်စွာကပင် လွတ်လပ်ရေးရလျှင် မိမိအပါအဝင် ပြည်သူလူထု တစ်ရပ်လုံးအတွက် မည်သို့မည်ပုံ လုပ်ကိုင်ဆောင်ရွက်ရမည်ဟု အတိအလင်းကြေညာခဲ့သည့်အတိုင်း ယခုအခါတွင် မအားမလပ်နိုင်အောင် လုပ်ကိုင် ဆောင်ရွက်ပေးနေကြပါသည်။ သူတို့သည် ကျွန်တော်တို့အဖို့ ‘လုံးဝလွတ်လပ်ရေး’ကို ရစေမည်ဟု ကမ္ဘာသို့ ကျယ်လောင်သော အသံဖြင့် ကြွေးကြော်ခဲ့ကြပါသည်။

'ထိုအခွင့်အရေးသည်အခြားသောတိုင်းပြည်များမှ တိုင်းသူပြည်သားများနည်းတူ အိန္ဒိယနိုင်ငံရှိ ပြည်သူပြည်သားအားလုံး၏ မွေးရာပါအခွင့်အရေးဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ကြသည်။ နိုင်ငံသူ နိုင်ငံသားများသည် လုံးဝ လွတ်လပ်ရေးကို ရရှိ၍ မိမိတို့ လုပ်အားမှ ဖြစ်ထွန်းလာသည့် အသီးအပွင့်များနှင့်တကွ လူ့ဘဝတွင် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများ ရရှိခံစားပြီး တိုးတက်သောအခြေအနေကို ဖန်တီးနိုင်သည့် အခွင့်အရေးများကို ပေးအပ်နိုင်ရမည်။ ထို့ပြင် မည်သည့်အစိုးရမဆို ပြည်သူလူထု၏ အခွင့်အရေးကို ချုပ်ချယ်၍ နှိပ်စက်ညှဉ်းပန်းမှု ပြုလာလျှင် ထိုအစိုးရကို ပြည်သူလူထုသည် ဖြုတ်ချ ဖျက်သိမ်းနိုင်ခွင့် ရှိသည်ဟု ကျွန်ုပ်တို့ ယုံကြည်သည်'ဟု ကြေညာခဲ့ကြသည်။

ကျွန်တော်တို့၏ ခေါင်းဆောင်ကြီးများသည် ထိုကြွေးကြော်သံ၏ အနှစ်သာရကို အသည်းနှလုံးကြားတွင် ပိုက်ထွေးလျက် ပြန်လည်ထူထောင်ရေး လုပ်ငန်းကြီးများကို အကြီးအကျယ် လုပ်ကိုင်နေကြသည်။ အပြောကျယ်လှသော နိုင်ငံတော်ကြီးတစ်ခုလုံးတွင် ဖြစ်ပေါ်နေသည့် ပြဿနာအရပ်ရပ်ကို တရားမျှတမှုရှိအောင် ဆောင်ရွက်ပေးနေကြသည်။

ကျွန်တော်တို့နိုင်ငံတွင် ဖြစ်ပေါ်နေသော၊ များမြောင်လှသော ပြဿနာပေါင်းများစွာအနက် အရေးကြီးဆုံးသော ပြဿနာမှာ မဖြေရှင်းနိုင်အောင် အမြဲတည်ရှိနေသည့် ပြည်သူလူထု၏ အငတ်ပြဿနာပင် ဖြစ်ပါသည်။ ဝမ်းရေးပြဿနာ ရောဂါဆိုးသည် ပြည်သူလူထုတွင် ခေတ်အဆက်ဆက် စွဲကပ်လာခဲ့ရာ မည်သို့မျှ ပျောက်ကင်းအောင် မကုစားနိုင်ဘဲ နာတာရှည်ရောဂါကြီး ဖြစ်နေသဖြင့် များပြားလှစွာသော ရောဂါသည်များသည် ဤရောဂါကြောင့်ပင် ဘဝကို အရှုံးပေးသွားကြရလေသည်။

ထိုပြဿနာကို ဖြေရှင်းရေးအတွက် ကျွန်တော်တို့၏ ခေါင်းဆောင်ကြီးများသည် ဆိုဗီယက် ရုရှားမှ ဒနီပါ ဆည်ကြီးကဲ့သို့ လည်းကောင်း၊ အမေရိကန်မှ တနင်စီတောင်ကြား စီမံကိန်းဝင် ဆည်ကြီးများကဲ့သို့ လည်းကောင်း ခမ်းနားကြီးကျယ်သော ဆည်ကြီးများကို နိုင်ငံအတွင်း

တည်ဆောက်သွားရန် ညွှန်ကြားလေသည်။ ၁၀နှစ်အတွင်းတွင် ထိုဆည်ကြီးများနှင့်တကွ အခြား သိပ္ပံပညာ၏ အံ့ဖွယ်ရာ စွမ်းပကားများသည် ကျွန်တော်တို့ နိုင်ငံတွင် ကာလကြာမြင့်စွာ စွဲကပ်လျက်ရှိသော ငတ်မွတ်ခြင်း ရောဂါဆိုးကြီးကို ပျောက်ကင်းအောင် ကုသနိုင်လိမ့်မည်ဟု နိုင်ငံခေါင်းဆောင်ကြီးက မိန့်ကြားပါသည်။

ပြည်သူလူထုသည် ထိုကဲ့သို့ အလှမ်းကျယ်လှသော စီမံကိန်းကြီးများနှင့် ပတ်သက်၍ မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ဇဝေဇဝါ ဖြစ်နေကြလေသည်။ သို့သော်လည်း ကျွန်တော်တို့ ခေါင်းဆောင်ကြီးများကမူ ပြည်သူလူထု၏ အမြော်အမြင်သည် ကျဉ်းမြောင်းလှသည်။ သာယာဝပြောလာမည့် အနာဂတ်ကို မြင်နိုင်စွမ်း မရှိဟု ဆိုကြသည်။ မကြာမီသော ကာလတွင် ပေါကြွယ်များပြားသော ခေတ်သစ်ကြီးသို့ ရောက်တော့မည်။ ဤမည်သော ပဒေသာပင် ခေတ်ကြီးသို့ ရောက်ရန်မှာ လမ်းတစ်ကွေ့လောက်သာ လျှောက်သွားရန် လိုပါတော့သည်ဟု အားပေးစကား ပြောကြပါသည်။

သူတို့ပြောသည့် လမ်းတစ်ကွေ့သို့ရောက်ရှိရန် နှစ်ပေါင်းအတော်ကြာအောင် လျှောက်နေရသောအခါ ကျွန်တော်တို့၏ ခေါင်းဆောင်ကြီးများသည် ရှေ့သို့ ချီတက်ရေးအတွက် ကြားဖြတ်စီမံကိန်းတစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်ကြရပါသည်။ လမ်းတစ်ကွေ့ ရောက်ဖို့အတွက် ဤမျှကြာအောင် လျှောက်သွားနေရသည်မှာလည်း ကျွန်တော်တို့ နိုင်ငံသည် အလျားရော အနံပါ ရှည်လျား ကျယ်ပြန့်သောကြောင့် ဖြစ်ပါသည်။

ကြားဖြတ် ချလိုက်သည့် စီမံကိန်းမှာ 'သီးနှံပိုမို ထွက်ရေး' စီမံကိန်းပင် ဖြစ်ပါသည်။ ထိုစီမံကိန်းကို ဗဟိုအစိုးရသည် ပြည်နယ်အစိုးရအသီးသီးအား ငွေအသပြာများ ရက်ရောစွာ ထောက်ပံ့၍ ဆောင်ရွက်စေပါသည်။ မည်သူမဆို တိုင်းပြည်အတွင်း နှစ်ပေါင်းကြာမြင့်စွာ စွဲကပ်နေသည့် ငတ်မွတ်ခေါင်းပါးသောရောဂါကို ပျောက်ကင်းအောင် ကုသနိုင်ရေးအတွက် သီးနှံပိုမိုထွက်ရှိရေးကို ဆောင်ရွက်မည်ဆိုလျှင် အစိုးရ၏ ငွေကြေးထောက်ပံ့မှုများကို ရရှိနိုင်လေသည်။

သီတပူရခရိုင်မှ အမှုဆောင်အင်ဂျင်နီယာကြီးရှရီမိုဟန် မစ္စရာသည် လွတ်လပ်ရေးမရမီက ဗြိတိသျှအစိုးရ လက်အောက်တွင် အလုပ်လုပ်နေရာမှ အငြိမ်းစားယူရန် တစ်နှစ်အလိုတွင် နှစ်ပြည့်အောင် မလုပ်တော့ဘဲ အငြိမ်းစားယူခဲ့လေသည်။ ဤသို့ ကိုယ်ကျိုးစွန့်လွှတ်သော အပြုအမူကြောင့် အမျိုးသားရေးကို သစ္စာရှိသူတစ်ဦး ဖြစ်သည်ဟု အသိအမှတ်ပြုခြင်း ခံရပြီးလျှင် လွတ်လပ်ရေးရ၍ အမျိုးသားအစိုးရ အာဏာရရှိလာသောအခါ ထိုပုဂ္ဂိုလ်ကြီးအား ပြည်သူ့လုပ်ငန်းဌာနတွင် သူ၏ ယခင်ရာထူးကို ပြန်လည်ပေးအပ်လိုက်လေသည်။

ရှရီမစ္စရာသည် ချက်ချင်းပင် သူ၏ မြင့်မြတ်လှစွာသော တိုင်းချစ် ပြည်ချစ်စိတ်ကို ပြသရန် အလို့ငှာ သီတပူရ ခရိုင်အတွင်းရှိ ပြည်သူလူထုတစ်ရပ်လုံး၏ ဘဝမြှင့်တင်ရေးအတွက် စီမံကိန်းတစ်ခုကို ရေးဆွဲလေတော့သည်။ ထိုစီမံကိန်းကို ပြည်နယ်အစိုးရထံ တင်ပြသောအခါ နိဒါန်းတွင် သီတပူရ ခရိုင်အတွင်းရှိ လူအများ၏ အခြေအနေကို ဖော်ပြထားရာ ဗြိတိသျှ အစိုးရသည် တစ်နိုင်ငံလုံး ငတ်မွတ်ခေါင်းပါးသောဘေးနှင့် ရင်ဆိုင်ရအောင် သက်သက် ဖန်တီးပစ်ခဲ့သည်ဟု ထောက်ပြထားပါသည်။

ထိုဒေသရှိ ကျေးရွာများတွင် အိမ်ထောင်သားစုတိုင်းလိုလိုပင် ထမင်းနပ်မှန်အောင် မစားရသည့်အပြင် အချို့မှာ မြက်သာသာ သစ်ရွက်များကို စားနေကြရသည်ဟု ဆိုပါသည်။ အထူးသဖြင့် 'ရမ်ဂါ'အမည်ရှိသော ကျေးရွာဒေသတစ်ဝိုက်တွင် ယမန်နှစ်က မိုးခေါင်မှု ရေရှားမှုကြောင့် လူရောတိရစ္ဆာန်များပါ စားနပ်ရိက္ခာသာမက သောက်သုံးရေအတွက်ပါ အခက်အခဲနှင့် ရင်ဆိုင်နေကြရသည်ကို ဖော်ပြထားပါသည်။ ထို့ကြောင့် လက်ရှိ ဖြစ်ပေါ်နေသော ငတ်မွတ်ခေါင်းပါးသော ဘေးအန္တရာယ်မှ ကာကွယ်ရန် ရေများ သိုလှောင်ထားရှိနိုင်ရေးအတွက် မိုးတွင်းအခါတွင် စီးဆင်းသော ချောင်းကိုပိတ်ကာ ရေလှောင်ဆည်ကြီးတစ်ခုကို စံပြအဖြစ် တည်ဆောက်ပေးသင့်ကြောင်း အဆိုပြု တင်ပြလေသည်။

ကုန်ကျမည့် ခန့်မှန်းခြေမှာ ငွေကျပ် ၇၅၀၀၀ ခန့် ဖြစ်ပါသည်။ သို့သော်လည်း မကြာသေးမီက ဖွဲ့စည်းလိုက်သော အမျိုးသားအစိုးရအဖို့

အကုန်အကျခံသင့်သည့် ငွေများဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသားအစိုးရသည် ပြည်သူလူထုကို ကိုယ်စားပြုသော အစိုးရဖြစ်သည့်အားလျော်စွာ ပြည်သူတို့အတွက် စေတနာရှေ့ထား၍ ဆောင်ရွက်ပေးခြင်းအားဖြင့် ဂုဏ်သိက္ခာ တက်လာမည့်အပြင် ပြည်သူတစ်ရပ်လုံးကလည်း မိမိတို့အစိုးရအပေါ်တွင် ယုံကြည်အားကိုးလာမည် ဖြစ်ပေသည်။

အိန္ဒိယနိုင်ငံတွင် လူအများအဖို့ စားဝတ်နေရေး အလွန်ခက်ခဲသည်ဟု နိုင်ငံခြားသားများက မြင်နေခဲ့ကြသည်။ ယခုအချိန်တွင် ပြည်သူလူထုသည် အခက်အခဲပေါင်းများစွာနှင့် ရင်ဆိုင်နေကြရသော်လည်း အမျိုးသား အစိုးရ၏ ကြိုးပမ်းမှုကြောင့် အခြေအနေသည် အကောင်းဘက်သို့ ပြောင်းလဲလာပြီကို ပြသနိုင်မည် ဖြစ်သည်။ ထိုပြောင်းလဲမှုသည် မည်မျှပင်သေးငယ်စေကာမူ များမကြာမီ ဖြစ်ပေါ်လာမည့် ကြီးမားကောင်းမွန်သော ပြောင်းလဲမှုကြီးများ၏ ရှေ့ပြေးများသာ ဖြစ်သည်။ လူနေအိမ်ခြေ အမြောက်အမြား ဆောက်လုပ်ပေးလိမ့်မည်။ ကျောင်းတွေ လိုသလောက် ဖွင့်ပေးလိမ့်မည်။ လူသုံးကုန်ပစ္စည်းတွေ ပေါများလာလိမ့်မည်။ ထိုထိုသော ပြောင်းလဲမှုများကို မကြာမတင်တွေ့မြင်ရတော့မည် ဖြစ်သည်ကို ရှေ့ပြေးပြောင်းလဲမှုဖြင့် နိဒါန်းပျိုးလိုက်ခြင်း မည်သည်ဟု ရုရှီမစ္စရာက သိမ်မွေ့နက်နဲစွာ ဖော်ပြထားလေသည်။

ကျွန်တော်တို့နိုင်ငံတွင် ဘဝရပ်တည်ရေးအတွက် ခက်ခဲစွာ လုံးပန်းနေရသည်ကို ဝန်ခံကာ ထိုအခက်အခဲမျိုးကို ကြိုးစားဖြေရှင်းနေကြောင်းကို ကမ္ဘာသို့ ထုတ်ဖော် ပြသနိုင်သည်နှင့်အမျှ နိုင်ငံတကာကလည်း ကျွန်တော်တို့၏ ကြိုးစားမှု ဂုဏ်သိက္ခာနှင့် အမှန်တရားကို လေးစားသောအားဖြင့် ကမ္ဘာ့ဘဏ်မှ ဒေါ်လာများချေးယူနိုင်သည့် အခြေသို့ ရောက်ရှိလာမည် ဖြစ်ကြောင်းကိုလည်း ထည့်သွင်းတင်ပြထားလေသည်။

သူ၏ တင်ပြချက်များကို ပြည်နယ်အစိုးရ အဖွဲ့မှ ကောင်းစွာ လက်ခံလိုက်လေသည်။ အထူးသဖြင့် ပြည်ထဲရေးဝန်ကြီးသည် အင်ဂျင်နီယာကြီး၏ ဇနီးအား ဂန္ဒီကြီး၏ သဘောတရားကို ခံယူပြီး သူ့ခင်ပွန်း

ရာထူးမှ အငြိမ်းစား မယူခင်ကပင် တိုင်းရင်းဖြစ်လက်ရက်အထည်များကို ဝတ်ဆင်၍ မိုင်းငင်နေသူ အမျိုးသမီးကြီးအဖြစ်ဖြင့် လွန်ခဲ့သော ၁၈နှစ်ကျော် ကာလကတည်းက သိက္ခာမျှမ်းနေခဲ့သောကြောင့် ဖြစ်ပါသည်။

ဆောင်းဦးပေါက်တွင် ကျင်းပသည့် ပြည်နယ်လွှတ်တော် အစည်းအဝေးမှ ရမ်ဂါ ကျေးရွာဒေသတွင် ဆည်ကြီးတစ်ခု တည်ဆောက်ရန်အတွက် လိုအပ်ငွေ ကျပ် ၇၅၀၀၀ ကို ကန့်ကွက်သူ တစ်ဦးတစ်ယောက်မျှ မရှိဘဲ တညီတညွတ်တည်း ခွဲဝေသတ်မှတ်ပေးလိုက်လေသည်။

ရှရီမစ္စရာသည် ထိုရေလှောင်ဆည်ကြီး တည်ဆောက်ရေးအတွက် ကြီးကျယ် ခမ်းနားစွာ စီစဉ်လျက်ရှိသည်။ သူသည် ထိုကိစ္စအတွက် နိုင်ငံခြားမှ တတ်သိက္ခာမျှမ်းကျင်သော ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်သော်လည်း အဓိကအားဖြင့် အမျိုးသားဟန် မပျက်စေသည့် နည်းနာနိသျယများကို အသုံးပြုမည်ဟု ဆိုလေသည်။ သူသည် ပုံစံများကို ရေးဆွဲပြီးလျှင် ရှင်းလင်းချက်များနှင့်တကွ ပြည်သူ့ လုပ်ငန်းဝန်ကြီးထံ တင်ပြလိုက်လေသည်။

စင်စစ်အားဖြင့် တင်ပြချက်များသည် ပညာရှင်တစ်ဦး ရေးဆွဲသည့် ပုံစံနှင့် ကိန်းဂဏန်းများ ဖြစ်သည့်အလျောက် သက်ဆိုင်ရာ အတတ်ပညာရှင်များသာ သိရှိနားလည်နိုင်သည့် ဂဏန်းတွေ၊ မျဉ်းကြောင်းတွေ၊ ပုံစံတွေ ဖြစ်ပါသည်။ ပြည်သူ့လုပ်ငန်းဌာန ဝန်ကြီးသည် စက္ကူပြာကြီးများကို ခဏမျှ ကြည့်ရှုပြီးလျှင် တင်ပြချက်အားလုံးကို သဘောတူ အတည်ပြုလိုက်လေသည်။ ဤအကြိမ်တွင်လည်း ရှရီမစ္စရာ၏ ဇနီး အမျိုးသမီးကြီးကို ယခင်သောအခါက အမျိုးသားရေးအတွက် လုပ်ဆောင်ခဲ့သည်များကို အမှတ်မထင် သတိရနေသည့် ပြည်ထဲရေးဝန်ကြီးက အင်ဂျင်နီယာကြီး၏ မျိုးချစ်စိတ်ထက်သန်မှုကို အမွှမ်းတင် ထောက်ခံလိုက်ပြန်လေသည်။

ရှရီမစ္စရာသည်ဆည်ကြီးတည်ဆောက်ရေးကို ကိုယ်စွမ်း ဉာဏ်စွမ်း ရှိသရွေ့ ဆောင်ရွက်လေသည်။ သူသည် ကျွန်တော်တို့နိုင်ငံရှိ ပြည်သူ့ ဝန်ထမ်းဌာနမှ အခြားသော အင်ဂျင်နီယာများကဲ့သို့ပင် အင်ဂျင်နီယာသာ

မဟုတ် တည်ဆောက်သူလည်း ဖြစ်သည်။ စည်းရုံးရေးသမားကြီးလည်း ဖြစ်သည်။ ဤကဲ့သို့ အဖိုးတန်လှသော ပုဂ္ဂိုလ်ကြီးသည် သက္ကဋ္ဌဘာသာဖြင့် ရေးသားထားသာ ဗိသုကာ အတတ်ပညာတို့တွင် နှံ့စပ်လည်း ဖြစ်သည်။ ထိုပညာရပ်နှင့် သက်ဆိုင်သဘဲ့ နတ်မင်းကြီးကိုလည်း နေ့စဉ်နေ့တိုင်း ပူဇော် ပသကာ ဆည်တည်ဆောက်ရေး လုပ်ငန်းကြီး အောင်မြင်ရေးကို ဆုတောင်း ပတ္ထနာပြုလျက် ရှိပါသည်။

တကယ်ပင် သူသည် တည်ဆောက်ရေးလုပ်ငန်းတွင် ဆရာတစ်ဆူ ပါရဂူကြီးပင် ဖြစ်ပါသည်။ တည်ဆောက်ရန် ခွင့်ပြုချက် ရရှိ၍ ခြောက်လမျှ ကြာသောအခါ ဆည်ကြီးတည်ဆောက်ရေး လုပ်ငန်းကြီး ပြီးမြောက်သွားပါ တော့သည်။ အင်ဂျင်နီယာကြီးသည် ပြည်သူ့လုပ်ငန်း ဝန်ကြီးထံ မိမိအား တာဝန်ပေးထားသည့် လုပ်ငန်းကြီး အောင်မြင်စွာ ပြီးဆုံးသည့်အကြောင်း အစီရင်ခံလိုက်ရာ ထိုအစီရင်ခံစာကြီးကို အတွင်းဝန်ရုံးရှိ ဆိုင်ရာအမှုတွဲ တွင် တွဲထားလိုက်ကြလေသည်။

ရမ်ဂါဆည်နှင့် ရေလှောင်ကန်ကြီး တည်ဆောက်ရာတွင် အံ့သြဖွယ် ကောင်းလောက်အောင် စီမံကွပ်ကဲလုပ်ဆောင်ခဲ့သည်ကို အသိအမှတ်ပြုသော အားဖြင့် အစိုးရက ရှရီမစ္စရာအား မြောက်ပိုင်းဒေသများရှိ မြေဧရိယာ အမြောက်အမြားကို ရေပေးနိုင်ရေးအတွက် ပန်ဂျပ်ပြည်နယ်တွင် တည်ဆောက်မည့် 'ဘကရ' ဆည်ကြီး တည်ဆောက်ရေးလုပ်ငန်းများတွင် အကြံပေးအရာရှိအဖြစ် ခန့်အပ်လိုက်လေသည်။ သူ့နေရာတွင်မူ ပညာရေး ဝန်ကြီး၏ ပါလီမန်အတွင်းဝန်နှင့် ဆွေမျိုးနီးစပ်တော်သူ၊ မကြာသေးမီကမှ အမေရိကန်ပြည်မှ ပြန်လာသူ မစ္စတာ ဂျန်ကိဒတ်အမည်ရှိ လူရွယ် အင်ဂျင်နီယာတစ်ဦးအား သိတပူရခရိုင် အင်ဂျင်နီယာအဖြစ် ခန့်ထားလိုက် လေသည်။

ဤကိစ္စနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် အတိုက်အခံအမတ် များက အစိုးရသည် ဆွေမျိုးသားချင်းများကို မျက်နှာလိုက်၍ ရာထူး

ခန့်ထားနေသည်ဟု စွပ်စွဲကာ မေးခွန်းများ မေးကြပါသေးသည်။ သို့သော်လည်း ကျွန်တော်တို့ တိုင်းပြည်တွင် အရည်အချင်းနှင့် ပြည့်စုံသော အင်ဂျင်နီယာများ လုံလောက်အောင် မရှိသေးသည့်အတွက် ထိုပြဿနာမှာ မကြာမီ ငြိမ်သက် ပပျောက်သွားပါသည်။

ရှရီမစ္စရာသည် မိမိ၏နေရာတွင်ဆက်ခံသော မစ္စတာ ဂျန်ကိဒတ်နှင့်တွေ့ဆုံမိသောအခါ သူတည်ဆောက်ခဲ့သည့် အံ့ဩဖွယ်ကောင်းသော ဆည်ကြီးအကြောင်းကို ပြောပြလေသည်။ ပညာရှင်နှစ်ဦးသည် ဆည်တည်ဆောက်ရေး လုပ်ငန်းကို အပြန်အလှန် ဆွေးနွေးကြရင်း မူလတည်ဆောက်သူ၏ ချို့ယွင်းချက်တစ်ခုကို တွေ့ရှိရလေသည်။ ထိုဆည်ကြီး၌ ရွာသူရွာသားများ ရေချိုးဆင်းရန်၊ ရေခပ်ဆင်းရန်၊ အဝတ်လျှော်ရန် လှေကားထစ်များကို မေ့လျော့ပြီး မတပ်ဆင်မိခဲ့သည့် ချို့ယွင်းချက်ဖြစ်ပါသည်။ အထူးသဖြင့် နွေအခါ ဆည်အတွင်း ရေများနည်း၍ ရေမျက်နှာပြင် နိမ့်ကျနေသည့်အချိန်တွင် ရေစပ်သို့ဆင်းရန် လှေကားထစ်များ အထူးလိုအပ်နေပါသည်။

ဤကိစ္စနှင့်ပတ်သက်၍ ရွာသူရွာသားများထံမှ တင်ပြချက်များကို ရရှိသဖြင့် ဤအရေးကြီးသည့် လုပ်ဆောင်ချက်တစ်ရပ်ကို မေ့လျော့ထားခဲ့မိသည့်အတွက် မိမိကိုယ်ကို မိမိ ခွင့်မလွှတ်နိုင်အောင် ဖြစ်မိကြောင်းကို အင်ဂျင်နီယာကြီးက ဝန်ခံပြီးလျှင် သူ့အဖို့ ခေါင်းဖြူစွယ်ကျိုး အရွယ်ကျမှ လူအများ ကဲ့ရဲ့ပြစ်တင်ခြင်း မခံရလေအောင် လုပ်ဖော်ကိုင်ဘက်ချင်း ရိုင်းပင်း ကူညီပါရန် မစ္စတာချန်ကိဒတ်အား တောင်းပန်လေသည်။ သို့သော်လည်း ရေစပ်အထိ ရွာသူရွာသားများ ဆင်းသက်နိုင်ရေးအတွက် ဆည်တစ်ဖက်တွင် လှေကားထစ်များက ပြုလုပ် တပ်ဆင်ပေးရန်အတွက် ပြည်နယ်အစိုးရထံမှ ငွေကျပ် ၁၅၀၀၀ ထပ်မံတင်ပြ တောင်းဆိုရန်ကိုလည်း အင်ဂျင်နီယာအဘိုးကြီးက လူရွယ် အင်ဂျင်နီယာအား အကြံပြုတိုက်တွန်းလိုက်လေသည်။

မစ္စတာဂျန်ကိဒတ်သည် အဘိုးကြီး၏ဖြူဖွေးနေသော ဆံပင်များကို အရေးထားလိုစိတ် မရှိလှပါ။ သို့သော်လည်း သူတို့၏ လုပ်ဖော်ကိုင်ဘက် တစ်ဦးက တည်ခင်းသည့် လက်ဖက်ရည်ပွဲတစ်ခုတွင် ရှရီမစ္စရာ၏ ၂၅ နှစ်အရွယ် သမီးပျိုကို တွေ့မြင်လိုက်ရသောအခါ အဘိုးကြီး၏ မူလပုံစံဖြင့် တည်ဆောက်ထားသည့်ဆည်တွင် လှေကားထစ်များတပ်ဆင်ကာ မိမိ၏ ပညာစွမ်းရည်ကို ပြသမည်ဟု အောက်မေ့မိလေသည်။ ထို့ကြောင့် သူသည်ပြည်သူ့လုပ်ငန်း ဝန်ကြီးထံသို့ အဆိုပြုလွှာတစ်စောင် ရေးသား တင်ပြလေသည်။

ထိုဆည်ကြီးကို တည်ဆောက်ရာ၌ မူလက ပတ်ဝန်းကျင်ဒေသရှိ လယ်ယာမြေများကိုသာ ရေပေးရန် ရည်ရွယ်ခဲ့သောကြောင့် အကုန်အကျကို အစွမ်းကုန် ခြိုးခြံခဲ့ကြောင်း၊ ယခုအခါ၌မူ ကျေးရွာသူရွာသားများ ထို ဆည်မှ ရေကို နေ့စဉ်အသုံးပြုစေရန် လိုအပ်လာသည့်အလျောက် လှေကား ထစ်များ တပ်ဆင်ပေးရမည်ဖြစ်ရာ ခန့်မှန်းခြေအားဖြင့် ကျပ်ငွေ ၁၅၀၀၀ ကုန်ကျမည် ဖြစ်ကြောင်း။ ထိုငွေမှာ ထိုဒေသရှိ တောင်သူလယ်သမားတို့ ရရှိခံစားရမည့် အကျိုးကျေးဇူးနှင့် နှိုင်းစာလျှင် များသည်ဟု မဆိုနိုင်ကြောင်း၊ မူလကတင်ပြခဲ့သော ကျပ်ငွေ၇၅၀၀၀ကျပ်မှာ ဆည်သက်သက်တည်ဆောက် ရန် ကုန်ကျစရိတ်ကိုသာ တွက်ချက် တင်ပြ တောင်းဆိုခဲ့ခြင်းဖြစ်၍ အလွန်နည်းပါးနေပါသောကြောင့် လှေကားထစ်များ တပ်ဆင်ပေးနိုင်ခဲ့ခြင်း မရှိကြောင်း စသည်ဖြင့် ဖော်ပြထားလေသည်။

ပြည်သူ့လုပ်ငန်းဌာန ဝန်ကြီးသည် အင်ဂျင်နီယာပညာရှင်၏ ကျိုးကြောင်း စုံလင်စွာ ဖော်ပြထားချက်များကို လက်ခံကာ ပြည်နယ်အစိုးရ အဖွဲ့သို့ တင်ပြရန်သင့်သည်ဟု ယူဆမိလေသည်။ ရှရီမစ္စရာကလည်း ဝန်ကြီးနှင့်တွေ့ဆုံရန် မစ္စတာ ဂျန်ကိဒတ် ဖော်ပြခဲ့သည့် အချက်အလက် များကို ထပ်မံဖြည့်စွက် ထောက်ခံပြောဆိုသည့်အလျောက် ဝန်ကြီးသည် ယုံကြည်စိတ်ချရသော ပညာရှင်ကြီးတို့၏ အဖိုးတန်လှသော အကြံဉာဏ်

များကို ရရှိပြီးပြီဟု အောက်မေ့မိလေသည်။ ထို့ကြောင့် မိမိ၏အစိုးရထံ လေးလေးနက်နက် ထောက်ခံတင်ပြလိုက်လေသည်။ များမကြာမီ နောက်တစ်ကြိမ် ရန်ပုံငွေများ ခွဲဝေသတ်မှတ်သောအခါ ရမ်ဂါဆည်ကြီး တိုးတက်ကောင်းမွန်အောင် လုပ်ကိုင်နိုင်ရေးအတွက် ငွေကျပ် ၁၅၀၀၀ ခွဲဝေသတ်မှတ်ပေးလိုက်လေသည်။

တစ်ခေတ်ပြောင်းခဲ့ပြီဖြစ်သော အိန္ဒိယနိုင်ငံတွင် ခေတ်သစ်အမြင်အယူအဆများအရ လက်ထပ်မင်္ဂလာပွဲများကို ကောင်းကင်ဘုံမှ စီမံဖန်တီးပေးသည်ဟု မယူဆကြတော့ဘဲ လူ့လောကအလယ်တွင် လူလူချင်း လူ့အတွေးအခေါ် အယူအဆတို့ဖြင့်သာ ဖန်တီးရမည်ဟု သဘောပေါက်လာကြပါသည်။ ယခုလည်း ရမ်ဂါဆည်ကြီး တိုးတက် ကောင်းမွန်အောင်ဆောင်ရွက်နေသည့်အချိန်မှာပင် အင်ဂျင်နီယာကလေး ဂျန်ကိဒတ်နှင့် အင်ဂျင်နီယာကြီး ရှရီမစ္စရာ၏ တစ်ဦးတည်းသော ၂၅နှစ်အရွယ်သမီးတို့လက်ထပ် ထိမ်းမြားရေးကိုလည်း စီစဉ်လျက် ရှိကြလေသည်။

ထို့ကြောင့် သူသည်ဆင်းရဲတွင်းနက်နေသော တောင်သူလယ်သမားတို့ မိုးခေါင်ရေရှား အခါများတွင် လုံလောက်သောရေများ ရရှိနိုင်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးနေသော တည်ဆောက်ရေးပါရဂူ မျိုးချစ်ပုဂ္ဂိုလ်ကြီး၏ ရွှင်လန်းချမ်းမြေ့ဖွယ်ကောင်းလှသော အိမ်ထောင်သားစုတွင် တစ်ယောက် အပါအဝင် ဖြစ်သွားလေသည်။

ဤသို့လျှင် မစ္စတာ ဂျန်ကိဒတ်သည် ရှရီမစ္စရာ ကဲ့သို့သော ကြီးကျယ်မြင့်မြတ်သော အိမ်ထောင်စု၏ သမီးပျိုနှင့် လက်ထပ်ထိမ်းမြားပြီးသောအခါ သေးငယ်လှသော သီတပူရ ခရိုင်တွင် ဆက်လက်နေထိုင်ရန် မလွယ်ကူတော့ချေ။ ထို့ကြောင့် သူသည် အင်္ဂလိပ် ကုန်သည်ကြီးများ၏ လုပ်ငန်းများကို ဝယ်ယူလိုက်သည့် ကာလကတ္တားမြို့မှ စက်မှုလက်မှု လုပ်ငန်းရှင် မာရဝါရီ သူဌေးကြီးတစ်ဦးထံတွင် စက်ရုံ အလုပ်များကို လှည့်လည် စစ်ဆေးရသည့် အင်ဂျင်နီယာ အလုပ်ကို ရရှိအောင် ဖန်တီးယူလိုက်လေသည်။

မစ္စတာဂျန်ကိဒတ်သည် နေရာတွင် လူစားခန့်ထားရန် ရှရီမစ္စရာပင် အင်ဂျင်နီယာ လူငယ်တစ်ဦးကို ထောက်ခံတင်ပြလိုက်လေသည်။ ထိုလူငယ်သည် သူ့ဇနီး၏ တူဖြစ်သူ မစ္စတာရာ (ဂျ)ဂိုပေါ ဖြစ်လေသည်။ သူသည် ပြည်သူ့လုပ်ငန်းဌာနတွင် လမ်းဗိုလ်အဖြစ် လုပ်ကိုင်နေခဲ့သူဖြစ်သည်။ သို့သော်လည်း အလုပ်ကြိုးစားသူ ဖြစ်သည့်အလျောက် စာပေးစာယူ သင်တန်းများကို တက်ရောက်ပြီး အင်ဂျင်နီယာ ဒီပလိုမာဘွဲ့ကို ရရှိထားသူ ဖြစ်လေသည်။ ထို့ပြင် အမေရိကန်ပြည်ရှိ အင်ဂျင်နီယာ အသင်းအဖွဲ့များကလည်း သူ့ကို အသင်းဝင်အဖြစ် အသိအမှတ်ပြုကာ လက်ခံထားလေသည်။ ရှရီမစ္စရာသည် အစိုးရထံ ဘကရ ဆည်ကြီးနှင့် ပတ်သက်၍ အခြေအနေအရပ်ရပ်ကို ဝေဖန်သုံးသပ်ပြီး ရှည်လျားသော အစီရင်ခံစာကြီးကိုတင်ပြထားသည့်အလျှောက် အစိုးရက အထူးနှစ်ခြိုက်ချီးကျူးခြင်းကို ခံနေရသူ ဖြစ်သည်။ ထို့ကြောင့် မစ္စတာ ဂိုပေါနှင့် ပတ်သက်၍လည်း သူ၏ ထောက်ခံချက်ကို လက်ခံလိုက်လေသည်။

ထိုမျှမကသေးပါ။ ရှရီမစ္စရာနှင့် အင်ဂျင်နီယာသစ် ဂိုပေါတို့ ပူးတွဲ ပြုစုတင်ပြသည့် ရမ်ဂါဆည်ကြီး ကောင်းမွန်တိုးတက်အောင် ပြုပြင်ဆောင်ရွက်ရမည့် ကိစ္စနှင့် ပတ်သက်သော အစီရင်ခံစာကိုလည်း လက်ခံလိုက်လေသည်။ ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ကို အသက်သွေးကြောကြီးသဖွယ် ရေများ ဖြန့်ဝေပေးလျက်ရှိသော ဆည်ကြီးတည်ဆောက်ပြီး၍ နှစ်နှစ်ခန့်အကြာတွင် ထိုဆည်အတွင်းသို့ စီးဝင်ရာ သဘာဝ ရေစီးလမ်းကြောင်းများတွင် ဆည်မှ နုန်းနွံများ ပိတ်ဆို့လာသည်ကို တွေ့ရကြောင်း၊ ထိုရေစီးကြောင်းကို ပိတ်ဆို့နေသည့် နုန်းနွံများကို ခြစ်ထုတ်ပစ်မှသာ ထိုဒေသတစ်ဝိုက်ရှိ ပြည်သူလူထု၏ အသက်သွေးကြောသဖွယ် ဖြစ်သော ဆည်အတွင်းသို့ ရေများ စီးဝင်ပြီး သိုလှောင်ထားနိုင်မည် ဖြစ်ကြောင်း၊ ထိုလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ငွေကျပ် ၂၅၀၀၀ ကုန်ကျမည် ဖြစ်ကြောင်း စသည်ဖြင့် အင်ဂျင်နီယာနှစ်ဦးက တင်ပြထားလေသည်။

ဤမျှမပြောပလောက်သောငွေကိုအကုန်အကျမခံနိုင်၍ ဆည်ထဲသို့ ဝင်ရောက်နေသည့် ရေစီးလမ်းကြောင်းများကို ရွှံ့နွံများ ပိတ်ဆို့နေမည်

ဆိုပါက ဆည်ကြီးသည် ပြည်သူလူထုအတွက် အကျိုးသက်ရောက်မှု ရှိတော့မည် မဟုတ်ဟု ပြည်သူ့လုပ်ငန်း ဝန်ကြီးဌာနက ယူဆမိလေသည်။ ထို့ကြောင့် အင်ဂျင်နီယာများ၏ အစီရင်ခံချက်များကို အစိုးရအဖွဲ့သို့ ထောက်ခံတင်ပြလိုက်ရာ တောင်းဆိုသည့်ငွေကို သာမန် လုပ်ရိုးလုပ်စဉ် တစ်ရပ်အနေဖြင့် လွယ်လွယ်ပင် ခွင့်ပြုလိုက်လေသည်။

ဆည်ကြီးအတွင်းမှ နုန်းနွံများ ခြစ်ထုတ်နေသည့်အကြောင်း အစီရင်ခံစာများ ဝန်ကြီးထံသို့ အဆက်မပြတ် ရောက်ရှိနေသည့်အချိန်တွင် အင်္ဂလိပ်လူမျိုး မစ္စတာ ကွန်ဒေါအမည်ရှိ ဆည်မြောင်းဘက်ဆိုင်ရာ အင်ဂျင်နီယာကြီးတစ်ဦးသည် အိန္ဒိယအမျိုးသား အစိုးရ တည်ဆောက် လုပ်ကိုင်လျက်ရှိသော လုပ်ငန်းများကို လေ့လာကြည့်ရှုရန် ရောက်ရှိလာလေသည်။ သူသည် ဗဟိုအစိုးရ၏ ဖိတ်ကြားချက်အရ လာရောက်သည့် ပုဂ္ဂိုလ်ကြီး ဖြစ်သည့်အလျောက် ပြည်နယ်အစိုးရ အဖွဲ့များမှ ပြည်သူ့ လုပ်ငန်းဆိုင်ရာ ဝန်ကြီးများအား တွေ့ဆုံဆွေးနွေးရာတွင် ရမ်ဂါဆည်ကြီးနှင့် သက်ဆိုင်သည့် အမှုတွဲကြီးကို တွေ့ရှိ လေ့လာခွင့်ရလေသည်။

ပြည်သူ့လုပ်ငန်းဌာန ဝန်ကြီးသည် ရမ်ဂါဆည်ကြီးအကြောင်းကို ထူးထူးခြားခြားပင် ဂုဏ်ယူ၍ ပြောဆိုလေသည်။ ပြည်သူ့အစိုးရသည် ပြည်သူလူထုအတွက် ဤမျှ ကြီးမားသော ဆည်ကြီးကို စံပြအဖြစ် မိမိတို့ တိုင်းရင်းသား အင်ဂျင်နီယာများ တည်ဆောက်ခဲ့သည့် အကြောင်းကို ကြားရသော အင်္ဂလိပ်အင်ဂျင်နီယာကြီးသည် အထူးပင် စိတ်ပါဝင်စား လာလေသည်။ ထိုစံပြဆည်ကြီးကို မိမိကိုယ်တိုင်သွားရောက် ကြည့်ရှုလေ့လာ လိုပါသည်။ သွားရောက်လေ့လာခွင့်ပြုပါရန် ဝန်ကြီးအား ပန်ကြားလေ တော့သည်။

ဝန်ကြီးသည် သီတပူရခရိုင် အင်ဂျင်နီယာ မစ္စတာ ဂိုပေါကိုခေါ်ယူ ကာ မစ္စတာ ကွန်ဒေါအား ရမ်ဂါဆည်ကြီးကို လိုက်လံပြသရန် ညွှန်ကြား လေသည်။ မစ္စတာ ဂိုပေါက မိမိသည် နေမကောင်း ထိုင်မသာ ဖြစ်နေ ကြောင်း၊ ထို့ပြင် မစ္စတာ ကွန်ဒေါသည် ဤသို့ သွားလာလိုလျှင် မိမိအား

လုံလောက်သော အချိန်ပေး၍ အကြောင်းကြားသင့်ကြောင်း၊ အဘယ်ကြောင့် ဆိုသော် ရမ်ဂါသည် အလွန် အသွားအလာခက်၍ ချောင်ကျသည့်ဒေသ ဖြစ်ကြောင်း၊ အင်္ဂလိပ် လူမျိုး အင်ဂျင်နီယာကြီးအတွက် နေရာထိုင်ခင်း တည်းခိုနားနေရန် တဲများ စီစဉ်ဆောက်လုပ်ရမည့်အပြင် သူ့အတွက် စားရေးသောက်ရေးများကိုလည်း အခက်မခဲမရှိအောင် စီစဉ်ရန်လိုကြောင်း၊ ယခုလက်ရှိ အခြေအနေအရဆိုလျှင် အင်္ဂလိပ် အင်ဂျင်နီယာကြီးအဖို့ ထိုဒေသသို့ သွားရန် လွယ်ကူမည် မဟုတ်ကြောင်း၊ အကယ်၍ သွားလျှင် လည်း အသက်ရှင်၍ ပြန်လာဖို့ပင် မမြင်ကြောင်း စသည်ဖြင့် တင်ပြလေ သည်။

ထို့ပြင် မစ္စတာကွန်ဒေါထိုဒေသသို့သွားလိုသောဆန္ဒ ပြင်းပြပါလျှင် နောက်နှစ်အခါ ရှရီမစ္စရာ ခွင့်ယူပြန်လာမည့်အချိန်နှင့် ကိုက်ညီအောင် ချိန်းဆိုစီစဉ်ပေးသင့်ကြောင်း၊ ထိုအချိန်အခါသည် ရာသီဥတုကလည်း အလွန်သာယာ၍ ထိုဒေသတစ်ဝိုက်တွင် လှည့်လည်ရင်း ဘဲငှက်များကို လည်း ပျော်ပျော်ပါးပါး လိုက်လံပစ်ခတ်နိုင်မည်ဟု ဖြစ်ကြောင်း အကြံပြု လေသည်။

သို့သော်လည်း မစ္စတာ ကွန်ဒေါသည်စိတ်မြန် ကိုယ်မြန် ပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။ ယခုသွားရလျှင် သွားမည်။ နောက်မှဆိုလျှင် မသွားလိုတော့ဟု ဆိုသည်။ သူသည် မိမိအလုပ်တွင် ကျွမ်းကျင်သူ ဖြစ်သည်။ အလုပ်ကို စိတ်ဝင်စားစွာ လုပ်တတ်သည်။ သူတို့ပေးခဲ့သော လွတ်လပ်ရေးကို အိန္ဒိယအမျိုးသားတို့ မည်သို့မည်ပုံ အသုံးချလျက်ရှိသည်ကိုလည်း သိလို မြင်လိုသည်။ အကယ်၍ ဂုဏ်ပြုအပ်သည့် ဝန်မင်းကြီးသည် အားလပ်မည် ဆိုပါက စနေနေ့ မွန်းလွဲပိုင်းတွင် မိမိသည် ဝန်ကြီးနှင့်အတူ ထိုစိတ် ဝင်စားဖွယ်ကောင်းလှသော ဆည်ကြီးကို သွားရောက်လေ့လာလိုလှပါသည် ဟု ရည်မွန်စွာ ပန်ကြားလေသည်။

မစ္စတာ ကွန်ဒေါအား ဝတ္တရား ကျေပွန်စွာ ပြုစုစောင့်ရှောက်ရန်မှာ ပြည်သူ့လုပ်ငန်းဌာန ဝန်ကြီး၏ တာဝန်ဖြစ်ပါသည်။ ထိုဧည့်သည်တော်ကြီး

၏ ဆန္ဒကို လိုက်လျော၍ ဝန်ကြီးကိုယ်တိုင် လိုက်ပါကြည့်ရှုပါရန် စီစဉ်ရလေသည်။

အလွန်တရာခေါင်၍ ချောင်ကျလှသည့် ရမ်ဂါအမည်ရှိသော ရွာသို့သွားရာ လမ်းသည် ချုံနွယ်ပိတ်ပေါင်းတို့အလယ်မှ ဖုန်ထူထပ်သည့် လမ်းငယ်ကလေးသာ ဖြစ်ပါသည်။ ဧည့်သည်တော်နှင့် ဝန်ကြီး စီးနင်းလိုက်ပါလာသော မော်တော်ယာဉ်ကို မောင်းနှင်လာသည့် ယာဉ်မောင်းသမားသည် ထိုရွာသို့သွားရာလမ်းကို ရှာမတွေ့နိုင်အောင် ဖြစ်နေပါသည်။ ချုံနွယ်ပိတ်ပေါင်းတို့အလယ်တွင် အတန်ကြာအောင် လမ်းစပျောက်ကာ တဝဲလည်လည် ဖြစ်နေပြီးမှ ပျက်စီးယိုယွင်းနေသော တဲအိမ်များသာ ကျိုးတိုးကျဲတဲ ရှိနေသည့် ရွာငယ်တစ်ခုသို့ ရောက်သွားကြရလေသည်။ ထိုတဲအိမ်စုကိုပင် ရမ်ဂါရွာဟုခေါ်ကြောင်း ရွာသူရွာသားများထံမှ သိရလေသည်။

ဧည့်သည်တော်ကြီးများက တွေ့ရှိရသည့် ရွာသူရွာသားများအား လယ်ယာမြေများကို ရေများပေးသွင်းလျက်ရှိသည့် ဆည်ကြီးကို ကျေးဇူးပြုပြီး လိုက်ပြကြပါဟု ဆိုသည်။ ထိုကဲ့သို့သော ရေလှောင်ဆည်ကြီး အနီးအနားတစ်ဝိုက်တွင် မရှိပါဟု တောင်သူလယ်သမားများက ဖြေကြသည်။

ဝန်ကြီးသည် ထိုကျေးရွာရှိ လူအများ၏ ဘာသာစကားကို ကောင်းမွန်စွာနားလည်သူဖြစ်သော်လည်း သူ့အမေးကိုမူ ရွာသူရွာသားတို့ နားလည်ဟန်မတူဟု ယူဆသည်။ ထို့ကြောင့် ရွာသူကြီးအား ခေါ်စေသည်။ ရောက်ရှိလာသော မုတ်ဆိတ်မွေးထူလပျစ်နှင့် သူကြီးဆိုသူအား အစိုးရက တောင်သူလယ်သမားများ ကျေးရွာသူရွာသားများအတွက် ငွေအမြောက်အများ အကုန်အကျခံ၍ တည်ဆောက်ခဲ့သော ဆည်ကြီး ဘယ်မှာရှိသနည်းဟု မေးသည်။ အဘိုးကြီးသည် သူ၏ ပြူးထွက်နေသော မျက်လုံးအစုံဖြင့် ဧည့်သည်တော်ကြီးများအား တအံ့တသြ ကြည့်လျက် ဦးခေါင်းကို ဘယ်ညာယမ်းပြပါသည်။ ထိုဒေသတွင် တာဝန်ကျနေသည့် ရဲအဖွဲ့ဝင်များကလည်း အဘိုးကြီးနည်းတူ ဦးခေါင်းများကို ခါ၍ အဖြေပေးကြလေသည်။

ဧည့်သည်တော်ကြီးများသည် အလိမ်အညာခံခဲ့ရသည်ကို တနုံ့နုံ့ တွေးရင်း ပင်ပန်းတကြီး ခရီးနှင်လာခဲ့သည့်အတွက် ဝမ်းဗိုက်များလည်း ဟာလာကြပြီဖြစ်၍ သူတို့၏ မျက်နှာထားသည် သုန်၍ မှုန်၍ နေပါသည်။ မည်သူမျှ စကားမပြောကြ။ တိတ်ဆိတ် ငြိမ်သက်စွာပင် လိုက်ပါလာကြလေသည်။

မစ္စတာကွန်ဒါသည် ဤကိစ္စနှင့် ပတ်သက်၍ ဗဟိုအစိုးရ ဝန်ကြီးချုပ်ထံ မိမိကိုယ်တိုင် စာရေးတင်ပြသင့်သည်ဟု ထင်မြင်မိလေသည်။ သို့သော်လည်း ထိုပုဂ္ဂိုလ်ကြီးများမှာ အခြားအခြားသော ကိစ္စအဝဝကို ဆောင်ရွက်နေရသည်နှင့် မအားမလပ်အောင် ဖြစ်နေပါသည်။

များမကြာမီ ရမ်ဂါဒေသမှ ဆည်ကြီးပျောက်ဆုံးနေပါသည်ဆိုသော သတင်းပေါက်ကြားသွားသောအခါ ပြည်သူ့လွှတ်တော်ထဲတွင် အမတ်များက မေးကြမြန်းကြသည်။ ပြည်သူ့လုပ်ငန်း ဝန်ကြီးက ဤကိစ္စနှင့် ပတ်သက်၍ တိကျသေချာစွာ စုံစမ်းစစ်ဆေးမှု ပြုလုပ်ပါမည်ဟု ဖြေကြားလေသည်။

သို့သော်လည်း ဤစုံစမ်းစစ်ဆေးမှုတွင် အရေးကြီးသည့် သက်သေဖြစ်သူ အင်ဂျင်နီယာကြီး ရှရီမစ္စရာသည် အစစ်အဆေး မခံနိုင်တော့ပါ။ သူသည် လွန်ခဲ့သော လအနည်းငယ်အတွင်းက နှလုံးရောဂါဖြင့် ကွယ်လွန်သွားရှာပါသည်။ ထို့ကြောင့် ဤလူ့ပြည်မှာတော့ ဤကိစ္စကို ဖြေရှင်းနိုင်တော့မည် မဟုတ်ပါ။ သည်လိုဆိုလျှင် ငရဲပြည်သို့လိုက်၍ ဖြေရှင်းရမည်လား။

**( မြဝတီ။ ။ နိုဝင်ဘာ၊ ၁၉၇၃ )**

## မန်းတင် ၏
## စာပေနှင့် ဘဝဖြစ်စဉ်မှတ်တမ်း

၁၉၁၆ ။နိဝင်ဘာလ ၁၁ ရက်နေ့တွင် မန္တလေးမြို့၌ ဦးကံကြီး၊ ဒေါ်ဖွားကြီးတို့မှ ဖွားမြင်သည်။ သားသမီးနှစ်ယောက်အနက် သားကြီး၊ အမည်ရင်းမှာ 'ထွန်းတင်'။

၁၉၂၇ ။ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ ထန်းကုန်းရွာသို့ ပြောင်းရွှေ့သည်။

၁၉၂၈ ။မန္တလေးမြို့၊ ဝါးတန်းရပ်သို့ ပြောင်းရွှေ့သည်။

၁၉၃၃–၃၄ ။အထက်တန်းကျောင်းသားဘဝ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်များတွင် ရယ်ရွှင်ဖွယ်ရာများ၊ ဆောင်းပါးများ၊ ကဗျာများကို ကလောင်အမည် အမျိုးမျိုးဖြင့် စတင်ရေးသားခဲ့။
(တင်– ဈေးချို ဝါးတန်း၊ ပေါက်စ၊ ဖိုးလုံး၊ ဖိုးသာဝ၊ မောင်ကျောက်လုံး၊ မောင်ထွန်းတင်၊ မောင်ဒေါန၊ မောင်ပြုံးချို၊ မန္တလာတင်)

၁၉၃၅ ။ဒုတိယ ကျောင်းသားသပိတ်တွင် ပါဝင်ခဲ့။ ဆယ်တန်းကို ခ အဆင့်မှ အောင်မြင်။

၁၉၃၆ ။ဆယ်တန်းကို က အဆင့်မှ အောင်မြင်။
၁၉၃၇ ။ရန်ကုန်တက္ကသိုလ် တက်သည်။
၁၉၃၈–၃၉ ။တက္ကသိုလ် ကျောင်းသားသပိတ်တွင် ပါဝင်လှုပ်ရှားခဲ့။
၁၉၄၀–၄၁ ။ဝိဇ္ဇာဘွဲ့ ရရှိ။
၁၉၄၁ ။ဒေါ်သန်းတင်နှင့် အိမ်ထောင်ကျသည်။
၁၉၄၂ ။သာယာဝတီခရိုင်တွင် အလုပ်သင်မြို့ပိုင်အဖြစ် အမှုထမ်း။ မြို့ပိုင်အဖြစ်ဖြင့် သာယာဝတီ၊ မင်းလှ၊ အုတ်ဖိုနယ်တစ်ပိုင်တွင် ဂျပန်တော်လှန်ရေး၌ ပါဝင်ခဲ့။
၁၉၄၅ ။ထိုသုံးနှစ် စာအုပ်ကို ခေတ်ဆန်း စာပုံနှိပ်တိုက်မှ ထုတ်ဝေ။
၁၉၄၈ ။မိုး၍ရေးထားသော *အနိုင်မခံ* စာအုပ်ကို ရှုမဝစာအုပ်တိုက်မှ ထုတ်ဝေ။(ဖရူဆို အမည်ဖြင့်လည်း တိုက်ရိုက်ဘာသာပြန်ခဲ့) မိုးညှိမြို့တွင် မြို့ပိုင်အဖြစ် တာဝန်ထမ်းဆောင်။
၁၉၄၉ ။*ပြုံးတမဲ့မဲ့* စာအုပ်ကို စကြာဝဠာ ပုံနှိပ်တိုက်။
*ဇင်းဒါး အကျဉ်းသား* ဒုတွဲ (ဘာသာပြန်)၊ စကြာဝဠာ ပုံနှိပ်တိုက်။
*မြ* (မိုးရေး)၊ စကြာဝဠာ ပုံနှိပ်တိုက်။
၁၉၅၁ ။သာယာဝတီတွင် ငြိမ်းချမ်းရေးဝန်ထမ်းမှူး မြို့ပိုင်အဖြစ် အမှုထမ်း၊ သမဝါယမ မဂ္ဂဇင်း အယ်ဒီတာ။
၁၉၅၂ ။*တောင်လေသွေးတော့* (ဘာသာပြန်)၊ ရှုမဝစာအုပ်တိုက်။ မတ္တရာမြို့ နယ်ပိုင်၊ ကျောက်ဆည်မြို့ ငွေတိုက်အရာရှိ။ မြို့မ ဝန်ထောက်ကြီးအဖြစ် ခေတ္တ တာဝန်ထမ်းဆောင်၍ ရန်ကုန်မြို့သို့ ပြောင်းရွှေ့။ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး ဝန်ကြီးဌာနတွင် အမှုဆောင်အရာရှိအဖြစ် တာဝန်ထမ်းဆောင်။

ဆိုဗီယက်ပြည်ထောင်စုနှင့် တရုတ်ပြည်တို့သို့ နှစ်လခွဲခန့် လေ့လာရေးသွားရောက်ခဲ့။

၁၉၅၆ ။လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယအတွင်းဝန်အဖြစ် တာဝန်ထမ်း။ အိန္ဒိယနိုင်ငံ ဘုံဘေမြို့တွင် ကျင်းပသည့် အာရှဆိုရှယ်လစ်ညီလာခံသို့ ဝန်ကြီးချုပ် ဦးဗဆွေနှင့်အတူ တက်ရောက်ခဲ့။

ဝဏ္ဏကျော်ထင်ဘွဲ့ ရရှိသည်။

*ကိုဖိုးလုံး၊* စာသဘင်ပုံနှိပ်တိုက်။

*မော်စကိုမှ ရန်ကုန်သို့၊* ရှမဝ စာအုပ်တိုက် (၁၉၅၆ ခုနှစ် စာပေဗိမာန် စာပဒေသာဆု ရရှိ)

၁၉၅၇ ။*လယ်ယာမြေ၊* ခေတ်မီစာပေ။

၁၉၅၈ ။သာယာဝတီခရိုင်ဝန်အဖြစ် အမှုထမ်း။

ကုလသမဂ္ဂကျွမ်းကျင်မှု အကူအညီပေးရေး အစီအစဉ်အရ အုပ်ချုပ်ရေးမှုုပညာရပ်များကို ကနေဒါ၊ အမေရိကန်နိုင်ငံများသို့ ခြောက်လမျှ ပညာသင်သွားရောက်ခဲ့။

၁၉၅၉ ။*ကောက်သိမ်းချိန်* (ဘာသာပြန်၊ ရုရှား)၊ မဟာဒဂုံပုံနှိပ်တိုက်။

၁၉၆၀–၆၁ ။လယ်ယာနှင့် သစ်တောဝန်ကြီးဌာန၊ ဒုတိယအတွင်းဝန်အဖြစ် အမှုထမ်း။

၁၉၆၁ ။မြေယာကျေးလက် ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းတွင် အမှုဆောင်အရာရှိအဖြစ် အမှုထမ်း။

*မြို့ပိုင်မောင်ပြုံးချို၊* ပြည်သူ့အလင်းရောင်ပုံနှိပ်တိုက်။

၁၉၆၂–၆၄ ။မြေကျေးရှင် အမှုဆောင် အရာရှိအဖြစ် အမှုထမ်း။

၁၉၆၃ ။*နယ်ပိုင်မောင်ပြုံးချို၊* ထွန်းလင်းစာပေ။

၁၉၆၄ ။ပြန်ကြားရေးဌာန၊ ဒုတိယအတွင်းဝန်အဖြစ် အမှုထမ်း။

ဂျပန်နိုင်ငံသို့ လေ့လာရေးအဖွဲ့ ခေါင်းဆောင်အဖြစ် သွားရောက်ခဲ့။

၁၉၆၅ ။*တောင်လေသွေးတော့၊* ဒုတိယအကြိမ်။

*အမြင်သစ်* (ဘာသာပြန်၊ တရုတ်) စာပေဗိမာန်။

၁၉၆၆ ။အမေရိကန်နိုင်ငံသို့ လေ့လာရေးအဖွဲ့ခေါင်းဆောင်အဖြစ် သွားရောက်ခဲ့။

*ဂျူးလီယက်ဆီဇာ* (ဘာသာပြန်) ပုဂံစာအုပ်တိုက် (၁၉၆၄ ခုနှစ်၊ အနုပညာစာပေဆု ဘာသာပြန် ပထမဆုရ)

*ဇင်းဒါး အကျဉ်းသား* နှစ်တွဲပေါင်း၊ ယမုံနာစာပေ။

၁၉၆၈ ။*ကိုဖိုးလုံး၊* ဒုကြိမ်၊ ငြိမ်းစာစဉ်

*မြို့ပိုင်မောင်ပြုံးချို၊* (ပေါင်းချုပ်)၊ ပုဂံစာအုပ်တိုက်။

၁၉၆၉ ။ရောဝတီတိုင်း၊ တိုင်းမင်းကြီးအဖြစ် ပုသိမ်မြို့သို့ပြောင်းရွှေ့။

*နယ်ပိုင် မောင်ပြုံးချို၊* ပုဂံစာအုပ်တိုက်။

*ထိုသုံးနှစ်* ဒုကြိမ်၊ ပုဂံစာအုပ်တိုက်။

၁၉၇၀ ။*ပထမ အရွယ်၊* ပုဂံစာအုပ်တိုက်။

၁၉၇၂ ။အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမျူးအဖြစ် ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့သို့ ပြောင်းရွှေ့။

၁၉၇၄ ။စာနယ်ဇင်း ကော်ပိုရေးရှင်းတွင် ညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက်။

*ဘဝဟူသည် တိုက်ပွဲ၊* စာပေလောက (ဘာသာပြန်သုံးပုဒ်)။

*မောင်ပြုံးချို၏ ဘဝအထွေထွေ၊* စာပေလောက။

၁၉၇၅ ။လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်ရရှိ။

စာနယ်ဇင်း ကော်ပိုရေးရှင်းတွင် ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်။

မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နှင့် အီရန်နိုင်ငံ သံအမတ်ကြီးအဖြစ် အမှုထမ်းဆောင်ရန် မြန်မာနိုင်ငံမှထွက်ခွာ။

*မောင်ပြုံးချို၏ ဆောင်းပါးအထွေထွေ*၊ စာပေလောက။
၁၉၇၆ ။*မိုးလျှံနှင့် ရေသီတာ* (ဘာသာပြန်၊ အိန္ဒိယ)၊ စာပေလောက။
*မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာ*၊ စာပေလောက။
၁၉၇၈ ။ဧပြီလကုန်တွင် သံအမတ်ကြီးရာထူးမှ အငြိမ်းစားယူ။
၁၉၇၉ ။စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့ဝင်၊ အမျိုးသား စာပေစိစစ်ရေးအဖွဲ့ဝင်၊ စွယ်စုံကျမ်းစိစစ်ရေးဥက္ကဋ္ဌ၊ စာပေလုပ်သားစည်းရုံးကော်မတီဥက္ကဋ္ဌအဖြစ် ၁၉၈၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်။
၁၉၈၁ ။Systemic Scerosis ရောဂါကို စတင်ခံစားရ။
၁၉၈၄ ။*ဖင်းဒါးအကျဉ်းသား*၊ ဒုကြိမ်။
*သံကြီး တမန်ကြီး*။
၁၉၈၆ ။နိုင်ငံတော်ကောင်စီဝင်အဖြစ် တာဝန်ထမ်းဆောင်။
*ဒုတိယအရွယ်*။
*ခရီးသည်မောင်ပြုံးချို*။
၁၉၈၈ ။နိုင်ငံတော်ကောင်စီဝင်အဖြစ်မှ အနားယူ။
၁၉၉၀ ။*ဒုတိယအရွယ် ၂*၊ ဘဝတက္ကသိုလ်စာပေ။
*သံအမတ်ကြီး* ၂ တွဲ (ဘာသာပြန်)၊ အင်ကြင်းမြိုင်စာပေ။
၁၉၉၄ ။*ပြည်သူကြားမှ ပြည်သူ့ဝန်ထမ်းတစ်ဦး* ( A People's Servant Among The People) မြန်မာ အင်္ဂလိပ် နှစ်ဘာသာ၊ စာပေဗိမာန်။
၁၉၉၅ ။သမီးဖြစ်သူ မစန္ဒာရေးသည့် *ဘဝအိပ်မက် ပန်းအိပ်မက်* ၁၉၉၄ အမျိုးသားစာပေ ဝတ္ထုရှည်ဆု ရရှိ။
ခံစားနေရသော Systemic Scerosis ရောဂါ ပိုမို ဆိုးရွားလာ။
၁၉၉၇ ။ဧပြီလ ၁၉ ရက်နေ့ နံနက် ၉ နာရီ ၂၄ မိနစ်တွင် နှလုံးရောဂါဖြင့် ကွယ်လွန်သည်။